
# ဟစ်တလာ၏ သစ္စာကောရိ

တက္ကသိုလ်စိန်တင်

# HITLER'S EVA

ပဌမအကြိမ်



ဟစ်တလာ၏သစ္စာဧကရီ

**တက္ကသိုလ်စိန်တင်**

**စာမူခွင့်ပြုချက်အမှတ်** – [၃၁၀၀၈၃၀၅၀၉]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – [၃၁၀၀၉၅၀၅၁၂]

**မျက်နှာဖုံးပန်းချီ** ◆ သန်းမြင့်အောင်

**ထုတ်ဝေသည့်လ** ◆ ပထမအကြိမ်၊ ပန်တော်ဦးစာပေ
၁၉၆၇–ခုနှစ်၊ အုပ်ရေ(၂၀၀၀)
ဒုတိယအကြိမ်၊ ရွှေတူစာပေတိုက်
၁၉၇၂–ခုနှစ်၊ အုပ်ရေ (၂၀၀၀)
တတိယအကြိမ်၊ ပတ္တမြားငမောက်စာပေ
၁၉၉၇–ခုနှစ်၊ အုပ်ရေ(၂၀၀၀)
စတုတ္ထအကြိမ်၊ အားမာန်သစ်စာပေ
၂၀၀၁–ခုနှစ်၊ အုပ်ရေ (၂၀၀၀)
ပဉ္စမအကြိမ်၊ အားမာန်သစ်စာပေ
၂၀၀၆–ခုနှစ်၊ ဖေဖော်ဝါရီ၊ အုပ်ရေ(၂၀၀၀)

**ထုတ်ဝေသူ**

တက္ကသိုလ်စိန်တင် (မြ–၀၁၀၉၆)၊ ညောင်ရမ်းစာအုပ်တိုက်
အမှတ်–၁၁၅၇/၁၁၅၈၊ မိုးမခလမ်း
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးဇော်မင်း၊ **w!zard** ပုံနှိပ်တိုက်
အမှတ်–၁၉၇ (ပထမထပ်)၊ ၃၃–လမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၉၂၀

**မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း (၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ◆ ပပနိုး၊ ဦးစိုးမြင့်

**တန်ဖိုး** ◆ ၂၂၀၀ ကျပ်

# ဟစ်တလာ၏
# သစ္စာဧကရီ

## တက္ကသိုလ်စိန်တင်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်းတီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# လင်းယုန်မောင်မောင်၏ အမှာစာ

မြန်မာစာအုပ်များတွင် အမှာစာ ရေးသားဖော်ပြသည့် အလေ့အထများ ယခုအခါ အတော်ကလေး ခေတ်စား၍ အသားကျနေပြီဟု ဆိုနိုင်သော်လည်း ယင်းအမှာစာများနှင့် ပတ်သက်၍ ယနေ့တိုင် အယူအဆ နှစ်မျိုးနှစ်စား ကွဲပြားနေဆဲဖြစ်သည်။ ယင်း အယူအဆ နှစ်မျိုးတွင် ပထမ အမျိုးအစားမှာ ထိုသို့ အမှာစာများ ရေးသား ဖော်ပြနေသည်ကို လုံးဝ မလိုအပ်ဟု ယူဆနေသူများနှင့် အမှာစာများ ဖော်ပြပါရှိသည်ကို လိုလိုလားလား တန်ဖိုးထားကာ ဖတ်ရှုနေကြသူများဟူ၍ ဒုတိယအမျိုးအစားတစ်ရပ် ရှိနေခြင်းပင် ဖြစ်သည်။

အမှာစာများကို လုံးဝမလိုအပ်ဟု ယူဆနေကြသည့် ပထမ အမျိုးအစားသည် အမှာစာကို လုံးဝ တန်ဖိုး မထားသူများ ဖြစ်ကြသည်။ ၎င်းတို့အဖို့ အမှာစာများ ပါရှိနေခြင်းသည် မရောင်ရာ ဆီလူးနေခြင်း ဖြစ်သည်။ 'နငယ်ကို အမြီးတပ်' နေခြင်း ဖြစ်သည်ဟု သဘောထားသူများဖြစ်ကြသည်။ ဒုတိယ အမျိုးအစားမှာ အမှာစာ မပါသော စာအုပ်တစ်အုပ်သည် အင်္ဂါမပြည့်စုံဟု ယူဆ၍ ဆားမပါသော ဟင်းကို စားရသကဲ့သို့ အရသာ ပေါ့ပျက်ပျက် နိုင်လှသည်ဟု ယူဆသူများ ဖြစ်ကြသည်။

ယင်းသို့ အယူအဆ နှစ်မျိုးနှစ်စား ရှိကြရာ၌ ကျွန်တော်သည် ဒုတိယ အမျိုးအစားတွင် ပါဝင်သူ ဖြစ်သည်။ သို့ဖြစ်၍လည်း ကျွန်တော်သည် ယခု အချိန်အထိ စာအုပ်ပေါင်း ၆၀ နီးပါးမျှ ရေးသား ထုတ်ဝေခဲ့ရာ၌ စာအုပ် အားလုံးတွင် အမှာစာများ ထည့်သွင်း ဖော်ပြခဲ့သည်ကို သတိပြု နေမိကြမည် ဖြစ်သည်။

ကျွန်တော်သည် အမှာစာကို မည်မျှ လေးစား တန်ဖိုး ထားခဲ့ပါသနည်းဟူမူ ကျွန်တော်ရေးသားပြုစုခဲ့သည့် စာအုပ်တိုင်းတွင် ကျွန်တော်ကိုယ်တိုင် အမှာစာများ အမြဲတစေ ထည့်သွင်း ဖော်ပြခဲ့ရုံမျှမက အခြားသော အပေါင်းအသင်း ရောင်းရင်းများ၏ စာအုပ်များတွင် ကျွန်တော် ရေးသားခဲ့သည့် အမှာစာပေါင်း ၄၀–ကျော် ၅၀–ခန့် ယနေ့အထိ ရေးသားခဲ့ပြီး ဖြစ်သည်။

သို့သော် တစ်ခုရှိသည်မှာ ‌ေ့အုပ်မှန်သမျှ အမှာစာ ပါရမည်ဟု ပုံသေကားချပ် လှေနံဓားတစ် အယူအဆမျိုး ကျွန်တော့်တွင် မရှိရိုး အမှန်ဖြစ်သည်။ အပျင်းပြေ အပျော်ဖတ် စိတ်ကူးယဉ် ဝတ္ထုများတွင် အမှာစာ ရေးသားရန် မလိုသော်လည်း အတ္ထုပ္ပတ္တိများ၊ ထင်ရှားသော သမိုင်းဝင် ဖြစ်ရပ်မှတ်တမ်းများနှင့် ပညာပေး ကျမ်းစာအုပ်များတွင်မူ အမှာစာ ပါသင့်သည်ဟု ယူဆသည်။

မည်သို့ဖြစ်စေ အမှာ့စာသည် စာအုပ်တစ်အုပ်၏ ရှေ့မျက်နှာစာတွင် ထည့်သွင်း ဖော်ပြလေ့ ရှိသည့်အတိုင်း ထိုအမှာစာကို ဖတ်၍ ထိုစာအုပ်ပါ အကြောင်းအရာကို သော်လည်းကောင်း၊ ထိုစာအုပ်ကို ရေးသား ပြုစုသူ၏ စာပေ အယူအဆကို သော်လည်းကောင်း၊ ထိုစာအုပ်နှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် နောက်ခံသမိုင်း ဖြစ်ရပ်များကို သော်လည်းကောင်း ကြိုတင်၍ သိရှိထားစေရန် **Preface** သို့မဟုတ် **Forward** အဖြစ် ဖော်ပြထားခြင်းဖြင့် ထိုစာအုပ်ကို ပိုမို စိတ်ဝင်စားစေသည့် အတွက် အမှာစာသည် အချို့သော စာအုပ်များတွင် မပါမဖြစ် ပါရန် လိုအပ်လှသည်။

( ၂ )

အမှာစာ၏ အကျိုးတရားကို လတ်တလော လက်ငင်းအားဖြင့် ပြသရမည် ဆိုပါက ဤအမှာကို ရေးသားပေးပါရန် မေတ္တာရပ်ခံချက်နှင့် အတူ စာရေးသူ တက္ကသိုလ်စိန်တင် ကိုယ်တိုင် ကျွန်တော့်အား လိုအပ်လျှင် ဖတ်ရှုနိုင်ရန် ပေးခဲ့သည့် ‘သစ္စာကေရီ’ စာအုပ် (တတိယအကြိမ်ပုံနှိပ်ခြင်း) တွင် စာရေးသူ တက္ကသိုလ်စိန်တင် ကိုယ်တိုင် ရေးသား ဖော်ပြခဲ့သည့် ‘မြန်မာပြန်သူ၏အမှာ’ကိုပင် ရည်ညွှန်းရမည် ဖြစ်သည်။

အဆိုပါ ‘မြန်မာပြန်သူ၏အမှာ’ ကို ဖတ်ရှုရခြင်းအားဖြင့် ထိုစာအုပ်ပါ အကြောင်းအရာများသည် ‘သာမန် အချစ်ဝတ္ထု တစ်ပုဒ်မျှသာ မဟုတ်မူ၍ ကမ္ဘာ့သမိုင်း မိန်းမတစ်ဦး၏ တကယ့်ဖြစ်ရပ်’ ဖြစ်ကြောင်း သိရသည်။

ဤအချက်မှာ ဟစ်တလာ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့သည့် ကျွန်တော့် အတွက် အဆန်းတကြယ် မဟုတ်သော်လည်း ထိုစာအုပ်ကို ပထမအကြိမ် ပုံနှိပ်စဉ်က မြန်မာပြန်သူ၏ ကလောင်ကွဲတစ်ခု ဖြစ်သော ‘တက္ကသိုလ် မောင်လှမျိုး’ အမည်ဖြင့် ဖော်ပြခဲ့ကြောင်း ဝန်ခံချက်ကို တွေ့လိုက်ရသည့် အတွက် တက္ကသိုလ်စိန်တင်သည် ‘တက္ကသိုလ်မောင်လှမျိုး’ အမည်ဖြင့် ကလောင်ကွဲ တစ်ခု ရှိကြောင်း သိလိုက်ရသည်။

ကျွန်တော်သည် တက္ကသိုလ်စိန်တင်နှင့် စာပေနယ်တွင် နှစ်ပေါင်း ၃၀ ကျော်မျှ ပေါင်းသင်း ခင်မင် ကျွမ်းဝင် ရင်းနှီး ခဲ့သော်လည်း ‘တက္ကသိုလ် မောင်လှမျိုး’ အမည်ဖြင့် ကလောင်ကွဲ တစ်ခု ရှိကြောင်းကို ထိုစာကို ဖတ်ရမှ သိခဲ့ရခြင်း ဖြစ်သည်။ ထို့ပြင် ‘ဟစ်တလာ၏ ဧကရီ’ စာအုပ်ကို တက္ကသိုလ် စိန်တင် ရေးသားခဲ့ကြောင်း သိနေခဲ့သော်လည်း ထိုစာအုပ်ကို ပထမအကြိမ် ပုံနှိပ်ခဲ့စဉ်က တက္ကသိုလ်မောင်လှမျိုး အမည်ကို အသုံးပြုခဲ့ကြောင်း ထိုအမှာကိုသာ မဖတ်ရပါက လုံးဝ သိလိမ့်မည် မဟုတ်ပါ။

တစ်ဖန် ထိုစာအုပ်သည် ယခင်က တတိယအကြိမ်အထိ ပုံနှိပ်ခဲ့ပြီး ဖြစ်ကြောင်းကို ထိုတွင်မှ သိရှိခဲ့ရသည်။ အဆိုပါ တတိယအကြိမ် ပုံနှိပ်ခြင်းကို ၁၉၉၆ ခုနှစ်က ထုတ်ဝေခဲ့ရာ ယခု ၂၀၀၀ ပြည့်နှစ်တွင် ပုံနှိပ် ထုတ်ဝေသည့် စာအုပ်မှာ စတုတ္ထအကြိမ် ဖြစ်သည်ဟု သိရသည်။

ဤတွင် ပြောစရာ စဉ်းစားစရာ ဖြစ်လာပြန်သည်မှာ ပထမ၊ ဒုတိယနှင့် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့စဉ်က ကျွန်တော့်ထံမှ အမှာစာ မတောင်းဘဲ၊ ယခု စတုတ္ထအကြိမ်တွင်မှ အဘယ့်ကြောင့် တောင်းရသည်ကို ကျွန်တော် မပြောတတ် မစဉ်းစားတတ်အောင် ဖြစ်မိသည်။ တစ်ခု ကျွန်တော် စဉ်းစားမိသည်ကတော့ ဟစ်တလာ အတ္ထုပ္ပတ္တိနှင့် တကွ ‘ဟစ်တလာ သေ မသေ’၊ ‘ဟစ်တလာ၏ သေတမ်းစာ’ စသည်ဖြင့် ဟစ်တလာနှင့် ပတ်သက်သည့် စာအုပ်များ ရေးသားခဲ့သူ တစ်ယောက်အနေဖြင့် ယခုကဲ့သို့ အမှာစာ တောင်းခြင်း ဖြစ်မည်ဟု ယူဆမိသည်။ ထိုအယူအဆနှင့် ဤအဖြေ မှန် မမှန်ကိုမူ ကာယကံရှင် စာရေးဆရာ တက္ကသိုလ်စိန်တင် သာလျှင် အသိဆုံး ဖြစ်ပေလိမ့်မည်။

အလျဉ်းသင့်၍ အခွင့်ကြုံခိုက် ပြောရမည်ဆိုပါက နာဇီ ဂျာမနီနှင့် ဟစ်တလာ အကြောင်း စာအုပ် အတော်များများ ရေးခဲ့သည့်အလျောက် ‘ဟစ်တလာ၏ သစ္စာကေရီ’ စာအုပ်ကို ကျွန်တော်ပင် ရေးသည်ဟု ထင်မှတ်နေကြသူ နှစ်ဦး သုံးဦးခန့် တွေ့ခဲ့ရဖူးသည်။ ဤစာအုပ်၏ မူရင်းအမည်မှာ

**Hitler's Eva** 'ဟစ်တလာ၏ အီဗာ' ဖြစ်ရာ ကျွန်တော်ကလည်း 'အီဗာ' အမည်ဖြင့် စာအုပ်တစ်အုပ် မြန်မာပြန်ခဲ့ဖူးသဖြင့် တက္ကသိုလ်စိန်တင်၏ အီဗာ (ဟစ်တလာ ၏ သစ္စာကေရီ)နှင့် ကျွန်တော် မြန်မာပြန်ခဲ့သည့် ပိုလန် အမျိုးသမီး ကလေး 'အီဗာ' ကို ရောထွေးသွားခြင်း ဖြစ်သည်ဟု ယူဆရသည်။

မည်သို့ဖြစ်စေ ဤစာအုပ်ကို ယခုလို စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေတော့မှ ကျွန်တော်၏ ကတိုက်ကရိုက် ရေးသားလိုက်ရသော အမှာစာ ပါလာသည့်အတွက် နဂိုကမှ အမှာစာကို မလိုအပ်ဟု ခံယူထားကြသည့် စာဖတ်သူများ အနေဖြင့် 'မရောင်ရာ ဆီလူးနေပြန်ပြီ' 'နငယ်ကို အမြီးတပ် နေပြန်ပြီ'ဟု မထင်မှတ်ကြစေလိုပါ။ ဤ အမှာစာ၌ အထက်တွင် တင်ပြခဲ့သည့် အကြောင်းခြင်းရာများကို ယခင်က မသိခဲ့ရဘဲ ယခုမှ သိရခြင်းဖြင့် ဤအမှာစာသည် စာဖတ်သူအတွက် တစ်စုံတစ်ခုသော အကျိုးတရားကို ခံစားရလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိသည်။

ကျွန်တော့်အတွက်ကတော့ ယခင်က တစ်ကြိမ်တစ်ခါမှ မဖတ်ဖူးသော 'ဟစ်တလာ၏ သစ္စာကေရီ' ကို ယခု စတုတ္ထအကြိမ် ပုံနှိပ်တော့မှ အမှာရေးရန် ဖတ်ခွင့် ရခဲ့သဖြင့် အကျိုးရှိသည်ဟု ဆိုရမည်ဖြစ်သည်။

(၃)

အမှန်ပင်ဖြစ်သည်။ ကျွန်တော်သည် ၁၉၆၇–ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့သော 'ဟစ်တလာ၏ သစ္စာကေရီ' ကို နှစ်ပေါင်း ၃၀–ခန့် ကြာပြီး ယခု စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေတော့မှ အမှန်တကယ် ဖတ်ရှုခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော် သတိပြုမိသလောက် ရိုးရိုးသာမန်ဝတ္ထု၊ သမိုင်းနောက်ခံဝတ္ထု၊ အတ္ထုပ္ပတ္တိ၊ ဘာသာပြန် စသည်ဖြင့် စာအုပ်ပေါင်း မြောက်မြားစွာကို ကျွန်တော့်ထက်ပင် ရေးအားကောင်းခဲ့သော တက္ကသိုလ်စိန်တင်၏ စာအုပ်များ အနက် ဤ'သစ္စာကေရီ' သည် အတော်ပင် ထင်ရှားခဲ့သည်။

တက္ကသိုလ်စိန်တင် ထံမှ စာအုပ်ပေါင်း မြောက်မြားစွာ မေတ္တာ လက်ဆောင် ရခဲ့သော်လည်း သစ္စာကေရီ စာအုပ်ကိုတော့ မရခဲ့။ ထိုသို့ အကြောင်း မညီညွတ်သဖြင့် မဖတ်ဖြစ်ခဲ့သော်လည်း 'သစ္စာကေရီ'နှင့် ပတ်သက်၍ လူပြော သူပြော အတော်များခဲ့သည်ကိုတော့ ကြားနေခဲ့ရသည်။

ထိုသို့ အခြေအနေ မပေးသဖြင့် မဖတ်ခဲ့ရသော 'သစ္စာကေရီ' ကို ယခု စတုတ္ထအကြိမ် ပုံနှိပ်ခြင်း အတွက် အမှာစာ ရေးရန် တာဝန်ကျလာတော့မှ ဖတ်ဖြစ်ခဲ့သည်။ သို့သော် တာဝန်အရ ဖတ်ခဲ့ခြင်း မဟုတ်ဘဲ တကယ် နှစ်နှစ်ကာကာ စိတ်ပါဝင်စားစွာနှင့် အာရုံစူးစိုက်၍ ဖတ်ခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဟစ်တလာ၏ သစ္စာကေရီ ဖြစ်သော အီဗာဘရောင်းကို ကျွန်တော်သည် ဟစ်တလာ အတ္ထုပ္ပတ္တိ ရေးခဲ့စဉ် ၁၉၆၅–ခုနှစ် ကပင် သိနေခဲ့ သောကြောင့်တည်း။

စင်စစ် အီဗာဘရောင်းသည် သာမန် အမျိုးသမီး မဟုတ်။ သမိုင်းဝင် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ တစ်နည်း ပြောရလျှင် ရာဇဝင်ထဲက မိန်းမသားဟု ဆိုနိုင်သည်။ သို့သော် သမိုင်းဆိုသည်မှာ ရှည်လျား ကျယ်ပြန့်သည်နှင့်အမျှ ကြီးမား နက်ရှိုင်းလှသည်ဖြစ်ရာ အီဗာဘရောင်း၏ သမိုင်းဝင် ဖြစ်ရပ်များသည် သမုဒ္ဒရာထက် ခဏပွက်သည့် ရေပွက်ပမာ မျှသာဖြစ်သည်။ သို့ဖြစ်၍လည်း ၁၉၆၅–ခုနှစ်က ကျွန်တော်ရေးသား ပြုစုခဲ့သော ဟစ်တလာ အတ္ထုပ္ပတ္တိ စာအုပ်သည် စာမျက်နှာ ၅၀၀ ကျော် ၆၀၀ နီးပါး ရှိခဲ့ရာ၌ အီဗာဘရောင်း၏ ဘဝဖြစ်စဉ်ကို စာမျက်နှာ ၅ မျက်နှာ ၆ မျက်နှာ ခန့်သာ ပါဝင်ခဲ့သည်။

မည်သို့ဖြစ်စေ၊ နာဇီအာဏာရှင် ဟစ်တလာသည် တကယ့် သမိုင်းဝင် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး အကြောင်းကို ရေးသား ပြုစုမည် ဆိုပါက ဟစ်တလာ မပါ၍ မဖြစ်။ ထိုနည်းတူစွာ ဟစ်တလာ အကြောင်းကို သမိုင်းဝင် စာတင်ရာ၌ အီဗာဘရောင်း မပါလျှင် မဖြစ်ဟု ဆိုရမည် ဖြစ်သည်။

ကျွန်တော်သည် 'သစ္စာကေရီ' ကို ဖတ်ရာ၌ အထူးပင် စိတ်ဝင်တစား ရှိခဲ့သည်။ အဘယ့်ကြောင့်ဆို စာအုပ်ထဲတွင် ကျွန်တော်နှင့် ရင်းနှီးနေသည့် မာတင်ဘောမန်း၊ ဂိုးဘဲလ်၊ ဂိုအားရင်း၊ ရုဒေါ့ဖ်ဟက်စ် စသည့် ဟစ်တလာ၏ အသိုင်းအဝိုင်းများသည် ဇာတ်ကောင်များ အဖြစ် ပါဝင်နေကြသောကြောင့် ဖြစ်သည်။ ဟစ်တလာကို အကြောင်းပြု၍ လူချင်းကြုံတွေ့ ဆက်ဆံခဲ့ရသော ထိုပုဂ္ဂိုလ်များအပေါ် အီဗာ၏ ရှုမြင် သုံးသပ်ချက်များကို ဖော်ပြထားသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။

သို့သော် မူရင်းစာရေးဆရာ **Ursula Bloom** သည် ဤစာအုပ်ကို ဝတ္ထုပုံစံဖြင့် ရေးဖွဲ့ထားခဲ့သည်ဖြစ်ရာ အချို့နေရာများ၌ သူ၏ စိတ်ကူးဉာဏ်ကွန့်မြူးမှု **(Insperation)**နှင့် ဖန်တီးမှု **(Creation)**များကို မရှောင်မလွှဲသာတွေ့ရသည်။ ဥပမာ– အမျိုးသမီး သူငယ်ချင်း အာနာကို အကြောင်းပြု၍

အာနာ၏၊ ခင်ပွန်း ဟိန်းရစ်ဟော့ဖ်မင်း၏ ဓာတ်ပုံဆိုင်ရှိရာ မြူးနစ်မြို့သို့ လိုက်ပါသွားခဲ့သော အီဗာသည် ၈ ရောက်သည့် နေ့မှာပင် ထိုဓာတ်ပုံဆိုင်၌ နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် စတင် တွေ့ဆုံခဲ့ပုံများမှာ စာရေးဆရာ၏ စိတ်ကူးဉာဏ် ကွန့်မြူးမှုနှင့် ဖန်တီးမှုဟု ယူဆရသည်။


ထို့ပြင် အီဗာ ငယ်စဉ် အပျိုဘဝက မိမိနေထိုင်ရာ တောင်ကြားရွာကလေးမှ 'ကတ်' ဆိုသော ကျောင်းနေဖက် သူငယ်တစ်ယောက်နှင့် ချစ်ခဲ့ကြိုက်ခဲ့ကြသည် ဆိုသော အဖြစ်အပျက် များသည်လည်း ဝတ္ထုဆန်ဆန် စိတ်ကူးယဉ်၍ ရေးဖွဲ့ထားသော အကြောင်းအရာများ ဖြစ်သည်ဟု မှတ်ယူရသည်။ ထိုမှတစ်ဖန် မြူးနစ်သို့ အီဗာ ရောက်သွားပြီး ဟစ်တလာ၏ တိတ်တိတ်ပုန်း ဇနီးအဖြစ် နေခဲ့ရစဉ်အတွင်း ဂျာမန် တပ်ကြပ်ကလေး ကွန်ရပ်နှင့် အမှတ်မထင်တွေ့ခဲ့ရပြီး တိတ်တခိုး ချစ်သူဘဝသို့ ရောက်သွားခဲ့သည်မှာလည်း ဝတ္ထုဇာတ်ကြောင်းကို ပို၍ စိတ်ဝင်စားစရာ ကောင်းအောင် ထိုးဇာတ်သဘောမျိုး ရေးသားထားသည်ဟု ယူဆရသည်။ သို့သော် မူရင်းစာရေးသူသည် အီဗာ အကြောင်းနှင့် ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာစုဆောင်း ရေးသားထားသည်ဖြစ်ရာ ဟစ်တလာနှင့် သူ၏ တူမလေးတို့၏ လျှို့ဝှက်သော အချစ်ဇာတ်လမ်းကလေးနှင့် တူမလေး ဂီလီသည် ဦးလေးကြီး ဟစ်တလာနှင့် အုံ့ပုန်းချစ် ချစ်ခဲ့ရာမှ စိတ်အခန့်မသင့်၍ မိမိကိုယ် မိမိသတ်သေသွားခဲ့သည့်တကယ့်ဖြစ်ရပ်ကိုလည်း ရင်နာဖွယ်ရာ အတိအကျ ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။

နောက်ဆုံး၌ ဇာတ်သိမ်းပိုင်းတွင် ဟစ်တလာနှင့် အီဗာတို့ မိမိတို့ကိုယ်မိမိတို့ သတ်မသေကြမီ နောက်ဆုံး အချိန်၌ တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ကြရာတွင် အီဗာဘရောင်းလည်း လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးရာ၌ မူလက အီဗာဘရောင်းဟူ၍ ရေးထိုးရန်စီစဉ်ပြီးမှ 'အီဗာဟစ်တလာ'ဟု လက်မှတ် ရေးထိုးခဲ့သည်မှာလည်း တကယ့်မှတ်တမ်းများအရ အထင်အရှား ဖော်ပြပါရှိခဲ့ရာ မူရင်း စာရေးသူသည် ဤ အသေးအဖွဲ့အချက်အလက်ကိုပင် အရအမိ ယူ၍ သူ့ဝတ္ထုတွင် ထည့်သွင်း ရေးသားထားသည်ကို တွေ့ရသည်။

မည်သို့ ဖြစ်စေ 'သစ္စာဇကရီ' သည် တကယ့်သမိုင်းဝင် ဖြစ်ရပ်များကို အခြေခံ၍ တကယ့် သမိုင်းဝင် ပုဂ္ဂိုလ်များကို ဇာတ်ကောင်အဖြစ် ထားကာ အီဗာဘရောင်း၏ ဘဝဇာတ်ကြောင်းကို ဝတ္ထုဆန်ဆန် ရေးဖွဲ့ထားခြင်းဖြစ်ရာ ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ရာ ကောင်းသော သမိုင်း နောက်ခံ ဝတ္ထုတစ်ပုဒ်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် 'ကျုပ်အပေါ်မှာ သစ္စာအရှိဆုံးကတော့ ကျုပ်ရဲ့ ချစ်သူ အီဗာနဲ့ ကျုပ်ရဲ့ခွေးကြီး ဘလွန်ဒီတို့ပါပဲ' ဟူသော သုံးသပ်ချက်မှာ ဟစ်တလာ ကိုယ်တိုင် ဖွင့်ဟ ပြောကြားခဲ့သော စကားများဖြစ်သဖြင့် ထိုစကားကို သကန်သရုပ် ဖော်ထားသော 'သစ္စာဇကရီ' သည် အမှန်တကယ် ရှားပါးလှသည့် သမိုင်း နောက်ခံ ဝတ္ထုတစ်ပုဒ်ပင် ဖြစ်ပါသတည်း။

လင်းယုန်မောင်မောင်

## ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏ သမိုင်းဝင်ဓာတ်ပုံများ









ပုံ(၁)။ (အပေါ် ဝဲပုံ) ကမ္ဘာတစ်ခြမ်းကို ကိုင်ရမ်းခဲ့သော ဟစ်တလာ၏ မွေးစာရင်း လက်မှတ်

(အပေါ် ယာပုံ) ဟစ်တလာ၏ အပြစ်ကင်းနေသေးသော ကလေးဘဝ

(အောက် ဝဲနှင့်ယာပုံ) ဟစ်တလာကို မွေးထုတ်ပေးခဲ့သော မိခင်နှင့်ဖခင်

ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏
သမိုင်းဝင်ဓာတ်ပုံများ



ပုံ(၂)။ ဟစ်တလာက သူ့ကို သစ္စာ အရှိဆုံးဟု ပြောခဲ့သော
ခွေးကြီး ဘလွန်ဒီ

ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏
သမိုင်းဝင်ဓာတ်ပုံများ



ပုံ(၃)။ ဟစ်တလာ၏တူမ ဂယ်လီရောဘဲလ်
(ဟစ်တလာ၏ အချစ်ဆုံးချစ်သူဟု သမိုင်းတွင် မှတ်တမ်းတင်ခဲ့ပြီး
ကိုယ့်ကိုယ်ကိုယ် သတ်သေသွားရှာသည်)

## ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏ သမိုင်းဝင်ဓာတ်ပုံများ



ပုံ(၄)။ ၁၉၃၂ – ဖေဖော်ဝါရီလတွင် ရိုက်ကူးခဲ့သော ငယ်ရွယ်နုပျိုဆဲ လူချောကလေး ဟစ်တလာ

## ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏ သမိုင်းဝင်ဓာတ်ပုံများ







ပုံ(၅)။ (က) ဟစ်တလာ၏သစ္စာကေရီ အီဗာဘရောင်း ငယ်စဉ်ကလေး ဘဝကပုံ(ယာပုံ)နှင့်၊ အီဗာ၏ အစ်မ(ဝဲပုံ)

(ခ) အပျိုသွေးကြွ၍ လှနေသော အီဗာ,အသက် ၁၉ နှစ် အရွယ်က ဓာတ်ပုံ။ ဟစ်တလာက သူအနှစ်သက်ဆုံး ဓာတ်ပုံဟု ပြောသည်။

(ဂ) ဓာတ်ပုံ ဆိုင်ရှင် ဟော့ဖ်မင်း ရိုက်ပေးသော အီဗာ၏ စတိုင်တစ်မျိုး



ပုံ(၆)။ စစ်ကာလအတွင်းမှာ အလှပြင်နေနိုင်သော အီဗာဘရောင်း









ပုံ(၇)။ (က) ဘားဂေါ့ နန်းတော်မှ အာဏာရှင်ကတော် အီဗာ၏ ခမ်းနား သော အိပ်ခန်းဆောင်
(ခ) အီဗာ၏ အိပ်ခန်းအပြင်မှာ ချိတ်ထားသော အချစ်ကိုယ်ရံ တော်တပ်မှူးကြီး ဟစ်တလာ၏ ပုံ
(ဂ) ဘားဂေါ့ နန်းတော်မှ ဟစ်တလာ၏ စာကြည့်ခန်း

ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏
သမိုင်းဝင်ဓာတ်ပုံများ




ပုံ(၇)။ အချစ်ငတ်နေသော ကိုလူချော ဟစ်တလာ အပန်းဖြေနေစဉ်

ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏
သမိုင်းဝင်ဓာတ်ပုံများ



ပုံ(၈)။ ဟစ်တလာနှင့် အီဗာဘရောင်းတို့စုံတွဲ ရှားရှားပါးပါး ဓာတ်ပုံ

## ဂျာမနီအာဏာရှင် အဒေါ့ဖ် ဟစ်တလာနှင့် အီဗာဘရောင်းတို့၏ သမိုင်းဝင်ဓာတ်ပုံများ



Nachdem nunmehr beide Verlobte die Erklärung abgegeben haben die Ehe einzugehen, erkläre ich die Ehe vor dem Gesetz rechtmäßig für geschlossen.

Berlin, am [illegible] April 1945

Vorgelesen und unterschrieben:

1.) Ehemann:
2.) Ehefrau:
3.) Zeuge zu 1:
4.) Zeuge zu 2:
5.)

als Standesbeamter

**ပုံ(၁၀)။** အဒေါ့ဖ် ဟစ်တလာနှင့် အီဗာတို့၏ သမိုင်းဝင်၊ တရားဝင် လက်ထပ်စာချုပ်။ ထိုစာချုပ် ချုပ်ဆိုသော နေ့မှာ ဘာလင်မြို့ကို ဆိုဗီယက်တပ်များ အမြောက်ဖြင့် ပစ်၍ ချီတက်ဝင်ရောက် လာသော ၁၉၄၅–ဧပြီ–၂၈ ရက်နေ့ ဖြစ်၏။ သို့သော် စာချုပ်တွင် ဧပြီ ၂၉ ရက်ဟု မှားယွင်း ရိုက်နှိပ်ထား၍ အီဗာက ဖျက်ထားသည်။ ထိုစာချုပ်လက်မှတ်ရေးထိုးပြီး မကြာမီပင် အီဗာက အဆိပ်ဆေးသောက်၍ သတ်သေ၏။ ဟစ်တလာက မိမိခေါင်းကို သေနတ်ဖြင့် ပစ်၍ အဆုံးစီရင်ခဲ့သည်။

## မြန်မာပြန်သူ၏အမှာ

ဟစ်တလာ၏ သစ္စာကေရီဝတ္ထုကြီးမှာ စာရေးဆရာ **Ursula Bloom** ရေးသားသော **Hitler's Eva** စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း ဖြစ်ပါသည်။

အမှန်ဆိုသော်ဤစာအုပ်မှာ သာမန်အချစ်ဝတ္ထုတစ်ပုဒ်မျှသာမဟုတ်မူ၍ ကမ္ဘာ့သမိုင်းဝင်မိန်းမတစ်ဦး၏ တကယ့်ဖြစ်ရပ်လည်းဖြစ်နေပါသည်။ ကမ္ဘာကို ဆွဲကိုင်လှုပ်ရမ်းခဲ့သော ဂျာမန်နာဇီ အာဏာရှင် ဟစ်တလာ ကိုယ်တိုင်က မိမိအပေါ် သစ္စာအရှိဆုံးကေရီအဖြစ် နှုတ်မထုတ်ဖော်ဝန်ခံထားရသူတစ်ဦး၏ တစ်သက်တာခရီး အတွေ့အကြုံများလည်းဖြစ်ပေသည်။

ထိပ်တန်းသို့ ရောက်လိုစိတ်မွန်ပြီး အလှအပကို မြတ်နိုးလွန်းသော မိန်းကလေးတစ်ဦး၏ ဘဝနိဂုံး မလှမပဖြစ်ရပ်ပုံများကို သံဝေဂယူလိုလျှင်ယူ၊ သို့မဟုတ်ဘဲ ရိုးရိုးသာမန် အချစ်ဝတ္ထုတစ်ပုဒ်အနေဖြင့် ဖတ်လျှင်ပင် စာဖတ်သူများ နှစ်ခြိုက်ကြမည်ဟု မျှော်လင့်မိပါသည်။

ဤစာအုပ်ကို ပထမအကြိမ်ပုံနှိပ်စဉ်က မြန်မာပြန်သူ၏ ကလောင်အမည်ခွဲတစ်ခုဖြစ်သော "တက္ကသိုလ် မောင်လှမျိုး" အမည်ဖြင့် ဖော်ပြခဲ့ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

**တက္ကသိုလ်စိန်တင်**

# ဘဝ၏အစ

အီဗာနှင့် ကတ်တို့သည် ထင်းရှူးတောအစပ်၌ ရပ်နေကြသည်။ သူတို့နှစ်ဦး၏ နောက်ဘက်၌ ရှမ်စ်တင်းဟွန်း တောင်ကြားရှိသည်။ နွေလယ်သို့ပင် ရောက်နေပြီဖြစ်သော်လည်း တောင်တန်းပေါ်တွင် နှင်းပွင့်နှင်းငွေ့တွေကို တွေ့နေရ၏သေး၏။ နှင်းပွင့်ကလေးများ၏ တလက်လက်တောက်ပနေသော ဘော်ငွေရောင်အဆင်းသည် ကြည်လင်လှပသော ကောင်းကင်နှင့် အလွန်ပင် ပနံရနေလေသည်။ ကတ်သည် တောင်တက်လမ်းပြအလုပ်ဖြင့် အသက်မွေးနေသူဖြစ်သည်။ သူသည် လုံမငယ် အီဗာဘရောင်း၏ ငယ်သူငယ်ချင်းလည်းဖြစ်၏။ ကျောင်းသွားဖော်လည်းဖြစ်၏။ သူတို့နှစ်ဦးမှာ သူငယ်တန်းမှစ၍ လက်တွဲမဖြုတ်ဘဲ ကျောင်းတက်ခဲ့ကြသော ငယ်ချစ်မိတ်ဆွေများပင် ဖြစ်ပေသည်။

အီဗာသည် သူငယ်ချင်းကတ်ကို မိမိထက် အသက်များစွာကြီးသူ လူကြီးတစ်ယောက်လိုသဘောထား၍ ဆက်ဆံလေ့ရှိသည်။ လုံမငယ် အီဗာဘရောင်း၏အမေကပင် "အီဗာကြီးလာရင်တော့ ကတ်နဲ့လက်ထပ်ရမှာပဲဟော့"ဟု ပြောနေလေ့ရှိ၏။ ဤသို့ အမေကပြောသည်ကို ဘယ်သူမှ ဝင်ပြီးမကန့်ကွက်။ နှစ်ဦးစလုံး၏မိဘများက လက်ခံသဘောကျနေကြသည်။ သူတို့အားလုံးကပင် ဤကလေးနှစ်ဦး အရွယ်ရောက်လျှင် သူတို့ကလေးများ၏ လက်ထပ်ပွဲကို မလွဲမသွေ ကျင်းပပေးရမည်ဟု နားလည်ထားကြသည်။

အီဗာ၏ ဖခင်မှာ ပရိဘောဂဆိုင်တစ်ဆိုင်တွင် လက်သမားအလုပ်လုပ်ရလေ၏။ သူအလုပ်လုပ်သော ဆိုင်တစ်ဆိုင်လုံးမှာ သစ်သား အသစ်

များ၏အနံ့များဖြင့် သင်းနေ၏။ ဆိုင်အတွင်း၌ကား ရွှေဘော်ထိုး၍ ထွက်ကျလာသော ရွှေဘော်စာ အလိပ်အခွေများဖြင့် ပြည့်နေတော့သည်။ အီဗာဆိုသည့် ကောင်မလေးသည် သူ့ဖခင်၏အလုပ်ရုံမှ ရွှေဘော်စာ အလိပ်အခွေများကိုခေါင်းပေါ်တင်ပြီး "ကျွန်မ လက်ထပ်တဲ့အခါကျတော့ ယောဒီလို ရွှေရောင်ဆံပင်တွေ ရှိနေမှာပေါ့နော်"ဟု ငယ်စဉ်က မကြာခဏ ပြောနေတတ်သည်။ စိတ်ကူးနှင့် ရူးနေတတ်ခြင်းဖြစ်သည်။

တစ်ခါတစ်ရံတော့လည်း အီဗာသည် အိမ်ညှော်ခန်းမှ မြင်ရသော "ရှမစ်တင်းဟွန်း"တောင်ထိပ်ဆီသို့ ပြူတင်းပေါက်မှ လှမ်းမျှော်ငေးနေပြီး သူမ၏လက်ထပ်ပွဲအကြောင်းကို စိတ်ကူးယဉ်ယဉ်နှင့် ဖွဲ့နွဲ့ပြောနေတတ်သည်။ ပန်းခြံထဲတွင်ရှိသော ပန်းပင်များကို အီဗာသည် ရေမှန်မှန်လောင်း၏။ တစ်နေ့ကျလျှင် ဤပန်းများသည် လက်ထပ်သရဖူကို ဆင်မြန်းရန်ပင် ဖြစ်သည်ဟု အီဗာက ကြိုတွေးထားသည်။

ဤစိတ်ကူးကြောင့်ပင် နွေမဟူ၊ မိုးမဟူ၊ ဆောင်းမဟူ အီဗာသည် ပန်းပင်တွေကို ရေမှန်မှန်လောင်းနေလေသည်။

သို့သော် ယခုအခါ၌ သူမ၏ စိတ်ကူးယဉ်အိပ်မက်ကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲ၍ မက်ခဲ့ရပြန်လေသည်။ လက်ထပ်ပွဲဆိုသည်မှာ ဘာမျှမရေရာ မသေချာတော့ပေ။ အကြောင်းမှာ အီဗာသည် ထို့ထက်ပိုမိုစိတ်ဝင်စားစရာ အကြောင်းတွေ တွေ့နေရပြီဖြစ်သတည်း။

ယခုတော့ အီဗာကို "မင်း သိပ်မိုက်တဲ့ကလေးမပဲ"ဟု ပြောနေရတော့သည်။ ကတ်သည် ရည်လျားမြင့်မားစွာဖြင့် ကောင်းကင်သို့ထိုးထွက်သွားသော ထင်းရှူးပင်များကို ငေးကြည့်နေလေ၏။

အီဗာက ကတ်၏ မျက်ခုံးထူကြီးများကို ကြည့်ပြီးလျှင် "ငါ သူ့ကို ချစ်တော့ချစ်ပါတယ်"ဟု တွေးနေသည်။ ကတ်၏တောက်ပရွှန်းလဲ့သော မျက်လုံးကို စိုက်ကြည့်ရင်း အီဗာ၏စိတ်ထဲမှ "ငါ သူ့ကိုချစ်ပေမယ့် ငါ့မှာ အပြောင်းအလဲကလေးတွေ တစ်ဖက်မှာ ရှိနေတာက ခက်ပါတယ်" ဟုပြောနေသည်။

အီဗာ၏ ဆံပင်နွယ်များသည် လည်ဂုတ်ပေါ်သို့ ဝဲ၍ခွေကျနေ၏။ မျက်လုံးကြီးများသည် နွေနှောင်းတွင် ပွင့်လေ့ရှိသော "လာဗင်ဒါ"ပန်းပွင့်များနှင့် တူပေသည်။ အီဗာ၏အရွယ်မှာ ယခုအခါတွင် လက်ထပ်မည်ဆို



လျှင် အရွယ်သင့်နေပေပြီ။ သို့သော် ခက်နေသည်မှာ အီဗာ၏ အနာဂတ်ကာလကို တစ်မျိုးတစ်ဖုံပြောင်းလွဲစေမည့် အစီအစဉ်တစ်ရပ် ပေါ်လာ၍ ဖြစ်သည်။

အီဗာ၏ချစ်သူကတ်က လည်ချောင်းထဲမှ ဆို့နင့်စွာထွက်လာသည့် အသံနှင့် အီဗာကို ပြောနေပြန်သည်။

"မင်းကို ကိုယ်သိပ်ချစ်ပါတယ် အချစ်ရယ်"

ကတ်က ဆက်ပြောနေသည်။

"အာနာယော့ဖ်မင်း ခေါ်နေတဲ့ မြူးနစ်မြို့ကို လိုက်မသွားပါနဲ့လား ကွယ်။ ကိုယ်ရှိတဲ့ နေရာမှာပဲ အမြဲနေပါနော် အချစ်ရယ်၊ မင်း ဒီမှာ ပျော်မှာပါကွယ်..."

သူက အီဗာကို ယုယစွာနမ်းလိုက်၏။ အီဗာမှာ ချစ်သူ၏ အယုအယတွင် နစ်မွန်းသွား၍ မိမိ၏ မဟာစီမံကိန်းကြီးအတွက် စိတ်အားနည်းနည်းလျော့သွားလေသည်။ သို့သော် အချိန်အတန်ကြာ ကြိုးစားခဲ့သော စိတ်ကူးယဉ် အစီအစဉ်ကြီး လုံးဝပင် ပျက်စီးသွားသည်ကား မဟုတ်။

အီဗာက ဘာမှမထူးဆန်းတော့သော ဤဒေသကို စွန့်ခွာ၍ သွားလိုသည်။ ရွာထဲမှာဆိုလျှင် ယောကျာ်းတွေနှင့် မိန်းမတွေသည် အရွယ်ရောက်ပြီး လက်ထပ်ကြ၊ ပြီတော့ အိုမင်းရင့်ရော်သွားကြသည့်အဖြစ်တွေသာ ထပ်တလဲလဲဖြစ်နေလေသည်။ ဤသည်မှာ ပုခက်တွင်းမှ သင်္ချိုင်းအထိ အလွန်ရိုးရိုးတန်းတန်း သွားရသော ခရီးဟောင်းကြီးပင် ဖြစ်တော့သည်။ အီဗာက သည်လိုအဖြစ်မျိုးကို မနှစ်မြို့က်၊ လက်မခံနိုင်။ ထို့ထက်ပို၍ ဘဝကို အဓိပ္ပာယ်ရှိရှိ အသုံးချချင်သည်။ တက်လာသော ဒီရေလို တစ်ရှိန်ထိုး မြင့်တက်သွားမည့် စီမံကိန်းတွေကို မိမိ၏အနာဂတ်အတွက် ရေးဆွဲလိုက်ချင်သည်။

ဤသို့ မိမိ၏ ဘဝတက်လမ်းအတွက် အီဗာ အားထားအမျှော်လင့်ဆုံးဒေသမှာ မြူးနစ်မြို့တော်ပင်ဖြစ်သည်။ မြူးနစ်မှာ နာဇီဝါဒ ပေါက်ဖွားရှင်သန်ရာ ဒေသလည်းဖြစ်နေသည်။ ဤဝါဒသည် အနာဂတ်အတွက် ဂျာမနီနိုင်ငံကို ကယ်တင်မည်ဖြစ်သော လမ်းစဉ်သစ်တစ်ရပ်ဟုပင် အီဗာက ထင်နေလေသည်။

"ကံကောင်းရင်ပေါ့လေ၊ ဘာလင်ကိုလည်း သွားမယ်၊ ပြီးတော့လည်း အချွန်အထက်တွေ သိပ်ပေါတဲ့ မိန်းမ်မြို့ကိုလည်း သွားရဦးမယ်၊

နိုင်းမြစ်ရဲ့ သာယာတင့်မောတဲ့ ရှုခင်းတွေကိုလည်း ကြည့်ရမယ်။ ကိုလုံးမြို့ မျှော်စင်တွေကိုလည်း သွားကြည့်ခွင့်ကြုံမှာပေါ့"

အီဗာက ထိုသို့ အမြဲမျှော်လင့်တွေးတောနေခဲ့လေ့ရှိသည်သာ ဖြစ်သည်။ ဤဂျာမနီနိုင်ငံမှာ မိမိနေထိုင်သော သည်တောင်ကြားရွာကလေးထက် ပိုမိုစိတ်ဝင်စားစရာတွေ အများကြီးရှိသေးတာပဲဟုလည်း အီဗာသည် အမြဲပင် စိတ်ကူးနေခဲ့ပေသည်။

ကတ်က–

"အချစ်ရယ်... မင်းစိတ်တွေ လှုပ်ရှားနေတာကိုး။ ဒါပေမယ့်လေ စောပါပဲ။ နောက်တော့လည်း ပျောက်သွားမှာပေါ့"

ဟု အေးဆေးညင်သာစွာ ပြောနေသည်။

အီဗာက ပြန်ပြော၏။

"ဟုတ်ပါတယ်... ကိုယ်စိတ်လှုပ်ရှားနေတာ မှန်ပါတယ်ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘဝအတွက် ဒီထက်ပိုပြီး လုပ်နိုင်တာတွေ ရှိသေးတယ်ဆိုတာ သိထားလို့ပါ"

အီဗာအနေဖြင့် ယခုလုပ်နေသော အလုပ်ကိုမကြိုက်။ အသက် ၁၆ နှစ်အရွယ်မှစ၍ သူမသည် ဆိုင်ကလေးတစ်ဆိုင်မှာ အလုပ်လုပ်ခဲ့ရ၏။ အမြဲတမ်း ဩဇာအာဏာပြတတ်သော ဆိုင်ရှင်မိန်းမကြီး 'ဖရောဖက်'ကို အီဗာ သိပ်မုန်းနေမိသည်။

ဖရောဖက်သည်ကမ္ဘာ့ခရီးသည်များကိုပို့စ်ကတ်များနှင့်အမှတ်တရ ပစ္စည်းများ ရောင်းချသော ဆိုင်တစ်ဆိုင် ဖွင့်ထားသည်။ ထိုမိန်းမကြီးသည် အီဗာဘရောင်းကို သိပ်ပြီး ချုပ်ချယ်လေ့ရှိ၏။ လွတ်လွတ်လပ်လပ် ရယ်မောခွင့်မရှိ။ ဖရောဖက်က အီဗာအား

"ညည်း အသက်ကြီးတဲ့အခါမှာ ရယ်စရာတွေ အများကြီးကျန်ပါသေးသလားလို့ သိပါလိမ့်မယ်"

ဟု မကြာခဏပင် ပြောလေ့ရှိခဲ့သည်။

မြူးနစ်မြို့၌နေသော 'ဟိန်းရစ်ဟော့ဖ်မင်း'မှာ ဝင်ငွေကောင်းသော ဓာတ်ပုံဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သည်။ သူ၏ဓာတ်ပုံဆိုင်မှ ဘားရားစထရက်စီ လမ်းမကြီးထဲ၌ ရှိလေ၏။ မကြာမီကပင် အီဗာ၏သူငယ်ချင်းမကလေး အာနာနှင့် ဟိန်းရစ်ဟော့ဖ်မင်းတို့ လက်ထပ်ခဲ့ကြ၏။ အီဗာသည် သူတို့ လက်ထပ်ပွဲ၌ အပျိုရံလုပ်ခဲ့ရသေးသည်။



အာနာသည် တောက်ပပြောင်လက်သော အဝတ်အစားများကို ဝတ်ဆင်၍ ငွေကို ရေလိုသုံးနေလေတော့သည်။ သူမသည် အီဗာအား မြူးနစ်မြို့၏ အလှအပတွေကို မစားရ ဝခမန်း ပြောပြခဲ့လေ၏။ မြို့တော် ဘီယာဆိုင်များနှင့် ပျော်စရာအဖုံဖုံ အကြောင်းစုံကို အီဗာအား ပြောပြသည်။ အီဗာမှာ ဤသို့ဖြင့် သူငယ်ချင်းဖြစ်သူ၏ မြူးနစ်မြို့တော် ချီးမွမ်းခန်းကို စိတ်ကူးယဉ်၍မဆုံး ဖြစ်ရလေတော့သည်။

အီဗာကို အာနာက ဤသို့ကတိပေးခဲ့၏။ "တစ်နေ့ကျရင် မင်းကို မြူးနစ်ရောက်အောင် ခေါ်သွားပါ့မယ်နော်"

ယခုတော့ ဒါတွေကို စိတ်ကူးအယဉ်ကြီးယဉ်ခဲ့သော ချစ်သူအီဗာအား ကတ်က ဖျောင်းဖျနေလေပြီ။

ကတ်က

"မမိုက်စမ်းပါနဲ့ အချစ်ရယ်"

ဟု ပြောနေ၏။

ခပ်ဝေးဝေးမှ လယ်ကွင်းများဆီတွင် ကောက်ရိုးလှည်းများ ဖြတ်မောင်းသွားသည်ကို သူတို့နှစ်ဦးမြင်ကြရ၏။ လှည်းမောင်းသွားသူတို့မှာ မိန်းမအိုကြီးများ ဖြစ်လေသည်။ သူတို့၏ ကိုယ်လုံးကြီးများမှာ ထွားကျိုင်းလေးလံလှပြီး ခေါင်း၌ လက်ကိုင်ပဝါများ ပတ်ထားလေ၏။ သူတို့ကို ကြည့်ရသည်မှာ သွက်လက်ဖျတ်လတ်သည်ဟုတော့ ထင်ရသည်။

အသက် ၂၀ မျှသာ ရှိသေးသော လုံမပျို အီဗာဘရောင်းသည် ထိုမိန်းမကြီးများကိုကြည့်ပြီး စိတ်ရှုပ်သွားဟန်ဖြင့် ပြောလိုက်လေသည်။

"ကိုယ်တော့ အရုပ်ဆိုးမှာသိပ်ကြောက်တယ်၊ပြီးတော့ အိုမှာလည်း သိပ်မုန်းတာပဲ။အိုခြင်း၊ သေခြင်းဆိုတာတွေကို မကြားချင်ဘူး၊ မကြည့်ချင်ဘူး"

ကတ်ကပြော၏

"အချစ်ရယ် မင်းဟာ သိပ်လှပါတယ်၊ အရုပ်လည်း မဆိုးပါဘူး။ ဘယ်တော့မှ အဝေးကြီးကို ထွက်မသွားပါနဲ့နော်၊ ကိုယ်နဲ့အမြဲနေပါကွယ်"

အီဗာက

"ကိုယ်နောက်ကို ဒီအခွင့်အရေးမျိုး ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူးလေ။ ဘာပြုလို့လဲဆိုတော့ နောက်ဆိုရင် အာနာကလည်း

ကိုယ့်ကို မေ့သွားမှာပေါ့။ ကမ္ဘာပေါ်မှာ လူတွေဟာ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ လူလုပ်နေကြတာ မဟုတ်ဘူးကွယ်"

ကတ်က

"မင်းပြောတာ ကိုယ်နားမလည်ပါဘူး"

အီဗာက

"ဒီလိုပါ၊ ကိုယ်ဖြစ်ချင်တာတွေက အများကြီးပဲ"

ကတ်က ချော့ပြောနေပြန်သည်။

"မင်း ဒီမှာနေရင် မင်းကို စိတ်မညစ်ရအောင် ကိုယ် မေတ္တာစစ်၊ မေတ္တာမှန်နဲ့ပြုစုပါ့မယ်ကွာ။ ကိုယ်ဟာ ဒီခရိုင်မှာ နာမည်အကျော်ကြားဆုံး တောင်တက်လမ်းပြတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်၊ အဲဒီအခါကျတော့ ကိုယ်ဟာ ဆုငွေတွေ အများကြီး ရမှာပါကွယ့်"

ကတ်က အီဗာကို နမ်းလိုက်ပြန်၏။

မြက်ခင်းထဲတွင် နံ့ကောင်ကလေးများက ညည်းသံပေးနေကြသည်။ အီဗာက နံ့ကောင်ကလေးများ၏မြည်သံကို နားထောင်ရသည်မှာ အလွန်နားဝင်ပီယံဖြစ်သည်ဟု ထင်၏။

အီဗာသည် မနေ့ညကအဖြစ်ကို ပြန်၍တွေးမိပြန်သေးသည်။ မနေ့ညက အီဗာသည် အမေနှင့် အနည်းငယ် စကားများခဲ့ကြသည်။ ယခုထွက်လာခဲ့သည်မှာ အမေ့ကို ပြန်ချော့ရန်အတွက် အမေကြိုက် 'အီဒယ်ဝစ်' ပန်းဖြူဖြူကလေးများ ရှာခူးရန်ဖြစ်၏။ အမေစိတ်ပြောင်းရန်အတွက် အီဗာသည် ထိုပန်းကလေးများ ခူးပြီး သွားပေးရပေမည်။

မနေ့ညတုန်းကတော့ အမေကလည်း အလုပ်ပင်ပန်း၍ မောဟိုက်နွမ်းရိနေသည်။ အီဗာကလည်း အလွန်မှ ပြောရဆိုရခက်ခဲသော မိန်းမငယ်ဖြစ်ခဲ့သည်။

သမီးသုံးယောက်တွင် အထွေးဆုံးဖြစ်သော အီဗာမှာ အလွန်ပင်ပြောရခက်သော သမီးဆိုးကလေးဖြစ်ခဲ့လေ၏။ ထို့ကြောင့်ပင် အီဗာနှင့်အမေတို့ စကားများကြခြင်းဖြစ်သည်။

မနေ့ကတော့ အီဗာသည် သူသွားချင်သော မြူးနစ်မြို့သို့သွားရန် အလွန်စိတ်ထက်သန်နေသည်။ အကြောင်းမှာ အီဗာ၏ သူငယ်ချင်းဖြစ်သူ အာနာသည် ရွာသို့တစ်ခေါက် ပြန်လာနေဆဲဖြစ်၍ပင်။

အာနာက အီဗာကို ဤဆိုင်တွင် ဈေးရောင်းရသော ဒုက္ခမှ ကယ်



တင်ပါမည်ဟု ထပ်မံကတိပေးသေးသည်။ ပြီးတော့ အီဗာ၏ ဆိုင်ရှင်မိန်းမကြီး ဖရောဇက်မှာ ယခင်ကထက်ပို၍ ယုတ်မာရက်စက်လာသည်ဟု ထင်သည်။ ထို့ကြောင့် အီဗာမှာ သည်းမခံနိုင်အောင်ပင် စိတ်ပျက်နေပြီ။

အီဗာ၏အဖြစ်ကို သေချာစွာသိရသောအခါ၌ အာနာက သူမ၏ချစ်လင်ဖြစ်သူ ဟိန်းရစ်ပော့ဖ်မင်းထံသို့ တယ်လီဖုန်းဆက်၍ အီဗာလာမည့်သတင်းကို ပို့လိုက်မည်။ ထို့ပြင် အီဗာအတွက် အစီအစဉ်တွေလည်း လုပ်ထားလိုက်ရန် မှာထားသည်ဟု ပြောပြလေသည်။

အီဗာ၏မိခင်ဖြစ်သူ ဖရောဘရောင်းမှာကား အီဗာကို ဖရောဇက်၏ဆိုင်မှာပင် ပိုနေမြဲကျားနေမြဲ ဆက်၍လုပ်ကိုင်စေချင်သည်။ အမေသည်သမီးငယ် အီဗာအတွက် အရှည်ကို မျှော်တွေး၍ ကြည့်သူဖြစ်သည်။ အီဗာအနေဖြင့် မြူးနစ်မြို့အကြောင်း မကြာခဏပြောဆိုစိတ်ကူးယဉ်နေခြင်းမှာလည်း မသင့်တော်ဟု အမေကထင်သည်။ မြူးနစ်မှာ အလွန်တရာမှရှုပ်ထွေးပွေလီသော မြို့ကြီးဖြစ်သည်။ ဘဝမျိုးစုံ အဖြစ်မျိုးစုံ တွေ့ကြုံနိုင်သည်။

ဤသို့ သိထား၍ အီဗာဘရောင်း၏ အမေ ဖရောဘရောင်းကသမီးငယ်ကို မိမိနှင့် ရင်အုပ်မကွာ နေထိုင်သွားစေလိုခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အယူအဆချင်း မတူကြသော သားအမိနှစ်ယောက်သည်မနေ့ညက ဤကိစ္စနှင့်ပတ်သက်၍ စကားများခဲ့ကြခြင်းဖြစ်လေသည်။

ကတ်နှင့် အီဗာသည် ပူနွေးသော မြက်ခင်းပေါ်၌ လဲလျောင်းနေလိုက်ကြသည်။ အီဗာက ချစ်သူကတ်အား မနေ့ညကအဖြစ်ကို ပြန်၍ပြောပြနေသည်။

"အမေနဲ့ကိုယ်နဲ့ ရန်ဖြစ်ကြတယ်လေ"

အီဗာက ဆက်ပြောသည်။

"မြူးနစ်မြို့ကိုသွားပြီးဘာလုပ်ရမယ်ဆိုတာကို ကိုယ်သေသေချာချာသိပါတယ်ကွယ်။ ကိုယ့်ဘဝမှာ ရှေ့ကို ဘာဖြစ်မယ်ဆိုတာကိုလည်းကိုယ်သေသေချာချာ သိပြီးသားပါ"

ကတ်က အီဗာကို ပွေ့ထားပြီးမှ

"လူတွေရဲ့အနာဂတ်ကို သိတဲ့လူဟာ လက္ခဏာဟောတဲ့ မိန်းမကြီးပါကွယ်"

ဟု ပြော၏။

အီဗာက

"ကိုယ်တော့ အဲဒီမိန်းမကြီးဆီ ဘယ်တော့မှ မသွားရဲဘူး"

"ဘာဖြစ်လို့လဲ၊ မင်းကို ဘာမှမလုပ်ပါဘူးကွာ"

အီဗာနှင့် သူငယ်ချင်း ကျောင်းသူကလေးများတို့သည် ကျောင်းနေစဉ်ကပင် ထိုလက္ခဏာဟောသော မိန်းမကြီး၏အကြောင်းကို ကောင်းစွာ သိခဲ့ကြသည်။ ဤမိန်းမကြီးသည် နွေတစ်နွေလုံး တောင်တန်းပေါ်ရှိ လှိုဏ်ဂူထဲတွင် လာရောက်နေထိုင်လေ့ရှိသည်။ ထိုမိန်းမကြီး၏ နက်မှောင်သော ဆံပင်၊မဲသောမျက်လုံး၊ အသားနက်ကြုတ်ကြုတ်တို့ကို ကြည့်ပြီးလျှင် ဤမိန်းမကြီးမှာ ကပ္ပလီလူမျိုးမှပေါက်ဖွားသူဟု ခန့်မှန်းကြရလေ၏။

ထူးဆန်းသည်မှာ ဆောင်းရာသီရောက်၍ တောင်တန်းတစ်ခုလုံး နှင်းမှောင်ဖုံးသွားသောအခါ ထိုမိန်းမကြီး ဘယ်သွားနေသည်ကို မည်သူမျှ မသိကြခြင်းဖြစ်သည်။ ဆောင်းအေးကလေးများ တိုက်ခတ်စပြုလျှင် ထိုမိန်းမကြီး ပျောက်သွားပြီး နှင်းကွဲသွားသော နွေဦး၌ ပြန်လာလေ့ရှိ၏။ နွေရောက်လျှင် မိန်းမကြီးကို လှိုဏ်ဂူဝင်ပေါက်ဝ၌ ဆေးတံကြီးခဲလျက် ပြန်တွေ့ကြရသည်ချည်းဖြစ်၏။

ဤမိန်းမကြီးသည် အမှန်တော့ ဂျစ်ပစီလူမျိုးနွယ်ဖြစ်သည်။ အနာဂတ်ကို ကြိုတင်၍ ဟောကိန်းထုတ်နိုင်သော ပညာလည်း တတ်သည်။ လက္ခဏာ ဟောပြောတတ်သည်။ ဤသည်ကို ရွာလူထုအားလုံးပင်သိ၏။ ပျိုပြင် ဂါထာမန္တာန်တွေလည်း ရွတ်ဖတ်သောကြောင့် မိန်းမကြီးကို လူတိုင်းကပင် ကြောက်ရွံ့ကြ၏။ သူမ၏ မကောင်းသတင်းကို မည်သူမျှမပြောရဲကြပေ။

အီဗာက

"ကိုယ်တော့ ဒီမိန်းမကြီးဆီ သွားရမှာကြောက်တယ်"

ကတ်က

"မင်းကိုသူက ဘာမှအန္တရာယ် မပေးပါဘူး"

သူတို့နှစ်ဦးအနားတွင် ကောက်ရိုးလှည်းတစ်စီး ဖြတ်မောင်းသွားလေ၏။ ကောက်ရိုးပုံပေါ်မှ အမယ်အိုတစ်ဦးက မရှိတော့သောသွားများကို ပြ၍ ပြုံးရယ်သွားလေသည်။ နံကောင်ကလေးများ၏ မြည်သံမှာ ပိုမို ကျယ်လောင်လာလေ၏။ မနီးမဝေး လယ်ကွင်းထဲဝယ် လယ်သမားကြီး



တစ်ဦးသည် ခေါင်းကို အောက်သို့ငုံ့၍ ဆုတောင်းရှိခိုးပြုရင်း ရပ်နေ၏။ သူ၏ ဦးထုပ်မှာ သူ့ရင်ဘတ်ပေါ်သို့ တွဲလောင်းသိုင်း၍ ကျနေလေသည်။

ကတ်က အီဗာကို ခေါ်နေပြန်သည်။

"အခု တို့လက္ခဏာဟောတဲ့ မိန်းမကြီးဆီကို သွားရအောင်ပါနော်၊ လာပါကွယ် ကိုယ်နဲ့လိုက်ခဲ့ပါ။ ပညာရှိတဲ့ မိန်းမကြီးဆီသွားပြီး မင်းရဲ့ အနာဂတ်အကြောင်း မေးကြည့်မယ်၊ တို့နှစ်ယောက်စလုံးအတွက် မေးကြည့်ကြတာပေါ့လေ"

အီဗာနှင့်ကတ်တို့သည် ထိုနေရာမှ လက်တွဲ၍ထွက်လာကြလေ၏။ သူတို့သည် မှောင်မိုက်သော အရိပ်များ၊ အုပ်ဆိုင်းနေသည့်ထင်းရှူးတောကို ဖြတ်၍ တောင်တန်းများကို တဖြည်းဖြည်း တက်လာလေ၏။ အီဗာသည် တောင်တန်းမှနေ၍ မိမိ၏ရွာကို အပေါ်စီးလှမ်းမြင်ရလေ၏။ စောစောက လယ်ကွင်းထဲ၌ ရပ်ပြီးဆုတောင်းနေသော လယ်သမားကြီးမှာ အိမ်ပြန်သွားသည်ကို တွေ့နေရ၏။

အီဗာက မြူနစ်မြို့အကြောင်းကိုသာ တွေးလာလေသည်။ လမ်းကျယ်ကြီးများ၊ လှပခန့်ညားသော ဈေးဆိုင်ကြီးများနှင့် ထိုဆိုင်များတွင် ပြသထားသောလိုချင်တပ်မက်ဖွယ်ရာ ပစ္စည်းများကို မျက်စိထဲ၌ မြင်ယောင်နေ၏။ ထိုမြို့မှာ နာဇီများ၏ အမိကမြို့တော်။ ညနေခင်းမှာဆိုလျှင် အလွန် သာယာနေပေမည်။ ပွဲရုံတွေလည်း အများကြီးရှိမည်။ ဤနေရာမှာကား ရွာငယ်လေးတစ်ရွာ။ ပြီးတော့ တောင်ကြားလေးတွေထဲမှ ဘုရားဝတ်ပြုကျောင်းကလေးများနှင့် အမြဲတမ်း ရှိခိုးဆုတောင်းနေတတ်သော လူရိုးကြီးတွေသာ ရှိနေသည်။

ကတ်က အီဗာ၏လက်ကို ဖပ်ဖျစ်ဖျစ်ဆုပ်၍–

"မင်းကိုတော့ ကိုယ်သိပ်ချစ်တာပဲ၊ တစ်နေ့ကျရင် ဒီတောင်ကြားကလေးတွေထဲမှာ တို့များ အိမ်ဆောက်နေကြမယ်။ တို့မှာ သားသမီးတွေ ရလာမှာပဲ၊ ဘယ်လောက်ပျော်စရာကောင်းမလဲ အချစ်ရယ်"

ဟုပြောနေလေသည်။

အီဗာက သူ့ကို ဘာမျှ ပြန်မပြောပေ။

အီဗာသည် ချစ်သူကတ်ကို နှစ်နှစ်ကာကာပင် ချစ်ပါသည်။ အီဗာ၏ သူငယ်ချင်းမကလေးတွေက သူတို့ချစ်သူတွေကို ချစ်ကြသလိုပင်၊ အီဗာကလည်း ကတ်ကို ချစ်သည်သာ ဖြစ်၏။

သို့သော် အီဗာက ဘဝကို ဤမျှနှင့် မရောင့်ရဲနိုင်ဖြစ်နေသည်။ သည့်ထက် ပို၍ပျော်ချင်သေးသည်။ ဤသို့ဖြစ်၍ လောဘကြီးသည်ဟု မဆိုနိုင်။ တရားသဖြင့် လိုချင်ဆန္ဒရှိခြင်းသည်သာဖြစ်သည်။ အနာဂတ်အတွက် မိမိထားရသော မျှော်လင့်ချက်တို့မှာ တစ်နေ့တခြား ဒီရေလိုသာ တိုးနေသည်။

အီဗာသည် ရွာမှာနေ၊ အလုပ်လုပ်၊ ထမင်းချက်၊ အဝတ်လျှော် စသည်ဖြင့် လုပ်ရိုးလုပ်စဉ်များကိုလုပ်ပြီး ဘဝကို ပုံသေကားချပ် မထားချင်။ ထိုသို့ မလုပ်ချင်၍ မိမိကို ပျင်းရိနေ၍သာ အလုပ်မလုပ်ချင်ခြင်းဖြစ်သည် ဆိုပြီး အပြစ်မတင်နိုင်။ မိမိသည် ပွင့်သစ်စ အညွန့်တလူလူနှင့်နေသော လူငယ်တို့၏ ဘဝအမြင့်ကို မြင့်သည်ထက်မြင့်အောင် လှမ်းတက်လိုခြင်းပင် ဖြစ်သည်။ ဤသို့ အီဗာက တွေး၏။

သူတို့နှစ်ယောက်သည် နောက်ဆုံး၌ ထင်းရူးတောအပြင်သို့ရောက်၍ တောင်တန်းပျော် မိန်းမကြီး၏ လိုဏ်ဂူနားသို့ တိုးသွားနေ၏။ မှောင်နေသော လိုဏ်ဂူဝကို ကြည့်နေရသည်ကပင် မကောင်းဆိုးရွားလိုလို နိမိတ်မကောင်းဟုထင်ရပေသည်။အီဗာက စိတ်တုန်လှုပ်ချောက်ချားဟန်နှင့် ကတ်ကို ကြည့်လိုက်သည်။ ကတ်ကပြုံး၍ အီဗာကို အားပေးလိုက်ရလေသည်။

"ဘာမှ ကြောက်စရာ မရှိပါဘူးကွယ်"

"သူငယ်ချင်း မိန်းကလေးတွေ ပြောဖူးတာ သတိရလို့ပါ"

"အို– သူတို့က ဘာသိလို့လဲ၊ ဒီမိန်းမကြီးက ဘယ်သူ့ကိုမှ ဒုက္ခပေးတတ်တာ မဟုတ်ပါဘူး။ ကိုယ်က ကတိပေးပါတယ်"

ဂူထဲတွင် နေသောမိန်းမကြီးသည် သူတို့နှစ်ယောက် လာနေသော အသံများကို ကြားဟန်ရှိ၏။ သူသည် ဂူထဲမှ အပြင်သို့ထွက်လာလေ၏။ မိန်းမကြီးသည် ဆေးတံရှိုးကို ကိုက်ထားပြီး မျက်စိကို အလင်းရောင်ထိုးသဖြင့် မှိတ်လိုက် ဖွင့်လိုက်လုပ်နေသည်။ သူမ၏ ကိုယ်လုံးမှာ အပေါ်ကြီး အောက်သေးဖြစ်နေ၍ ကန်တော့ပုံသဏ္ဌာန် ဖြစ်နေလေ၏။ ပါးရေများ တွန့်နေပေပြီဖြစ်သော မိန်းမကြီး၏ မျက်နှာမှာ မဟောဂနီသားနှင့် တူ၍နေပေသည်။

ကတ်သည် သူ၏ ဘောင်းဘီတင်ပါးအိတ်မှ ဒင်္ဂါးပြားများကို



တချွင်ချွင် အသံမြည်အောင် ဆွဲထုတ်ယူလိုက်၏။ ထို့နောက် လက်ကို မိန်းမကြီးဆီသို့ ကမ်းရင်း–

"ကျွန်တော် ခင်ဗျားဖို့ ငွေယူလာပါတယ်"

ဟု ပြောလိုက်လေသည်။

မိန်းမကြီးသည်ကတ်ကိုကြည့်နေ၏။ သူမ၏ တောက်ပြောင်သော မျက်လုံးများမှာ နက်မှောင်နေသည်။ ကတ်သည် ဂူတံခါးဝထိတိုးသွားပြီး မိန်းမကြီးအား တစ်စုံတစ်ရာ တိုးတိုးပြောလိုက်၏။ သူတို့နှစ်ယောက် မိန်းမကြီး၏ရှေ့တွင်ရပ်နေသည်မှာ ခရစ်ယာန်ဘုန်းကြီးတစ်ပါး၏ ရှေ့တွင် ရောက်နေသော သတို့သား၊ သတို့သမီးစုံတွဲနှင့်ပင် တူသေးတော့၏။

မိန်းမကြီးကို ကြည့်ရသည်မှာ လေးကန်လွန်းလှ၏။သူမ၏မေးစေ့မှာ အောက်သို့ ရှည်ထွက်၍ တွဲကျနေလေသည်။ မိန်းမကြီးက အီဗာကို ရုတ်တရက်ပြောလိုက်၏။

"မင်းလက်ပေးစမ်း"

မိန်းမကြီး၏ စူးရှနက်ပြောင်သော မျက်လုံးများမှာ တောကျီးကန်းတစ်ကောင်၏ မျက်လုံးလိုပင် ထက်မြက်လှသည်ဟု အီဗာက ထင်လေသည်။ အီဗာသည် ကိုယ်ကို အနည်းငယ်နောက်သို့ရုန်းလိုက်ပြီး လက်ကိုတော့ ရှေ့သို့ထုတ်ပေးလိုက်၏။ လက်ဖဝါးဖြူဖြူကလေးကို အီဗာက ဖြန့်ပေးလိုက်လေသည်။

အီဗာ၏ လက်ဖဝါး၌ အသက်လမ်းကြောင်းသည် လက်သန်းဆီသို့ ခွေ၍သွား၏။ နှလုံးလမ်းကြောင်းသည် ဉာဏလမ်းကြောင်းကို ဖြတ်၍သွား၏။ လက်ဖဝါးမှာ ဘာမှထူးဆန်းသောပုံစံ မဟုတ်။ လက္ခဏာအရေးကြောင်းများကို ကြည့်ပြီးလျှင် သာမန်လက္ခဏာဆရာတို့အဖို့ ထူးထူးဆန်းဆန်း ဟောစရာ ဘာမျှမရှိပေ။ သို့သော် ပညာရှင်မိန်းမကြီးသည် လက်ဖဝါးပြင်ကို သေချာစွာစိုက်ကြည့်၍ ထူးခြားချက်ကို တွေ့ရသည်။ ထို့ပြင် သူမခေါင်းကို အီဗာ၏ လက်ဖဝါးအနီးသို့ ကပ်၍ကြည့်၏။

ပြီးလျှင် မိန်းမကြီးသည် ယောကျ်ားရင့်မကြီးတစ်ယောက်၏အသံမျိုးဖြင့် ဟောကိန်းထုတ်လေတော့သည်။

"မင်း လက်ထပ်ရလိမ့်မယ်၊ မင်းလက်ထပ်ပွဲဟာ မင်းရဲ့နောက်ဆုံးချိန်မှာ ကျင်းပရလိမ့်မယ်။ မင်းမသေမီ နာရီပိုင်းမှာမှ မင်းလက်ထပ်ရမှာပဲ။ မင်းနဲ့ လက်ထပ်ရမယ့်လူဟာ ကမ္ဘာပေါ်မှာ ကျော်ကြားတဲ့ တန်ဖိုး

ကြီးမားသူ ဘုရင်တစ်ဆူဖြစ်လိမ့်မယ်။ ဒါပေမယ့် မကောင်းသတင်းနဲ့ ကျော်ကြားတဲ့လူဖြစ်ပြီး လုပ်စရာရှိရင် နောက်မဆုတ်ဘဲ နောက်ကိုလှည့် မကြည့်ဘဲနဲ့ တဇွတ်ထိုးလုပ်တတ်တဲ့ လူမျိုးပဲဖြစ်မယ်။ လူဆိုးကြီးတစ်ယောက်ပါပဲလေ"

မိန်းမကြီးက ဟောပြောချက်ကို ခဏရပ်လိုက်သည်။ ပါးစပ်မှ ဆေးတံကြီးကိုချွတ်၍ ဘေးမှာထားလိုက်လေသည်။ အီဗာနှင့်ကတ်တို့ နှစ်ဦးစလုံးပင် ဘာစကားမှ မပြောမိကြ။ ထို့နောက် မိန်းမကြီး အီဗာ၏ လက်ဖဝါးကို ငုံ့ကြည့်နေပြန်သည်။ ဟောကိန်းကို ဆက်ပြန်၏။

"မင်းအလုပ် အပြောင်းအလဲရှိတယ်။ အခုလုပ်နေရတဲ့အလုပ်ကို မင်းသိပ်မုန်းနေတယ်"

အီဗာက

"ဟုတ်တယ်၊ ကျွန်မ ဒီအလုပ်ကို သိပ်မုန်းတယ်"

မိန်းမကြီးက

"မင်း မြို့တော်ကို သွားရလိမ့်မယ်၊ ဒါပေမယ့် မြို့တော်ဟာ မင်းကို ကောင်းကျိုးပေးမှာ မဟုတ်ပါဘူး။ မင်းရဲ့တကယ့်ဘဝက မြို့တော်မှာပဲ စလိမ့်မယ်။ မင်းဟာ ဒီတောင်ကြားဒေသရွာက လူတွေနဲ့မှ အစေး မကပ်ပဲ။ အင်း... မင်းဘဝမှာ ဒီထက်ကြီးပွားဖို့တော့ ရှိတယ်လေ..."

အီဗာက

"ကျွန်မကို ဒီတောင်ကြားဒေသမှာပဲ မွေးပါတယ်။ ပြီးတော့ ကျွန်မ ဒီမှာပဲ အမြဲတမ်းနေခဲ့တာပါပဲ။ ဒါပေမယ့် ကျွန်မ မြို့တော်ကို သိပ်သွားချင်ပါတယ်။ မြို့တော်ကို သိပ်ချစ်တာပဲ"

မိန်းမကြီးက

"မင်းသွားရမှာက ဘာလင်မြို့တော်ထိပဲ"

ဘာလင်ကို စိတ်ကူးနှင့် ရှုးခဲ့ရသည်မှာကား ကြာပြီဖြစ်သည်။ အိပ်မက်နှင့်ပင် အီဗာက ကျေနပ်နေခဲ့ရ၏။ အီဗာသည် အထက်တန်းစားများသာ ဝင်ရောက်သွားလာလေ့ရှိသော ဘာလင်၏ ပျော်ပွဲစားရုံကြီးများကိုလည်း မှန်းမျှော်ကြည့်မိ၏။ ဖရက်ဒရစ်လမ်းမပေါ်၌ လူတွေ ပြည့်သိပ်နေသည်ကိုလည်း သူမိ သိထား၏။

အီဗာသည် ဘာလင်ကို သိပ်သွားချင်နေခဲ့သည်။ အီဗာဖခင်ဖြစ်သူ



ဘာလင်သို့ရောက်ခဲ့ဖူး၍ ဆောင်းဥယျာဉ်ကပွဲရုံကြီးအကြောင်းကို မကြာခဏပြောပြသည်။ မြို့တော်တစ်ခွင်လုံးကိုပင် အီဗာက စိတ်ကူးကြည့်၏။ ဤနေရာသို့သွားရန်ကား အချိန်လည်းလို၏။ ငွေလည်း များစွာလိုသည်။

သို့သော် မျှော်လင့်စရာ မရှိသည်မှာကား အီဗာတွင် ငွေမရှိ၍ပင်။ ရက်သတ္တတစ်ပတ်လုံး လုပ်ပါမှ ဂျာမန်သုံးမတ်ငွေ အနည်းငယ်သာ ရမိသည်။ ထို့ကြောင့်ပင် လောလောဆယ်၌ အီဗာမှာ ကတ်ကိုလက်ထပ်၍ ဤတောင်ကြားတွင် အသက်ထက်ဆုံး နေရန်သာရှိတော့လေသည်။

ငယ်စဉ်အခါတုန်းက အမေက အီဗာကို ပြော၏။

"အီဗာ ညည်းဟာ သမီးကြီးနှစ်ယောက်နဲ့ လုံးလုံးမတူဘူး။ ညည်းဟာ အလွန်လိမ်မာတဲ့ကလေးတစ်ယောက်ပဲ။ ဒါပေမယ့် အလွန်လည်း အသစ်အဆန်းကို စူးစမ်းတတ်တဲ့ အကျင့်ပါနေတယ်"

ထိုအခါတုန်းက အီဗာက ရှက်လွန်း၍ ခေါင်းကိုခါယမ်း၍ပြခဲ့၏။ ယခုတော့ ထိုသို့မဟုတ်ပေ။ အသက် ၂၀ အရွယ်သို့ ရောက်လာသောအခါ ရွာထဲတွင် ထပ်ထိပ်ကြဲဖြစ်လာလေ၏။ ငွေကို ချွေတာသုံးစွဲရသည်ကိုလည်း ငြီးငွေ့လာလေသည်။ ဘဝကိုလည်း ပုံစံချ၍ ဆောင်ရွက်တတ်လာပြီဖြစ်သည်။ အီဗာသည် ဘဝကို ယခုထက်ပို၍ အဓိပ္ပာယ်ရှိစေချင်သည်။ ယခုထက်ပို၍ ဖြစ်ချင်တာတွေ များလာသည်။ ကတ်က မိမိကို ပေးနိုင် ပြုစုနိုင်သည်ထက် ပိုမို၍ ဖြစ်ချင်တာတွေ များလာလေသည်။

အီဗာက ဒါတွေကို တွေးနေစဉ် မိန်းမကြီးသည် ဟောကိန်းကို ဆက်၍ ထုတ်နေပြန်လေသည်။

"ကမ္ဘာကြီးမှာ ကပ်ဆိုးကြီးကျလိမ့်မယ်၊ သေကြေ ညှဉ်းပန်းနှိပ်စက်မှုတွေ တွေ့ရမယ်။ စိတ်ညစ်ညူးစရာတွေ မကြာခင် တွေ့ကြုံရတော့မယ်။ ဒါတွေကို ငါကြိုတင်မြင်ထားတယ်။သွေးနဲ့ မျက်ရည်တွေရောနေလိမ့်မယ်။ မင်းနဲ့ ဒီဖြစ်ရပ်တွေနဲ့ ရောထွေးနေမှာပဲ။ ဒါပေမယ့် မင်း ဒီဖြစ်ရပ်တွေကို ကာကွယ်တားဆီးနိုင်တဲ့ အခွင့်အရေးနဲ့ ကြုံရမယ်၊ မင်းကိုယ်တိုင် ကြုံရမယ့်ဒုက္ခကိုတော့ မင်းကာကွယ်လို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းကို အာဏာကြီးသူတစ်ဦးက အုပ်ချုပ်နေလို့ပေါ့။ မင်းဟာ ဒီအာဏာရှင်နဲ့ အတူနေပြီး သူနဲ့အတူပဲ သေရမယ်"

ထိုစကားကို ကြားသောအခါ ကတ်၏မျက်နှာမှာ သံမဏိမျက်နှာပြင်လို ခက်ထန်မာကျော၍သွားလေ၏။

ကတ်က

"ဒါပေမယ့် အီဗာနဲ့ကျွန်တော်တို့အကြောင်းကို ဟောစမ်းပါဦးဗျ၊ ကျွန်တော်နဲ့ သူနဲ့ လက်ထပ်မလို့၊ မကြာခင်လက်ထပ်ကြမှာပဲ"

မိန်းမကြီးက ပခုံးကို တွန့်ပြလိုက်ပြီးမှ တစ်ခွန်းသောစကားကို ပြောလိုက်သည်။

"မင်းသေရမယ်"

မိန်းမကြီးက ဆက်ပြော၏

"ဂျာမနီရဲ့လူငယ်တွေ တစ်ဝက်လောက်သေကြရမှာပါလေ။ သူတို့ ငါ့ဆီကိုလာပြီး သူတို့ရဲ့အနာဂတ်ကို လာမေးကြမယ်၊ ဒါပေမယ့် သူတို့မှာ အနာဂတ်ဆိုတာ မရှိဘူး။ သူတို့ သေမှာပဲ မြင်တယ်"

"ကျုပ်တို့အားလုံး မသေနိုင်ပါဘူး"

ကတ်က ပြောလိုက်၏။

သူသည် နှုတ်ခမ်းကို ကိုက်ထား၏။ ဘဝအတွက် မျှော်လင့်ချက်အများကြီးနှင့်နေသော ဤအချိန်၌ သေရမည်ဆိုသောစကားကို ကြားရ၍ ကတ်က အလွန်မုန်းတီးမိသည်။

"မင်း မယုံချင်နေပါလေ၊ ဖြစ်ရမယ့်ကိစ္စကို တားဆီးလို့ မရပါဘူး"

မိန်းမကြီးက လက်နှစ်ဖက်ကို မြှောက်၍ပြရင်း ပြောလေသည်။

"လူငယ်တွေဆိုတာ ဘာမှသိကြတာမဟုတ်ဘူး။ ဒါပေမယ့် ငါက အကုန်လုံးသိတယ်။ ငါက အရှည်ကို မျှော်ကြည့်တာကိုးကွ။ သေဆုံးတဲ့ စစ်သားတွေရဲ့သချိုင်းမြေပုံပေါ်မှာ သံမဏိစကြာတံဆိပ်တွေ ပေါ်လာတာကို တွေ့ရမယ့်။ မိန်းမတွေဟာ ညည်းဆဲခံရပြီး တဖြည်းဖြည်းသေရမယ်။ ဒါပေမယ့်လဲ ဟောဒီမိန်းကလေးကျတော့ သေရပုံက ဆန်းကြယ်ပေလိမ့်မယ်။ လက်ထပ်ပြီးလျှင်ပြီးချင်း ရုတ်တရက်သေရမှာပဲ"

ထို့နောက် မိန်းမကြီးသည် ရှမစ်တင်းဟွန်း တောင်ထိပ်ဆီသို့ ကြည့်ပြီး တစ်စုံတစ်ယောက်နှင့် စကားပြောသလို ရွတ်ဖတ်နေလိုက်သည်။ ထို့နောက် အီဗာအား ဆက်၍ပြောနေပြန်၏။

"မင်းလူဟာ မိန်းမတစ်ယောက်ကို ဘယ်တော့မှဂရုတစိုက်ကြည့်လေ့မရှိဘူး။ ဒါပေမယ့် မင်းနဲ့ကျတော့ ဒီလိုမဟုတ်ဘူး"

အီဗာသည် ကြားရသမျှကို သည်းမခံနိုင်တော့သည့်အလား သူမ၏



လက်ကို တစ်ဖန်ဆန့်ထုတ်ပြပြီးလျှင် ကလေးတစ်ယောက်က တစ်စုံတစ်ရာကို သိချင်၍ ပူဆာနေသလို ပြောနေပြန်၏။

"ဒါပေမယ့် ကျွန်မဘဝမှာ ဘာတစ်ခုမှ ရစရာမရှိတော့ဘူးလား။ ပြောစမ်းပါ။ ဘာတွေ ရစရာရှိသလဲ၊ ခံစားစရာ ရှိသလဲရှင့်။ ဘာဆုလာဘ်တွေများ ရစရာ ရှိပါသေးသလဲဆိုတာကိုပါ သိပါရစေဦး"

"မင်းမှာ ကားကြီးတစ်စင်းရှိမယ်။ ပြီးတော့ အိမ်လှလှတစ်လုံးရမယ်။ အစားကောင်း အသောက်ကောင်းတွေ စားရမယ်။ အကောင်းဆုံးဝိုက်အရက်သောက်၊ အလှပဆုံး ဝတ်စုံတွေကို ဝတ်ရလိမ့်မယ်။ စိန်ရွှေလက်ဝတ်လက်စားတွေ ဝတ်ဆင်ရပါလိမ့်မယ်။ မင်းရဲ့လည်ပင်းမှာ တောက်ပပြောင်လက်တဲ့ အဖိုးတန် စိန်တစ်လုံးဆွဲထားရမှာကို ငါမြင်တယ်။ ဒါပေမယ့်အားလုံးဟာ နောက်ဆုံးတော့ ဥရောပတိုက်ကို ဖြတ်သန်းလာတဲ့ မုန်တိုင်းကြောင့် ပြိုကွဲနေတဲ့မြို့တော်ရဲ့ အပြိုအလဲ အစအနတွေကြားမှာ ပျောက်ကွယ်သွားမှာပါပဲ။ ဒါတွေကို မင်းတစ်နေ့တော့ နားလည်သွားပါလိမ့်မယ်"

အီဗာက

"ကျွန်မ မသိဘူး။ ရှင်ပြောတာကို ဘာမှနားမလည်ဘူး"

အီဗာ၏မျက်နှာမှာ သွေးမရှိတော့ပေ။ အီဗာက သိပါသည်။ ဤမိန်းမကြီး၏ဟောပြောချက်မှာ မိမိ၏အသည်းနှလုံးကိုပင် လာရောက်ရိုက်ခတ်နေသကဲ့သို့ ရှိတော့သည်။ အီဗာက ကတ်၏လက်မောင်းကို ဆုပ်ကိုင်ထားရင်းမိမိကိုယ်ကိုတည်ငြိမ်အောင် အားပြုနေရသည်။ထို့နောက် ကတ်ကိုပြောလိုက်၏။

"ကဲ တို့ပြန်ကြစို့။ ကိုယ်တော့ နောက်ထပ်ဆက်ပြီး သည်းခံနားထောင် မနေနိုင်တော့ဘူး"

မိန်းမကြီးက ရယ်လိုက်သည်။ သူတို့နှစ်ယောက် တောင်တန်းမှ တဖြည်းဖြည်းဆင်း၍ ထင်းရှူးတောထဲသို့ ဝင်သွားသည်ကို မိန်းမကြီးက လိုက်ကြည့်နေသည်။ မျက်စိအောက်မှ သူတို့နှစ်ဦးပျောက်သွားသည်အထိ လိုက်၍ကြည့်နေသည်။

အီဗာက ငို၍လာ၏။ ကတ်သည် သူ့အိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို အီဗာ၏ မျက်ရည်သုတ်ရန် ဆွဲထုတ်လိုက်၏။ လက်ကိုင်

ပဝါသည် ကတ်၏ကိုယ်နံ့ဖြင့် သင်းနေလေသည်။ လက်ကိုင်ပဝါအသား ကြမ်းကြမ်းသည် အီဗာ၏မျက်နှာနှင့် လာထိသည်ကို သတိထားမိ၏။ အီဗာအနေဖြင့် နူးညံ့သော လက်ကိုင်ပဝါနှင့် သင်းပျံ့သော ရေမွှေးအနံ့ကို သာနှစ်ခြိုက်သူဖြစ်၍ ကိုယ်သင်းနံ့သင်းသော လက်ကိုင်ပဝါကြမ်းကြမ်း နှင့် မည်သို့မျှ အဆင်မပြေ။ သူမကိုယ်တိုင်ကလည်း မိမိ၏ဘဝ မွေးဖွား ပျော်ရွှင်ရာ ရွာကလေး၌ မရနိုင်သည်ကိုမှ တမ်းတတတ်သည်။

အမေဆိုလျှင် သည်ရွာကို အလွန်ကျေနပ်ရောင့်ရဲနေသည်။ အိမ်နီး ချင်းတွေလည်း သည်အတိုင်းပဲဖြစ်ပါသည်။ သို့သော် အီဗာအနေဖြင့် ပိုမို၍ စွန့်စားရသည်ကိုမှ သဘောကျနေပေသည်လေ။

"ကတ်ရယ်၊ ဒီမိန်းမကြီးပြောတာ ကြောက်စရာကြီးပဲနော်။ ကိုယ် တော့ သိပ်ကြောက်တာပဲ"

"အိုး... အလကားပါကွာ။ တို့ကလည်း နိမိတ်ဆိုးပြတဲ့နေရာမှ သွားမိတာကိုး။ အနာဂတ်ကို သူဘာမှ မမြင်မဟောနိုင်တဲ့နေ့ သွားမေးမိ တာကွယ့်။ မင်းကို သူ့ဆီခေါ်သွားပြီး စိတ်ညစ်အောင်လုပ်မိတာ ကိုယ့် အပြစ်ပဲ"

အီဗာက တွေး၏။ မိန်းမကြီးပြောတာတွေ မှန်နိုင်သည်။ သူပြော တဲ့အတိုင်းသာဖြစ်ရင် ဘုရား... ဘုရား၊ လက်ထပ်ပြီး ချက်ချင်းသေရမယ် တဲ့။ ဘယ်လောက်များ ဆိုးရွားလိုက်သလဲဟု တွေးလာလေ၏။

ကတ်က အီဗာကို

"ဒါတွေ မေ့လိုက်ပါကွယ်"

ဟု ပြောလိုက်သည်။ ထို့နောက် ကတ်သည် အီဗာ၏နှုတ်ခမ်းအစုံ ကို မိမိ၏နှုတ်ခမ်းအစုံဖြင့် ဖိကပ်ထားလိုက်၏။ ကတ်၏အနမ်းကို အီဗာ က တောင့်တမွတ်သိပ်စွာဖြင့် ရှိနေခဲ့ပါ၏။ သို့သော် ယခုအချိန်၌ ထို အနမ်းကို အရသာခံ၍နေရန် အီဗာ၌ ဆန္ဒမရှိတော့ပေ။ စောစောက ထိတ်လန့်ကြောက်ရွံ့ဖွယ်များက သူမကို လွှမ်းမိုးထားသဖြင့် ဖြစ်သည်။

ထို့ကြောင့် အီဗာက ငြိမ်မနေဘဲ ကတ်၏ရင်ခွင်ထဲမှ ရုန်းကန်၍ ထွက်လိုက်၏။

ကတ်က ပြောလိုက်သည်။

"သိပ်ပြီး တုန်လှုပ်မနေပါနဲ့ကွယ်။ တို့မှာ အရာရာပြည့်စုံနေပြီးသား



ပဲ။ တို့မှာ ဘဝအတွက်ပျော်စရာတွေ ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် လည်း ချစ်ကြတယ်"

အီဗာက

"တို့မှာ ဘာမှမရှိတော့ဘူး။ မင်းကိုလည်း သေလိမ့်မယ်လို့ပြော လိုက်တယ်။ ဂျာမန်လူငယ်တွေအားလုံး သေလိမ့်မယ်တဲ့လေ။ ပြီးတော့ ကိုယ်ဟာ လက်ထပ်ပြီး ချက်ချင်းသေရမယ်တဲ့။ ကဲ... ဘာမှမရှိတော့ဘူး"

ကတ်သည် အီဗာ၏ဆံပင်များကို လက်နှင့်သပ်ပေးရင်း ပြောနေ ပြန်သည်။

"အချစ်ရယ်၊ မင်းစိတ်ပြန်လည်ပျော်ရွှင်လာအောင် ငါလုပ်ပေးချင် ပါရဲ့။ ဒါပေမယ့် အခု ကိုယ်ရွာထဲကို ပြန်သွားရဦးမယ်။ ရွာထဲမှာ အင်္ဂလန်က ဧည့်သည်တွေရောက်နေတယ်။ သူတို့ နက်ဖြန် ရှမစ်တင်း ဟွန်းတောင်ကို တက်ကြလိမ့်မယ်။ သူတို့က လူချမ်းသာတွေဆိုတော့ ကိုယ် ပိုက်ဆံကောင်းကောင်းရမယ်လေ"

ကတ်က အီဗာကို ဆက်၍ပြောနေပြန်သည်။

"သူတို့ဆီက ငွေရရင် မင်းဖို့ ဝတ်စုံတစ်စုံ ကိုယ်ဝယ်ပေးမယ်နော်။ မင်းပျော်အောင် ကိုယ်ပြုစုမှာပါကွယ်။ ပြီးတော့ 'ဟိန်ဂါတင်'ကို ညနေပိုင်း သွားပြီးတော့ အချစ်နဲ့ကိုယ်နဲ့ သီချင်းဆိုရအောင်၊ အတူတူကကြရအောင် လေ။ မင်းသဘောမကျဘူးလားဟင်"

အီဗာက

"ဟုတ်ကဲ့"

ဟုသာပြောလိုက်၏။ ယခုအချိန်မှာဆိုလျှင် သူမ၏ စိတ်အစဉ်မှာ မိုးမှောင်ကျနေသလို ပိတ်ဆီးကြပ်တည်းနေ၍ စိတ်ချမ်းသာစရာဆိုလျှင် ဘာကိုမျှ စဉ်းစား၍ မရသော အခြေအနေဖြစ်နေလေသည်။

ကတ်က အီဗာ၏ ရင်ဘတ်ကိုပုတ်၍

"ကဲ... ကောင်းပြီ၊ အခု အမေ့ကိုပေးဖို့ 'အီဒဲလ်ဝစ်' ပန်းရှာမယ် ဆို၊ ပန်းကိုသာ အေးအေးဆေးဆေး သွားရှာပေတော့နော်"

"ဟုတ်ပါရဲ့၊ ကိုယ် အမေဖို့ ပန်းရအောင် သွားရှာရဦးမယ်"

အီဗာသည်တစ်လှမ်းချင်းထွက်ခွာသွားသောကတ်ကိုလှမ်းကြည့်ရင်း ကျန်ခဲ့လေသည်။ သူက တဖြည်းဖြည်းပင် လျှောက်သွားရင်း လမ်းကွေ့

ကလေးများကိုကျော်၍ ဆင်းသွားသောအခါ အီဗာကိုလှည့်၍ လက်ပြသွားလေ၏။

ခပ်ဝေးဝေး၌ ကောက်ရိုးတင်လှည်းများသည် ရိတ်သိမ်းပြီးသော လယ်ကွင်းများကိုဖြတ်၍ မောင်းသွား၏။ နွားမတစ်ကောင်၏လည်ပင်းမှ ချူသံကိုလည်း ကြားရသည်။ အဝေးမှ ကတ်က လက်ပြနေပြန်၍ အီဗာက ပြန်၍လက်ပြနေရပြန်လေသည်။

✡✡✡

# တွေ့ဆုံသည့်တိုင်

အီဗာသည် ရှမစ်တင်းဟွန်းတောင်ထိပ်ဆီသို့ ခွေပတ်၍ တက်သွားသော တောင်ကမူကလေးများအောမှ လမ်းအတိုင်းလျှောက်တက်သွား၏။ လမ်းမှာ ပြေပြေပြစ်ပြစ် မရှိလှပေ။ ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နေ၏။ တောင်ကုန်းကလေးများက မြင့်လာလေလေ နှင်းခဲများ ထူထပ်စွာ ကျလေလေ ဖြစ်၏။ နှင်းပွင့်များသည် လေထဲတွင် လွင့်ပါလာပြီး ဓားသွားလို ရှုးရှစွာ ဝင်တိုးမိလေသည်။

အီဗာသည် အမေ့ကို စိတ်ပြေအောင် ချော့မော့ရန်အတွက် 'အီဒဲလ်ဝစ်' ပန်းကိုသာ တောင်တန်း၌ ဂရုတစိုက် လိုက်လံရှာဖွေလျက်ရှိ၏။ အီဗာက အမေ့ကိုသိပ်ချစ်သည်။ ထို့ကြောင့် အမေစိတ်ကျေနပ်သွားစေရန် ဤပန်းကလေးများကို ရအောင် လိုက်ရှာနေခြင်းလည်းဖြစ်သည်။

အီဗာက အမေ့ကို သိပ်ချစ်သည်။ သို့သော် ခက်နေသည်မှာ အီဗာသည်ကလေးမငယ်တစ်ဦးဘဝကို ကျော်လွန်၍တကယ့်အရွယ်ရောက်သော မိန်းမကြီးတစ်ဦး ဖြစ်လာခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖြစ်လာလျှင် အီဗာအနေဖြင့် မိုးကုတ်စက်ဝိုင်းအတွင်းဝယ် လွတ်လပ်စွာလျှောက်သွားလိုခြင်းနှင့် ဆန္ဒအသွယ်သွယ်က ပေါ်၍လာလေသည်။ သူဖြစ်ချင်တာတွေ လိုချင်တာတွေမှာကား အများကြီးဖြစ်နေသည်။ နောက်ပြီးတော့ လောကမှာ ဘာတွေက အရေးကြီး၍ ဘာတွေအရေးမကြီးတော့ပြီ ဆိုသည်ကိုလည်း နားလည်ထားပါသည်။

အီဗာသည် ဖရော်ဇက်ဆိုသောမိန်းမကြီး၏ အဆက်မပြတ်ကြပ်

တည်းစွာ ပြစ်တင်ဆုံးမမှုကို မခံလိုတော့။ ထို့ပြင် အိမ်မှုကိစ္စအဝဝကိုလည်း မလုပ်လိုတော့။ ထို့ပြင် တောင်ကြားဒေသ၏ တိတ်ဆိတ်ပျင်းရိဖွယ်ရာများကိုလည်း စိတ်မဝင်စားနိုင်တော့ပြီ။

ထို့ကြောင့် ယခုတော့ အီဗာက ပညာသည်မိန်းမကြီး ပေါပြော ပြလိုက်သည့် မြို့တော်ကိုသွားရမည်။ မမျှော်လင့်သော အခွင့်အရေးထူးများ ရရှိလာမည်ဆိုသော အချက်များကို တွေးနေမိလေ၏။

အီဗာ၏ တောင်တက်လမ်းမှာ မြင့်မားလာလေလေ အီဗာသည် ပို၍ပျော်လေလေဖြစ်၏။ မိမိကိုယ်ကို မိမိလည်း ထိတ်လန့်ကြောက်ရွံ့စရာ တွေကိုမိုက်မိုက်မဲမဲ တွေးမနေနိုင်တော့ဟု အားပေးရသေးသည်။ မကြာမီ အီဗာသည် ကျောက်ဆောင်တစ်ခုကို ကျော်သွားစဉ် သူမလိုချင်နေသော 'အီဒဲလ်ဝစ်' ပန်းချုံတစ်ခုအား နှမ်းဖတ်ကျောက်တုံးကြီး တစ်တုံးအနီး၌ ပေါက်နေသည်ကို တွေ့ရ၏။ အီဗာသည် ပန်းချုံအနီး၌ ထိုင်ချလိုက်ပြီးလျှင် ပန်းများကိုခူး၍ စုစည်းလိုက်ပြီး ဆုပ်ယူလိုက်လေ၏။

ထို့နောက် အီဗာသည် နေရာမှ ပြန်ထလိုက်ပြီးလျှင် ခဏတစ်ဖြုတ် နားနေရန် နေရာကို ရှာကြည့်လိုက်သည်။

အီဗာ၏ အထက်နားခပ်ကျကျ မနီးမဝေး၌ရှိသော တောင်စောင်းတွင် ရွက်ထည်တဲငယ်ကလေးတစ်လုံးကို တွေ့ရလေသည်။ ထိုတဲငယ်မှာ တောင်တက်သမားများ နားနေလေ့ရှိသော တဲငယ်မျိုးဖြစ်သည်။အီဗာသည် ထိုတဲငယ်ရှိရာသို့ တက်လာခဲ့၏။ တက်ရသောလမ်းမှာ ကြမ်းတမ်းလာသော်လည်း အီဗာသည် ထိုလမ်းကို သတိမမူဘဲ တက်လာလေသည်။ သူမ၏စိတ်ထဲတွင်ကား ရောက်ချင်လွန်းသော မြူးနစ်မြို့အကြောင်းကို တွေးလာလေသည်။ထို့ပြင် သူငယ်ချင်းအာနာသည် သူမ၏ လင်ယောကျ်ားဖြစ်သော ဟိန်းရစ်ကို မိမိအလုပ်အတွက် ဆက်ဆက်ပြောမှ ပြောထားပါ့မလားဟုလည်း စဉ်းစားလာလေ၏။ ဟိန်းရစ်ကကော ကျေးတောသူတစ်ဦးကို ခေါ်ယူ၍ အလုပ်ပေးပါ့မလား... စသည်ဖြင့် စိုးရိမ်ပူပန်လာလေ၏။

တဲငယ်မှာကျောက်ဆောင်တစ်ခုကို အကာအကွယ် အမှီသဟဲပြု၍ ဆောက်ထားသည်ကို တွေ့ရ၏။ အီဗာသည် လေကို အားရပါးရရှူလိုက်သည်။ မောလိုက်သည်မှာ အလွန်။

တဲဆောက်ထားသော အငူစွန်းသို့ လျှောက်သွားနေစဉ် မှိုင်းညို့



ပိတ်မှောင်သော တိမ်သားအစိုင်အခဲတစ်ခုသည် တောင်စောင်းအတိုင်း လှိမ့်ပါ၍ လိမ့်လာသည်။ ထို့နောက် တိမ်ခဲကြီးက အီဗာကို ဝင်၍တိုးသွား၏။ တိမ်သားတိမ်ငွေ့များက အီဗာအား လွှမ်းခြုံ၍သွားသဖြင့် အီဗာသည် ကြောက်အားလန့်အားနှင့် ရွက်ထည်တဲဝရှိ သစ်သားတံခါးဆီသို့ ပြေးသွားပြီး တံခါးကို အားပြု၍ လက်ဖြင့်ဆုပ်ထားလိုက်သည်။

မကြာမီ တံခါးသည် ပွင့်သွား၏။

အထဲမှ မှန်အိမ်တစ်လုံး ထွန်းညှိထားသည်ကို တွေ့ရ၏။ အီဗာက နောက်သို့ ပြန်ကြည့်လိုက်သောအခါ တိမ်လိပ်တိမ်ခဲများ ပိုမိုထူထပ်စွာ လိမ့်လူးသွားနေသည်ကို တွေ့ရသည်။ သူမအနေဖြင့် ဤတဲငယ်ထဲတွင် အချိန်အတန်ကြာ နားနေဦးမှ ဖြစ်မည်ကို သိလိုက်၏။

မကြာမီ ဂျာမန်စကားဖြင့် စကားပြောသံကြားရသည်။

"ဘယ်ကလာသလဲ ဖရော်လင်"

ရွက်ထည်တဲငယ်ရှိ စားပွဲတစ်လုံး၌ လူတစ်ယောက် ထိုင်နေသည်။ သူသည် တောင်တက်အဝတ်အစားကို ဝတ်ဆင်ထား၏။သူသည်ပေါင်မုန့်စားနေသည်ကို တွေ့ရ၏။

အီဗာက တောင်ပေါ်တွင် တိမ်ခဲတိမ်လိပ်များ လွှင့်ပျံ့နေ၍ လမ်းသွားမရသောကြောင့် မိမိမှာ ဤနေရာသို့ ခေတ္တနားနေရန် ဝင်လာကြောင်း၊ တိမ်တွေပျောက်သွားမှ မိမိပြန်၍ဖြစ်မည်စသဖြင့် ပြောပြရ၏။

လူငယ်မှာ အီဗာထက် အသက် ၅နှစ်ခန့်ကြီးမည်ဖြစ်ပြီး မျက်လုံးပြာကြီးများနှင့်ဖြစ်ကြောင်း အီဗာက ကောင်းစွာအကဲခတ်မိပေသည်။ စားပွဲပေါ်၌ မုန့်ထုပ်သော ဖယောင်းစက္ကူအစအနများ တွေ့ရ၏။ ဖွင့်ထားသော မောင်းချဓား တစ်လက်လည်း ရှိသည်။

ထိုလူငယ်က

"ကျွန်တော် အင်္ဂလိပ်အမျိုးသားတစ်ယောက်ပါ။ အားလပ်ရက်မှာ တောင်ဘက်သို့ လာခဲ့ပါတယ်။ ကျွန်တော့်နာမည်က ဂျွန်စမစ်ပါ"

"ကျွန်မနာမည်ကတော့ အီဗာဘရောင်းရှင့်"

"ကောင်းသောနေ့ပါ ဖရော်လင်ဘရောင်း၊ကျွန်တော့်ရဲ့တောင်တက်ခရီးမှာ ဒီလိုမိတ်ဆွေကောင်းတစ်ယောက် လာတွေ့ရမယ်လို့ မထင်ခဲ့ပါ။ ကျွန်တော်နဲ့အတူ ညစာစားပါလားဗျာ"

"ရှင်ပဲ ဝအောင်စားပါ။ ကျွန်မ ဒီတောင်ပေါ်ကို ခဏကလေး

လာခဲ့တာ၊ ရှင်သွားရမယ့် ခရီးက အဝေးကြီးကျန်သေးတယ်။ ရိက္ခာအများကြီးလိုလိမ့်မယ်။ တိမ်တွေလည်း မကြာခင် စင်သွားလိမ့်မယ်လေ"

"ခင်ဗျား ဒီမှာ တစ်ညလုံး နေရဦးမှာပါဗျ"

"တစ်ညလုံး..."

အီဗာက စိုးရိမ်တကြီးပြောလိုက်၏။ သို့သော် ထိုသို့စိုးရိမ်သည့်အကြားမှပင် ကျေနပ်သလိုလိုလည်း ဖြစ်မိသည်။

"ဒီလိုလေ၊ ရာသီဥတုက သိပ်ဆိုးနေသေးလို့ပါ။ ပေါင်မုန့်နည်းနည်းစားပါဦး။ ကျွန်တော့်မှာ အပိုရိက္ခာ ပါပါတယ်။ အချင်းချင်း ဝေမျှစားတာပေါ့ဗျာ။ ကျွန်တော်တို့ဟာ ခရီးသွားဖော်ချင်း မဟုတ်လား"

သူက ပြောပြောဆိုဆို ပေါင်မုန့်အနည်းငယ် ကမ်းပေးလိုက်၏။

ပေါင်မုန့်ကမ်းပေးသော သူ့လက်မှာ သန့်ရှင်းစင်ကြယ်လှ၏။ သူ့လက်ကိုကြည့်၍ သူသည် အလုပ်ကြမ်းသမားတစ်ယောက် မဟုတ်ကြောင်း သိလာလေ၏။ သူသည် ရွှေလက်စွပ်တစ်ကွင်းကို လက်ချောင်းသေးသေးသွယ်သွယ်ကလေး၌ ဝတ်ဆင်ထား၏။

အီဗာသည် လူငယ်၏ ဟန်ပန်ကို သဘောကျသွား၏။ ရည်မွန်သောလူငယ်တစ်ဦးနှင့် အချိန်အတော်ကြာမျှ ထိုင်၍ စကားပြောရမည်ကိုလည်း အီဗာက ငြင်းပယ်ရန်မရှိ။

လူငယ်က မိမိဖြစ်စဉ်ကိုအီဗာအားပြောပြသည်။ မိမိသည်ဂျာမန်နှင့်အင်္ဂလိပ်တို့စစ်ပွဲတွင် အင်္ဂလိပ်ဘက်မှ ဝင်တိုက်ခဲ့သည်။ သို့သော် သူသည် တပ်ဦးသို့ မသွားခဲ့ရ။ သူ့မှာ ထိုစဉ်က အသက်အလွန်ငယ်၍ဖြစ်သည်။ သူရှေ့တန်းသို့ သွားခွင့်မရမီပင် ပထမကမ္ဘာစစ်ကြီး ဖြစ်သွားခဲ့သည်။ သူ တော်တော်ပင် မကျေနပ်ဖြစ်ခဲ့သည်။ သူသည် ဘဝကိုချစ်မြတ်နိုး၍ စာအနည်းငယ် ဖတ်ရှုလေ့လာခဲ့သည်။ အင်္ဂလန် နိုင်ငံခြားရေးရုံး၌ အမှုထမ်းသည်။ အလုပ်မှာ အလွန်ပျင်းစရာကောင်းသည်။ သူက ခရီးသွားရခြင်းကို နှစ်သက်လှ၏။ သူ့အနေနှင့် စစ်ကြီးပြီးသွားတာကိုပဲ နေမထိထိုင်မသာ ဖြစ်နေသည်။

"ကျွန်မလည်း နေမထိ ထိုင်မသာဖြစ်နေတာပဲရှင့်"

သူက အီဗာကိုစိုက်ကြည့်၍

"ကျွန်တော်တို့နှစ်ဦးစလုံးဟာ ထူးခြားတဲ့ အရာတွေကိုမှ လိုက်ရှာနေမိသလားမသိ"



ထို့နောက် သူက ဆက်ပြောပြန်သည်။ သူသည် တောင်တက်ခြင်းကို ဝါသနာကြီးသူဖြစ်၏။ တောင်တက်ခြင်းနှင့်ပတ်သက်၍ ဘာမျှ ဗဟုသုတ မရှိသော်လည်း အပျော်တမ်းဝါသနာတစ်ခုအနေဖြင့် သူက သိပ်သဘောကျသည်။ ဤခရိုင်သို့ ရောက်ရှိလာပြီးလျှင် ရှမ်စတင်းဟွန်းတောင်၏ စိတ်ဝင်စားဖွယ်များကို သိရ၍ လမ်းပြမပါဘဲ ယနေ့နံနက်မှစ၍ တက်ခဲ့သည်။

"ဒါပေမယ့် ရှင့်မှာ လမ်းပြတစ်ယောက်တော့ ပါသင့်တယ်"

"ကျွန်တော် သိပါတယ်။ ဒါပေမယ့် သူတို့ပါရင် ပျင်းစရာသိပ်ကောင်းတာဗျ"

"တစ်ယောက်တည်း တောင်တက်တာကတော့ အန္တရာယ်ကျလွန်းပါတယ်ရှင့်"

သူက ဝက်အူချောင်းများကို လှီး၍ ပါးစပ်ထဲသို့ ထည့်လိုက်ရင်း သူ့မျက်လုံးပြာကြီးက ရယ်ပြုံးနေသည်။ ထို့နောက်မှ

"ဟုတ်ပါရဲ့၊ ကျွန်တော်ဟာ အရူးတစ်ယောက်ပါပဲ။ ဒါပေမယ့် ဘဝဆိုတာကလည်း ရူးနေတာပါပဲဗျာ။ ဘဝမှာ တကယ်ဆိုတော့ ရယ်မောပျော်ရွှင်စရာ ဘာရှိလို့လဲ။ ကျွန်တော်တို့ တွေ့ရကြုံရ အရေးတကြီးနဲ့ လုပ်နေတာတွေဟာ ကျွန်တော်တို့ကိုမောပန်းနွမ်းရိအောင် ညှဉ်းဆဲနေတာပဲ မဟုတ်လား"

အီဗာက ထိုလူကို မဝေခွဲနိုင်သောအကြည့်ဖြင့် ကြည့်နေလေ၏။ သူမက ပေါင်မုန့်ကိုစားလိုက်သောအခါမှ မိမိဘယ်မျှဆာလောင်မွတ်သိပ်နေကြောင်းကို သိသာရလေ၏။ အီဗာ စားရသောအစားအစာမှာ အရသာသိပ်ရှိသည်ဟု ထင်မိလေသည်။

အီဗာ၏ ကြီးမားဝိုင်းစက်တောက်ပြောင်သောမျက်လုံးကြီးများသည် ဂျွန်စမစ်အား နှစ်လိုဟန်ဖြင့် ကြည့်နေလေသည်။

အီဗာက

"ရှင်တစ်ယောက်တည်းပဲ တောင်ပေါ်ကို တက်ရမှာပေါ့နော်"

ဂျွန်က

"တစ်ယောက်တည်းဆိုတော့ ပိုပြီး ဗဟုသုတကျယ်တာပေါ့ဗျာ"

"ကျွန်မကတော့ တစ်ယောက်တည်းနေရတာ သိပ်မုန်းတယ်"

ဂျွန်စမစ်က အေးဆေးစွာ ရှင်းပြလေသည်။

"တစ်ယောက်တည်းဆိုတော့ စဉ်းစားတွေးတောရတာတွေကိုက သိပ်နက်နက်နဲနဲ တွေးရတယ်။ ကမ္ဘာကြီးရဲ့ ပြောင်းလဲမှုတွေကို စဉ်းစား တွေးခေါ်နေဖို့ရယ်၊ ကမ္ဘာသူ ကမ္ဘာသားတွေ ဘယ်လောက်မိုက်တွင်းနက်ကြသလဲဆိုတာကို လေ့လာဖို့ရယ်၊ ကျွန်တော်တို့ပတ်လည် ဖြစ်ပျက်သမျှတွေကိုရော၊ ဒီကနေ့ ဂျာမနီနိုင်ငံကြီး ဘာဖြစ်နေတယ်ဆိုတာရော တစ်ယောက်တည်း နက်နက်နဲနဲ တွေးနေရတာ အရသာရှိတယ်ဗျ"

"ဂျာမနီကတော့ တော်တော်ဆိုးဆိုးဝါးဝါး ခံစားနေရပါတယ်ရှင့်"

"ဟုတ်တာပေါ့။ သူတို့ ဘယ်တော့မှ မနိုင်တဲ့စစ်ပွဲတစ်ပွဲကို တိုက်ဖို့ စတင်နေတယ်။ တော်တော် ခွကျပါသေးတယ်ဗျာ"

အီဗာက ဂျွန်၏စကားကို မခံမရပ်နိုင်သည့်ဟန်ဖြင့် နှုတ်ခမ်းကို စူထားလိုက်၏။ အီဗာကျောင်းနေစဉ်ကစ၍ အင်္ဂလန်သည် သူ၏ကောက်ကျစ်မှုများကို ဖုံးကွယ်ရန် အစဉ်ကြိုးပမ်းနေကြောင်း သင်ခန်းစာတွေကို သင်ခဲ့ရသည်။ ထိုအတိုင်း အမှန်ပင် အီဗာက စွဲမြဲစွာ မှတ်ထားသည်။

"အင်္ဂလန်ကတော့ ရှင်ပြောသလို ပြောနေတာပါပဲ။ သူတို့သိတာနဲ့ ဂျာမနီသိတာနဲ့က တခြားစီဖြစ်နေတယ်လေ။ဒီမှာကျွန်မတို့ သိနေပါတယ်။ စစ်ကိုစတင်တိုက်ဖို့ ကြံနေတာ ဘယ်သူဆိုတာ"

အချိန်အတန်ကြာမျှ ဂျွန်က အီဗာကို ကြည့်နေ၏။ ထို့နောက် နောက်ဆုံးမုန့်ချပ်ကို ပါးစပ်ထဲ ထိုးသွင်းလိုက်လေသည်။ ပြီးတော့ သူက ပခုံးကို တွန့်ပြလိုက်လေ၏။ သူသည် အီဗာကို ရှင်းပြနေပြန်သည်။

"အို... ကောင်းပြီ။ ကျွန်တော်တို့ ဒါကို မဆွေးနွေးဘဲ နေကြရအောင်ဗျာ။ ကျွန်တော်တို့ဟာ တဲကလေးတစ်လုံးထဲက လူနှစ်ယောက်ပါပဲ။ ဒီထဲမှာ နာရီအတော်ကြာ နေကြဦးမှာပဲ။ အချင်းချင်း ပျော်ပျော်ရွှင်ရွှင်နေရအောင်။ အခု စစ်အကြောင်း ဆွေးနွေးကြရင် တစ်ယောက်မှ စိတ်ချမ်းသာရမှာမဟုတ်ဘူး။ကျွန်တော်တို့ဟာ မတူညီတဲ့ ကမ္ဘာနှစ်ခုက လူငယ်နှစ်ဦးပဲ မဟုတ်လား။ စစ်ကြီးနှစ်ခုရဲ့ ကြားကာလမှာ တောင်စောင်းတစ်ခုမှာ လာတွေ့ဆုံကြရတာကိုး"

သူ့စကားကိုကြားမှ အီဗာက အလန့်တကြားပြန်၍ပြောသည်။

"အို... မဟုတ်ဘူး။ နောက်ထပ်စစ် မဖြစ်နိုင်ပါဘူး။ ပြီးခဲ့တဲ့စစ်ကြီးအတွင်းက ကျွန်မဟာ ကလေးငယ်တစ်ယောက်ပဲ ရှိသေးတယ်။ ဒါပေမယ့် စစ်ရဲ့ဆိုးပြစ်တွေကို ကောင်းကောင်းနားလည်ထားတယ်။ နောက်ထပ် စစ်ပွဲတစ်ပွဲ မဖြစ်နိုင်ပါဘူး။ စစ်ပွဲလုံးဝမဖြစ်စေရပါဘူး"



"စစ်ဆိုတာ အမြဲပြန်လာတတ်ပါတယ်။ လူတွေက မကြိုးစားဘဲနဲ့ စစ်ဖြစ်ဖို့ အကြောင်းကြီးသုံးရပ်ဟာ အမြဲပေါ်လာတတ်တယ်။ ဒါတွေက တော့ ကိုယ့်နိုင်ငံရဲ့အင်အားကို ယုံကြည်အားကိုးခြင်း၊ မိမိနိုင်ငံ ရွှေငွေဥစ္စာ ကြွယ်ဝချမ်းသာခြင်းနဲ့၊ မိမိရဲ့ဂုဏ်သိက္ခာကို စောင့်ထိန်းခြင်းတို့ပဲ ဖြစ်တယ်။ မိမိနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ထိပါးခံရမှာစိုးလို့ စောင့်ထိန်းကာကွယ်ရာက မကြာမီ စစ်ကြီးစဖြစ်လာရတတ်တာပေါ့"

အီဗာက သူ့ကို မသေချာ မရေရာသော အကြည့်ဖြင့် ကြည့်၏။ အီဗာအနေဖြင့် ပါးနပ်လိမ္မာသောသူ မဟုတ်ခဲ့၍ ကြီးကျယ်သော သူ့စကားတွေကို နားလည်နိုင်အောင် ကြိုးစားကြည့်သည်။

အီဗာ၏စိတ်ထဲတွင် ဂျွန်ဆိုလိုသည်ကို နားမလည်နိုင်အောင် ဖြစ်နေလေသည်။ လက်မခံနိုင်လည်း ဖြစ်နေသည်။ အီဗာ့အနေဖြင့် ပညာတတ်တစ်ယောက်မဟုတ်သော်လည်း သူပြောတာတွေထက် အခြေအနေကို ပိုပြီး မိမိက နားလည်ထားသည်ဟု ထင်နေသည်။

အီဗာက ပခုံးကို တွန့်လိုက်သည်။ ပြီးတော့ ရွက်ထည်တဲပြူတင်းမှ နေ၍ အပြင်မှ တိမ်ခိုး တိမ်ငွေ့ဖြူဖြူ အဆုပ်ကြီးများကို ငေးကြည့်နေ၏။

အီဗာက

"ဂျာမနီဟာ အခု ပြန်ထောင်နေရဆဲပါ"

ဂျွန်က

"ဟုတ်တယ်၊ ခင်ဗျားတို့ ခေါင်းဆောင်သစ် တစ်ယောက်လည်း ရထားပြီလေ"

အီဗာက ဂျွန်ကိုကြည့်လိုက်သည်။ သူမအနေဖြင့် ဂျာမနီ၏ ပွပွနွေးနွေး လှုပ်ရှားမှုများကို စိတ်ဝင်စားနေ၏။ ထိုလှုပ်ရှားမှုများမှာ ယခုမှ အစသာဖြစ်သော်လည်း အီဗာက များစွာပင် စိတ်ထက်သန်နေသည်။ မိမိနိုင်ငံအတွက် ဤလှုပ်ရှားမှုများက ကောင်းမှုဆိုသောအောင်မြင်ကြီးပွားမှုများကို ဆွမ်းဆောင်ပေးမည်ဟုလည်း ထင်နေ၏။

"အား... ဟုတ်တယ်"

အီဗာက ပြန်ပြောသည်။

**"ကျွန်မတို့မှာ လူတော်လူချွန်တစ်ယောက် ရထားပြီ။ အခု ကျွန်မတို့နိုင်ငံဟာ အတွေးအခေါ်သစ် လမ်းကြောင်းပေါ်ကို ရောက်နေပြီ။ ကျွန်မတို့ရဲ့ဘဝသစ် စပြီလေ"**

"ခင်ဗျားအဖေ့ါဖ်ဟစ်တလာ အကြောင်း ဘယ်လိုယူဆထားသလဲ"

ဤမေးခွန်းမှာ အီဗာကိုလှုပ်ရှားသွားစေ၏။

အီဗာသည် မျိုးချစ်စိတ်နှင့် တစ်ကိုယ်လုံး သွေးပူသွားသည်။အီဗာ အနေဖြင့် အမျိုးသားရေးလှုပ်ရှားမှုတိုင်းမှာ ခေါင်းဆောင်တစ်ဦးရှိသင့်သည်။ ယခု မိမိတို့နိုင်ငံ၏ အမျိုးသားရေးလှုပ်ရှားမှုသစ်မှာလည်း ဟစ်တလာလို ခေါင်းဆောင်မျိုးရှိရမည် အမှန်ဖြစ်သည်။ နာဇီလှုပ်ရှားမှုများမှာ မိမိ၏ ယုံကြည်မျှော်မှန်းချက်များအတွက် အားတက်စရာပင် ဖြစ်သည်ဟု ထင်မြင်နေမိပေသည်။

အီဗာက လက်မြှောက်၍ အလေးပြုလိုက်ပြီးမှ စိတ်အားတက်ကြွစွာ အော်လိုက်သည်။

**"ဟေး... ဟစ်တလာ"**

ဂျွန်က အီဗာကို လှမ်းကြည့်သည်။ သို့သော် သူက ဘာမှထူးခြားသော တုန့်ပြန်မှုကို မပြပေ။ မျက်လုံးပြာကြီးများဖြင့်သာ စိုက်ကြည့်လျက်ရှိသည်။

ယခုတော့ အီဗာ၏အမူအရာမှာ တစ်မျိုးပြောင်းသွား၏။ လေတိုက်သဖြင့် မိုတ်တုန်မိုတ်တုတ်ဖြစ်နေသော မုန့်အိမ်၏ မလင်းတလင်း ရောင်ခြည်အောက်၌ သူတို့နှစ်ယောက်သည် အေးဆေးစွာပင် ထိုင်စကားပြောနေကြပြန်သည်။

အီဗာက ဘာဗေးရီးယန်းရွာကလေး၌ မိမိ၏ဖခင်သည် လက်သမားအလုပ်ဖြင့် အသက်မွေးနေရကြောင်း၊ မိမိမှာ ဤရွာငယ်၌မွေး၍ သမီးသုံးယောက်တွင် အထွေးဆုံးဖြစ်ကြောင်းတို့ကိုပါ ပြောပြ၏။

အီဗာက

"လူတွေဟာ ဘာဖြစ်လို့ စစ်တိုက်ကြသလဲ မသိဘူးနော်..."

"စစ်တိုက်ဖို့ စိတ်ပါကြလို့ပဲပေါ့။ ဒီအကြောင်းကို အခု ဒီတောင်ပေါ်မှာ ကျွန်တော်တို့နှစ်ယောက်တည်း ဆွေးနွေးဖို့က သိပ်နက်နဲလွန်းနေပါတယ်လေ"



သူက ခေါင်းကို နောက်သို့မော့၍ ရယ်နေ၏။ သူ၏လည်တိုင်မှာ ကြော့ရှင်းလှပနေ၏။ သူ့လည်ပင်း၌ လည်ပတ်တစ်ခုရှိ၏။ လည်ပတ်အဝတ်မှာ တံဆိပ်တစ်ခု ထိုးထားလေသည်။

"ဘယ်အချိန် ရှိပြီလဲ"

အီဗာက မေးလိုက်၏။ ဘာဖြစ်လို့ မေးမိမှန်းပင်မသိ။ မိမိအနေဖြင့် အချိန်သိ၍လည်း ဘာမှမထူးခြား။

သူက နာရီကိုကြည့်လိုက်၏။

"နာရီရပ်နေတယ်။ ကောင်းပါရော၊ ဒီနေရာမှာ မနက်လည်းမသိ၊ ညလည်းမသိဖြစ်နေပြီ။ ဒီလိုတောင်မြင့်မြင့်မှာဆိုတော့ အိပ်လို့ကော ကောင်းမှာပါပဲလေ။ ကဲ– ကျွန်တော်တို့၊ ခဏတစ်ဖြုတ် အိပ်ကြရအောင်လား"

"ကျွန်မတို့ အိပ်ကြမလား"

"သွားလှဲနေလိုက်ပေါ့"

သူက ကောက်ရိုးနှင့် ခင်းထားသော မွေ့ရာကို ညွှန်ပြသည်။ ခေါင်းအုံးများမှာ ချဉ်စော်နံနေ၏။ သူက အီဗာအတွက် အိပ်ရာကိုပြင်ပေးသောကြောင့် အီဗာက သွား၍လှဲနေလိုက်ရ၏။ ရွံစရာကောင်းအောင်နံနေသော ခေါင်းအုံးပေါ်မှာပင် အီဗာအိပ်ပျော်သွား၏။ အီဗာ နောက်ဆုံးသတိရသည်မှာ ဂျွန်စမစ်သည် စားပွဲပေါ်တွင်ထိုင်၍ သူမငယ်ငယ်တုန်းက သီဆိုလေ့ရှိခဲ့သော 'တစ်ပါရေရီသို့ ခရီးရှည်' သီချင်းကို လေချွန်နေခြင်းပင်ဖြစ်သည်။

အီဗာသည် ဘယ်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။အဘယ့်ကြောင့် အိပ်ရာမှနိုးသွားသည်ကိုမသိ။ အီဗာ အိပ်ရာမှနိုးလာသောအခါ တဲထဲတွင် သူမတစ်ယောက်တည်း ဖြစ်နေပြီး အလွန်လည်းအေးနေသည်ကို တွေ့ရသည်။ အိပ်ရာထဲမှ ရုတ်တရက်ထ၍ ဟိုဟိုဒီဒီကြည့်၏။ ထို့နောက် ဂျွန်စမစ်ကိုရှာသည်။ အီဗာသည် ရုတ်တရက်ကြောက်စိတ်ဝင်လာသည်။ မိမိ၏နှလုံးသွေးခုန်သံကိုပင် ကြားရသည်ဟု ထင်ရအောင် ရင်ထဲမှ တထိတ်ထိတ် ခုန်နေလေသည်။

အင်္ဂလိပ်လူငယ်သည် မိမိကိုထား၍ ထွက်သွားပြီလားဟုလည်း စိုးရိမ်ရသည်။ သို့သော် ထိုသို့မဖြစ်နိုင်။ သူ့ပစ္စည်းတွေအကုန်လုံး ကျန်ရစ်ခဲ့သည်။ စားပွဲပေါ်တွင် မောင်းချဓားနှင့်အတူ မုန့်ထုပ်သောစက္ကူစကိုပါ တွေ့ရလေ၏။

မကြာမီ ဂျွန်စမစ်သည် တံခါးကိုတွန်းဝင်လာပြီး ပြန်ပိတ်လိုက်သည်ကို တွေ့ရ၏။

"ကျွန်တော် အပြင်ထွက်ပြီး ရာသီဥတုကို သွားစုံစမ်းကြည့်တယ်။ ရာသီဥတုကောင်းသွားပါပြီ။ ကောင်းကင်မှာ ကြယ်တစ်လုံးကိုတောင် မြင်ခဲ့ရသေးတယ်။ ဒီလိုဆိုရင် တစ်ညလုံး ရာသီဥတု သာယာသွားပါလိမ့်မယ်"

"ညကလည်း ရှည်လိုက်တာနော်"

အီဗာသည်တစ်ဖက်သို့လှည့်ပြီး တိတ်တိတ်ဆိတ်ဆိတ်နှင့်အိပ်ပျော်သွားပြန်လေ၏။

နောက်တစ်ကြိမ် အိပ်ရာမှ နိုးလာသောအခါတွင် မှန်အိမ်မှမီးကို ခပ်နိမ့်နိမ့်ဆွဲချထားသည်ကို တွေ့ရလေ၏။ တဲပြူတင်းမှနေ၍ ကြယ်စုကလေးကို ခရမ်းရောင်ကတ္တီပါနောက်ခံနှင့်တူသော ကောင်းကင်၌မြင်ရလေသည်။

တိမ်သား တိမ်ငွေ့များ ကင်းစင်သွားပြီး တောင်တန်းဒေသဆီမှ ကောင်းကင်ပြင်သို့တက်လာသော ထွန်းသစ်စလကိုပင် မြင်ရသည်။ မြင်ရသည့်ရှုခင်းမှာ တစ်ခါမျှ ဤကဲ့သို့ တောက်ပသာယာသည်ဟု မထင်ရ။ အီဗာသည်ကမ္ဘာသစ်တစ်ခုကို ရောက်ရှိမြင်တွေ့နေရသလို တအံ့တဩ ကြည့်နေတော့သည်။

ပြီးတော့မှ အီဗာက တွေးနေပြန်၏။ မိမိသည် ယခုအတိုင်းဆိုပါက ဖရော့ဇက်၏ဆိုင်သို့ ပြန်သွားရန် ဆန္ဒမရှိတော့။ ဤဆိုင်မှာ အလုပ်ပင်ပန်းပြီး အမြဲစိတ်ညစ်ရသည်။ အီဗာသည် သူငယ်ချင်းဖြစ်သော အာနာက သူ့ချစ်လင် ဟိန်းရစ်ကို မိမိအား အလုပ်ပေးရန် အမြဲသွေးဆောင်ထား၍ ဖြစ်ပါ့မလားဟုလည်း ပူပန်ရပြန်၏။ ဟိန်းရစ်၏ဓာတ်ပုံဆိုင်၌ အလုပ်ရရန် သေချာမှ သေချာပါ့မလားဟု တွေးနေပြန်သည်။

ဘဝဆိုသည်မှာ အလွန်မသေချာ မရေရာလှပါကလား။ ကတိစကားတွေဆိုသည်မှာလည်း တစ်ချိန်ကျတော့ အဓိပ္ပာယ်နည်းနည်းကလေး ဖြစ်ချင် ဖြစ်သွားတတ်သည်။

အီဗာသည် တောင်ကြားရှုခင်းကို မြင်နိုင်ရန် ပြူတင်းဖက်သို့ တိုးကပ်လိုက်လေ၏။



စကားတစ်ခွန်းမှ မပြောဘဲနှင့် ဂျွန်သည် အီဗာ၏နောက်မှလာရပ်၏။ သူက လက်နှစ်ဖက်ကို အီဗာ၏ ပခုံးပေါ်တင်ပြီး ပွတ်သပ်ပေးနေ၏။

"ခင်ဗျားတို့ တောင်ကြားကလေးက သိပ်အံ့ဩစရာကောင်းအောင် လှတယ်နော်"

"ကျွန်မ သိတာပေါ့။ ဒီလိုပဲ ကျွန်မတို့ အမြဲနေသွားစေချင်လိုက်တာ"

"ဘယ်ရမလဲ၊ ဘဝတစ်ခုကို ရပ်နားနေစေအောင် ဘယ်သူမှ မတတ်နိုင်ဘူးလေ"

အီဗာသည် သူမ၏ဖြစ်စဉ်ကို ပြောပြချင်လာသည်။ တစ်စုံတစ်ယောက်ကို ဖွင့်အံလိုက်ချင်သည်။ တဲကျဉ်းကျဉ်းကလေးထဲ၌ နှစ်ယောက်တည်း ရှိနေသောကြောင့်လည်း သူမက ရင်းနှီးလာသည်ဟု ထင်မိသည်။

"မနေ့က မိန်းမကြီးတစ်ယောက်က ကျွန်မရဲ့ကံကြမ္မာကို ဟောလိုက်တယ်။ သိပ်ကြောက်စရာကောင်းတာတွေ ဟောတဲ့အထဲမှာ ထည့်ပြောတယ်။ သူပြောတာတွေသာ တကယ်ဖြစ်လာမယ်ဆိုရင်တော့ ကျွန်မဘဝကို ကျွမ ဒီမျှနဲ့ပဲ အဆုံးသတ်လိုက်ချင်တော့တယ်"

"ဘာဖြစ်လို့လဲ၊ အနာဂတ်ကို ဘယ်သူမှ မသိနိုင်ပါဘူး။ ဘာမှ မသေချာဘူး။ ဘဝမှာ အသေချာဆုံးကတော့ သေခြင်းတရားပဲ။ ဒါကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးလေ"

**"ကျွန်မ အသက်ရှင်နေချင်ပါသေးတယ်"**

အီဗာက ညည်းညည်းညူညူ ပြောနေပြန်သည်။

တောင်ကြားဆီ၌ ခါတိုင်း နံနက်ချိန်များထက် ပိုမိုတောက်ပ ထွန်းတောက်သော အရုဏ်ဦးက ပေါ်လာပြီဖြစ်ပါ၏။ နှင်းဆီသွေးနှင့် ရွှေဝါရောင် လင်းရောင်ခြည်သည် ပေါ်ထွက်လာလေပြီ။

"အမှန်ပဲ၊ ခင်ဗျား အသက်ရှင်ချင်ပေလိမ့်မယ်။ ဒါကြောင့်လည်း လူတွေဟာ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်နေကြတာလေ။ ဒါကြောင့်မို့လည်း သူတို့တစ်ယောက်နဲ့တစ်ယောက် ချစ်ကြခင်ကြရတယ်။ ပြီးတော့ တိုက်ခိုက်ကြတယ်။ ဒါကြောင့် လူတွေသေရမှာကြောက်တယ်။ အသက်ရှင်ချင်တယ်"

အီဗာက–

**"ရှင်ပြောတာတွေဟာ သိပ်ထူးဆန်းတာပဲ။ ကျွန်မ ရှင့်လို**

ပညာမရှိဘူးလေ။ ဒါပေမယ့် ရှင့်ရဲ့ ပညာအရည်အချင်းကို ကျွန်မ လေးစားပါတယ်"

အီဗာက စကားကိုရပ်ထားလိုက်ပြီး နှင်းဆီရောင် အရက်ဦးကို ကြည့်၍-

"ကျွန်မ ရှင့်ကို ကြည်ညိုလေးစားပါတယ်"

ဟု ထပ်ပြောလိုက်၏။

အီဗာက ဂျွန်ဘက်သို့ လှည့်လိုက်၏။ အီဗာ၏မျက်နှာ ဂျွန်နှင့် နီးကပ်၍နေသည်။ မိမိအနေဖြင့် ယခုအခါ၌ ဘာလိုချင်နေသည်။ မည်သို့ ဆန္ဒရှိသည်တို့ကို အီဗာသိနေ၏။ ထို့ကြောင့် ဂျွန်က မိမိကိုနမ်းတော့မည်လားဟု ငံ့လင့်နေမိသည်။ သူမသည် ဂျွန်ကိုငေးကြည့်နေမိ၏။ အီဗာ၏ အသက်ရှူသံမှာ မြန်လာ၏။ နှလုံးသွေးတို့လည်း တဒိတ်ဒိတ်ခုန်၍ လာလေ၏။

အီဗာက ဂျွန်ထံမှ အနမ်းကို အသာဆန္ဒပြင်းစွာနှင့် ငံ့လင့်နေသော်လည်း ဂျွန်က ဒါကိုသတိမပြုမိပေ။ သူက အရက်ဦးကိုငေးမော၍ကြည့်နေ၏။ နေ၏ရွှေပြေးလင်းရောင်ခြည်များသည် လှံများလို ချွန်ထက်ပွင့်ကားစွာဖြင့် တောက်ပစ ပြုနေပြီကိုလည်း တွေ့ရလေသည်။

အီဗာက သိလိုက်၏။ ဂျွန်မှာ သူမအတွက် အသုံးပြုရန်အချိန် မရှိတော့ပြီကို သိရပါ၏။

အီဗာက ဝမ်းနည်းမိသည်။ ပြီးတော့ နာသာခံခက်ဖြစ်ရသည်။ ဤညဥ့်၌ မိမိအိပ်ရန် ဆုံးဖြတ်ပြီးသည့်အချိန်ကစ၍ မိမိနှင့်သူတို့မှာ မရှောင်လွှဲနိုင်သော နောင်ကြိုးရစ်ပတ်သိုင်းခွေခြင်း ခံကြရတော့မည်ဟုထင်ခဲ့သည်။ မရှောင်သာသည့် အမြှောင်ကြားဝယ် နှစ်ဦးသား နစ်မွန်းသွားပါရတော့မည်ဟု ကောက်လည်းတွက်ခဲ့သည်။ သို့သော် အီဗာ၏ဆန္ဒဖြင့် မျှော်လင့်ချက်တို့မှာ အရက်ဦးတွင် စိတ်ပျက်ဖွယ် လွင့်စင်ပျောက်ကွယ်သွားရပြီ ဖြစ်လေသည်။

ယခုမူ သူက လှည့်လာ၏။ ဂျွန်က ရှမစ်တင်းဟွန်းတောင်ထိပ်သို့ တက်မည်ဆိုလျှင် ယခုအချိန်ကပင် စတင်၍ နေမမြင့်မီတက်သင့်ကြောင်း နားလည်သွားဟန်ရှိလေသည်။ ဂျွန်သည် သူပိုင်ပစ္စည်းကလေးများကို ကောက်ယူသိမ်းနေ၏။ အီဗာက ဂျွန်သည် သူ့ကိုစိတ်ဝင်စားသလို ပြန် ဂရုတစိုက်မရှိပါကလားဟုလည်း တွေးနေ၏။



"ဟန်ကျတာပဲ။ ဒီနေ့အဖို့ အခွင့်ကောင်းပဲ"

ဂျွန်က ပြောပြောဆိုဆို တံခါးကိုဖွင့်လိုက်သည်။ သူတို့နှစ်ဦးစလုံး ပင် အပြင်သို့ထွက်လာ၏။

အီဗာက ထိုင်းမှိုင်းလျက်ရှိ၏။ သူတို့နှစ်ဦးစလုံးပင် ရပ်နေကြသည်။ ဂျွန်က တောင်တက်ခရီးဖြစ်၏။ အီဗာအဖို့ကား တောင်ကြားရွာဆီသို့ အဆင်းခရီးဖြစ်ပေသည်။

"ကျွန်တော်တို့ တစ်နေ့နေ့မှာ ပြန်လည်ဆုံကြဦးမှာပေါ့"

ဂျွန်က ပြောလိုက်၏။

အီဗာက ပြန်နှုတ်ဆက်သော်လည်း သူမအသံမှာ တိမ်ဝင်သွား၏။ ဂျွန်က နှုတ်ဆက်ပြီး လျှောက်ထွက်သွားသဖြင့် အီဗာက သူ့နောက်မှ ငေးကြည့်နေလေသည်။ သူသည် တောင်တက်ခရီးကို ခပ်မြန်မြန် လျှောက်နေ၏။ မကြာမီ အီဗာသည် သူ့ကို အမည်းစက်လေးမျှသာ မြင်ရတော့သည်။

နှင်းပွင့်များကြား၌ သူ့ကို မည်းမည်းအစက်မျှသာ တွေ့ရတော့သဖြင့် အီဗာက သူ့ကို နောက်ထပ်မကြည့်တော့။

ယခုတော့ မိမိအိမ်ပြန်ရဦးမည်။ မိမိတစ်ညတာ ပျောက်နေသောကြောင့် မိဘဆွေမျိုးတွေ စိတ်ပူပင်နေကြလေမည်ကို အီဗာက ယခုမှပင် သိရ၏။ ရေမိုးချိုး အဝတ်အစားလဲပြီးလျှင်တော့ ဖရောဇက်ဆိုင်ကို သွားရဦးမည့် တာဝန်က ရှိသေးသည်။ သတ်မှတ်သောအချိန်ထက် နောက်ကျပါက ဖရောဇက်၏ ပူညံပူညံအသံကို ကြားရမည်လည်းဖြစ်၏။

"အီဒ်လ်ဝစ်"ပန်းများကိုဆုပ်ကိုင်၍ အီဗာသည် တောင်ပေါ်မှဆင်း လာလေ၏။

✡✡✡

# အပြန်ခရီး

အီဗာ၏ တောင်ဆင်းရိုးတွင် အောက်သို့ဆင်းလာလေလေ ပို၍နွေးလာလေလေဖြစ်၏။ နောက်ဆုံး၌ တောင်ခြေတွင်ရှိသော ရိတ်သိမ်းပြီးလယ်ကွင်းများဆီသို့ ရောက်သောအခါ မြက်များမှ ပူနွေးသောအငွေ့ကို ခံစားရလေသည်။ နံကောင်ကလေးများသည် အသံကျယ်စွာညည်းလျက် ခုန်ပေါက်ပျံသွားနေကြလေ၏။

ကျေးတောနေ တောသူတောင်သားတို့ဘ၀ လယ်သမားကြီးများ၏ လှည်းများသည် နံနက်မလင်းမီကပင် လယ်တောသို့ရောက်နေကြ၏။ သူတို့သည် နေမပူခင် ကောက်ရိုးများကို သယ်ဆောင်သွားရန် လှပ်ငန်းခွင်ဝင်နေကြလေသည်။မွန်းတည့်နေ၏ အပူရှိန်မကျမီ သူတို့သည် လုပ်ဆောင်ဖွယ်များကို လုပ်ဆောင်လျက်ရှိ၏။

လယ်လုပ်သားကြီးတစ်ဦးက ပျော်ရွှင်စွာ အော်ဟစ်လျက် တစ်စုံတစ်ရာကို ပြောနေ၏။ လယ်သူမကြီးတစ်ဦးက သီချင်းဆိုလျက်ရှိသည်။ အီဗာသည် ခပ်သုတ်သုတ်လျှောက်လာလေ၏။ ဂါ၀န်အနားသည် လေတိုး၍ ဒူးကိုတဖျတ်ဖျတ်လာ၍ ရိုက်နေလေသည်။သူမသည် လယ်ကွင်းများကိုဖြတ်၍ ရွာဆင်ခြေဖုံးသို့သွားသော လမ်းမသို့ရောက်လာ၏။ အီဗာသည် သက်ပြင်းချလိုက်၏။ သူမက အရေးတကြီးအိမ်သို့ရောက်ချင်လှသည်။ ယခုအချိန်ဆိုလျှင်အဖေသည် သမီးထွေးကလေးပျောက်၍ လိုက်ရှာနေရော့မည်။ အမေကလည်း စိတ်ပူလွန်းလျက် သောကရောက်နေပေလိမ့်မည်။

ကတ်သည်ယခုအခါတွင် ခရီးလှည့်အဖွဲ့နှင့် ရှမစ်တင်းဟွန်းတောင်



ထိပ်သို့ တက်လျက်ရှိပေတော့မည်။ ထို့ကြောင့် မနေ့က အကြောင်းတွေကို အမေတို့ကို သွား၍ပြောပြနိုင်မည်မှာ မဟုတ်ပေ။

အီဗာသည် အိမ်နားသို့ရောက်လာ၏။ အိမ်မှာ အများနည်းတူပင်ဖြစ်သည်။ သိပ်ပြီး ထည်ထည်ဝါဝါမရှိလှပေ။ ရွာသူရွာသားများမှာလည်း သိပ်ပြီး ငွေပိုငွေလျှံရှိသူများ မဟုတ်၍ဖြင့် အိမ်ကောင်းကောင်းကို မည်သူမျှဆောက်ရန် စိတ်မကူး။

သူတို့သည်အသက်ရှင်နေသမျှ အလုပ်ပင်ပန်းစွာပင် လုပ်နေကြရ၏။သင်္ချိုင်းထဲရောက်သည်အထိ သူတို့မှာ ဤသို့ပင် အလုပ်ကို ပင်ပန်းစွာ လုပ်နေကြရဦးမည်ဖြစ်၏။ သို့သော် သူတို့က ဤသို့ ပင်ပန်းစွာလုပ်ကြ၍ မည်သို့မျှ စောဒကမတက်လိုကြ။ ဤသည်မှာ မိမိတို့ဘ၀က ပေးအပ်သော တာဝန်ကို ထမ်းဆောင်ကြရသည်ဟုသာ သဘောထားလေသည်။

ပြူတင်းပေါက်များကို ဖွင့်ထား၏။ ပန်းအိုးသေတ္တာများ၌ ပန်းများအပြည့်ပွင့်နေသည်။

အီဗာက အိမ်ထဲဝင်သွားသည်နှင့် ကော်ဖီပူပူနွေးနွေးအနံ့ကိုရသည်။ အမေ့မျက်နှာကို အိမ်ဦးနွမ်းရော်စွာ တွေ့ရလေ၏။ အမေသည် တစ်ညဥ့်လုံးအိပ်ခဲ့ဟန်မတူ။ အမေ့မျက်နှာမှာ ပါးရေများတွန့်၍ ထိုင်းမှိုင်းလျက်ရှိ၏။ အမေသည် ပါးစပ်မှ ရုတ်တရက်အော်လိုက်၏။

"အီဗာ..."

"အမေ..."

အမေ့ဘေး၌ကော်ဖီကိုတွေ့ရသည်။အမေက အီဗာ့ထံ ရုတ်တရက်လက်ကို မြှောက်ကမ်းရင်း ပြောလိုက်သည်။

"အီဗာ... ကလေး... အီဗာ... အို သမီးရယ်... ဘယ်ကိုသွားနေတာလဲကွယ်"

"သမီးတောင်ပေါ်တက်ပြီး အီဒဲလ်ဝစ်ပန်း သွားရှာခဲ့တယ်အမေ၊ အမေ ဒီပန်းကို သိပ်ကြိုက်တယ်မဟုတ်လား"

အီဗာက ပန်းစည်းကို အမေ့အား လက်ကမ်းလိုက်သည်။

"တောင်ပေါ်မှာ တိမ်တွေဆိုင်းလာတာမို့ သမီးလည်း တောင်ပေါ်ကတဲတစ်လုံးထဲမှာ တိမ်စင်တဲ့အထိ စောင့်နေရတာ အမေရဲ့"

အီဗာက ဤမျှသာပြော၏။ အင်္ဂလိပ်လူငယ်တစ်ဦးနှင့် တွေ့ခဲ့သည်ကို ဖွင့်မပြောရန် လမ်းမှာပင် စိတ်ကူးဆုံးဖြတ်ထားပြီး ဖြစ်လေသည်။ အခြေအနေမှာ ဖွင့်ပြောရန်မလွယ်လှပေ။ ပြီးတော့ အမေ့ကိုလည်း ထပ်မံ၍ သောကမရောက်စေလို၍ ဖြစ်သည်။

မိမိ၏စွန့်စားခန်းမှာလည်း စင်စစ်တော့ စိတ်ပျက်စရာဟုပင် အီဗာကထင်၏။ ယခုအချိန်ဆိုလျှင် ဂျွန်စမစ်သည် ရှမစ်တင်းဟွန်း တောင်စောင်းတစ်ဖက်သို့ပင်ဝေးကွာစွာရောက်ရှိမည် ဖြစ်ပေသည်။ မိမိအနေနှင့် ဂျွန်စမစ်ကို ပြန်၍ တစ်ဖန်တွေ့ရတော့မည်မဟုတ်ပေ။

အိမ်ပြူတင်းမှနေ၍ ကောင်းကင်သို့ ထိုးတက်၍သွားသော တောင်စွန်းဖြူဖြူသို့ တွေ့နေရလေ၏။

ဖရောဘရောင်းသည် သောကပြေစေရန် သမီးငယ် အီဗာကို ပွေ့ဖက်၍ အကြိမ်ကြိမ်နမ်းနေရှာသည်။ အမေ့မျက်လုံးအိမ်မှာ သမီးပြန်လာ၍ ကျေးဇူးတင်ဝမ်းသာသောကြောင့် ကျလာသောမျက်ရည်တို့ဖြင့် ပြည့်နေသည်။

"သမီးသာ ပျောက်သွားရင် အမေ ဘယ့်နယ်လုပ်နေရမလဲ သမီးရယ်၊ ဘာလုပ်ရမလဲ… နောက်ကို ဒီလို မသွားပါနဲ့တော့ သမီးလေးရယ်၊ မသွားနဲ့တော့နော်… ဟုတ်လား သမီး"

"ဟုတ်ကဲ့ မသွားပါဘူးအမေရယ်၊ အခုဟာက ရုတ်တရက်ချက်ချင်းဆိုသလို ဖြစ်သွားတာ၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ် 'အီဒ်လ်ဝစ်' ပန်းတွေကိုမှ သမီးသွားမခူးတော့ပါဘူးနော်။ ကျွန်မလဲပြီး နည်းနည်းအနားယူရင်း အိပ်ချင်တယ် အမေရယ်။ ဒီနေ့ အလုပ်မသွားပါရစေနဲ့။ ဖရော်ဇက်ဆီကို သမီးဖျားနေလို့ ဒီနေ့ အလုပ်မဆင်းနိုင်ဘူးလို့ ပြောပေးပါလား။ ကျွန်မဖြစ်ပုံကို ပြောချင်ပြောလိုက်လေ။ ဒါပေမယ့် ဒီနေ့အိမ်မှာ နားနေပါရစေ"

"မဟုတ်ဘူးသမီး၊ တို့ ဒီလိုလုပ်လို့ မကောင်းဘူး။ သမီးငယ်ပါသေးတယ်။ ဒီလိုတော့ မလုပ်သင့်ဘူး။ သမီး ဖရောဇက်ရဲ့ဆိုင်ကို သွားပြီး ကူညီဖို့ကောင်းပါတယ်ကွယ်"

အမေက အီဗာ၏ဆံပင်များကို ယုယုယယသပ်၍ပေးနေရင်း ပြောလေသည်။

အီဗာက



"ကျွန်မ သိပ်မောနေလို့ပါ အမေ"

"မေမေ သမီးဖို့ ကော်ဖီကောင်းကောင်းဖျော်ပေးမယ်လေ။ အာနာ ဟော့ဖ်မင်းတောင် မနေ့ညက လာသေးတယ်။ သမီးပြန်မလာဘူးဆိုတာ သမီးသေပြီလားလို့ စိုးရိမ်လိုက်တာ သမီးရယ်။ အခု သမီးပြန်လာတာကို အမေတို့ သိပ်အံ့သြနေကြတာပေါ့ သမီးရဲ့။ သိပ်လည်း ဝမ်းသာရတာပါပဲကွယ်"

အမေက ကော်ဖီထပ်ဖြည့်ရန် မီးဖိုဆီသို့ ထွက်သွားပြီး ပြန်လာ၏။ ပြီးနောက် ကော်ဖီကရားကိုပြန်ယူသွားပြီး တောက်ပြောင်သော စားပွဲခင်းပေါ်၌ ချလိုက်သည်။ အီဗာသည် ကော်ဖီကို နှစ်ခွက်ဆင့်၍သောက်လိုက်၏။ ထို့နောက် မိမိအခန်းသို့ ရေချိုးအဝတ်လဲရန် ထွက်သွားလေသည်။

အီဗာသည် ကိုယ်ထဲသို့ ပေါင်ဒါတွေ ဒလဟော သွန်ချလေ၏။ ပြီးလျှင် အပေါ်အင်္ကျီအသစ်တစ်ထည်နှင့် စကတ်အသစ်ကို ယူဝတ်လိုက်သည်။ သူမ၏ အသားအရောင်နှင့် လိုက်ဖက်တင့်တယ်သောအဆင်ကို ရွေးယူ၍ ဝတ်နေ၏။ ယခုအခါတော့ မောပန်းတာတွေ မရှိတော့ဘဲ လန်းဆန်း၍သွားလေ၏။ အီဗာသည် ဆံပင်ကို ဖြီးနေ၏။ သူမဂုဏ်ယူလေ့ရှိသော ဆံပင်လိပ်ကလေးများက ခွေ၍ကျနေသည်။ အီဗာအဖို့ ယခုကဲ့သို့ ဝတ်စားဆင်ယင်၍ နေလိုက်ရသောကြောင့် လန်းဆန်းသွား၏။ တွေ့ခဲ့ရသော အင်္ဂလိပ်လူငယ်ကလေးတစ်ယောက်ကိုပင် အီဗာသည် မေ့ထားလိုက်နိုင်လေသည်။

အီဗာသည် တစ်ဖက်ခန်းသို့ အာနာရောက်လာသော အသံကို ကြားရ၏။

အီဗာသည် အပြင်ထွက်လာ၏။ အာနာသည် အလယ်စားပွဲကြီး၌ ရပ်နေ၏။ သူမမှာ ကောင်းပေ့ဆိုသော အဝတ်များကို ဝတ်ဆင်၍ထား၏။ ခင်ပွန်းသည်ဖြစ်သူမှာ ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်တစ်ဦးဖြစ်ပေရကား အာနာသည် အဝတ်အစားကောင်းများကို ဝတ်ဆင်နိုင်ပေသည်။

အာနာမှာ အရပ်ရှည်၍ ပခုံးပြန့်ကားပြီး နှစ်လိုဖွယ်မျက်နှာအလှရှိသူဖြစ်သည်။ ခီးရောင် ပိုးသားဝတ်စုံကို ဝတ်ထား၏။ အာနာသည် အီဗာကို ပြန်တွေ့ရသောကြောင့် ဝမ်းသာအားရဖြစ်ပြီး ပြေး၍ဖက်လိုက်ရှာ၏။

**"ငါသိတာပေါ့အေ့။ ညည်းဘေးရန်မရှိဘူးဆိုတာကို အစက မပြောလား၊ ဖရောဘရောင်း၊ ကျွန်မ အစက မပြောဘူးလား။ အီဗာ ပြန်လာပါလိမ့်မယ်။ သူ ဘာမှမဖြစ်ပါဘူးလို့လေ…။ သူတို့က ညည်း သေပြီထင်နေတာကွ"**

"အာနာ… ဘာထူးသလဲဟင်"

အီဗာက မေး၏။

"ကိုယ် မင်းဖို့ အစီအစဉ်တွေ အားလုံးလုပ်ထားပြီလေကွာ။ မင်း ကိုယ့်ကို သူငယ်ချင်းကောင်း မပြီသဘူးလို့တော့ မပြောနဲ့တော့နော်။ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလို့ပဲ ဆိုရတော့မယ်။ ဓာတ်ပုံဆိုင် လက်ခံ စာရေးဟာ အလုပ်ကထွက်သွားပြီတဲ့လေ။ ဒီကောင်မလေးက အကျင့် စာရိတ္တမကောင်းဘူးကွယ့်။ ဟိန်းရစ်နဲ့အတူ အားလုံးက သူ့အကြောင်းကို သိကုန်လို့ သူပြေးရတာပဲ။ အခုအချိန်မှာလည်း ဒီအလုပ်ကို ဝင်လုပ်မယ့်သူ ဘယ်သူမှမရှိဘူးလေ။ လူတွေအားလုံး တောင်တက်ခရီးထွက်နေကြ တယ်။ဒါကြောင့် ကိုယ်က မင်းဒီအလုပ်ကို လက်ခံလိမ့်မယ်လို့အကြောင်း ကြားလိုက်ပြီ။ ကျန်တာတော့ မင်းတာဝန်ပဲ။ ဒီအခွင့်အရေးမျိုး ဘယ်သူမှ မရနိုင်ဘူးကွ။ အိုကွယ်… အီဗာ မင်းဘယ်လောက် ကံကောင်းသလဲ"

အီဗာမျက်လုံးများမှာ ဝမ်းသာလွန်း၍ လှုပ်ရှားနေလေ၏။ အီဗာက ပြောသည်။

**"ကိုယ်မျှော်လင့်ခဲ့တာ ကြာပြီ။ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကိုယ် တော့ လုံးလုံး မယုံကြည်နိုင်လောက်အောင်ပါပဲကွာ"**

အီဗာသည် အာနာ၏ပခုံးမှကျော်၍ အမေ့မျက်နှာကို မြင်ရသည်။ အမေ့မျက်နှာမှာ နွမ်းရိအိုမင်းလျက်ရှိလေ၏။ အမေ့မျက်နှာကိုကြည့်၍ အီဗာနှင့် အာနာတို့၏ အစီအစဉ်ကိုသဘောမတူနိုင်ကြောင်း သိသာနိုင်လေ သည်။ သို့သော် အီဗာအနေဖြင့် ရခဲလှသော ဤအခွင့်အရေးကို လက် မလွှတ်နိုင်ပေ။ အမေကား အယူအဆဟောင်းဖြင့် ရွာမှာပဲ ဆက်နေသွား စေလိုခြင်းဖြစ်သည်။ အီဗာသိ၏။ ထို့ကြောင့် အီဗာက အော်ပြော၏။

"အမေ ကျွန်မကို မသွားစေချင်ဘူးမဟုတ်လား။ ကျွန်မအသက် နှစ်ဆယ်ပြည့်ပြီးပြီဆိုတာ အမေမသိဘူးလားဟင်။ ကျွန်မ အရွယ်ရောက်ပါ ပြီ။ ကျွန်မဘဝကို ကျွန်မစိတ်တိုင်းကျသလို နေနိုင်ပါပြီ အမေရယ်။



အခု မြို့တော်ကိုသွားဖို့ အခွင့်အရေး ကျွန်မလွှတ်သွားရင် နောက်ဘယ် တော့မှ ဒါမျိုးကိုထပ်ပြီး ရခွင့်ကြုံရမှာမဟုတ်တော့ဘူး သိရဲ့လား"

အမေနှင့်သမီးတို့ အချင်းချင်းစိုက်ကြည့်နေကြ၏။ အဘွားအိုသည် သမီးနားကပ်လာ၏။ သမီးက အမေ့ကို ပြန်ကြည့်နေသည်။

"ကျွန်မ ပြန်လာမှာပါ အမေ"

အီဗာက ပြော၏။

"မြူးနစ်မြို့ဆိုတာကလည်း သိပ်ဝေးတာမှမဟုတ်ဘဲ။ ပြီးတော့ ကျွန်မလည်း မကြာခဏပြန်လာပါ့မယ် အမေ။ အော်တိုဘတ်စ်ကားတွေ ရှိတယ်။ မီးရထားတွေလည်းရှိတယ်။ ကျွန်မ ပြန်လာဖို့ ဘယ်လောက်ပွယ် သလဲလို့"

"ပြန်လာဖို့ လွယ်ပါ့မလား"

ဟု အီဗာ့ကိုယ်ကို အီဗာက စိတ်ထဲမှ ပြန်မေးကြည့်နေမိသည်။ တကယ်ဆိုတော့ ဤသို့ပြန်လာရေးမှာ ထင်သလောက် မလွယ်ကူသည်ကို သိပါ၏။

သို့သော် မိမိအနေဖြင့် ယခုကဲ့သို့ အခွင့်သာခိုက်မှာ ချက်ချင်းလိုက် သွားမှ ဖြစ်မည်ဟုသိ၏။ မွန်းတည့်၍ အဖေ လက်သမားလုပ်ရာမှ ဘုရားဝတ်ပြုရန် ပြန်သောအခါ အမေက ပြောပြ၍ မိမိကိုပိုင်းဝန်းကန့်ကွက် ကြဦးမည်မှာ သေချာသည်။ ငယ်ရွယ်သူ မိန်းကလေးတစ်ဦးအနေဖြင့် ဤသို့သောအခွင့်အရေးမျိုးမှာ ရခဲဘိခြင်းဆိုသည်ကို အဖေရော အမေရော နားလည်လက်ခံနိုင်မည်လည်း မဟုတ်။ မြူးနစ်မြို့သည်အီဗာ၏တက်လမ်း ကို မြှင့်တင်ပေးမည့်မြို့ဆိုသည်ကိုလည်း သူတို့နားလည်ကြမည်မဟုတ်ဟု အီဗာက တွေးနေသည်။

မြူးနစ်မှာ ဖြစ်လိုတာတွေ အကုန်ဖြစ်လာနိုင်သည်။ ထို့ကြောင့်ပင် မိမိ ယခု အာနာနှင့်အတူလိုက်သွားရမည်။ သို့မဟုတ်ပါက အခွင့်အရေးမှာ လက်လွှတ်သွားပြီး နောက်ထပ်လည်း ဘယ်တော့မှ ရနိုင်တော့မည်မဟုတ် ဟု အီဗာက သိထားလေ၏။

အာနာကလည်း အီဗာဘယ်လိုတွေးနေသည်ကို သိပါ၏။

"ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့ပေါ့ကွာ။ မင်းပါလာရင် ဟိန်းရစ်ကလည်း တော်တော်သဘောကျနေမှာပဲ"

"အေးလေ… ချက်ချင်းပဲ လိုက်မှာပေါ့"

အီဗာ၏အမေ ဖရောဘရောင်းမှာ ယူကြုံးမရဟန်ဖြင့် စားပွဲနားကပ်လာ၏။ ကော်ဖီကရားကို လက်ထဲမှကိုင်ထားဆဲဖြစ်၏။ အမေက အီဗာကို ပြောပြ၏။

"ဒါပေမယ့် ဖရောဇက်ကိုလည်း အသိပေးလိုက်ဦးမှဖြစ်မယ်လေ အီဗာ၊ ပြီးတော့ ညည်းအဖေလည်း ရှိသေးတယ်လေ။ ကတ်ကိုလည်း အသိပေးရဦးမယ်။ ကတ်ကတော့ အင်္ဂလိပ်ခရီးသည်တွေနဲ့ တောင်ပေါ်တက်သွားတယ်။သူပြန်လာအောင်တော့ စောင့်သင့်ပါတယ်ကွယ်။ ဘယ်သူ့မှ အသိမပေးဘဲ ရုတ်တရက်ထွက်သွားဖို့ မကောင်းပါဘူး"

"ကျွန်မ အခုသွားမှဖြစ်မယ်အမေ"

အီဗာက ခေါင်းမာစွာ ပြောနေလေ၏။ အီဗာသည် မိမိအခန်းသို့ ပြန်ထွက်သွားလေ၏။ ပြီးတော့ အခန်းပြူတင်းဝမှ အိမ်နီးချင်းကလေးငယ် တစ်ဦးကို လှမ်း၍ခေါ်၍ ဖရောဇက်ဆိုင်သို့ မိမိအလုပ်မဆင်းတော့သည့်အကြောင်း၊ ဘယ်တော့မှ ဆိုင်ကိုပြန်မလာတော့ဆိုသည့်အကြောင်း ပြောခိုင်းလိုက်လေ၏။ အီဗာက ဤသို့ပြောခိုင်းလိုက်ရသဖြင့် များစွာပျော်လှသည်။ ဖရောဇက်မှာ မိမိကို အမြဲတမ်း ဖိနှိပ်လာသူဖြစ်၏။ ယခု ထိုသို့ ပြောခိုင်းလိုက်၍ ဖရောဇက်ကို မိမိက တန်ပြန်လက်စားချေရသကဲ့သို့ ကျေနပ်မိလေသည်။

ယခုကဲ့သို့ နွေရာသီ ရက်အားလများ၌ဆိုလျှင် ဖရောဇက်၏ဆိုင်မှာအရောင်းအဝယ် စည်ကားတိုးတက်၍ နေမြဲဖြစ်လေသည်။ အကြောင်းမှာ ခရီးသွားများသည် ဖရောဇက်၏ဆိုင်မှ အမှတ်တရပစ္စည်းလှလှကလေးများကို လာရောက်၍ ဝယ်ယူလျက်ရှိကြမည်ဖြစ်၍တည်း။ အီဗာသည် ဖရောဇက်တစ်ယောက် ပျာလောင်ခတ်၍ အလုပ်များနေမည်ကို တွေးမိသေး၏။

အီဗာသည် စာတစ်စောင် ခပ်တိုတိုရေး၍ ကတ်အားပေးရန်ထားခဲ့မည်။ သို့သော် ထိုသို့ပြုလုပ်ခြင်းအားဖြင့် များစွာရိုင်းစိုင်းရာကျမည်ကို အီဗာ သိပါ၏။ ကတ်သည် အီဗာကို ဤသို့ထွက်သွားရန် သဘောမတူပေ။ မိမိမြို့တော်သို့ ရောက်မှပင် ကတ်က မိမိအကြောင်းကို သိလိမ့်မည်ဖြစ်သည်။ နောက်မှပင် ဟိုကနေပြီး ကတ်ကို စာရေး၍ခေါ်မည်။ မိမိကို လာ၍တွေ့ဆုံရန် မှာကြားတော့မည်ဟု တွေးမိ၏။



အီဗာက အိတ်ငယ်တစ်လုံးထဲသို့ မိမိပစ္စည်းအချို့ကို ထည့်နေ၏။ ထိုစဉ်တွင် အမေက အီဗာကို လာ၍ပွေ့ဖက်ပြီး မသွားရန် နောက်ဆုံး ဖျောင်းဖျခြင်းဖြင့် ချော့မော့ ဖျောင်းဖျ၍နေလေသည်။ အီဗာက မဖြစ်မနေ သွားရန် ဆုံးဖြတ်ပြီးဖြစ်နေ၏။ သူမသည် ဘာဗေးရီးယန်းစကတ်နှင့်အတူ ဘလောက်စ်ကို်အဖြူရောင်ကို ဝတ်ထားလေသည်။ အီဗာအနေဖြင့် ယခု အချိန် ကမ္ဘာပေါ်၌ ကံအကောင်းဆုံးမိန်းကလေးမှာ မိမိပင်ဖြစ်၍ မိမိဘဝ အတွက် အရေးအကြီးဆုံး အချိန်ဖြစ်သည်ဟုလည်း ယူဆထားလေသည်။

ကံကြမ္မာက မိမိအတွက် စီမံဆောင်ရွက်၍ ပေးလာသောအချိန်တွင် ချက်ချင်း ဤနေရာမှ ထွက်ခွာမည်လား။ သို့မဟုတ် ဤအိမ်မှာပဲ အမြဲ ဆက်နေသွားမည်လားဆိုသည်မှာ မိမိဆုံးဖြတ်ရန်ဖြစ်တော့သည်။ သိပါသည်။ မိမိမည်သည့်နည်းနှင့်မျှ ဤအတိုင်းဆက်နေ၍မဖြစ်။ အဝတ်အိတ်ကို ချိုင်းကြားတွင်ညှပ်၍ ဧည့်ခန်းသို့ အီဗာပြန်ထွက်လာသောအခါ အမေ ငိုနေသည်ကို တွေ့ရ၏။ အမေ၏ ပင်ပန်းအိုမင်းသော မျက်နှာမှာ ပို၍ ရင့်ရော်သွားသည်ဟု ထင်ရ၏။ စားပွဲပေါ်၌ ကော်ဖီပန်းကန်တွေ ပြန့်ကျဲ၍ နေ၏။ အိမ်ကို သပ်သပ်ယပ်ယပ် အမြဲရှိစေချင်သော အမေသည် ယခု ဘာမှမလုပ်တော့ဘဲ နေလေသည်။

"အို… အီဗာရယ်၊ သမီးလုပ်ပုံက မြန်ဆန်လွန်းလိုက်တာ၊ သမီး ဘယ်လိုဖြစ်နေတယ်လို့ အမေ မသိတော့ဘူးကွယ်။ သမီး အဖေကလည်း ဘယ်လိုထင်မလဲ မသိဘူး။ အမေ မသိတော့ပါဘူးကွယ်။ ဘာမှမသိတော့ပါဘူး"

"ဒီလိုပဲ ဖြစ်ရတော့မှာပေါ့ အမေ"

အာနာက ဝင်၍ပြောလေ၏။

"အားလုံးအဆင်ပြေပါလိမ့်မယ် ဖရောဘရောင်း၊ အီဗာကလည်း တစ်ပတ်တစ်ခါ အိမ်ကိုပြန်လာပါလိမ့်မယ်။ ပြီးတော့ သူ့အဖေနဲ့လည်း ပြန်တွေ့နိုင်မှာပေါ့"

"ဟုတ်ပါတယ် အမေ"

အီဗာက ထောက်ခံသည်။ အမေက ဘာစကားမှ ပြန်မပြောတော့ပေ။ အမေသည် စားပွဲဘေး၌ ရပ်နေ၏။ ပြူတင်းဝမှနေ၍ အပြင်ဘက်၌ ပီကျူးနီးယားပန်းများ ပွင့်နေသည်ကို တွေ့ရသည်။ တောင်တန်းဆီမှ

နွားမများ၏ ခြူသံသာသာကိုလည်း ကြားနေရ၏။ အီဗာသည် သူမ၏ အဖေ တောင်တန်းမှ လမ်းအတိုင်းဆင်းလာသည်ကို အဝေးမှလှမ်းမြင်ရသည်။ အဖေသည် လမ်းအဆုံးမှ ဘုရားရှိခိုးကျောင်းသို့ သွားနေသည်ကို တွေ့ရ၏။ မကြာမီ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများသည် နွားမများ၏ခြူသံကို ဖုံးလွှမ်း၍ ထွက်လာလေ၏။

အီဗာက–

"မြန်မြန်လုပ်မှ အဖေ၊ အာနာကို သိပ်အကြာကြီး စောင့်ခိုင်းထားလို့လည်း မဖြစ်သေးဘူး"

ဟု ပြောပြောဆိုဆို အဖေ့ကိုသိုင်းဖက်လိုက်ပြီးလျှင် အကြိမ်ကြိမ်နမ်းလိုက်လေ၏။

"သမီးကို အဖေချစ်ပါတယ်"

အဖေက ပြော၏။

ပြီးတော့ အာနာထံသို့

"အီဗာကို စောင့်ရှောက်ပါနော်။ သူက ညည်းကို တော်တော်ချစ်ရှာပါတယ်"

ဟုပြော၏။

မကြာမီ အီဗာသည် အာနာနောက်သို့ တံခါးမကြီးမှပြေးထွက်၍ လိုက်သွားလေ၏။ အီဗာသွားရတော့မည်၊ သွားရတော့မည်။ မိမိအတွက် အရေးကြီးအကြီးဆုံးအချိန်ကို အသုံးချရန်သွားလေပြီ။

✡✡✡

# မြူးနှစ်

အီဗာသည် စိတ်တက်ကြွစွာဖြင့် အာနာ၏ဘေး၌ထိုင်၍ ကားကလေးထဲတွင် နေရာယူလိုက်၏။ စွန့်စားခန်းကြီးတစ်ရပ်နှင့် ကြုံရလေပြီဖြစ်၏။

ကားသည် တောင်စောင်း တောင်တန်းများဝိုင်းနေသောလမ်းကို ကျော်ဖြတ်၍ မြို့တော်သို့သွားသော လမ်းကျယ်လမ်းသစ်ကြီးဆီသို့ ကွေ့လိုက်၏။ အော်တိုဘန်း လမ်းမကြီးပင်တည်း။

လွန်ဘာဒီ ထင်းရှူးပင်များသည် လမ်းတစ် ဖက်တစ်ချက်တွင် စိမ်းလန်းစွာ ပေါက်လျက်ရှိကြလေ၏။ လမ်းပေါ်၌ ကားကြီးများသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားလာလျက်ရှိကြ၏။

အာနာက ဘေးမှထိုင်၍ လိုက်လာသော အီဗာကို ပြုံး၍ကြည့်လိုက်လေ၏။

"အီဗာ ဟိန်းရစ်က မင်းကို အလုပ်တွေသိပ်ပင်ပန်းအောင် ခိုင်းလိမ့်မယ်လို့ မထင်နဲ့နော်၊ ပထမတော့ အလုပ်ကို နည်းနည်း ဂရုစိုက်ရမှာပေါ့လေ။ ဒါပေမယ့် ဟိန်းရစ်က မင်းအပေါ် သိပ်တင်းတင်းကျပ်ကျပ် ခိုင်းမှာမဟုတ်ပါဘူးကွယ်"

အီဗာက ပြန်ပြော၏

"ကိုယ်သိပါတယ်ကွာ၊ ကိုယ်က အလုပ်ကို လုပ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်မှာပါ။ မင်းနဲ့အတူ လုပ်ရတာကိုပဲ ကိုယ်တော့ သိပ်ဝမ်းသာဂုဏ်ယူနေတာပါ"

အာနာက

"အေးပါကွာ… ဒါပေမယ့် မင်းကိုယ်တို့နဲ့တော့ လာနေလို့ မဖြစ်ဘူးထင်တယ်။ ကိုယ်ကတော့ မင်းနဲ့အတူ နေချင်ပါတယ်။ ဒါပေမယ့် ကိုယ့်လူ ဟိန်းရစ်က အပြင်လူတွေနဲ့အတူ တစ်အိမ်တည်း မနေတတ်ဘူး။ သူက ကိုယ့်ကိုသိပ်ချစ်တယ်မဟုတ်လား။ ဒါ့ကြောင့် အိမ်မှာ သူက ကိုယ်နဲ့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်တာပေါ့လေ"

အီဗာက

"ဒါလဲ ကောင်းပါတယ်လေ"

အာနာက

"မင်းအတွက် အိမ်ကောင်းကောင်းတစ်လုံးကို ကိုယ်စီစဥ်ထားပါတယ်"

အာနာက ထိုစကားကို ခပ်လေးလေးပင်ပြောရသည်။ အကြောင်းမှာ သူမ စီစဥ်ထားသောအိမ်မှာ သိပ်ပြီး ကောင်းလှသည်မဟုတ်၍ ဖြစ်လေသည်။ အာနာက ဆက်ပြော၏။

"ဖရောရှမစ်ရဲ့အိမ်ပေါ့။ ဖရောရှမစ်ဟာ တော်တော်ခင်မင်စရာကောင်းတဲ့မိန်းမကြီးတစ်ယောက်ပါပဲ။ သူ့မှာ သားတစ်ယောက်ရှိတယ်။ ဖရောရှမစ်ဟာ မင်းအတွက် အမေတစ်ယောက်လိုပဲ လိုလေသေးမရှိအောင် ပြုစုပါလိမ့်မယ်"

အီဗာက

"တော်ပါပြီ အာနာရယ်… ကိုယ့်အတွက် သိပ်ပြီးသောကမထားပါနဲ့၊ ကိုယ်က ဘယ်အခြေအနေပဲဖြစ်ဖြစ် နေနိုင်ပါတယ်"

အီဗာအနေဖြင့် လောလောဆယ်အချိန်တွင် တခြားဘာကိုမျှ သိပ်ပြီး အလေးဂရုမပြုတော့ပါ။ သူမအနေနှင့် ယခုလောက် ကံကောင်းထောက်မသည်ကိုပင် ကျေနပ်ပျော်နေလေသည်။ အီဗာ၏ဟန်ကို ကြည့်ရသည်မှာ လန်းဆန်းရွှင်ပျလွန်းသောကြောင့် မနေ့ညက ရှမစ်တင်းဟွန်းတောင်ပေါ်၌ အချိန်ကုန်ခဲ့ရသည်ဟု ပြော၍ယုံနိုင်ဖွယ်မရှိ။

အာနာက ကားကိုဆက်မောင်းနေရင်းမှ

"အေးပါလေ၊ အားလုံးအဆင်ပြေမှာပါ။ ဟုတ်သားပဲ၊ အဆင်ပြေသွားပါလိမ့်မယ်"

ဟုသာ ပြောနေတော့သည်။



ရှည်လျားဖြောင့်တန်းသော လမ်းမကြီးမှာ သစ်ပင်များဖြင့် ဘေးမှ စီတန်းကာရံထား၍ လှပနေ၏။ လမ်းမကြီးပေါ်သို့ သစ်ပင်ရိပ်များ အုပ်ဆိုင်းလျက်ရှိသည်။ တောင်များသည် နောက်၌မှုန်မှိုင်း၍ ကျန်ရစ်ခဲ့၏။ လှပသော ကျေးရွာများ၏ ရှုခင်းများလည်း တဖြည်းဖြည်းနောက်တွင် ပျောက်ကွယ်လျက် ကျန်ခဲ့လေ၏။ လမ်းဖြောင့်ကြီးသည်သာ ရှေ့သို့ထိုးထွက်၍ သွားလျက်ရှိ၏။

အီဗာသည် ထူးဆန်းသော မိမိအဖြစ်ကို ပြန်၍သတိရနေသည်။ ရှမစ်တင်းဟွန်း တောင်တန်းပေါ်ရှိ တဲတစ်လုံးထဲ၌ အင်္ဂလိပ်လူငယ်တစ်ဦးနှင့် မိမိတို့နှစ်ဦး တိမ်တွေကို ငေးကြည့်နေခဲ့ရပြီး ယခုတစ်ဖန် မိမိမှာ ကြီးမားကျယ်ပြန့်သော ကမ္ဘာတစ်ခုသို့ ပျော်ရွှင်စွာခရီးဆက်နေရသည်များကို ပြန်တွေးနေ၏။

လမ်းမကြီးသည် မြူးနစ်မြို့နှင့် တဖြည်းဖြည်း နီး၍နီး၍လာလေသည်။မြို့နားနီးလာ၍ လမ်းဘေးလူသွားလမ်းများကိုလည်း လမ်းမကြီး၏ဘေး၌ တွေ့လာရသည်။ မကြာမီ လူသွားလမ်းများပေါ်တွင် လူများပိတ်ဆို့သွားလာ တိုးဝှေ့နေသည်ကိုလည်း မြင်ရလေပြီ။ သူတို့ပတ်လည်၌ အိမ်များကို ထူထပ်စွာတွေ့ရလေ၏။ လမ်းကြားကလေးများသည် ဈေးငယ်ကလေးများဆီသို့ ဦးတည်၍သွား၏။ ကော်ဖီဆိုင်များမှာ လူတွေပြည့်ညပ်နေသည်ကိုလည်း တွေ့ရ၏။ လူသွားလမ်းများအပေါ်၌ပင် နေရောင်ကာ အမိုးရောင်စုံများ ထိုးခင်း၍ထားသော ဆိုင်များနှင့် သံဖြူစားပွဲများကို တွေ့ရ၏။ လူတွေမှာ ထိုဆိုင်များတွင် ရှုပ်ထွေးစွာ ဝင်ထွက်နေလေသည်။

တိုက်ဆိုင်ကြီးများမှာ စိမ်ခံပစ္စည်းများ လူသုံးကုန်ပစ္စည်းများကို လှပထယ်ဝါစွာ ခင်းကျင်းပြသထားသည်ကိုလည်း မြင်ကြရ၏။ မြို့ထဲရှိ ခန့်ညားထယ်ဝါသော ရှေးဟောင်းအဆောက်အဦများမှာ အီဗာအဖို့ အထူးအဆန်းပင် ဖြစ်နေတော့သည်။ သူတို့သည် သဖန်းပင်နှင့် မေပဲလ်ပင်များ ကြီးထွားစွာပေါက်လျက်ရှိသော ဥယျာဉ်ကြီးများကိုလည်း ဖြတ်လာကြလေ၏။ တေးဂီတသံများမှာ ကဖီးဆိုင်များ ကပွဲခန်းမများမှ ဆူညံစွာ ပေါ်ထွက်လျက်ရှိတော့သည်။ ဤကား အီဗာမျှော်လင့်တကြီး ရှိခဲ့သော မြို့တော်ပင်တည်း။

သူတို့သည် ဆိတ်ငြိမ်သော ဘားရားစထရက်စ် လမ်းမကြီးထဲသို့ ဝင်လာကြ၏။ ကားသည် ခေတ်ပုံဆိုင်၏ မျက်နှာစာတံခါးရှေ့၌ ရပ်လိုက်လေသည်။ အီဗာက ဆိုင်ကိုမော့ကြည့်လိုက်သည်။ ဆိုင်အပေါ်ထပ်သို့ လှေကားရှည်ဖြင့် တက်ရမည်ဖြစ်၏။ သစ်သားအသစ်နံ့များ သင်းနေသည်။ လှေကားမှာ မှောင်နေ၍ အီဗာ စိတ်ပျက်သွား၏။ သူမ၏ရှေ့တွင် ဘာကို တွေ့မြင်ရမည် မသိသော်လည်း လောလောဆယ်တက်သွားရသော လှေကားမှောင်မဲမဲကိုကား စိတ်ပျက်နေမိ၏။ သူတို့နှစ်ဦး အပေါ်ထပ်သို့ ရောက်သောအခါ ဆေးအသစ်သုတ်၍ ကြည့်ပျော်အောင် ပြင်ဆင်ထားသည်ကို တွေ့ရလေသည်။

အာနာက ရှေ့မှထွက်သွားရင်း ပြောသည်။

"မိန်းကလေးတစ်ယောက်ကို အောက်ကပစ္စည်းတွေ အသယ်ခိုင်းလိုက်မယ်။ မင်းတော့ ဟိန်းရစ်ကို ချက်ချင်းတွေ့ရလိမ့်မယ်နော်။ မင်းတာဝန်ကို သူပြောပြပါလိမ့်မယ်။ သူခိုင်းတာ လုပ်ရုံပါပဲ"

အီဗာက

"ကောင်းပြီ၊ ကောင်းပါပြီ"

ဟုပြန်ပြော၏။

အာနာက

"ကိုယ်တို့ရောက်လာတာ သူသိရင်တော့ သိပ်သဘောကျသွားမှာပဲကွ"

အာနာသည် တံခါးကြီးနှစ်ချပ်ကိုဖွင့်၍ ဝင်သွား၏။ ထိုအခန်းကို သပ်ယပ်လှပစွာ ဆေးသုတ်ထားပြီးလျှင် ခေတ်ပုံပန်းချီကားဟူ၍ တစ်ချပ်မျှ ချိတ်ဆွဲထားခြင်းမရှိဘဲ ရှင်းရှင်းလင်းလင်း ထားရှိ၏။

ဤသည်ကပင် ရွာကအိမ်နှင့် ခြားနားနေခြင်းဖြစ်လေသည်။ ရွာမှာတော့ အိမ်ငယ်ကလေးများ၏ အခန်းထဲဝယ် အသုံးအဆောင်များနှင့် ရှုပ်ပွနေ၍နေမြဲဖြစ်လေသည်။ အီဗာက အခန်းထဲတွင် နေရမှာပင် စိုးရွံ့နေ၏။ မိမိ၏ ဘာဗေးရီးယားဝတ်စုံမှာ ဤသို့ခမ်းနားသော အပြင်အဆင်နှင့် မတင့်တယ်ဟု ထင်နေသည်။ အီဗာသည် အခန်းထဲ၌ ခင်းထားသော ကော်ဇောကြီးကိုပင် မနင်းဝံ့ဖြစ်နေသည်။ အမွေးဖွားကော်ဇောရှည်ကြီးမှာ ခြေထောက်အောက်၌ သစ်တောအုပ်တစ်အုပ်ရှိနေသလို ထင်ရလေ၏။ အခန်းထောင့်၌ ဝက်သစ်ချသားနှင့် လုပ်ထားသော စားပွဲခုံကလေးတစ်ခုံ



ကို တွေ့ရသည်။ အလုပ်လက်ခံသော စားပွဲပင်ဖြစ်လိမ့်မည်ဟု ထင်ရ၏။ ထိုစားပွဲခုံမှာ ထိုင်လျက်ဧည့်ခံရမည်။ ဧည့်သည်များကို ကြိုဆိုခြင်း၊ ငွေလက်ခံခြင်းများ ပြုရမည်ဟု ထင်ရလေသည်။ ထိုခုံ၏ထောင့်၌ ပန်းအိုးကြီးတစ်လုံးရှိပြီး နှင်းဆီပန်းများ ထည့်ထား၏။ ပန်းရောင်သွေးနှင်းဆီပန်းများ၏ ရနံ့သည် တစ်ခန်းလုံးသို့ သင်းပျံ့လျက်ရှိလေသည်။

ထိုအလုပ် လက်ခံခန်းမှနေ၍ တစ်ဖက်ရှိ အခန်းကျယ်ကြီးကို မြင်ရ၏။ ထိုအခန်းကျယ်ကြီးရှိ တံခါးမကြီးနှစ်ချပ်မှာ ဖွင့်ထား၏။ ထို့ကြောင့်အီဗာက လှမ်းမြင်ရ၏။ အခန်းကျယ်ကြီး၏ထိပ်တွင်ကောင်းကင်မှ အလင်းရောင်ရရန် အပေါက်ဖောက်ထားပြီး မှန်ကာထား၏။ ထို့ကြောင့် အခန်းကြီးမှာ အလင်းရောင် ကောင်းစွာရလေသည်။ ထိုကောင်းကင် အလင်းရောင် ပြူတင်းပေါက်ကို ပိတ်နိုင် ဖွင့်နိုင်သော တံခါးချပ်တစ်ချပ်လည်း တပ်ဆင်ထား၏။ ထိုတံခါး၏ အပိတ်အဖွင့်ကြိုးကို နံရံတွင် ဆွဲချည်ထားလေသည်။

အခန်းကျယ်ကြီးမှာ ကောင်းကင်အလင်းရောင်ဖြင့် ထိန်ထိန်လင်းနေသောကြောင့် အီဗာသည် ဟိန်းရစ်ဟော့ဖ်မင်းအား ဧည့်သည်တစ်ယောက်နှင့် ရပ်၍စကားပြောနေသည်ကို မြင်ရသည်။ ဧည့်သည်မှာ အီဗာအား ကျောပေးထား၏။

တံခါးဖွင့်သံကြားပြီးဝင်လာကတည်းကပင် ဟိန်းရစ်ကသတိပြုမိ၍ လက်ပြ၍ တားလိုက်သည်။ သို့သော် အာနာက သူတားသည်ကို သတိမမူဘဲ အတင်းပင်ရှေ့သို့တိုးသွားလေ၏။ဟိန်းရစ် အလန့်တကြား ဖြစ်သွား၏။ ထို့ကြောင့် ဟိန်းရစ်က ထပ်၍လက်ပြ၏။

ထိုခဏတွင် အီဗာသည် ဟိန်းရစ်နှင့် ရပ်၍စကားပြောနေသော ယူနီဖောင်းဝတ်ထားသည့် ဧည့်သည်၏မျက်နှာကို မြင်လိုက်ရ၏။ ခဏချင်းပင် သူမက ထိုသူ၏မျက်နှာကိုကြည့်၍ မည်သူဖြစ်ကြောင်း သိလိုက်ပါပြီ။ အီဗာက ရုတ်တရက် အံ့သြတုန်လှုပ်သွားမိ၏။

မြူးနစ်မြို့တော်မှာ မိမိအတွက် အခွင့်အရေးတွေ များစွာရနိုင်သည်ဟု မိမိကိုယ်မိမိပြောခဲ့၏။ ယခုတော့ ဘယ်လောက်များ မှန်ကန်လိုက်ပါဘိသလဲ၊ ဘယ်လောက်မှန်သလဲ။

ယခု အီဗာရှေ့၌ တွေ့နေရသူမှာကား အဒေါ့ဖ်ဟစ်တလာကိုယ်တိုင် ဖြစ်နေပါပြီတည်း။

ယခုမူ အာနာက သူတို့အခန်းထဲမှ ပြန်ပြေးထွက်လာပြီးလျှင် တံခါးနှစ်ချပ်ကို ဆွဲ၍ပိတ်လိုက်လေ၏။ အာနာသည် မျက်နှာဖြူဖတ်ဖြူရော်ဖြစ်နေသော အီဗာကို တွေ့ရလေ၏။

"ကိုယ် တစ်နေရာရာကို သွားနေလိုက်ရင် ကောင်းမလားမသိ"

အီဗာက ထိတ်လန့်တကြီးပြောနေလေ၏။

"အို... မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီလိုမလုပ်ရဘူး။ ဟိန်းရစ် ကျေနပ်မှာမဟုတ်ဘူး။ ဟိန်းရစ်ထွက်လာပြီး ကိုယ်တို့ဘာလုပ်ရမယ်ဆိုတာ ပြောပြလိမ့်မယ်"

အာနာက ဤသို့ အီဗာကို ရှင်းလင်းပြောပြနေလေ၏။

အီဗာက စိတ်တည်ငြိမ်သွားအောင် ပြူတင်းပေါက်သို့သွားပြီးလျှင် အောက်ရှိ လမ်းမကြီးကို ငုံ့ကြည့်နေ၏။ ဘာဗေးရီးယန်းဝတ်စုံကို ဝတ်ထားသော လူခန့်လူချောများ လမ်းမပေါ်၌ လျှောက်သွားနေကြ၏။ အမျိုးသမီးတို့၏ ဝတ်စုံတို့မှာ ခန့်ညားသပ်ရပ်၍ ဖြတ်မောင်းသွားသောကားများမှာ အကောင်းဆုံးကားများဖြစ်နေလေသည်။ မိမိအနေဖြင့် ဤမြို့တော်ကြီးကို ရောက်လာရသည်မှာ မှန်သည်ဟု သူက တွက်ချက်နေမိသည်။

မကြာမီ တံခါးနှစ်ချပ် ပွင့်လာပြီး စောစောက ဧည့်သည်ထွက်လာ၏။ သူသည် ခန့်ညားစွာထွက်လာ၏။ ထိုသူမှာ အီဗာအစက ထင်သလောက် အရပ်မရှည်ပေ။ သူ၏မျက်လုံးမှာ ဆွဲဆောင်နိုင်သော အင်အားရှိပြီး သူ့မျက်နှာမှာ နူးညံ့ပျော့ပျောင်းပုံရလေသည်။ သူ့နှုတ်ခမ်းမွေးမှာ နက်မှောင်၍ နှုတ်ခမ်းပေါ်တွင်သာ တိုတိုနှင့် တိတိရိရိ ဖြတ်ထားလေသည်။ သို့သော် အများအမြင်မှာ တင့်တင့်တယ်တယ်ပင် ရှိလေ၏။

အီဗာက သူနှင့် မျက်နှာချင်းဆိုင်ရ၍ ထိတ်လန့်တကြားဖြစ်ပြီး လှည့်ထွက်သွားမည်ကြံသေး၏။ သို့သော် ဤသို့လုပ်လျှင် ရူးရာကျတော့မည်။ မိမိ၏ရှေ့မှာ တွေ့ရသည့် ဤသူမှာ ယနေ့ဂျာမနီနိုင်ငံ၏ အဓိပတိကြီးတစ်ဦးဖြစ်သည်။ ကမ္ဘာတွင်လည်း အဓိပတိဖြစ်လာနိုင်သည့်လူဖြစ်သည်မဟုတ်ပါလား။

အီဗာသည် မိမိလက်ကိုမြှောက်၍ အရိုအသေပြုလိုက်၏။ အီဗာ၏ မျက်လုံးများမှာ တောက်ပ၍နေကြသည်။

**"ဟေး- ဟစ်တလာ"**



ထိုသူကလည်း သူ၏လက်ကို ပြန်၍မြှောက်လိုက်သည်။ သူ့ဟန်မှာ အီဗာအရင်က ဓာတ်ပုံတွင်တွေ့ရသော ပုံစံအတိုင်းဖြစ်လေသည်။

ထို့နောက် ဟစ်တလာက ရှေ့သို့တိုးလာ၏။ အာနာက ဟစ်တလာကို အကျိုးအကြောင်း ရှင်းပြနေသည်။

"ဟားရ်- ဟစ်တလာ၊ သူကတော့ ဗာဗေးရီးယားက ကျွန်မရဲ့ သူငယ်ချင်းမကလေးတစ်ဦးပါပဲ"

ဟိန်းရစ်က ဟစ်တလာ၏နောက်မှ လိုက်လာ၏။ သူ့ဧည့်သည်၏ ကြီးမားထည်ဝါသောဂုဏ်ကြောင့် ရိုသေမှုကို ပြနေလေသည်။

**"ဖရော်လင်... ဘာဗေးရီးယားဆိုတာ သိပ်သာလှပတဲ့ဒေသတစ်ခုပဲပေါ့"**

ဟစ်တလာက ပြောပြောဆိုဆို အီဗာကို သူ၏ထူးခြားသောမျက်လုံးများနှင့် ကြည့်နေ၏။ မျက်လုံးများ၏အကြည့်တွင် ထူးခြားသော ဆွဲဆောင်မှုများ ပါသည်ကို သိသာနိုင်၏။ အီဗာကလည်း သူ့ကိုပြန်၍စိုက်ကြည့်နေလေသည်။

အီဗာက-

"ဟုတ်ကဲ့၊ သိပ်လှတဲ့ဒေသပါပဲရှင့်"

ဟိန်းရစ်က ဝင်ပြောသည်။

"အာနာရဲ့သူငယ်ချင်းကို ကျွန်တော်တို့ဆိုင်မှာ အလုပ်လက်ခံစာရေးအဖြစ် တာဝန်ပေးခန့်ထားဖို့ပါပဲ။ ကျွန်တော်က သူ့ကိုသင်ကြားပြသပေးရမှာပေါ့၊ အမှန်ပါပဲ။ ကျွန်တော် မိန်းကလေးတွေကို အမြဲဒီလိုသင်ကြားပေးရလေ့ရှိတယ်။ ပညာစုံတော့ ကျွန်တော့်ကိုကန်ပြီး ထွက်သွားတတ်ကြတယ်လေ၊ များပါပြီ"

ဟစ်တလာက

"သူကတော့ ကောင်းကောင်းသင်ကြားပညာယူမယ့်သူလို့ ကျုပ်ထင်တယ်။ သူ့ကို ခင်ဗျားတို့နဲ့အတူ ထားမှာလား"

ဟစ်တလာက ဟိန်းရစ်ကို ကြည့်၍ပြောနေသည်။ ဟိန်းရစ်က ရုတ်တရက်ငိုင်သွား၏။ ဤကိစ္စနှင့်ပတ်သက်ပြီး ဟိန်းရစ်နှင့် သူ့ဇနီးအာနာတို့မှာ တစ်ကြိမ်စကားများခဲ့ပြီးဖြစ်၏။ ယခုတော့ ဟစ်တလာက သူ၏အားနည်းချက်ကိုဖိ၍ မေးပြီဖြစ်သည်။

အယှက်ပေး၍ စိတ်ညစ်ညျူးအောင် လုပ်တတ်ကြသည်။ ထို့ပြင် မိမိသား ယှူဂျင်နှင့် အဆင်ပြေသော မိန်းကလေးကို ရှာတွေ့ရန်ကပင် မဖြစ်နိုင်ဟု ထင်သည်။

သို့သော် ဟိန်းရစ်ဟော့ဖ်မင်း၏ဇနီး ဖရောဟော့ဖ်မင်း မိမိထံလာရောက်၍ အီဗာနေထိုင်ရန်အတွက် လာပြောစဉ်က ဖရောရှမစ်သည် ငြင်းပယ်ရန် ခက်ခဲနေလေ၏။ အကြောင်းမှာ ဟိန်းရစ်ဟော့ဖ်မင်းမှာ ပါတီတွင် အရေးပါသော လူတစ်ယောက်ဖြစ်နေပြီး လူသိများသည်။ ကျော်ကြားသူဖြစ်သည်။ အဒေါ့ဖ်ဟစ်တလာ၏အပေါ်တွင် ဩဇာတိက္ကမရှိသူမှာဟိန်းရစ်ဟော့ဖ်မင်းပင်ဖြစ်သည်။ တစ်နေ့ကျလျှင် မိမိ၏သားဖြစ်သူ ယှူဂျင်အတွက် အကူအညီရနိုင်သည်။ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိလာနိုင်သည် စသဖြင့် တွက်ချက်မိသည်။

ဖရောရှမစ်၏သားဖြစ်သူမှာ မိမိအခန်းထဲတွင် ထိုင်၍ စားပွဲပေါ်မှာရှိနေသော ပါတီရေးရာ စာရွက်စာတမ်းများကို လေ့လာလျက်ရှိနေ၏။ သူက အီဗာတို့ကို အနည်းငယ် မော့ကြည့်၏။ အီဗာက လျှပ်တစ်ပြက်အကဲခတ်လိုက်ရသဖြင့် သူ့မှာ နှစ်လိုဖွယ်မျက်နှာရှိကြောင်း သိလိုက်ရသည်။ သူ့ဆံပင်မှာ အဒေါ့ဖ်ဟစ်တလာ၏ ဆံပင်ပုံစံကဲ့သို့ပင် ပြုပြင်ထားသည်ကို တွေ့ရ၏။ သူ့အသားအရည်မှာ စိုပြည်၍ မျက်လုံးမှာ မှေးမှိန်လှသည်။ သူသည် အီဗာကို သတိပြုမိဟန်မတူပေ။

ဖရောရှမစ်က အီဗာကို သူမအခန်းသို့ လိုက်၍ပို့၏။ အာနာက အပြင်၌ နေရစ်ခဲ့သည်။ သူမအနေဖြင့် ခင်ပွန်းဖြစ်သူ ဟိန်းရစ်ထံ ပြန်သွားလို၍ ဖြစ်သည်။

ဖရောရှမစ်က ရှေ့မှသွားရင်း

"အခန်းကတော့ နည်းနည်းငယ်တယ်"

ဟုပြောနေ၏။ အခန်းမှာ အမှန်ပင် စိတ်ပျက်စရာကောင်းလောက်အောင် ကျဉ်းမြောင်းလှသည်။ လူသေထည့်သော ခေါင်းတစ်ခုထက် အနည်းငယ်မျှသာ ကြီးသောအိပ်ရာမှာ နံရံတွင် ကပ်၍ထား၏။ အခန်းထဲတွင် ရှိသမျှ ပရိဘောဂများမှာ ဟောင်းနွမ်းဆင်းရဲလှသည်။ အခန်းထောင့်၌ ဟစ်တလာ၏ ရုပ်ပုံကားချပ်ကိုလည်း တွေ့ရ၏။ အီဗာသည် ထိုရုပ်ပုံကို ကြည့်၍ ဟစ်တလာသည် မိမိအား နောက်တစ်ကြိမ် စိုက်ကြည့်နေပြန်ပြီဟု ထင်မိလိုက်သည်။



"သူကြည့်နေပုံကလည်း ငါ့ကိုယ်မှာ အဝတ်အစားမကပ်ဖြစ်နေလို့ ကြည့်နေသလိုပါပဲ"

ဟု အီဗာက တွေးနေသည်။

အီဗာက

"အခန်းက နေလို့ဖြစ်ပါတယ်"

ဟုပြောလိုက်၏။

ဖရောရှမစ်က အီဗာအား ညွှန်ကြားချက်တွေ တစ်သီတစ်တန်းကြီး ပေးနေသည်။

"ရှင် ကျွန်မနဲ့ ညစာအတူစားတာပေါ့။ ကျွန်မသားကတော့ ပါတီအစည်းအဝေးပွဲတက်ရမယ်။ကျွန်မလည်း ညတိုင်းအပြင်ထွက်တတ်တယ်။ ဒီနေ့တော့ ချုပ်စရာလေးတွေ ရှိနေလို့။ ရှင့်ကို မနက်စောစော ကော်ဖီလာပို့ပေးမယ်လေ။ နံနက်စာတော့ ကျွန်မစားလေ့မရှိဘူး။ ရှင် နံနက်စာကို အပြင်မှာ ဝယ်စားပေတော့နော်"

အီဗာက စားသောက်စရိတ်အတွက် ငွေဘယ်လောက်ပေးရမည်ကိုလည်း မသိ။ မိမိလခ ဘယ်လောက်ရမည်ကိုဆိုသည်ကိုပင် မသိသေး။ ချက်ချင်း မြန်မြန်ဆန်ဆန်ကြီး ထလိုက်ခဲ့ရ၍ လခဘယ်လောက်ဟုလည်း မသတ်မှတ်ရ။ ထို့အပြင် အစကနဦးဖြစ်၍ မိမိအဖို့ ငွေများများရနိုင်စရာလည်း မရှိဟု နားလည်သည်။ လခဘက်လောက်ပေးမည်ကို ဟိန်းရစ်ကိုယ်တိုင်ပင် စဉ်းစားမိသေးဟန် မတူချေ။

"ကဲ… အားလုံးပြည့်စုံပြီ မဟုတ်လား"

ဖရောရှမစ်က မေး၏။

"ဟုတ်ကဲ့… ပြည့်စုံပါပြီ"

အီဗာက ပြန်ဖြေ၏။

တံခါးဝမှနေ၍ ဖရောရှမစ်က လှည့်ထွက်သွားမည်လုပ်ပြီးမှ လက်မောင်းကိုမြှောက်ပြီး ပြောလိုက်၏။

**"ဟေး… ဟစ်တလာ"**

**"ဟေး… ဟစ်တလာ"**

ဖရောရှမစ် ထွက်သွားပြီး တံခါးပိတ်လိုက်သည်။ ထို့နောက် အီဗာသည်ပြူတင်းပေါက်ကို အရင်ဖွင့်ရန်ကြံမိ၏။အကြောင်းမှာ အခန်းက

ကျဉ်းကြပ်ပိတ်လှောင်နေပြီး ယခင်နေသွားသူများ၏ လူနံ့များ နံနေသောကြောင့်ဖြစ်သည်။ သို့သော် ပြူတင်းတစ်ပေါက်ကိုသာ ဖွင့်၍ရ၏။ အခြားတစ်ပေါက်မှာ တံခါးပျက်နေ၏။ ပြင်ဆင်လျှင် ကုန်ကျမည့်စရိတ်ကို ကာကွယ်ရန် တံခါးကို အသေရိုက်ပိတ်ထားသောကြောင့် ဖွင့်၍မရပါချေ။

အီဗာသည် အိပ်ရာကျဉ်းကျဉ်းကလေးပေါ်သို့ လှဲချလိုက်ပြီး အနားယူလိုက်၏။ သူမသည် နံရံပေါ်မှ ဟစ်တလာ၏ရုပ်ပုံကို ကြည့်လိုက်သည်။ သူ့ရင်ဘတ်ပေါ်မှာ စကြာတံဆိပ်အကြောင်းကို စဉ်းစားနေမိ၏။

**"ငါ အခု မြူးနစ်မြို့ကို ရောက်နေပါပေါ့လား။ ငါဟာ ကံအကောင်းဆုံး မိန်းကလေးတစ်ယောက်ပဲလေ။ မြူးနစ်ကို ရောက်လာရတာ ငါ ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲ"**

အီဗာက မိမိဘာသာ တွေးနေမိသည်။

မကြာမီ ဖရောရှမစ်က ညစာစားရန် လာခေါ်သည်။ အီဗာသည် ခပ်သွက်သွက်ထသွား၏။ အိပ်မှုံစုံမွှားဖြစ်နေလေသည်။

စားသောက်ဖွယ်ရာများမှာ စောစောက ယူဂျင်အလုပ်လုပ်နေခဲ့သော စားပွဲကြီးပေါ်၌ ပြင်ဆင်ထား၏။ ဟင်းမှာ ဆားစိမ်ထားသောငါးကို ဟင်းခတ်အမွှေးအကြိုင်များနှင့် ချက်လုပ်ထားရာ အနံ့ကိုပင် အီဗာက မခံနိုင်ဖြစ်နေ၍ အီဗာမှာ ဘာမှစားသောက်နိုင်ခြင်းမရှိ။ ပြီးတော့ အခန်း၏ အနံ့အသက်များကလည်း နှာဝတွင်လာ၍ကလိနေ၏။ ပူအိုက်လိုက်သည်မှာလည်း အလွန်။

"ရှင်… သိပ်မဆာဘူးထင်တယ်"

ဖရောရှမစ်က အီဗာ အနည်းငယ်သာ စားသည်ကိုတွေ့၍ မေး၏။

"ကျွန်မတော့ အမြဲတမ်း ဆာနေတာပဲ။ ကျွန်မစားသမျှ ဘယ်တော့မှ ဝပြီရယ်လို့ မရှိဘူး။ ယူဂျင်လည်း နည်းနည်းပဲ စားလေ့ရှိတယ်။ ဒါပေမယ့် ကျွန်မကတော့ အချိန်ရှိသရွေ့ စားနေလေ့ရှိတာပဲ"

ဖရောရှမစ် ပြောသည်မှာ မှန်၏။

သူမသည် ပေါင်မုန့်အခွေတစ်ခွေကို ဆွဲယူ၍ အားရပါးရ ဝါးနေသည်။ ပေါင်မုန့်မှာ ချဉ်၍နေပြီဖြစ်၏။ လမ်းထိပ်ဈေးတစ်ဈေးမှ ပေါပေါနှင့် ဝယ်၍လာသော ပေါင်မုန့်ဖြစ်သည်။ ဖရောရှမစ်မှာ ကပ်စေးနည်းသဖြင့် ဤပေါင်မုန့်ကို ဈေးပေါပေါနှင့် ဝယ်စားခြင်းဖြစ်လေသည်။ ဖရောရှမစ်က



မိမိမှာ အချက်အပြုတ်ကို အလွန်ပျင်းကြောင်း ပြောပြနေသည်။ ထို့နောက် အီဗာအား ကော်ဖီသောက်လိုလျှင် ဖျော်သောက်ရန်လည်း ပြောနေ၏။

မကြာမီ ယူဂျင် အပြင်မှပြန်လာ၏။ သူ့ဟန်မှာ ဆောင့်ကြွားကြွားနှင့် ဘယ်သူမှ လူမထင်သည့်ဟန်ဖြစ်၏။ သူသည် အကောင်းဆုံးကုလားထိုင်ကိုရွေးထိုင်၏။ သူ၏ဘွတ်ဖိနပ်များမှာ သူ့ရှေ့၌ ကိုးရိုကားယားဖြစ်နေသည်။

သူက အီဗာကို ပြုံးပြသည်။ ယူဂျင်က အီဗာအား အီဗာ၏ခရိုင်မှ လူအများအနေဖြင့် နာဇီဝါဒကို မည်ကဲ့သို့ သဘောထားသည်ကို မေးမြန်းနေလေ၏။

အီဗာက စိတ်အားထက်သန်စွာ ပြန်ဖြေသည်။ မိမိခရိုင်တွင်လူတိုင်းပင် ပါတီဝင်ဖြစ်ကြ၍ "ဟားရ်ဟစ်တလာ" ကို အထူးယုံကြည်အားထားကြကြောင်း၊ ဂျာမနီနိုင်ငံတော်အတွက် ဟစ်တလာကသာ ဆောက်ရွက်ပေးနိုင်မည်ဟု ယုံကြည်ကြကြောင်း ပြောပြရ၏။

ယူဂျင်က ခေါင်းညိတ်ပြ၏။ သူသည် အီဗာကိုသာ တစ်ချိန်လုံးကြည့်နေလေသည်။အီဗာကလည်း အခြေအနေကို ကောင်းစွာနားလည်လေသည်။ အီဗာက မြို့တော်မှ လူတွေမှာ မိမိ၏ချစ်သူကာတ်နှင့်လည်းကောင်း ရွာမှလူတွေနှင့်လည်းကောင်း ကွဲပြားခြားနားလှပါကလားဟု သိလိုက်လေသည်။

ယူဂျင်ကပြော၏။

"တစ်နေ့ကျရင် ဂျာမနီဟာ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးနိုင်ငံဖြစ်လာရမယ်ဆိုတာ အားလုံးသိကြတယ်လေ။ အားလုံးဟာ ဂျာမနီရဲ့ တောင့်တင်းတဲ့အင်အားကို သိနေကြပါတယ်။ ဂျာမနီအတွက် အမြဲတမ်း အသင့်ရှိကြဖို့ပဲ နားလည်နေကြတာပဲလေ"

အီဗာက

"အမှန်ပဲ… ဟုတ်လိုက်တာ"

အလွန်ပါးနပ်သောအကြည့်ဖြင့် ဖရောရှမစ်က သူတို့ကို မသင်္ကာသည့်သဘောဖြင့် ကြည့်နေ၏။ သူမက အီဗာမှာ ပါတီဝင်တစ်ယောက်အဖြစ် စိတ်ပါလက်ပါ ရှိရဲ့လားဟုလည်း စိတ်ထဲမှမေးနေ၏။

အီဗာက

"ဒီနေ့… ကျွန်မ ဟားရ်ဟစ်တလာကို ပထမဆုံးအကြိမ် မြင်ဖူးလိုက်တယ်"

"ဟုတ်တယ်… ဟုတ်တယ်။ သူ့အိမ်ကို ကားကိုယ်တိုင် မောင်းပြီးသွားတယ်။ ကျွန်တော်လည်း တွေ့လိုက်တယ်လေ။ မြင်လိုက်တဲ့လူတွေ အများကြီးပဲ"

ယူဂျင်က ပြောလိုက်၏။

"ကျွန်မက သူ့အိမ်ကို ကားမောင်းသွားတာ တွေ့တာမဟုတ်ဘူးရှင့်၊ ကျွန်မ သူ့ကို ဟော့ဖ်မင်းဆီမှာ တွေ့ခဲ့ရတာ၊ ကျွန်မရောက်လာတော့ ဓာတ်ပုံဆိုင်ထဲမှာ သူရောက်နေပြီ။ ပြီးတော့ သူနဲ့ကျွန်မ စကားပြောကြရသေးတယ်။ အခွင့်ထူးကြီးတစ်ရပ် ရတဲ့အချိန်ပဲပေါ့လေ…"

အီဗာက ပြောလေသည်။

ဖရောရှမစ်နှင့် သူမသား ယူဂျင်တို့နှစ်ယောက်စလုံးပင် အီဗာကို စိုက်ကြည့်ကြလေသည်။ ဖရောရှမစ်၏ပါးစပ်မှ မြွေကဲ့သို့ လျှာကလေးပင် ထွက်နေ၏။

ယူဂျင်က

"ခင်ဗျား… ဟားရ်ဟစ်တလာနဲ့ တွေ့ခဲ့ရသလား"

ယူဂျင်က မယုံသင်္ကာဖြစ်နေလေ၏။ သူသည် အီဗာပြောသည်ကို နားမလည်နိုင် ဖြစ်နေတော့သည်။

အီဗာက

"ဟုတ်ကဲ့၊ သူနဲ့စကားပြောခဲ့ရတယ်"

သားအမိနှစ်ယောက်စလုံး အီဗာကို တအံ့တသြနှင့် ငေးကြည့်နေကြပြန်သည်။ သူတို့သည် ကြားရသော စကားကို ယုံရခက်လှချည်ရဲ့ဟု ဆိုရမလို ဖြစ်နေလေသည်။

ဖရောရှမစ်က မေးပြန်၏။

"ရှင် သူ့ကို စကားပြောခဲ့ရသလား"

အီဗာက

"ဟုတ်ပါတယ်၊ ပြောခဲ့ရတယ်ဆိုမှပဲ…"

အီဗာသည် ထိုသားအမိ၏အပြုအမူများကို သည်းမခံနိုင်တော့သော ကြောင့် နှုတ်ဆက်၍ ထိုနေရာမှ ထခဲ့လေ၏။



အီဗာသည် မိမိအခန်းကိုပြန်ခဲ့၏။ မိမိအနေဖြင့် အထူးအဆန်းဖြစ်ပြီး စိုက်ကြည့်နေသော မျက်နှာနှစ်ခုကို ဆက်လက်၍ ရင်ဆိုင်ရန် ခက်ခဲနေ၍ ထလာခြင်းဖြစ်သည်။

အခန်းထဲ၌ အီဗာ အသက်ရှူကျပ်၍နေလေသည်။ ရာသီဥတုကလည်း ပူလှ၏။ အလွန်နိမ့်လှသော ပြူတင်းမှ လေကောင်းလေသန့်ကလည်း ကောင်းစွာမရ၍ ဖြစ်လေသည်။ အီဗာက မိမိဝတ်စုံကိုချွတ်၍ သပ်ရပ်စွာ ခေါက်ပြီး မိမိအနား၌ ချထားလိုက်သည်။ ထို့နောက် ခြေသံများကြား၍ ဖရောရှမစ်လာနေခြင်းဖြစ်သည်ကို နားလည်လိုက်သည်။ ဖရောရှမစ်သည် စကားထပ်ပြောရန် လာနေခြင်းဖြစ်သည်။

ဖရောရှမစ်သည် ဖွင့်ထားသောတံခါးကို အသာအယာခေါက်ပြီး တံခါးဝမှ ခေါင်းပြူ၍ကြည့်နေ၏။ သူ့ဟန်မှာ တွင်းဝမှခေါင်းထွက်လာသော ကြွက်နှင့်ပင် တူသေးတော့၏။

ဖရောရှမစ်က

"ဒီအခန်းက ရှင်ဖို့ သိပ်ကျဉ်းနေရင် တစ်မျိုးတစ်ဖုံ စီစဉ်ရအောင်လေ၊ ယူဂျင်ကလည်း ပြောနေတယ်၊ ရှင့်အခန်း သိပ်ကျဉ်းနေရင် တစ်မျိုးတစ်ဖုံ စီစဉ်ပေးဖို့ပေါ့…"

အီဗာက

"ကျေးဇူးတင်ပါတယ်… ဖရော"

ဖရောရှမစ်က

**"လိုချင်တာကို လုပ်ပေးဖို့ အဆင်သင့်ပဲနော်… ကဲ–ဂွတ်နိုက်"**

တံခါးသည် ပြန်၍ပိတ်သွားပြန်လေသည်။

အီဗာက အခြေအနေကို ကောင်းစွာနားလည်သွားလေ၏။ ဖရောရှမစ်အနေဖြင့် ဤအိမ်သို့ ရောက်လာသော မိန်းကလေးတစ်ယောက်ကို လက်ခံရာတွင် သိပ်လိုလားခြင်းမရှိသော်လည်း ယခု အခြားအခန်းတစ်ခန်းကို စီစဉ်ပေးရန် လာပြောသည်မှာ အကြောင်းထူးရှိသည်။ ဤသည်မှာ ဟားရစ်ဟစ်တလာနှင့် မိမိစကားပြောခဲ့ရသည်ဟု ဆိုသဖြင့် သူတို့က အထူးတလည် ဂရုတစိုက်လုပ်ကြခြင်း ဖြစ်လေသည်။

"ငါ့အနေနဲ့ အခန်းကြီးကြီးလည်း မလိုပါဘူးလေ။ အိပ်နိုင်ရုံရရင် တော်ပါပြီ"

ဟု အီဗာက တွေးနေလေသည်။

ထို့နောက် အီဗာသည် အိပ်ရာသို့ ဝင်ခဲ့၏။ ယခုမှ အီဗာက အိမ်ကို သတိရ၍ငိုနေလေသည်။ အီဗာသည် အိမ်မှာတုန်းက မိမိအခန်း ပြူတင်းဝ၌ အနံ့သင်းလာသော နှင်းဆီပွင့်ကလေးများကို လွမ်း၍လည်း ငိုမိသည်။ တောင်ကြားမှ ကျောက်ဆောင်ကျောက်ခက်ကလေးများကို တိုးဝှေ့တိုက်ခတ်လာသော လေကောင်းလေသန့်ကလေးများကိုလည်း သတိရ၏။ ယခုလို ညအခါဆိုလျှင် မိမိအခန်းကို ဝင်လာပြီး သမီးချစ်ကို အကြိမ်ကြိမ်နမ်းသော အမေ့ကို ပို၍သတိရလေသည်။ ယခုတော့ အမေ၏ အနမ်းကလေးများကို မရနိုင်တော့ပြီလေ။

အိပ်ရာ၌ လှဲ၍နေရင်းမှ ဆေးတံကြီးကို ကိုက်ထားသော တောထဲမှ ခြေသလုံးအိမ်တိုင် မိန်းမအိုကြီးပါ မျက်စိထဲမြင်လာလေသည်။ ဤမိန်းမကြီးကားမိမိ၏လက်ထပ်ပွဲနှင့် သေပွဲဝင်ခြင်းကို တစ်ဆက်တည်း ဟောကိန်းထုတ်ခဲ့သူဖြစ်သည်။

အီဗာ၏စိတ်မှာ လွင့်ပါး၍သွား၏။ တောင်တန်းရှိ တဲငယ်အတွင်းမှ အင်္ဂလိပ်လူငယ်တစ်ဦး၏ **"ဘဝမှာ အသေချာဆုံးကတော့ သေခြင်းပဲ"** ဆိုသည့် အဘိဓမ္မာကိုပါ ကြားယောင်နေတော့သည်။

ဘယ်လောက် ကြောက်စရာကောင်းလိုက်ပါဘိသလဲ။ သူ့အနေဖြင့် ဘဝမှာ အသေချာဆုံးအရာတွေကို မသိဟုထင်သည်။ သေခြင်းတရားလို သေချာသည့်အရာတွေ အများကြီးရှိပါသေးသည်။ ဥပမာ... ချစ်ခြင်းမေတ္တာ စသည်တို့ဖြင့်...

အချိန်အတော်ကြာမှပင် အီဗာအိပ်ပျော်သွား၏။

နောက်တစ်နေ့နံနက်တွင် အီဗာသည် ဓာတ်ပုံဆိုင်သို့ အလုပ်ဝင်ရန် ထွက်လာခဲ့သည်။ အီဗာက သူငယ်ချင်း အာနာမှာ မိမိအလုပ်ဝင်စတွင် မိမိအနားတွင် ရှိမည်ဟုထင်မိလေသည်။ သို့သော် အာနာမှာ တစ်ချိန်လုံး မလာခဲ့ပေ။

အီဗာမှာ အစတွင်ပင် အခက်အခဲတွေ့ရတော့၏။ ဟိန်းရစ်မှာ စိတ်အလွန်တိုတတ်ပြီး မသိနားမလည်၍ မေးခွန်းများ ချက်ချက်းပြန်မေးသည်ကို မကြိုက်ဘဲ ရှိနေတတ်သည်။

ဓာတ်ပုံဆိုင်မှာ လေကောင်းကောင်းရသည်ဟု ထင်ရသော်လည်း



မီးများဖွင့်လိုက်သောအခါ အပူရှိန်ပြင်းလာလေသည်။ အပူရှိန်မှာတဖြည်းဖြည်း မခံမရပ်နိုင်အောင် ဖြစ်လာလေသည်။

အလုပ်အပ်သူများမှာ တဖြည်းဖြည်းများသည်ထက် များလာ၏။ မမျှော်လင့်ဘဲနှင့်လူတွေအများကြီးနှင့် စကားပြောနေရတော့သည်။ လက်ထပ်ရန်သွားမည့် သတို့သမီးများမှာ ခြွေရံသင်းပင်းများနှင့် ဝတ်စုံများ ဆင်ယင်၍ ရောက်လာလေသည်။

မြို့တော်ဝန်ဆိုသော လူငယ်တစ်ဦးရောက်လာသည်။ သူ့ခေါင်းကို အခမ်းအနားအတွက် အစွမ်းကုန်ဖြီးသထားလေသည်။ သူ့ကိုကြည့်၍ အလွန်ခမ်းနားထယ်ဝါသူဟု သိသာရ၏။ သူ့ကိုယ်သူ အရေးပါသူတစ်ယောက်ဟုလည်း ကြွားဝါလိုဟန်ရှိသည်။ ဟိန်းရစ်ကိုယ်တိုင်ပင် သူ့ကို အရေးတယူဖြစ်နေသည်။ ဓာတ်ပုံဆိုင်လုပ်သား လူငယ်များမှာ သူ့ဓာတ်ပုံရိုက်ရန်အတွက် ကသီလင်တ ပြင်ဆင်နေကြ၏။ အီဗာက သူတို့လို အထူးတလည်မလုပ်မိ။ မြို့ဝန်ပြန်သွားသောအခါ ဟိန်းရစ်မှာ များစွာ မကျေမနပ်ဖြစ်တော့သည်။ အီဗာမှာ ငိုရုံမှအပ ဘာမျှမတတ်နိုင်။

အီဗာ မသိသောအရာတွေ အများကြီးရှိသေးသည်ကိုး။ အီဗာမှာ လူပေါင်းစုံနှင့် ဆက်ဆံနေရ၏။ တစ်ခါတစ်ရံတော့လည်း မိမိမသိတာတွေကို လေ့လာ၍မကုန်ဆုံးနိုင်ပါကလားဟု အံ့သြရလေ၏။ အီဗာက သူမ၏ စားပွဲမှ မထတမ်းအလုပ်လုပ်၏။ ကြာသော် ခြေထောက်များမှာ မလှုပ်မရှား ရ၍ ကိုက်ခဲလာသည်။ အီဗာက နေ့လယ်စာကို လမ်းထဲရှိ ကဖီးဆိုင်တစ်ဆိုင်၌ စားသောက်ရလေသည်။ သို့သော် စားကောင်းလှသည် မဟုတ်ပေ။ အီဗာသည် အမေ၏လက်ရာကောင်း ဟင်းလျာတွေကို သတိရလေသည်။

ဤသို့ဖြင့် တတိယနေ့သို့ ရောက်လာသောအခါတွင် အီဗာသည် အမေ့အိမ်ကို ပြန်ပြေးချင်လာ၏။ လေကောင်းလေသန့်ကို ရှူချင်လာ၏။ တောင်ကြား၏ အငွေ့အသက်နှင့် ရှခင်းသာကို တမ်းတလာမိလေသည်။ အမေ့ကိုလည်း တွေ့ချင်လာ၏။ ချစ်သူကာတ်ကိုလည်း သတိရနေမိသည်။

အီဗာက အာနာကို ပြောလိုက်၏။

"ကိုယ် ခေါင်းကိုက်နေတယ်ကွာ..."

အာနာက အီဗာကို နှစ်သိမ့်သည်။

"လေပြောင်းလေလွှဲမဲ့မို့ပါ။ မြူးနစ်ကိုရောက်လာရင် ဒီလိုပဲဖြစ်တတ်ကြတာပဲ။ ဒီမှာက နည်းနည်းကျဉ်းကျပ်တယ် မဟုတ်လား။ ဒီလိုဖြစ်တာ မဆန်းဘူး။ နောက်တော့ သက်သာသွားပါလိမ့်မယ်ကွာ"

ဟုတ်ပါသည်။ ခေါင်းကိုက်သည်မှာ မြို့တော်ကိုငြီးငွေ့စေသော အပူဒဏ်ကြောင့်ပင် ဖြစ်ပေလိမ့်မည်။

စတုတ္ထနေ့ညနေပိုင်းတွင် အိမ်သို့ ပြန်လာသောအခါ ဖရောရှမစ်က အီဗာ၏အခန်းသို့ လှမ်းကြည့်သည်။ ယူဂျင်ကလည်း နေရာမှထ၍ အီဗာကို ဂရုတစိုက် အလေးပြုလေသည်။ သူ့ဟန်ပန်မှာ အဓိပ္ပာယ်မရှိ၊ သရော်လှောင်ပြောင်သည့်ဟန် ပါနေ၏။

အီဗာအနေဖြင့် တစ်နေ့လုံး ဟိန်းရစ်၏ဓာတ်ပုံဆိုင်တွင် ပျာလောင်ခတ်၍ အလုပ်လုပ်ခဲ့ရသည်မှာ များစွာပင်ပန်းခဲ့၏။ သို့သော် အိမ်သို့ ညဥ့်အချိန်တွင် ပြန်လာရသည်ကပင် မိမိအဖို့ သည်းမခံနိုင်အောင် စိတ်ဆင်းရဲရသည်ဟု ထင်သည်။

ဖရောရှမစ်က

"ရှင့်ဖို့ စာတစ်စောင် ရောက်နေယ်။ စားပွဲပေါ်မှာ..."

အီဗာကိုလာပြော၏။ အီဗာအနေဖြင့် စာမျှော်စရာ လုံးဝမရှိပေ၊ အီဗာသည် ဓာတ်ပုံဆိုင်မှ အလွန်ဝေးကွာသောနေရာ၌နေရသည်ကို ရှာရှိလူများအား တစ်စုံတစ်ရာ အသိမပေးခဲ့ပေ။ အမေသိလျှင် မိမိအတွက် စိုးရိမ်ပူပန်မည်စိုး၍ ဖြစ်လေသည်။ ထို့ကြောင့် မိမိအိမ်လိပ်စာဖြင့် စာထည့်ရန် မည်သူ့ထံကိုမျှ အကြောင်းမကြားခဲ့ပေ။

အီဗာသည် စာကိုယူ၍ ဟိုလှန်သည်လှန်ကြည့်နေ၏။ စာမှာ စကြာတံဆိပ်ရိုက်ထား၏။ အီဗာသည် မိမိအားကြည့်နေကြသော ဖရောရှမစ်တို့ သားအမိ၏ မျက်လုံးအစုံ၏ဘေးရန်မှ လွတ်ကင်းစေရန် မိမိ၏ အခန်းကျဉ်းကလေးထဲသို့ ပြန်လာပြီးလျှင် လူသေအလောင်းတင်စင်နှင့်တူသော အိပ်ရာငယ်ကလေးပေါ်၌ ထိုင်လိုက်သည်။

ထို့နောက် မိမိ၏ရင်ထိုးမှ အပ်ကလေးဖြင့် စာအိတ်အဖုံးကို အသာအယာခွာလိုက်လေ၏။ စာထဲတွင် ရေးသားထားသည်မှာကား။

"ခင်မင်သော ဖရောလင်...

ဟားရ်ဟစ်တလာက ခင်ဗျားကို ယနေ့ညဥ့် ရနာရီမှာ သူ့အိမ်ကို



လာရောက်ပြီး ညစာစားဖို့ ကျွန်တော့်ကို ဖိတ်ကြားခိုင်းပါတယ်။ သူ့ရဲ့ ကားကို ခင်ဗျားကိုကြိုဖို့ လွှတ်လိုက်ပါ့မယ်။ သို့မဟုတ်လျှင် ခင်ဗျား အတွက် လမ်းရှာဖွေရန် ခက်ခဲနေပါလိမ့်မယ်"

စာဖတ်ပြီးသောအခါ အီဗာသည် အံ့အားသင့်လျက်ရှိလေ၏။ အပြင်ဘက်တွင် ညနေခင်း၏ထုံးစံအတိုင်း လမ်းမကြီးများ၌ လှုပ်ရှားသွားလာသူများနှင့် ပြည့်နေ၏။ အီဗာက တွေးမိလေသည်။

**"လွယ်လွန်းတော့လည်း မိုးကောင်းကင်ကကြယ်ကို ဆွတ်ဖို့တောင်မှ မခက်ခဲလှပါကလား..."**

✡✡✡

# ညစားပွဲ

အီဗာသည် အချိန်အနည်းငယ်အတွင်းမှာပင် အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ရလေသည်။ အီဗာက ဖရောရှမစ်ထံမှ မီးပူငှား၍ မိမိ၏ဝတ်စုံကို အမြန်ဆုံး မီးပူထိုးရလေသည်။ ဝတ်စုံမှာ အပြာရောင်ပိုးထည်ဖြင့် ချုပ်ထားသည်။ အီဗာ၏ကိုယ်နှင့် တစ်တစ်ရစ်ရစ်ဖြစ်အောင် ချုပ်ထားသဖြင့် ကိုယ်လုံးအလှကို ပေါ်လွင်စေသည်။

ဘော်လီအင်္ကျီမှာ ရွှေချည်ထိုး ပန်းပွင့်ကလေးများဖြင့် အကွက်ဖော်ထား၏။ ယင်းဘော်လီအင်္ကျီမှာ အီဗာ၏အကြိုက်ဆုံး အင်္ကျီပင်ဖြစ်လေသည်။

အမေ့အိမ်မှာ နေစဉ်ကတော့ အီဗာက မိမိ၏ဝတ်စုံမှာ ခေတ်အမီဆုံး၊ ခေတ်အဆန်းဆုံး ဝတ်စုံတစ်စုံဖြစ်သည်ဟု ထင်ပြီး သွေးကြွခဲ့ဖူးသည်။ သို့သော် မြူးနစ်မြို့တော်မှာတော့ မိမိ၏ဝတ်စုံထက်သာသော ခေတ်ဆန်သော အဝတ်အစားတွေ အများကြီးရှိမည်ကို အီဗာနားလည်ထားပါသည်။

"ဒီဝတ်စုံကတော့ တော်တော်ကောင်းတယ်"

အီဗာက ဖရောရှမစ်ကို ပြောလိုက်၏။ ဖရောရှမစ်က အီဗာ၏ လှပ်ရှားနေဟန်ကို ကြည့်နေရုံမှအပ ဘာမျှပြန်မပြောပေ။ အီဗာက ဝတ်စုံကို လက်မောင်းပေါ်သို့တင်၍ ထွက်သွားလေ၏။

အီဗာသည် မိမိဆံပင်ကို သေချာစွာ ဘီးနှင့်ဂရုတစိုက်ဖြီး၍ ပိုးသားလက်ကိုင်ပဝါဖြင့် ပွတ်တိုက်နေ၏။ အီဗာက ယခင်ကလို ဆံပင်ကို အခွေကလေးတွေ မလုပ်လိုတော့ပေ။



အီဗာသည် မိမိအား ကြိုဆိုလာမည့်ကားကို စောင့်နေရင်း အဖြစ်အပျက်မှာ ဟုတ်မှဟုတ်ပါလေစဟုပင် သံသယဖြစ်နေတော့သည်။ ဖြစ်ရပ်မှာ အိပ်မက်တစ်ခုထက်ပင် ပို၍ထူးဆန်းပြီး မယုံနိုင်စရာဖြစ်နေ၏။ ဟစ်တလာကဲ့သို့ ထိပ်ဆုံးလူက လူတစ်ဦး၏ ညစာစားပွဲကို အထူးဖိတ်ကြားခြင်းခံရသည်မှာ အမှန်တော့လည်း ယုံနိုင်စရာ ဘာမျှမရှိပေ။ ဟားရ်ဟစ်တလာ၏ အိမ်တော်သို့ တစ်ဦးတည်း ဧည့်သည်တော်အဖြစ် မိမိအား ဖိတ်ကြားခံရခြင်းမှာ မိမိစိတ်ကူးယဉ်ခဲ့သည်များထက် များစွာမြင့်မားနေ၏။ ဂုဏ်ယူဖွယ်လည်းကောင်းလှပါဘိတော့သည်။

**ဘယ်လိုများ ဖြစ်ပါလိမ့်၊ ငါဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းကလေးတစ်ယောက် ဖြစ်နေပါပေါ့လားဟုလည်း အီဗာက တွေးနေမိလေ၏။**

အကြိုလွှတ်သော ကားနက်ကြီးမှာ အချိန်အတိအကျ ရောက်လာလေသည်။ ကားကိုမောင်းလာသော ဟစ်တလာ၏ အထူးတပ်သား လျှို့ဝှက် ပုလိပ်အဖွဲ့ရဲဘော်၏ မျက်နှာမှာ ကျောက်ရုပ်ထုတစ်ခုနှင့်ပင် တူသေးတော့၏။

သူက အီဗာကို ကားတံခါးဖွင့်ပေးသည့်ဟန်မှာ စစ်ဟန်ပါလှသည်။ သူ့မျက်လုံးများမှာ အထူးတလည် ဘာမျှလှုပ်ရှားမပြ၊ တည်ငြိမ်လွန်းလှ၏။ ဖရောရှမစ်သည် အိမ်ထဲရှိ တံခါးကြားမှချောင်း၍ မိမိအားကြည့်နေမည်ကို အီဗာက အလိုလိုသိနေသည်။ ဖရောရှမစ်သည် ပြူတင်းတံခါးကြားမှ အံ့သြငေးမောနေမည်။ ပါးစပ်ဟောင်းလောင်းနှင့် ရှိနေပေလိမ့်မည်။

ကားသည် အိမ်တံခါးဝမှ ထွက်လာခဲ့၏။ လမ်းကျယ်သို့ ကွေ့ချိုး၍ ထွက်လာသည်။ အတော်ကြာ မောင်းလာပြီးသောအခါ ကားသည် အိမ်ကြီးအိမ်ကောင်းများသာရှိပြီး တိတ်ဆိတ်ငြိမ်သက်နေသော လမ်းထဲသို့ ချိုးကွေ့လာလေသည်။ ဆည်းဆာချိန်တွင် လမ်းလျှောက်နေကြသော ချစ်သူစုံတွဲအချို့ကို လမ်းထဲ၌ တွေ့ရ၏။ သက်ကြီးရွယ်အိုများသည်လည်း အပူဒဏ်မှ သက်သာစေသောငှာ လမ်းထဲ၌ လမ်းလျှောက်ရင်း လေညင်းခံနေသည်။ စစ်သားများသည်လည်း ဆူဆူညံညံနှင့် လျှောက်သွားနေကြလေ၏။

ဤလမ်းထဲတွင် နေထိုင်ကြသူများမှာ ပညာတတ်အထက်တန်းလွှာ

ပိုင်းမှ ဖြစ်ကြ၏။ အချို့တို့မှာ မိမိတို့အရည်အချင်း အဆင့်အတန်းနှင့် ကိုယ်ပိုင်အလုပ်တို့ကို ဖော်ပြသော ဆိုင်းဘုတ်များ ဆွဲထားကြသည်။

ကားသည် ဟစ်တလာနေထိုင်သော အိမ်ရှေ့တွင် ရပ်လိုက်လေ၏။ တံခါးကို အနက်ရောင် ယူနီဖောင်းဝတ်ထားသော ရဲဘော်တစ်ဦးက ဖွင့်ပေး၏။ သူ၏အင်္ကျီကော်လာတွင် စကြာတံဆိပ်တပ်ဆင်ထားသည်ကို တွေ့ရသည်။ သူသည် အီဗာကို မပြုံးမရယ်နှင့် ကြည့်လိုက်သည်။ တွေ့သမျှ သူတို့၏ဟန်မှာ စစ်ဟန်စစ်မာန်ပါနေသော်လည်း အီဗာအား အိမ်ထဲသို့ ခေါ်ဆောင်သွားသူမှာ အီဗာအပေါ် နူးညွတ်ပျော့ပျောင်းသည့်ဟန်ပါသည်။

အီဗာသည် အညိုရောင်ကော်ဇောကြီး ခင်းထားသော အခန်းကျယ်ကြီးတစ်ခန်းကို ဝင်လာ၏။ ဘာအရုပ်ကားမှ မရှိသောနံရံပေါ်တွင် တစ်ခုတည်းသော ဟစ်တလာ၏ ရုပ်ပုံကားကြီးကို တွေ့ရ၏။ ရုပ်ပုံထဲမှ ဟစ်တလာသည် အီဗာကို စိုက်ကြည့်၍ အမိန့်ပေးနေသလိုလို။

ကော်ဇော်ညိုနှင့်ကြမ်းပြင်ကို ပနာရစေအောင် သူဝတ်ဆင်ထားသော ယူနီဖောင်းမှာ အနက်ရောင်ဖြစ်သည်။ သူ့ဟန်မှာ အားလုံးကို လွှမ်းမိုးနေသည့်မာန် ပါလှသည်။ ထိုအခန်းကို အီဗာက ဖြတ်ဝင်သွားပြီးနောက် လှုသွားလမ်းကြားတစ်ခု တွေ့ရ၏။ အခန်းမှာ အလွန်လှပ၍ ရှည်လျားပြီး နံရံမြင့်မြင့်ဖြစ်သည်။ နံရံပေါ်တွင် အကောင်းဆုံးပန်းချီကားကို ချိတ်ဆွဲထားပြီးလျှင် အခန်းထဲရှိစားပွဲပေါ်၌ လှပသော ပန်းအိုးကြီးများကို ပန်းအပြည့်နှင့် တွေ့ရသည်။

အခန်းထောင့်မှ အရွယ်လတ်လတ် မိန်းမတစ်ယောက် ထွက်လာသည်။ သူမ၏ ဝတ်စုံမှာ ရိုးရိုးပင်ဖြစ်လေသည်။

"ကျွန်မ ဟားရ်ဟစ်တလာရဲ့အစ်မပါ"

ထိုအမျိုးသမီးက ပြော၏။

"ကျွန်မနာမည် ဖရောရော်ဘဲလ်..."

"ဟုတ်ကဲ့... တွေ့ရတာ အများကြီးဂုဏ်ယူပါတယ်"

အီဗာက ပြန်၍ပြောရသည်။

"မှန်ပါတယ်၊ တွေ့ရတာ ဂုဏ်ယူစရာပါပဲ"

ဖရောရော်ဘဲက ပြောပြောဆိုဆိုနှင့် ပန်းထိုးထားသော အဖိုးတန်ဘရိုကိတ်အထည်များ ဖုံးလွှမ်းထားသည့် ဆိုဖာကြီးများပေါ်၌ ထိုင်ရန်



ညွှန်ပြ၏။ အခန်းထဲ၌ ပြင်ဆင်ထားသမျှတို့မှာ အမျိုးသမီးကြိုက် မိန်းမမျက်စိဖြင့်ကြည့်၍ ပြင်ဆင်ထားခြင်းဖြစ်ပြီး တစ်ဖက်ခန်းနှင့်သော်လည်းကောင်း၊ ယူနီဖောင်းအနက်များနှင့်သော်လည်းကောင်း လုံးဝဆန့်ကျင်ဘက်ဖြစ်အောင် နူးနယ်လှပနေ၏။

အီဗာက ထိုင်လိုက်၏။ သို့သော် အီဗာမှာ ယခုမှပင် များစွာ အနေခက်နေသည်။ ဘာစကားပြော၍ ဘာဆက်လုပ်ရမည်ဟုပင် မိမိ သေချာစွာမသိပါချေ။ ခဏမျှသာ အချိန်အတွင်း၌ အီဗာသည် မိမိကိုယ်ကို အားပေး၍ စကားအနည်းငယ် ပြောနိုင်၏။ နွေနှောင်းရာသီအကြောင်း၊ ဘာဗေးရီးယား တောင်ကြားဒေသအကြောင်း၊ တောင်တက်ခြင်းအကြောင်း စသည်များကို ပြောပြနေမိလေ၏။

မကြာမီ တံခါးမကြီး ပွင့်သွား၏။ မိန်းမပျိုလေးတစ်ဦး ဝင်လာလေသည်။

"သူက ကျွန်မရဲ့သမီး ဂီလီပဲ"

ဖရောရော်ဘဲလ်က ယခုထိ မပြုံးမရယ်ဘဲ ပြောပြ၏။

"သမီးက ကျွန်မနဲ့ အမြဲတမ်းနေတယ်။ ကျွန်မသမီး ဖရိုက်ဆိုတာ ရှိသေးတယ်လေ။ ဖရိုက်ကတော့ အားလပ်ရက်ဆိုရင် အိမ်မှာ ဘယ်တော့မှ မနေဘူး။ သမီးဂီလီက သိပ်မကျန်းမာဘူး။ ဒါကြောင့် အားလပ်ရက်တွေမှာ ဘယ်မှ မသွားဖြစ်တာလေ"

အခန်းထဲသို့ ဝင်လာသော အမျိုးသမီးငယ်မှာ အီဗာနှင့် သက်တူရွယ်တူမျှပင်ဖြစ်၏။ သို့သော် အသက်ငယ်သည်ဟု ထင်ရအောင် ပြင်ဆင်ထားသည်။ အမျိုးသမီးငယ်သည် အီဗာကိုကြည့်၍ ပြုံးရုံပင်မပြုံး၊ ပြုံးမှ ပြုံးတတ်ပါရဲ့လားဟု ထင်စရာပင် ဖြစ်တော့သည်။

"ဂီလီက သိပ်ပျော့တာရှင့်"

ဖရောရော်ဘဲလ်က ထပ်၍ပြောနေပြန်သည်။ အီဗာက ဘာမှပြန်မပြောဘဲ နေ၏။ ထိုခဏတွင် အီဗာခေါင်းထဲသို့ ဟစ်တလာနှင့် သူ့မိသားစုအကြောင်း တစ်ဆင့်စကား ကြားထားရသော အရုပ်သတင်းတွေက တစ်ခုပြီးတစ်ခု ပြန်ဝင်လာ၏။ အီဗာ ကြားဖူးထားသော အရုပ်စကားတွေမှာ ကျယ်ကျယ်ပြောရခြင်းကြောင့်မဟုတ်။ တစ်ယောက်စကားတစ်ယောက် နားကို တိုးတိုးပြောကြရာမှ သိခဲ့ကြရခြင်းဖြစ်၏။ ဟစ်တလာ၏ အဖေတူ

အမေကွဲ အစ်မဖြစ်သူ ဖရောရော်ဘဲလ်က ဟစ်တလာ၏အိမ်ကို ကွပ်ကဲဦးစီးနေကြောင်း။ ထို့အပြင် ထိုအိမ်၌ပင် ဟစ်တလာ၏ တူမချောတစ်ဦးနေကြောင်း။ ထိုတူမကို ဟစ်တလာက အချစ်ဆုံးဖြစ်ကြောင်းစသဖြင့်ကြားဖူးထား၏။ အီဗာအနေဖြင့် ထိုအရပ်စကားများမှာ ထိပ်ဆုံးက လူတွေနှင့် ပတ်သက်၍ မကြာခဏ ကြားနေကျဖြစ်၍ ခေါင်းထဲသို့ဝင်လာသောအတွေးကို ပျောက်လိုက်ရလေသည်။ ထို့ကြောင့် အခန်းထဲရှိ အဖိုးတန်ပန်းချီကားများ အကြောင်းကို အီဗာက ဆက်၍ပြောနေရ၏။ နောက်ဆုံးစကားပြောစရာအကြောင်းရပ် မရှိတော့သဖြင့် တစ်ယောက်နှင့်တစ်ယောက်ထိုင်ကြည့်နေကြတော့၏။

မကြာမီခပ်ဝေးဝေးမှ အခန်းတံခါးပွင့်လာပြီး တံခါးဝ၌ ဟစ်တလာရပ်နေသည်ကို တွေ့ရ၏။ သူက လက်ကိုမြှောက်၍နှုတ်ဆက်၏။ သူ့ဟန်မှာ အာဏာရှင်၏ရုပ်လက္ခဏာ အပြည့်ရှိ၍ ခန့်ညားလှသည်။ ချက်ချင်းပင် မိန်းမတစ်စုက နေရာမှ စက်ရုပ်ကိုသံပတ်ပေးလိုက်သလို ထရပ်လိုက်ပြီး လက်မြှောက်အရိုအသေပေးလိုက်ကြလေ၏။

**"ဟေး... ဟစ်တလာ"**

အဒေါ့ဖ် ဟစ်တလာက အခန်းထဲဝင်လာသည်နှင့် သူ့နောက်က တံခါးမှာ ပိတ်သွား၏။ သူသည် သူ၏အနုပညာဆန်လှသော လက်နှစ်ချောင်းကို ပွတ်လျက်လျှောက်လာသည်။ သူက အနည်းငယ်သာ ပြုံး၏။ ထို့နောက် နှစ်လိုဖွယ်အကြည့်ဖြင့် လှမ်းကြည့်လိုက်၏။

"အလွန်ပျော်စရာကောင်းတဲ့ အခမ်းအနားတစ်ခုပါပဲ"

ဟစ်တလာက စတင်စကားပြောရင်း သူတို့နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်ကြီးတွင် ဝင်၍ထိုင်လိုက်လေသည်။ သူထိုင်လိုက်ခြင်းမှာ အခြားသူများကိုပါ ထိုင်ကြစေရန် ခွင့်ပြုသော အထိမ်းအမှတ်ပင်ဖြစ်၏။ သူတို့အားလုံး ပြန်ထိုင်လိုက်ကြသည်။ အီဗာက ဟစ်တလာ ထိုင်လျှင်ထိုင်သလို၊ ထလျှင်ထသလို လိုက်ပါပြုမူရမည့် အလေ့အကျင့်ကို ချင်ချင်း နားလည်လိုက်သည်။

သူ့တွင် အာဏာအပြည့်အဝရှိသည်။ သူရွေးချယ်သည့်အကြောင်းရပ်ကို တခြားလူတွေ လိုက်လုပ်၏။ သူ အမိန့်ပေးသမျှကို တခြားလူတွေက ချင်ချင်းရေးမှတ်၍ တစ်သွေမတိမ်းပင် လိုက်လံဆောင်ရွက်ကြရသည်။



နိုင်ငံတွင်းရှိ လူတွေနေနိုင်ရေးအတွက် သူ့ပါးစပ်မှ ထွက်သမျှကို လိုက်လုပ်ပြီးလျှင် သူ့အစီအစဉ်အတိုင်းသာ အကောင်အထည်ဖော်ကြရ၏။ သူကား အာဏာရှင်ပေကိုး။

ဟစ်တလာကား စကားစပြော၏။ ပန်းတွေအကြောင်း၊ ရုပ်ရှင်အကြောင်း၊ နေ့အခါ အလွန်ပူကြောင်း၊ ညနေခင်းဆိုလျှင် အလွန်သာယာသည့်အကြောင်း စသည်ဖြင့်ပြောပြနေ၏။

ထို့နောက် ဟစ်တလာသည် နေရာမှ ရုတ်တရက်ထလိုက်၏။ သူတို့အားလုံးလည်း လိုက်ပြီးထလိုက်လေသည်။

"ကဲ– ကျုပ်လည်း ဆာပြီ၊ ညစာပြင်ပြီးပြီလား"

ဟစ်တလာက မေးလိုက်၍ ဖရောရော်ဘဲလ်က ခေါင်းညိတ်၍ပြလိုက်သည်။

"ကျွန်မ အခုချက်ချင်း သွားစီစဉ်လိုက်ပါ့မယ်"

ဖရောရော်ဘဲလ်က ဆို၏။

ထို့နောက် သူမသည် ခွင့်တောင်း၍ တံခါးဆီသို့ လျှောက်သွားလေ၏။

ဖရောရော်ဘဲလ် မကြာမီပြန်လာ၍ ညစာအဆင်သင့်ဖြစ်နေကြောင်းပြော၏။ ဟားရ်ဟစ်တလာက နေရာမှထ၍ ဦးဆောင်ပြီးထွက်သွားသည်။ သူတို့သည် စောစောက အခန်းထက်ငယ်သော အခန်းတစ်ခုထဲသို့ ဝင်သွားသည်။အခန်းတစ်ဖက်၌ လသာဆောင်ရှိပြီး ထိုလသာဆောင်လက်ရမ်းပေါ်၌ လှပသော တော်ဝင်ပန်းများကို ပန်းအိုးများနှင့် တွေ့ရလေ၏။

ဟားရ်ဟစ်တလာသည် စားပွဲထိပ်မှရပ်၍ နာဇီအလေးပြုနည်းဖြင့်အလေးပြုလိုက်၏။ ထို့နောက် အမျိုးသမီးသုံးဦးက ပြန်၍အလေးပြုလိုက်သည်။ ဟစ်တလာက စားပွဲထိပ်မှ နေရာယူပြီး ထိုင်လိုက်တော့မှပင် သူတို့လည်း ဝင်ထိုင်ကြလေ၏။

အီဗာက ပတ်ဝန်းကျင်ကို လှည့်၍အကဲခတ်ကြည့်လိုက်၏။ စားပွဲပေါ်တွင် ကြက်ကလေးသားနှင့် ဆလတ်ရွက်သုပ်၊ ပင်လယ်ငါးသလောက်ဟင်းတို့ကို အမျိုးသမီးများအတွက် သီးသန့်ချက်ထားသည်ကို တွေ့ရ၏။ ဟစ်တလာ၏ရှေ့တွင်မူကား ဆလတ်ရွက်၊ ခရမ်းချဉ်သီးစသော ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များ သက်သတ်လွတ် ချက်ထားသည့်

ဟင်းများကို တွေ့ရလေ၏။ နွားနို့ ဒိန်ခဲများကိုလည်း စားပွဲပေါ်၌ တွေ့ရသည်။ တစ်ဖက်၌ ပန်းကန်ပြားကြီးနှင့် ကရင်းကိတ်မုန့်များနှင့် အခြားအချို့ စားသောက်ဖွယ်ရာများ ထည့်ထားသည်ကိုလည်း မြင်ရသည်။

ဟစ်တလာက အီဗာကို လှမ်းကြည့်၍ ရယ်လိုက်ပြီး ဤဟင်းလျာအစီအစဉ်မှာ မိမိ၏အကြံပေးချက်ဖြင့် စီစဉ်ချက်ပြုတ်ကြောင်း၊ နောက်ထပ် ပက်ပါးမင့် လက်ဖက်ရည်ကိုလည်း စီစဉ်ထားကြောင်း ပြောပြနေလေ၏။

ဟစ်တလာ၏ဟန်မှာ ပေါ့ပါးဖျတ်လတ် ရွှင်ပျ၍နေလေသည်။ တစ်နေ့တာမျှ တာဝန်ကြီးမားစွာ ထမ်းဆောင်ခဲ့ပြီးသူတစ်ယောက်ပီပီ အားလပ်ချိန်တွင် ရွှင်ရွှင်ပျပျနှင့် စကားအသွက်ဆုံးဖြစ်လေ၏။ သို့သော် အခြေအနေမှာ ဤအတိုင်းမသွားပါချေ။

တောင့်တင်းသော အနက်ရောင်ယူနီဖောင်းကို ဝတ်ဆင်ထားသော သူတစ်ယောက်သည် ပန်းကန်ပြားတစ်ချပ်ထဲ၌ စာတစ်စောင်ထည့်ယူလာပြီး ဟစ်တလာကို လာပေး၏။ ဟစ်တလာက ထိုလူထံသို့ ဂရုတစိုက်ကြည့်ပြီး စာကိုယူ၍ဖွင့်ဖတ်နေသည်။ သူသည် စာဖတ်နေရင်း နဖူးကျောကြီးကို ရှုံ့ထား၏။ ထို့နောက် သူသည် မျက်နှာကို မော့လိုက်၏။ သူ့မျက်နှာမှာ ချက်ချင်း အသွင်တစ်မျိုးပြောင်းသည်ကို အီဗာ ကောင်းစွာသတိပြုမိပြီး အံ့သြသွားလေသည်။

သူ့မျက်လုံးမှာ မီးတောက်ကဲ့သို့ တောက်ပ၍ အရောင်ထွက်နေ၏။ သူသည် တစ်စုံတစ်ရာကို အပြစ်တင် အော်ဟစ်လိုက်လေ၏။ သူ့ပါးစပ်မှာ ပြူးကျယ်သွား၏။ သူ့အော်သံမှာ မုန်တိုင်းကျလာသလားထင်ရသည်။ ရေကာတာမှရေများကျိုးပေါက်ထွက်သကဲ့သို့ အသံမှာ ဟိန်း၍ထွက်နေ၏။ သူ့ပါးစပ်ထဲမှ တံတွေးစက်များမှာ ဘေးသို့လွင့်စဉ်လျက်ရှိနေသည်။

အီဗာမှာ သူ့ကိုကြည့်၍ အဖျားတက်လာသလားဟုပင် ထင်ရ၏။ သို့သော် အီဗာက သူ့ကိုကြည့်မြဲကြည့်နေ၏။ နောက်မှ သတိဝင်လာပြီးလျှင် ထမင်းပန်းကန်ဆီသို့ ခေါင်းကိုငုံ့ထားလိုက်ရလေသည်။ အီဗာက ထမင်းကို ဆက်စားရန်ကြိုးစားသည်။ သို့သော် အီဗာမှာ စားချင်စိတ်မရှိတော့အောင် တုန်လှုပ်နေသည်။

ဟစ်တလာ ဒေါသထွက်နေပုံကို ကြည့်ရသည်မှာ ကြိုးလွတ်လာသောတိရစ္ဆာန်ကြီးနှင့်တူသည်။ ရိုးရိုးတိရစ္ဆာန်မဟုတ်၊ ရူးနေသော တိရစ္ဆာန်ကြီးလိုဖြစ်နေလေသည်။



မကြာမီ မုန်တိုင်းမှာ ရုတ်တရက်ပြန်၍ ငြိမ်သက်သွားတော့သည်။

ယူနီဖောင်းဝတ်လူသည် ပြန်ထွက်သွား၏။ ဟစ်တလာသည် ချက်ချင်း သတိပြန်လည်လာသည်။ သူက ပါးစပ်ကို လက်နှင့်သပ်လိုက်၏။ ထို့နောက် ကြိုးစား၍ပြုံးလိုက်သည်။ သူသည် စောစောက သူဘာဖြစ်ခဲ့သည်ကိုမျှ သတိမရတော့ဟန်နှင့် မက်မန်းသီးတစ်လုံးကို ကောက်ယူလိုက်လေသည်။ ပြီးနောက် သူ၏ဝါထိန်နေသောသွားများနှင့် အားရပါးရဝါးနေလေ၏။

"ကျူပ်ကို ပက်ပါးမင့် လက်ဖက်ရည်ပေးစမ်းပါ"

ဟစ်တလာက ဂီလီနှင့် သူ့အမေဖရောရော်ဘဲလ်တို့ နှစ်ယောက်လုံးကို ကြည့်၍ပြောလိုက်၏။ ချက်ချင်းပင် သူတို့သားအမိနှစ်ယောက်သည် နေရာမှထ၍ ဘာစကားမျှ မပြောဘဲ ထွက်သွားလေ၏။ ဟစ်တလာနှင့် အီဗာတို့နှစ်ဦးတည်းသာလျှင် အခန်းထဲ၌ ကျန်ရစ်ခဲ့သည်။

ဟစ်တလာက

"အီဗာ... ကိုယ်နဲ့တွေ့ရတာ ဘယ်လိုသဘောရသလဲဟင်"

ဟု မေးလိုက်၏။

အီဗာက

"ကျွန်မ သိပ်ပျော်ပါတယ်၊ သိပ်နှစ်သက်ပါတယ်။ ဂုဏ်လည်းယူပါတယ်"

ဟု ပြန်ဖြေ၏။

ဟစ်တလာက

"ကိုလည်း ပျော်တာပေါ့လေ"

ဟု ပြောနေ၏။ သူကဆက်၍

"ကိုယ့်နိုင်ငံထဲက လူငယ်လူရွယ်တွေကို ကိုယ်သိပ်စိတ်ဝင်စားတယ်၊ လူငယ်တွေအဖို့ဆိုရင် ကိုယ် ဘာမဆို လုပ်ပေးမှာပဲလေ။ အီဗာ သိပ်ငယ်သေးတာပဲ။ တို့ဟာ သိပ်ကျယ်ပြန့်တဲ့ ကမ္ဘာသစ်တစ်ခုကို ရောက်နေတယ်။ အချိန်နဲ့အမျှ ကမ္ဘာကြီးဟာ ကျယ်လာတယ်။ ကိုယ်က ကမ္ဘာကြီးကို ကိုယ့်လက်ထဲကိုရောက်အောင် ကြိုးစားနေတာပေါ့"

အီဗာက ခေါင်းကို ခပ်မြန်မြန်ညိတ်၍

**"ရှင်ဟာ တကယ့်ကို ထိပ်ဆုံးရောက်နေတဲ့လူပါပဲ ဟားရ်ဟစ်တလာ"**

ဟစ်တလာက

"မင်း... ငါ့ကို ပျော်အောင် လုပ်ပေးနိုင်မလားကွယ်"

အီဗာက ဘာမှထပ်မပြောတော့ချေ။ ဟစ်တလာ၏ မျက်လုံးများက တောက်ပနေကြ၏။ အီဗာက စကားကို အဆက်မပြတ်ပြောနေချင်သော်လည်း ဘာဆက်ပြောရမှန်း မသိ၍ ခက်နေ၏။

"ကိုယ့်နားကို လာထိုင်ပါကွယ်..."

ဟစ်တလာက အီဗာ့ကို ပြောလိုက်သည်။ အီဗာက ဟစ်တလာ၏ အနားသို့ တိုး၍ထိုင်လိုသော်လည်း မထိုင်ရဲ၍ မတိုးသွားမိ၊ ယခုတော့ ဟစ်တလာကိုယ်တိုင်က ခေါ်နေ၍ စောစောက ဂီလီထိုင်သွားပြီး ယခု လွတ်နေသော ကုလားထိုင်သို့ တိုး၍သွားထိုင်သည်။

"မင်းဟာ သိပ်လှတယ်၊ သိပ်လည်း ငယ်တယ်နော်။ မင်း ကိုယ့်ကို မခင်ဘူးလားဟင်..."

"ဟားရ် ဟစ်တလာ၊ ရှင်ဟာ တစ်ကမ္ဘာလုံးရဲ့ ခင်မင်မှုကိုရနေတဲ့ သူတစ်ယောက် မဟုတ်လား..."

အီဗာက ဤစကားကို စိတ်ထဲမှ ယုံယုံကြည်ကြည်နှင့် ပြောလိုက်ခြင်းဖြစ်၏။

"ကိုယ်တို့နှစ်ယောက် မကြာခဏ တွေ့ခွင့်ရအောင် စီစဉ်ရအောင် လားဟင်... မင်းဖို့ ငါ အထူးတလည် စီမံထားပါတယ်"

ဟစ်တလာက ပြုံး၍ပြောလိုက်၏။ ဟစ်တလာ၏အပြုံးမှာ အီဗာကို အားပေးသော အပြုံးပင်ဖြစ်သည်။

"ဟားရ်ဟစ်တလာ ကျွန်... ကျွန်မဟာ မြူးနစ်မြို့ကို ရောက်နေတဲ့ ဧည့်သည်တစ်ဦးပါ။ ကျေးတောသူတစ်ယောက်လည်းဖြစ်တော့ ကျွန်မ ကြောက်တယ်"

"ကိုယ့်ကို မကြောက်ပါနဲ့ အဗီရယ်"

ဟစ်တလာ၏ အဗီဟုခေါ်ပုံမှာ အီဗာ၏အမေက ချစ်စနိုးခေါ်သကဲ့သို့ ဖြစ်၏။ အီဗာသည် ချစ်စနိုးခေါ်၍ပြောလိုက်သည်ကို ကြားရသောအခါ ဂရုဏာစိမ့်၍ နှလုံးသည်းပွတ်မှာ တသိမ့်သိမ့်ခုန်သွားလေသည်။

"ဟားရ်ဟစ်တလာ၊ ကျွန်မ ရှင့်ကို မကြောက်ပါဘူး"

ဟစ်တလာက သူမ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ အီဗာ



က သူမမျှော်လင့်တောင့်တသည်များ တဖြည်းဖြည်းပင် ဖြစ်လာနေပါလား ဟု တွေးနေသည်။ ပြောင်းလဲမှုများကို အီဗာက သတိပြုနေမိသည်။

အီဗာက သိလိုက်သည်။ မိမိအား သူနမ်းတော့မည်ဆိုသည်ကို မပြောဘဲနှင့် စိတ်ထဲက သိနေ၏။ သို့သော် ထိုခဏတွင် အပြင်မှ တံခါးခေါက်သံကြားရပြီး သတင်းပို့သူတစ်ဦး ဝင်လာပြန်သည်။ အီဗာ နေရာက ရုတ်တရက်ထ၍ အပြင်သို့ ထွက်လာခဲ့ရလေသည်။

ဟစ်တလာက

"ကိုယ့်မှာ အလုပ်လုပ်စရာတွေ အမြဲတမ်းရှိနေတယ်။ အခုလည်း အလုပ်လုပ်စရာ ရှိနေတယ်..."

ဟု အီဗာကို ရှင်းပြသည်။

အီဗာသည် အခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့၏။ အီဗာ အခန်းတံခါးကိုဖွင့်၍ ပြူတင်းတံခါးအနီး၌ ရပ်နေ၏။ ဂီလီက အီဗာ ဘက်သို့လှည့်၍ ပြောလိုက်သည်။

"ကျွန်မ ရှင့်ကို စကားပြောစရာ ရှိတယ်"

အီဗာက

"ပြောတာပေါ့ ဖရော်လင်..."

ဂီလီက

"ဒီတစ်ကြိမ်ဟာ ရှင် ဒီအိမ်ကိုလာတာ ပထမအကြိမ်ပဲမဟုတ်လား၊ ဟုတ်တယ် မဟုတ်လား"

အီဗာက

"ဟုတ်တယ်လေ၊ ဒါ ပထမအကြိမ်ပဲပေါ့။ အံ့သြစရာကောင်းတဲ့ အိမ်ကို လာလည်ရလို့ ကျွန်မ ဂုဏ်ယူနေရပါတယ်"

ဂီလီက

"ရှင်ပြန်သွားဖို့ ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ပြန်သွားပါ။ ရှင့် တောရွာကို တစ်ခါတည်း ပြန်သွားပါ။ ကျေးဇူးပြုပြီး ဘယ်တော့မှ ပြန်မလာခဲ့ပါနဲ့။ ဒီကို ဘယ်တော့မှ ပြန်မလာဖို့ ကျွန်မ တောင်းပန်ပါရစေ"

အီဗာက

"ဘာဖြစ်လို့လဲ ဖရော်လင်၊ ဘာဖြစ်လို့လဲ၊ ရှင့်ကို စိတ်ဆိုးအောင်လည်း ကျွန်မ မလုပ်ရပါလား။ ကျွန်မ ဒီကိုလာတာလည်း ဟားရ်ဟစ်

တလာ ကိုယ်တိုင် ဖိတ်ကြားလို့ လာခဲ့တာပဲ။ ဒါကြောင့်လည်း ကျွန်မ ဂုဏ်ယူနေရပါတယ်"

ဂီလီက သူမ၏စကားကိုသာ တဖွတ်ဖွတ်ထိုး ဆက်ပြောနေမိ၏။

"ရှင့်ကို ဒီမှာမနေဖို့ ကျွန်မ တောင်းပန်ပါတယ်။ ရှင် ဒီအိမ်မှာနေရင် သေသွားလိမ့်မယ်။ ကျွန်မလည်း သေရလိမ့်မယ်။ ရှင်ကတော့ ကျွန်မ ပြောတာကို ယုံမယ်မထင်ပါဘူး။ ဒါပေမယ့် သေမင်းက ကျွန်မရဲ့အနားမှာ ရောက်နေပါပြီ။ သူလာခေါ်မယ်ဆိုတာ ကျွန်မ နားလည်ထားပါတယ်လေ"

အီဗာက အလွန်ထိတ်လန့်သွား၏။ အီဗာတွေးမိသည်မှာ ဂီလီ၌ စိတ်ထိခိုက်စရာ တစ်စုံတစ်ခု တွေ့နေပြီဆိုခြင်းပင် ဖြစ်လေ၏။ ဂီလီ၏ အမေကလည်း ပြောခဲ့သည်။ သူ့သမီး ကောင်းစွာ မကျန်းမာဟုဆိုသည်။

အီဗာက

"ဂီလီ… ရှင် ကောင်းကောင်း နေမကောင်းဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်ပြောတာတွေ မဟုတ်နိုင်ဘူး။ သေမယ်ဆိုတာကို ကျွန်မတို့ ဘယ်သူမှ ကြိုတင်သိနိုင်တာမှမဟုတ်ဘဲလို့"

ဂီလီက ပြောပြန်သည်။

"ကျွန်မ အဒေါ်ဖ် ဟာစ်တလာကို သိပ်ချစ်တယ်။ ဒါပေမယ့် သမီးရည်းစားတော့ မဟုတ်ကြပါဘူး။ သူက မကြာခဏပြောပါတယ်။ ဒီလို ဘယ်တော့မှ မဖြစ်နိုင်ဘူးတဲ့။ ဒါပေမယ့် ရှင့်ကို ဒီနေ့ညတွေ့ရတော့၊ ရှင်တို့နှစ်ယောက်ကို ဒီနေ့ညတွေ့ရတော့ ကျွန်မနားလည်ပါပြီ။ သူ ရှင့်ကို ချစ်နေပါတယ်။ ဒါကို ကျွန်မသိရတော့ သည်းမခံနိုင်တော့ဘူး။ အခု ရှင့်ကို သူဘယ်လောက်တပ်မက်နေတယ်ဆိုတာ ကျွန်မသိပါရဲ့၊ သူ ကျွန်မ ကို မချစ်ပါဘူးလေ။ ကျွန်မကို ဘယ်တော့မှ မချစ်တော့ဘူး။ ရှင့်ကိုသာ သူချစ်မှာ။ ဒါ့ကြောင့် ရှင့်ကိုပြန်သွားပါလို့ အခုည တောင်းပန်နေတာပါ။ ရှင်လာခဲ့တဲ့ ကျေးတောရွာကို ပြန်သွားပါ။ ရှင့်အိမ်ကို ပြန်သွားပါရှင်။ မြူးနစ်နဲ့ဝေးရာကို ပြန်သွားပါတော့။ ရှင် ဒီမှာဆက်နေရင် တုန်လှုပ်ချောက်ချားစရာတွေ ကြုံရပြီး ကျွန်မလည်း သေရပါလိမ့်မယ်"

အီဗာက

"ဖရော်လင်… ဘာမှ မဖြစ်နိုင်ပါဘူး။ ရှင့်ကို ဘယ်သူမှ မသေစေချင်ကြပါဘူး။ မဖြစ်နိုင်တာတွေ ဘာလို့ ပြောနေတာလဲလို့"

ဂီလီ၏အသံမှာ ပိုမို၍ အလောတကြီး ဖြစ်လာ၏။



"ကျွန်မ အခုနောက်ဆုံး တောင်းပန်ပါတယ်ရှင်။ ကျွန်မတောင်းပန်ပါတယ်၊ ရှင် တခြားကိုထွက်သွားပါ။ တည့်တည့်ကြီးပြန်ပါတော့"

ဂီလီသည် မျက်နှာကို လက်နှင့်အုပ်၍ ငိုနေတော့သည်။ မကြာမီ တံခါးပွင့်သွား၏။

အီဗာက လှည့်ကြည့်လိုက်လေ၏။ သူမသည် ဟားရ်ဟာစ်တလာနှင့် မျက်နှာချင်းဆိုင် ဆုံသွားမိသည်။ ဟာစ်တလာက လက်ကိုမြှောက်လိုက်၏။ ဂီလီနှင့် အီဗာတို့က ပြန်၍ အလေးပြုလိုက်ရသည်။ ဂီလီ၏မျက်လုံးအိမ်မှ မျက်ရည်များ ပို၍စီးကျလာပြန်သည်။ ထို့နောက် ထိုနေရာမှ ထွက်ပြေးသွားလေ၏။

ဟာစ်တလာက ဂီလီကို နောက်မှလိုက်ကြည့်၍…

"ဂီလီက မင်းကို စိတ်ညစ်အောင် လုပ်လိုက်ပြန်ပြီထင်ပါရဲ့ အဗီ…"

အီဗာက

"ဟင့်အင်း… မလုပ်ပါဘူး"

ဟာစ်တလာက

"ဂီလီဟာ ကောင်းကောင်း မကျန်းမာဘူး။ သူကောင်းကောင်း အနားယူဖို့လိုတယ်။ ဂီလီဖို့ တစ်ခုခုတော့ လုပ်ပေးဦးမှဖြစ်မယ်"

ဟာစ်တလာက အီဗာ၏အနားသို့ တိုးကပ်လာ၍ လည်ဂုတ်ပေါ်မှ ဆံပင်များကို ပွတ်သပ်ပေးနေရင်းမှ

**"သူ့ကိုကုသဖို့ကလည်း ရက်စက်မှဖြစ်မယ်။ ယောကျ်ားတွေဟာ ဘယ်တော့မှ မရက်စက်တတ်ဘူး။ ဒါကြောင့်လည်း သူတို့ ခဏခဏ ဆုံးရှုံးမှုနဲ့ တိုးနေကြတာ"**

ဟာစ်တလာသည် သူ့လက်များနှင့် အီဗာပခုံးကို ပွတ်သပ်ပေးနေသည်။ အီဗာကို မျက်နှာချင်းဆိုင်၍ သူ၏တောက်ပသောမျက်လုံးများနှင့် စိုက်ကြည့်နေ၏။

ထို့နောက်

"ဂီလီအတွက် တစ်ခုခုတော့ လုပ်ပေးဦးမှပဲ"

ဟု ပြောနေပြန်သည်။

ထို့နောက်မှ ဟာစ်တလာသည် ထူးထူးဆန်းဆန်း ရယ်မောနေလေ၏။

✡✡✡

# မြို့တော်မှာ

ဟိန်းရစ်ဟော့ဖ်မင်းသည် အီဗာကို သူ့ဆိုင်တွင် အချိန်များများ ပိုခိုင်းလာသည်။ သူသည် အလုပ်နှင့်ပတ်သက်လျှင် အလွန်အမင်းကြိုးစား၍ လုံ့လဝီရိယရှိသူဖြစ်၏။ ထို့အတူပင် မိမိ၏အလုပ်သမားများကလည်း မိမိကဲ့သို့ပင် လုပ်စေလို၏။ မိမိ၏ ဝီရိယမျိုး ရှိစေချင်သည်။

ကမ္ဘာ့သမိုင်း၌ အရေးကြီးသော ဖြစ်ရပ်များကို မှတ်တမ်းတင်သော ဤအချိန်အခါ၌ ဟိန်းရစ်ဟော့ဖ်မင်းသည် အစိုးရအိမ်တော်ဓာတ်ပုံဆရာရာထူးကို ရရှိရန်လည်း ကြိုးစားနေ၏။ ဤဂုဏ်ထူးကို သူလိုချင်လှသည်။

အဒေါ့ဖ်ဟစ်တလာကလည်း ဟိန်းရစ်၏အလုပ်အကိုင်ကို ကျေနပ်နှစ်သက်သည့်အားလျော်စွာ ထိုရာထူးကို ပေးအပ်ခန့်ထားရန်ရည်ရွယ်ပြီးဖြစ်၏။

ဟိန်းရစ်၏ဇနီး အာနာကလည်း ဤရာထူးကို လိုချင်မက်မောလှသည်ဖြစ်ရကား ဟစ်တလာက မိမိဆိုင်မှ အလုပ်မားတစ်ဦးဖြစ်သော အီဗာကို အရေးတယူဖိတ်ကြား၍ ညစာကျွေးမွေးဧည့်ခံခြင်းကို များစွာသဘောကျလျက်ရှိတော့သည်။

ဟစ်တလာသည် နောက်များ၌ အီဗာကို မကြာခဏဆိုသလိုပင် ညစာစားရန် ဖိတ်ကြားခေါ်ယူလျက်ရှိနေတော့၏။ ထို့ကြောင့်ပင် ချောမွတ်ပြောင်လက်နေသော ကားနက်ကြီးသည် ရက်သတ္တပတ်တိုင်းပင် အချိန်မှန်ကန်စွာဖြင့် အီဗာကိုလာရောက်ခေါ်ဆောင်သွားနေရ၏။ ထိုကားကြီးနှင့်အတူ ကားမောင်းသူ ရဲဘော်ရောက်လာပြီး အီဗာကို ညစာစားပွဲအတွက် ဟစ်တလာ၏အိမ်တော်သို့ ခေါ်ဆောင်သွားလေ့ ရှိတော့၏။



သို့သော် အိမ်တော်မှ အမျိုးသမီးများနှင့်တော့ အီဗာ မတွေ့ရတော့ချေ။ သူတို့နှစ်ဦးနှင့် အီဗာ စကားပြောခွင့်လည်း မကြုံရတော့ပေ။ သူမတွင် မည်သို့ခံစားနေရသည်ကိုမျှ အရိပ်အမြွက်မဖော်ပြ၊ ဂီလီ၏ဟန်မှာ တည်ငြိမ်လှလေသည်။

"အဲဒါကို ကျွန်မလန့်နေယ်"

"အို… မဟုတ်နိုင်တာပဲ၊ မင်းဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးမိန်းကလေးပါကွယ်၊ ကမ္ဘာပေါ်မှာ ထိပ်ဆုံးက ရောက်နေတဲ့လူက မင်းကိုမြတ်နိုးခင်တွယ်နေရတယ်။ ကိုယ့်တူမအကြောင်းကို ကိုယ်သေသေချာချာသိထားပါတယ်။ ကောင်မလေးကတော့ ထူးဆန်းတဲ့ ကောင်မလေးပဲ၊ ပြီးတော့ စိတ်ရောဂါလည်း ရှိနေတယ် ထင်ပါရဲ့။ ကိုယ်ထင်ပါတယ်၊ စိတ်မကျေနပ်တဲ့ ရောဂါရှိနေပါလိမ့်မယ်"

"သူက ကိုယ့်ကို အနောက်အယှက်ပေးခဲ့တာကော"

**"မေ့ထားလိုက်စမ်းပါကွယ်၊ ဒီနေ့ ကမ္ဘာမှာ အကောင်းဆုံးက စိတ်မချမ်းသာစရာတွေ အားလုံးကို မေ့ပစ်လိုက်ဖို့ပဲ"**

အီဗာ၏ သူငယ်ချင်း အာနာက အခြေအနေကိုကောင်းစွာနားလည်သည်။ ကျေးတောသူ တစ်ဦးမျှသာဖြစ်သော သူငယ်ချင်းမကလေးမှာ မဟာဆုလာဘ်ကြီးနှင့် တိုးနေသည်။

အီဗာကလည်း ဆွဲဆောင်တတ်သော သတ္တိထူးရှိသည့် ထူးခြားသော ဟစ်တလာကို ကောင်းစွာယုံကြည်စိတ်ချထားသည်။ သူ၏အပြုအမူများမှာ မိမိဘအတွက် ရှေ့သို့တက်လှမ်းရန်များသာဖြစ်သည်ဆိုသည်ကိုလည်း သိသည်။ အီဗာ့အနေဖြင့် နာဇီဝါဒကို ပြင်းပြင်းထန်ထန် ထောက်ခံသူဖြစ်လေသည်။ ဤဝါဒအပေါ်တွင် ဂျာမနီ၏ အနာဂတ်တည်ရှိနေသည်ကိုလည်း ကောင်းစွာသိ၏။ အောင်ပွဲဆက်ခံရန်အတွက် အရေးအကြီးဆုံးမှာကား နာဇီဝါဒနှင့် အနာဂတ်ကာလပင်တည်း။

ယခုအခါ၌ အီဗာသည် အိမ်ကိုလွမ်း၍လည်း ငိုကြွေးခြင်းမရှိတော့ပေ။ ချစ်ခဲ့ဖူးသူ ကတ်ထံမှ အိမ်ပြန်လာရန် ရွာသို့ပြန်လာရန် တောင်းပန်သည့် စာတွေကို အကြိမ်ပေါင်းများစွာ ရခဲ့သည်။ သို့သော် ကတ်၏စာတွေမှာ အီဗာ့အပေါ် မအောင်မြင်နိုင်ခဲ့။ အကြောင်းမှာ ရှင်းနေ၏။ အီဗာ့အတွက် အောင်ပွဲမုခ်ဝသို့သွားရန် ပန်းရထားနှင့် ကြိုလင့်နေသူ ရှိပြီဖြစ်၍ပါတည်း။

ယခုအခါ၌ အီဗာ့အတွက် မျှော်လင့်ချက်ရောင်ခြည်ဦးက ထိန်ထိန်လင်း၍နေပြီဖြစ်၏။ အီဗာအနေဖြင့် ရောင်ခြည်ဦးထွန်းလင်းရာသို့ မှန်မှန်ကလေး လျှောက်သွားရုံမျှသာ လိုတော့သည်။

တစ်ကြိမ်တွင် အီဗာအလုပ်မှအပြန်၌ ဖရောရှမစ်က အီဗာကို တောင်တက်လမ်းပြ လူငယ်တစ်ဦးလာမေးသွားကြောင်း ပြောပြ၏။ ဖရောရှမစ်၏ ဟန်မှာ မနှစ်မြို့သည့်ဟန်ဖြစ်၏။ ဤအဘွားကြီးသည် အိမ်ကို ဧည့်သည်လာရန် အလိုမရှိသူဖြစ်၏။ မိန်းကလေးတစ်ဦးကို မိမိအိမ်တွင် နေထိုင်ရန် လာက်ခံကတည်းက မိမိပုံစံကို လိုက်နာစေလိုသူဖြစ်၏။

ကတ်သည် တစ်ညနေတွင် မြူးနစ်သို့ လိုက်လာခဲ့၏။ ထိုနေ့ညနေက အီဗာသည် ဟိန်းရစ်၏ဓာတ်ပုံဆိုင်တွင် အချိန်ပိုအလုပ်လုပ်ပေးနေရလေသည်။ ဟိန်းရစ်မှာ ဤသို့အချိန်ပိုအလုပ် လုပ်ပေးခြင်းကို အလွန်သဘောကျသူဖြစ်၏။ အီဗာ အိမ်သို့ပြန်လာသောအခါတွင် ကတ်မှာ မြူးနစ်မြို့မှ နောက်ဆုံးထွက်သော အော်တိုဘတ်စ်ဖြင့် ရွာသို့ ပြန်သွားပြီဖြစ်လေသည်။

ရက်သတ္တပတ်ပေါင်းများစွာပင် ဟစ်တလာ၏ ကားနက်ကြီးသည် အီဗာကို လာ၍ခေါ်ဆောင်ကာ သွားလေ့ရှိခဲ့သည်။ ထို့ကြောင့်ပင် ယခုအခါတွင် ဖရောရှမစ်၏အိမ်၌ အီဗာ၏အကြောင်းမှာ အထူးတလည်ပင် ပြောစရာ ဆိုစရာဖြစ်လာခဲ့၏။ အီဗာမှာ မိမိ၏ အဖော်အသစ်အတွက် များစွာဂုဏ်ယူသွေးကြွ၍နေပြီ။ အထက်တန်းဆိုရှယ်လောကသို့ ဝင်ထွက်သွားလာနေ၍ ဖြစ်ပေသည်။ အီဗာ ထိုသို့ဖြစ်နေ၍ ဖရောရှမစ်မှာ အီဗာ့အပေါ် ယခင်က ထားခဲ့သော သဘောဆိုးများ နည်းပါးစပြုလာသည်။ ယူဂျင်က အီဗာကို ခင်မင်နှစ်သက်သောအကြည့်ဖြင့် မကြာခဏကြည့်၏။ အီဗာနှင့်တွေ့ရသော ပထမညဥ့်တုန်းကတော့ ယူဂျင်က အီဗာမှာ အလွန်တရာမှ ရိုးသားအေးဆေးသော မိန်းမငယ်တစ်ဦးဟု ထင်ခဲ့သည်။ ယူဂျင်က မိမိအတွက် ပျော်ရွှင်ဖွယ်ကောင်းသော မိန်းမမိတ်ဆွေတစ်ဦးတွေ့ရပြီဟု ထင်ခဲ့သည်။ မိမိအတွက် ပျော်ရွှင်ဖွယ်ရာသော အပေါင်းအသင်းတစ်ဦးတွေ့ပြီဟု မျှော်လင့်ထားခဲ့သော်လည်း သူ့အထင်တွေမှာ လွဲခဲ့ရသည်။ အီဗာသည် အိမ်ကပ်သည်မရှိဘဲ အပြင်သွားနေသည်က များလေသည်။

အီဗာနှင့် စတင်တွေ့ခံရသော ညဥ့်ကပင် အီဗာနှင့် ဟစ်တလာတို့



အသိအကျွမ်းဖြစ်နေသည်ကို သိရသဖြင့် ယူဂျင်မှာ များစွာအောင့်သက်သက်ဖြစ်ခဲ့၏။ သူ့ကို ပို၍အောက်သက်သက်ဖြစ်သွားစေသည်မှာ ဟစ်တလာက အီဗာကို ညစာစားရန် ဖိတ်ခေါ်သည်ကို သိရ၍ဖြစ်လေသည်။ ဤသို့သိရခြင်းဖြင့် ယူဂျင်မှာ မိမိစိတ်ကူးယဉ် အကောင်အထည်ပြိုလဲသွားပြီကို နားလည်ခဲ့ရသည်။ ဂျာမန်အပျိုချောတစ်ဦးနှင့် ခင်မင်စွာ ပေါင်းသင်းဆက်ဆံရန် အစီအစဉ်မှာ ဟားရ်ဟစ်တလာကြောင့် ပြိုလဲခဲ့ရပြီကို နားလည်ခဲ့သည်။

ထို့ပြင် ယူဂျင်မကျေနပ်သည့် အရာရှိသေးသည်။ အီဗာကို ဤကဲ့သို့ အခန်းကျဉ်းကလေးထဲ၌ နေစေသဖြင့် ပတ်ဝန်းကျင်က မိမိနှင့်မိခင်ဖြစ်သူတို့အပေါ် နှာခေါင်းရှုံ့ အပြစ်တင်လာမည်ကို စိုးရိမ်ခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် ယူဂျင်က တစ်ညတွင်

"အမေလုပ်တာ မဟုတ်သေးပါဘူး"

ဟုပြောခဲ့သည်။

ဖရောရှမစ်သည် ယူဂျင့်ကို ခပ်အေးအေးပင်ကြည့်လိုက်၏။ ဖရောရှမစ်က

"မိန်းကလေးကို ဒီအခန်းပေးတုန်းက သူကျေကျေနပ်နပ် လက်ခံခဲ့တာပဲ၊ ဘာမှလည်း ပြန်မပြောဘူး။ သူကျေနပ်နေပါလျက်နဲ့ ဘာပြုလို့ အခန်းပြောင်းပေးစရာလိုသေးလဲ"

"အမေ သိပါတယ်၊ ဘာဖြစ်လို့ ပြောင်းပေးရမလဲဆိုတာ၊ ပြောင်းပေးမှ ဖြစ်မယ်"

ဖရောရှမစ်က အခြေအနေကို နားလည်၏။

အခန်းပြောင်းပေးရမည်ဆို၍ ယူဂျင်က သူ့အခန်းကျယ်ကြီးကို စွန့်လွှတ်မည်မဟုတ်။ ပေးချင်းပေးလျှင် မိမိ၏အခန်းကို အီဗာအား ပေးလိုက်ရမည်သာဖြစ်သည်။ အီဗာ့ကို မိမိအခန်းပေး၍ အီဗာနေသော အခန်းကျဉ်းကို မိမိကယူရမည်ဖြစ်သည်ကို ဖရောရှမစ်နားလည်လိုက်၏။ အနံ့ဆိုးများထွက်နေပြီး ပြူတင်းပေါက်ပျက်နေသော အခန်းကျဉ်းကို မိမိပြန်ယူရပေမည်။

အချိန်ကာလနှင့် အခြေအနေမှာ တစ်မျိုးပြောင်းလဲသွားပြီမဟုတ်ပါလား။ နှောင်းခဲ့သော ဖရောရှမစ် ကလေးဘဝတုန်းက လူငယ်တွေက လူကြီးတွေကို နေရာပေး၍ အိမ်ဦးခန်းက ထားခဲ့ရ၏။ ဖရောရှမစ်သည်

မိဘများအတွက်ကိုသာ ဦးစားပေး၍ကြည့်ခဲ့သည်။ သက်ကြီးရွယ်အိုကို အထူးအခွင့်အရေးပေးခဲ့ရသော အချိန်မှာ ကုန်ခဲ့ပြီ။ ယခု ပါတီကိုဦးစားပေး ရမည်။ ပါတီဝင်တွေကို အထူးအခွင့်အရေးပေးရမည်။ ပါတီသည် ပထမ။ ပါတီသည် အခွင့်အရေး အရဆုံးတည်း။

ဖရောရှမစ်က လောလောဆယ်အချိန်တွင် နိုင်ငံတော်အတွက် ပါတီသည် အရေးပါဆုံးဆိုသည်ကို နားလည်ပါ၏။ ပါတီဝင်ကို အခွင့်အရေး ပေးရမည်ကိုလည်း သိပြီးဖြစ်ပါ၏။

ထို့ကြောင့် ဖရောရှမစ်က သားယူဂျင်ကို မေးသည်။

"ကဲ... မင်းက ဘာလိုချင်သလဲ"

မေးသာမေးရသည်။ ဖရောရှမစ်သည် သူ့သား ဘာလိုချင်သည်ကို ကောင်းစွာသိပါသည်။ မိမိအခန်းကို အီဗာအားပေးလိုက်ပြီး အီဗာ၏အခန်း ကျဉ်းကလေးကို မိမိယူလိုက်ရန်သာဖြစ်သည်ကို သိပြီးဖြစ်သည်။

ယူဂျင်က

"အခန်းချင်းလဲပေးလိုက်ရင် အကောင်းဆုံးပဲ"

ဖရောရှမစ်က

"အေးပါ... အေးပါ"

သူ့အသံမှာ ညှိုးလျော့လှ၏။ ယူဂျင်က

"အီဗာဟာ အခု ဟစ်တလာနဲ့ ကောင်းကောင်းကျွမ်းဝင်နေပြီကိုး။ သူ့ကို အခန်းကောင်း မပေးလို့ မဖြစ်ဘူး"

ဖရောရှမစ်က

"ဟုတ်ပါတယ်"

သို့သော် စိတ်ပျက်သည့်အသံနှင့် ပြော၏။

နောက်တစ်နေ့တွင် ဖရောရှမစ်သည် အီဗာအား မိမိ၏ ကျယ်ဝန်းသောအခန်းကို ပေးလိုက်ရလေ၏။ အီဗာ၏အခန်းကျဉ်းကလေးကို မိမိအတွက် ယူလိုက်ရသည်။ဖရောရှမစ်၏မူလအခန်းမှာ ပြူတင်းပေါက်ကျယ် တစ်ပေါက်ရှိ၍ လေကောင်းလေသန့်ကို ကောင်းစွာရနိုင်လေ။ ပြူတင်းမှာ ခန်းဆီးများကို လှပစွာ ကာရံဆင်ယင်ထားလေသည်။ အိပ်ရာမှာ ဘဲမွေးနုကလေးများဖြင့် ချုပ်ထား၏။ အကောင်းဆုံးဖြစ်၏။

သို့သော် ဤသို့ပြောင်းပေးသဖြင့် ဖရောရှမစ်ကို အီဗာက အခန်းခ ပို၍ယူရန်ပြောရာ ဖရောရှမစ်က ငြင်းနေသည်။



"အခန်းခကတော့ အတူတူပါပဲ"

ဖရောရှမစ်ကပြောသည်။

"ရှင့်အတွက် အခန်းကောင်းကောင်းနဲ့ နေသင့်ပါတယ်။ ကျွန်မကတော့ သိပ်အကျယ်ကြီးမှ မလိုဘဲ။ အခန်းကျဉ်းကျဉ်းနဲ့လည်းနေလို့ ဖြစ်ပါတယ်"

ဤသို့ဖြင့် အီဗာမှာ ပျော်ရွှင်စွာတစ်ဘက်ခန်းသို့ ပြောင်းခဲ့ရလေ၏။

ယခုအခါတွင်တော့ ယူဂျင်နှင့် ဖရောရှမစ်တို့မှာ အီဗာ၏ရှေ့ရေးကို မျက်တောင်မခတ်ဘဲ စောင့်ကြည့်လျက်ရှိနေတော့သည်။ ဘာများဖြစ်ဦးမလဲ။ အီဗာ့အတွက် အောင်မြင်မှုတွေ ဆက်ရဦးမည်လား။ သို့မဟုတ် ရွာကိုပဲ ပြန်ပြေးရမလား... ဟု။

သူတို့သားအမိက အီဗာ၏ ကံကြမ္မာကို စောင့်ကြည့်နေကြလေ၏။

အီဗာ့အနေအားဖြင့်တော့ ရှေ့ရေးကို သိပ်ပြီးကြိုတင်မြင်နိုင်စွမ်းမရှိ။ သူ့ဘဝမှာ ဓာတ်ပုံဆိုင်ထဲတွင် မရပ်မနား အလုပ်များရင်း အချိန်ကုန်သွား၏။ အီဗာအနေဖြင့် ဤဓာတ်ပုံအလုပ်ကို ဝါသနာမပါလှသော်လည်း လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုအနေဖြင့် ကျေပွန်စွာလုပ်ခဲ့သည်။

အီဗာအနေဖြင့် မြို့တော်ကို တော်တော်သဘောကျသည်။ တပ်မက်ဖွယ်ရာပစ္စည်းများ ပြသခင်းကျင်းထားသော ဈေးဆိုင်များ၊ အရသာရှိသော စားသောက်ဖွယ်ရာများ ရနိုင်သော စားသောက်ဆိုင်ကြီးများရှိ၍ ဖြစ်သည်။ နေ့လယ်စာစားရသော လမ်းဘေးစားသောက်ဆိုင်ကိုပင် အီဗာ သဘောကျနေသည်။ မိမိ၌ ဝင်ငွေတိုးလာလျှင် ဒီထက်သာသော စားသောက်ဆိုင်ကြီးတွေကို သွားမည်ဟုလည်း စိတ်ကူးထားသည်။

အီဗာတစ်ခုကြောက်သည်မှာ ဂျာမနီနိုင်ငံကို လက်ထဲ၌ဆုပ်ကိုင်ထားသော လူတစ်ယောက်အတွက်ဖြစ်သည်။ အနာဂတ်တွင် ကမ္ဘာကိုပင် ဆုပ်ကိုင်ရန် ကြိုးစားနေသော လူတစ်ယောက်အတွက် ဖြစ်လေသည်။

အာနာကတော့ အီဗာကို ဤသို့ပြောလေ့ရှိသည်။

"အီဗာ... မင်းဟာ ဂျာမနီတစ်နိုင်ငံလုံးမှာ ကံအကောင်းဆုံးမိန်းကလေးပါကွာ၊ မင်းကို မြူးနစ်ရောက်အောင် ခေါ်လာခဲ့မိလို့ ကိုယ်သိပ်ဝမ်းသာနေတယ်"

အီဗာက

"ကိုယ်သိပါတယ်ကွာ"

"မင်းအမေဆီကို စာရေးတဲ့အခါ မင်းအဖြစ်စုံကို အကုန်လုံးစာရေး ထည့်သလား"

"ကိုယ်အကုန်လုံး အမေ့ကို အသိပေးတာပဲ"

"တစ်ခါတလေတော့လည်း စဉ်းစဉ်းစားစားလုပ်မှ ကောင်းမယ်ကွ၊ အသက်ကြီးတဲ့လူတွေဆိုတာကလည်း ဒီနေ့ တို့နိုင်ငံဘာဖြစ်နေတယ်ဆိုတာကို သိကြတာမဟုတ်ဘူး။ ဒါကြောင့် သူတို့က နားလည်မှုသိပ်မရှိဘူး။ အလကားနေရင်း လန့်နေတတ်ကြတယ်။ မင်းအမေကို အားလုံးအသိပေးဖို့ မသင့်ဘူး"

"အမေမသိဘဲ ကိုယ့်မှာ လုပ်စရာ ဘာမှမရှိဘူးလေ"

"ကိုယ်သိပါတယ် အီဗာ... ဒါပေမယ့် မင်းသတိပြုဖို့ ပြောတာပါ။ စာနဲ့ရေးတာက စာတစ်လုံးဟာ ဓားတစ်ချောင်းလို သိပ်ထက်မြက်ထိရောက်လွန်းလို့ပါ။ ပြီးတော့ စာနဲ့ရေးရင် အဓိပ္ပာယ်ကွဲလွဲမှုတွေ ဖြစ်လာတတ်တယ်။ အထင်မှားမှုတွေ ဖြစ်လာတတ်တယ်။ မင်းအိမ်ကို ပြန်သွားတဲ့အခါကျတော့ မင်းအမေကို အားလုံး ရှင်းပြောပြတာပေါ့"

အာနာက ဆက်ပြောသည်။

"စာနဲ့ရေးပြတာက မျက်မြင်ကိုယ်တွေ့ ပြောရသလောက် မလွယ်ဘူး။ အန္တရာယ်များတယ်"

အီဗာက

"ကိုယ်နားလည်ပါတယ်ကွာ"

အီဗာက အမေ့ကို အားလုံးစာနှင့်ရေး၍ မပြောမိရင် ဆုံးဖြတ်လိုက်၏။ ခရစ်စမတ်ပွဲတော်အချိန်ကျလျှင် မိမိအိမ်ပြန်မည်။ ထိုအခါကျမှ ခရစ်စမတ်သစ်ပင်ပေါ်၌ ဖယောင်းတိုင်ကလေးများထွန်းရင်း အမေ့ကို အကြောင်းစုံ ရှင်းပြရဦးမည်။

✡✡✡

# ဂီဇီ

ထိုနေ့မှာ ၁၉၃၁ ခု၊ စက်တင်ဘာလ ၁၇ ရက်နေ့ဖြစ်လေသည်။

ထိုနေ့ညဦးက အီဗာသည် ဟစ်တလာ၏အိမ်တွင် ခါတိုင်းကဲ့သို့ပင် ညစာသွားစားခဲ့သည်။ ထိုညဦးက အီဗာသည် ဟစ်တလာ လက်ဆောင်အဖြစ် ပို့လိုက်သော အထူးဝတ်စုံကို အမြတ်တနိုး ဆင်မြန်းလာလေ၏။

ထိုည၌ ဟစ်တလာ အကြိုက်လွှတ်သော ကားကြီးမှာ အချိန်စောစောကပင် ရောက်နေသည်။ ဟစ်တလာမှာ ထိုနေ့ညဦးတွင်ပင် ဟမ်းဘတ်မြို့သို့ သွားစရာရှိ၍ဖြစ်သည်။ ဟမ်းဘတ်မြို့၌ လူငယ်အစည်းအဝေးကြီးတစ်ခု ရှိရာ ဟစ်တလာကိုယ်တိုင် တက်ရောက်မည်ဖြစ်ပေသည်။

အီဗာက ဤအကြောင်းကို ယူဂျင်အား ပြောပြ၏။

ယူဂျင်က

"ဟုတ်တယ်၊ ဒီအစည်းအဝေးက တော်တော်အရေးကြီးတဲ့ အစည်းအဝေးပဲ။ ပြီးတော့ ဟမ်းဘတ်ကလည်း တကယ့်မြို့တော်ကြီးပေါ့"

"တစ်နေ့ ဒီမြို့တော်ကို ကျွန်မရောက်ဦးမှာပေါ့"

"ဟုတ်တယ်၊ တစ်နေ့ကျရင် ခင်ဗျား အဲဒီကိုသွားရမှာပေါ့"

သူတို့နှစ်ယောက် ဟမ်းဘတ်မြို့အကြောင်း ပြောနေစဉ်တွင် ဘေးမှနားထောင်နေသောဖရောရှမစ်မှာ မျက်ရည်တွေကျနေ၏။ သူတို့နှစ်ယောက်သည် ဖရောရှမစ်၏ယောကျ်ားအား ဟမ်းဘတ်စစ်သင်္ချိုင်းတွင် မြှုပ်နှံထားသည်ကို မေ့နေကြ၏။

အီဗာက ယခုမှ ဖရောရှမစ်ကို ကြင်နာစွာကြည့်ပြီး

"ကျွန်မတို့ ဒီပြင်စကားပြောင်းကြရအောင်၊ မြူးနစ်မြို့ဟာ သိပ်ပျော်စရာကောင်းတဲ့ မြို့ပဲနော်။ ဂျာမနီနိုင်ငံမှာတော့ အလှပဆုံးမြို့တော်ပဲ"

ဖရောရှမစ်က ဝင်ပြော၏။

"ဘယ်မှာ မြူးနစ်မြို့က အကောင်းဆုံးလဲ…၊ လမ်းတွေကလည်း ပျက်စီးနေလိုက်တာ၊ ပြီး… ကုန်သည်တွေဆိုတာကလည်း လိမ်တတ်၊ ညာတတ်လိုက်တာ လွန်ပါရော"

ထိုခဏတွင်အကြိုတော်လွှတ်သော ကားသံကို တံခါးအပြင်ဘက်၌ကြားရလေ၏။

ဟစ်တလာ၏အိမ်သို့ အီဗာရောက်သောအခါ၌ ဖရောရော်ဘဲလ်သည် ဟန်ဆောင်ထားသောမျက်နှာနှင့် ကြိုဆိုလျက်ရှိသည်ကို တွေ့ရ၏။ ရင်ထဲ၌ ခံစားနေရသမျှကို အပြင်သို့ ထုတ်မပြရဲသည့်ဟန်ကိုလည်း တွေ့ရလေ၏။

ဂီလီကလည်း အီဗာရောက်လာသည်ကို မသိလိုက်မသိဘာသာလုပ်နေသည်။ ဂီလီ၏မျက်နှာမှာ သွေးမရှိတော့သလို ဖြူရော်ရော်နှင့်ရှိနေပြီး မျက်လုံးနှစ်လုံး ပတ်ပတ်လည်တွင် မျက်ကွင်းများညို၍နေသည်ကိုလည်း တွေ့ရ၏။

အီဗာက ဂီလီ၏မျက်နှာကိုကြည့်၍

"သူနေမကောင်းဘူးထင်ပါရဲ့" ဟုတွေးနေလေသည်။ အီဗာအနေဖြင့် အသက်ငယ်ငယ်ကလေးနှင့် မျက်နှာအလွန်အိုမင်းရင့်ရော်နေသောမိန်းကလေးမျိုး ယခင်က တစ်ကြိမ်မျှ မတွေ့ဖူးခဲ့ပေ။ ဂီလီ၏မျက်နှာမှာများစွာ အိုမင်းလှသည်။

ဖရောရော်ဘဲလ်မှာဘာကိုမှ မသိဟန်ဆောင်နေသော်လည်း သူမ၏မျက်လုံးများမှာ လှောင်အိမ်ထဲမှ တိရစ္ဆာန်တစ်ကောင် မိမိလွတ်လမ်းကိုရှာဖွေရင်း ရှာမတွေ့ဖြစ်နေသည့်ဟန် ဖြစ်နေသည်။

အခန်းထဲသို့ အဒေါ့ဖ်ဟစ်တလာ ဝင်လာသောအခါတွင် မိန်းမသုံးယောက်တို့သည်နေရာမှထလိုက်၏။သူတို့သည် လက်မြှောက်အလေးပြုလိုက်သည်။ဟစ်တလာ၏ မျက်စိမှာ တောက်ပစွာ အရောင်ထွက်နေ၏။

အီဗာနှင့် အဖော်မိန်းမများက **"ဟေး ဟစ်တလာ"** ဟု ပြိုင်တူအော်လိုက်သည်။ ဟစ်တလာက စားပွဲထိပ်မှထိုင်လိုက်လေ၏။ သူ့ဘေး



တွင် ဆလတ်ရွက်ပန်းကန်ကြီးတစ်ခုတွေ့ရသည်။ ဟစ်တလာ၏ သက်သတ်လွတ်စားတော်ကဲသည် အထူးတလည် စီမံချက်ပြုတ်ထားသည်။ ဟစ်တလာက စားသောက်ဖွယ်များကို စတင်၍စားသောက်နေ၏။ သူ့ပါးစပ်မှ အစာများမှာ အားရပါးရ ဝါးနေ၍ အပြင်သို့ထွက်ကျလာသည်။ သူစားပုံ နေပုံမှာ ပရမ်းပတာနိုင်လှပေသည်။

မိန်းမတစ်စုမှာလည်း အသီးသီး စကားပြောလျက်ရှိကြလေ၏။ အီဗာနှင့် ဖရောရော်ဘဲလ်တို့မှာ မြူးနစ်ဈေးဆိုင်များအကြောင်း၊ မိမိတို့၏အဝတ်အစားများအကြောင်း၊ လမ်းမကြီးများအကြောင်း၊ အော်ပရာ ကပွဲများအကြောင်း၊ လူမှုရေးရာများကို ရောက်တတ်ရာရာ ပြောနေကြလေသည်။ ဂီလီက စကားနည်းနည်းသာ ဝင်ပြော၏။ သူမသည် ဘာမျှမစားဘဲငြိမ်၍ ထိုင်နေပြန်၏။

ဂီလီငြိမ်သက်နေခြင်းမှာ ဟစ်တလာကို ကလိပေးနေသလို ဖြစ်သွား၏။ အဒေါ့ဖ် ဟစ်တလာသည် ဂီလီဖက်သို့လှည့်၍ကြည့်ပြီးလျှင် ယမ်းပုံမီးကျ ဖြစ်သွားတော့သည်။

ဟစ်တလာက နေရာမှ ရုတ်တရက်ထလိုက်ပြီးလျှင် သူ၏လက်သီးများဖြင့် စားပွဲကို ထုလိုက်သည်။ သူ့မျက်နှာမှာ စပျစ်ရည်ရောင်သန်းသွားသည်။ သူက အော်လိုက်၏။

"မင်း ဘာတွေဖြစ်နေတာလဲ၊ မင်း ငါ့ကို စိတ်ဆိုးအောင် ဘာဖြစ်လို့ လုပ်နေတာလဲ… ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ။ ငါ့လက်နှစ်ဖက်ထဲမှာ သန်းပေါင်းများစွာရှိတဲ့ လူတွေရဲ့ကံကြမ္မာကို ပြုပြင်စီမံနေရတယ်။ ငြိမ်းချမ်းသာယာအောင်လည်း ငါကြိုးစားနေရတယ်။ မင်း ဘာဖြစ်လို့ ဒီနေရာမှာထိုင်ပြီး ငါ့ကို စိတ်ဆိုးအောင် စနေရတာလဲဟင်၊ ဘာဖြစ်လို့၊ ဘာဖြစ်လို့လဲ"

သူသည် မေးရင်းမေးရင်း စားပွဲကိုလည်း လက်သီးနှင့်တဝုန်းဝုန်းထုနေလေသည်။ သူ့လက်သီးကြောင့် ဖန်ခွက်များမှာ ယိမ်းထိုးကခုန်လဲကျသွား၍ ခက်ရင်းနှင့် ဇွန်းတို့ တချွင်ချွင်ထိခတ်သော ဂီတသံများကိုပါကြားရလေသည်။ ရုတ်တရက် မုန်တိုင်းကျလာခြင်းကြောင့် အီဗာမှာ ဘာလုပ်ရမှန်းပင် မသိတော့ပေ။

ဂီလီ၏အမေ ဖရောရော်ဘဲလ်က ဟစ်တလာကိုကြည့်နေ၏။ သူမ၏

ပါးစပ်မှ တစ်စုံတစ်ရာပြောလိုဟန် တလှုပ်လှုပ် တရွရွဖြစ်နေလေ၏။ သို့သော် ဘာသံမှထွက်မလာပေ။ အီဗာ၏ မျက်လုံးအိမ်၌ မျက်ရည်တွေ ပြည့်နေ၏။

လှုပ်ရှားလာသူမှာ ဂီလီဖြစ်၏။ ဂီလီကသာ ဟစ်တလာကို ပြန်ပြောလိုက်သည်။ သူမနှုတ်ခမ်းမှာ မျက်နှာကဲ့သို့ပင် သွေးမရှိ။ ဂီလီက

"ရှင့်ကို လူတွေက အသက်အသေခံပြီး အလေးပြုနေပါတယ်ရှင့်"

ဤမျှသာဖြစ်၏။ နောက်ထပ် ဘာသံမှထွက်မလာ။

ဟစ်တလာက အသံကိုညှစ်၍ အော်လိုက်လေသည်။ သူ၏အော်သံမှာ သံလှောင်ချိုင့်တစ်ခုထဲတွင် ဖမ်းမိထားသော တောတိရစ္ဆာန်တစ်ကောင်က သေရမည်ကိုသိ၍ နောက်ဆုံးညှစ်၍ဟစ်လိုက်သည့်အသံမျိုးဖြစ်၏။ သူ့ကိုကြည့်ရသည်မှာ သူ့စိတ်ကို သူလုံးဝမထိန်းနိုင်တော့သည့် ဟန်ပင်ဖြစ်လေ၏။ ထို့ကြောင့် သူ့ရှေ့မှ မိန်းမသုံးဦးမှာ ယခုအခါ၌ တုတ်တုတ်မျှမလှုပ်ရဲအောင် ဖြစ်နေတော့သည်။

အီဗာ၏ မျက်လုံးအိမ်မှ မျက်ရည်ဥနှစ်လုံးကစီး၍ ကျလာသည်။ ခဏတွင် လက်နှစ်ဖက်ကို မြှောက်လိုက်ပြီးလျှင် သူ့အင်္ကျီကော်လာစကို စုံဆွဲ၍ ဆုတ်ဖြဲချလိုက်တော့၏။ ဟစ်တလာသည် သူ့အင်္ကျီစတွေကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲနေလေတော့၏။ အင်္ကျီစများ စုတ်ပြဲ၍ထွက်လာသည်ကိုကြည့်ရသည်မှာပုံနေသောငှက်ကို သေနတ်ဖြင့်ပစ်ချရာကောင်းကင်မှ တစ်ရှိန်ထိုးကျလာသည့်နှယ်ဖြစ်တော့သည်။

သူတို့သည် ဟစ်တလာ၏ ကိုယ်မှ အတွင်းခံရှပ်အင်္ကျီကိုသာ ချွေးများနစ်ရွှဲလျက် ဝတ်ထားသည်ကို တွေ့ရတော့သည်။ ဟစ်တလာ၏ ခါးတွင် သားရေနက်ခါးပတ် ပတ်ထားသည်။ ခါးပတ်ခေါင်းမှာ လင်းယုန်တံဆိပ်ကို သတ္တုဖြင့် ဖောင်းကြွဖော်ပြထားလေသည်။ ဟစ်တလာသည် ဤမျှဖြင့် မကျေနပ်သေးဘဲ သူ၏လက်သီးဆုပ်ကြီးများကို လေထဲတွင် ဝေ့ယမ်းလျက် ရှိနေပြန်သည်။ အီဗာက ဟစ်တလာ၏ဟန်ကို ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်နေ၏။ ထို့နောက် အီဗာသည် တစ်သက်တာတွင် ပထမဆုံးအကြိမ်အဖြစ် သတိလစ်မေ့မြောသွားလေသည်။

အီဗာသိလိုက်သည်မှာ စားပွဲရှိစားသောက်ဖွယ်ရာများပေါ်သို့ မိမိကိုယ်လုံးလဲကျသွားခြင်းသာဖြစ်၏။ အီဗာ့မျက်လုံးများမှာ ပြာဝေသွား၏။



တဖြည်းဖြည်း အခန်းထဲမှ ပစ္စည်းတွေမှာ ဝိုးတဝါးမျှ မထင်မရှားမြင်ရပြီး မျက်စိထဲမှ ပျောက်၍သွားတော့သည်။

အီဗာ သတိရလာသောအခါတွင် မိမိမှာ အိပ်ရာတစ်ခုပေါ်သို့ ရောက်နေသည်ကို တွေ့ရ၏။ အိပ်ရာမှာ ဧည့်ခန်းငယ်တစ်ခုအတွင်း၌ ရှိပြီး အနား၌ အိမ်စေကလေးမတစ်ဦးက စောင့်နေသည်ကို တွေ့ရလေ၏။ နံရံများမှာ မဲပြာရောင် ဖျော့ဖျော့ဖြစ်၍ ခင်းထားသော ကော်ဇောများမှာ အဒေါ့ဖ်ဟစ်တလာ၏ သဘောကျအတိုင်း အမွှေးထူ၍ နူးညံ့လှသည်။ အိပ်ရာမှာ နူးညံ့ပျော့ပျောင်းပြီးလျှင် ဘာဗေးရီးယန်းဥယျာဉ်ထွက် နှင်းဆီနံ့ သင်း၍နေသည်။ ခပ်လှမ်းလှမ်းရှိ စားသောက်ဆိုင်ဆီမှ လူအချို့၏သီချင်းသံကိုပင် အီဗာကြားနေရ၏။

မကြာမီ တံခါးပွင့်သွားပြီး ဖရောရော်ဘဲလ် ဝင်လာသည်ကို အီဗာ တွေ့ရ၏။

ဖရောရော်ဘဲလ်သည် အိပ်ရာခြေရင်းသို့ ခပ်မြန်မြန်လျှောက်လာပြီး မတ်တတ်ရပ်နေ၏။ ဖရောရော်ဘဲလ်၏ မျက်နှာမှာ တည်ငြိမ်နေသော်လည်း သူမ၏ဟန်ကိုကြည့်ရသည်မှာ တော်တော်ပင် စိတ်လှုပ်ရှားနေဟန်ရှိ၏။ သို့သော် စကားပြောသံမှာမူ လှုပ်ရှားမှုမရှိလှပေ။

ဖရောရော်ဘဲလ်က

"ရှင် သတိလစ်သွားတယ်။ ရှင် စိတ်သိပ်ထိခိုက်သွားမှာ ကျွန်မ စိုးရိမ်လိုက်တာ၊ အဒေါ့ဖ်ဟစ်တလာကတော့ သူစိတ်လှုပ်ရှားတိုင်း ဒီလို လုပ်နေကျပါပဲ။ ပြီးတော့ ဟမ်းဘတ်လူငယ်စည်းဝေးပွဲကလည်း အရေးကြီးနေတယ်လေ။ သူဟာ ဒီအစည်းအဝေးနဲ့ပတ်သက်လို့လည်း သောက တော်တော်ရောက်နေရှာပါတယ်။ ဘာပြုလို့လဲဆိုတော့ သူနဲ့တိုက်ရိုက် ပတ်သက်နေလို့ပေါ့"

အီဗာက

"ဒါပေမယ့်ဂီလီဘယ့်နှယ်နေလဲ…ဂီလီပြောလိုက်တာက ဘာလဲ…"

ဖရောရော်ဘဲလ်က

"ဘဝမှာ မေ့ပစ်ဖို့ကောင်းတာတွေ အများကြီးပါပဲ။ ဂီလီဟာ တော်တော်မိုက်ပါတယ်… သူကလည်း ကောင်းကောင်းနေမကောင်းပါဘူး"

အီဗာက

"ကျွန်မ တွေ့ပါတယ်"

အီဗာသည် တိတ်ဆိတ်အေးချမ်းသော အခန်းလေးထဲ၌ လှဲနေရင်းမှာ ဂီလီနှင့်ပတ်သက်၍ ဟစ်တလာက အကြင်နာမဲ့စွာပြောခဲ့သည်ကို သတိရလာသည်။ ထူးဆန်းသည်မှာ မိမိမေ့ပျောက်ထားမည်ဟု ဆုံးဖြတ်ထားသော အရာကို မမေ့နိုင်ဘဲ ပြန်၍သတိရနေမိခြင်းဖြစ်လေ၏။ အီဗာက အိပ်ရာပေါ်မှ ထလိုက်ရန်ကြိုးစားကြည့်၏။ သို့သော် အီဗာမှာ သိပ်လှုပ်ရှား၍မရ၊ စောစောက သတိလစ်သွားခဲ့သည့် အရှိန်က မပြေသေးဖြစ်၏။

အီဗာ၏ခြေထောက်များမှာ လေတိုးသောမြက်ပင်လို အားမရှိဘဲ ခွေယိုင်နေလေသည်။

အီဗာက

"ကျွန်မ အိမ်ပြန်ဦးမှပဲ"

ဟုပြောနေ၏။ သို့သော် အီဗာမှာ အိမ်ပြန်၍ မဖြစ်နိုင်သေးသည်ကို သိသဖြင့် အိပ်ရာပေါ်သို့ ပြန်၍လှဲချလိုက်ရပြန်သည်။

ဖရောရော်ဘဲလ်က အီဗာကို သနားကြင်နာစွာကြည့်နေ၏။

"ဒီနေ့ညတော့ ဒီမှာပဲ နေပါဦး၊ ကျွန်မလည်း ဖရောရှမစ်ဆီကို လူလွှတ်ပြီး အကြောင်းကြားလိုက်ပါတယ်။ သူ အခြေအနေကိုသိသွားပါလိမ့်မယ်။ သိလည်း စိတ်ပင်ပန်းစရာ မရှိတော့ပါဘူး။ အဒေါ့ဖ်ဟစ်တလာမကြာခင် ဟမ်းဘတ်ကို ခရီးထွက်သွားလိမ့်မယ်။ ဒီမှာ ကျွန်မနဲ့ ဂီလီနဲ့ ကျန်ရစ်မယ်လေ"

အီဗာမှာ သတိလစ်ထားသောဒဏ်ကြောင့် မူးဝေဝေဖြစ်နေရကား ဖရောရော်ဘဲလ် ပြောသမျှကို ဘာမှသိပ်ပြန်၍ မပြောနိုင်သဖြင့်

"ကောင်းပါပြီ"

ဟုသာ ပြောလိုက်သည်။

ဖရောရော်ဘဲလ် တံခါးဝသို့ထွက်သွားပြီးမှ ပြန်လှည့်လာပြီး

"ကျွန်မ ရှင့်ကို သတိပေးချင်တာရှိတယ်၊ ကျွန်မကတော့ အိုပြီမဟုတ်လား၊ ကျွန်မက ဘဝကို ထုံးလိုချေ ရေလိုနှောက်ခဲ့ဖူးပြီ။ မမြင်တဲ့သူ၊ မကြားတဲ့သူ၊ စကားမပြောတဲ့သူဟာ အကောင်းဆုံးပဲ။ လောကကြီးမှာလေ မျက်စိကန်းပြီး နားပင်းဆွံ့အနေရင် အကောင်းဆုံးပါပဲရှင်"

တံခါးပိတ်သွားလေ၏။



အီဗာသည် ခဏမျှ ငိုက်မျဉ်းသွားလေ၏။ အီဗာက အားရှိချင်သည်။ ဖရောရှမစ်အိမ်သို့ ပြန်ရန်မှာ အင်အားအနည်းငယ်ဖွံ့ဖြိုးလာမှသာ ဖြစ်မည်။ သို့သော် မိမိမှာ အင်အားလုံလောက်စွာ မရှိသေးသည်ကို အီဗာ သိပါ၏။

သူအိပ်ရာမှ နောက်တစ်ဖန် ပြန်နိုးလာသောအခါ အခန်းကို ထင်ထင်ရှားရှားကြည့်၍ မြင်လာ၏။ ညဥ့်သည် တဖြည်းဖြည်းနက်လာ၏။ အီဗာသည် ထိုင်းမှိုင်းလျက်ပင်ရှိသေး၏။

ဂီလီသည် အီဗာ၏အခန်းထဲသို့ ဝင်လာ၏။ ဂီလီ၏ လက်မောင်းပေါ်၌ ညဥ့်ဝတ်အင်္ကျီတစ်စုံပါလာသည်။ လက်ထဲတွင် ဝက်မှင်ဘီးတစ်ခုနှင့် ဘီးတစ်ချောင်းပါလာသည်။

ဂီလီသည် ညဥ့်ဝတ်အင်္ကျီကို ကုလားထိုင်တစ်လုံးပေါ်တွင် တင်ထားလိုက်၏။ ဝက်မှင်ဘီးနှင့် ဘီးကို မှန်တင်ခုံပေါ်၌ ချထားလေသည်။ ထိုနောက် ဂီလီသည် ကုတင်ခြေရင်းသို့လာ၍ အီဗာကို ရပ်ကြည့်နေ၏။ ဂီလီ၏မျက်နှာမှာ ဖြူရော်၍ သွေးမရှိဘဲ ရှိနေဆဲဖြစ်၏။ သူ၏ မျက်နှာမှာ လူသေမျက်နှာလို ဘာသွေးရောင်မျှ မရှိချေ။

"ရှင်အသုံးလိုမယ့်ပစ္စည်းတွေ ကျွန်မ ယူလာခဲ့တယ်"

ဂီလီက ထိုမျှသာ ပြော၍ရပ်နေ၏။ နောက်ထပ် ဘာမျှမပြောပေ။

အီဗာမှာ ဂီလီမတုန်မလှုပ်ရပ်၍ ဘာမှမပြောဘဲနေသည်ကို သည်းမခံနိုင်တော့သဖြင့်

"ရှင်ဘာလိုချင်လို့လဲ"

ဟု မေးလိုက်လေ၏။ ဂီလီက

"ရှင် ဆင်တဲ့ဇာတ်ကွက်မဟုတ်လား"

ဟု ဖြည်းဖြည်းနှင့်မှန်မှန် ပြန်ပြော၏။ အီဗာက

"ကျွန်မ ဘာမှ မလုပ်ပါလား။ ဘာမှ မလုပ်ဘူး။ ကျွန်မ ဆင်တဲ့ဇာတ်ကွက်လို့ ရှင်ထင်နေတာ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်ဘူး။ ကျွန်မ မြူးနစ်မြို့ကို လာခဲ့တာ ကျွန်မ သူငယ်ချင်းအတွက် အလုပ်လုပ်ပေးဖို့ လာခဲ့တာပဲ။ ပြီးတော့ ကျွန်မ ကိုယ်ပိုင်ဘဝခရီးအတွက် လာခဲ့တယ်။ ရှင့်ကို ကျွန်မ ဘာလုပ်မိလို့လဲ"

ဂီလီက

"တစ်နေ့ကျရင် ရှင်သိပါလိမ့်မယ်... သူ သူက ကျွန်မကို သိပ်ချစ်တာပါ။ တစ်ကမ္ဘာလုံးက သူ ကျွန်မကိုချစ်တာ သိတယ်"

အီဗာက ပြန်မေး၏။

"ဘာ... သူက ရှင့်ကိုချစ်နေတယ်။ ဒါနဲ့ ရှင်ဟာ သူ့တူမ မဟုတ်လား"

ဂီလီက စောစောကအတိုင်း ပြန်၍ပြောသည်။ ဂီလီ၏အသံမှာ အော်ရလွန်း၍ ပြာနေ၏။

"သူ ကျွန်မကို ချစ်နေတယ်... သူ ကျွန်မကို ချစ်နေတယ်"

ဂီလီကပင် ဆက်၍ပြော၏။ ဂီလီ၏စကားထဲတွင် နိမိတ်ပြသည့် စကားလုံးများ ပါလာလေသည်။

"တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုတာမှာ ဦးလေးနဲ့တူမ ဆိုတာက ဘာရေးလဲရှင့်။ သူဟာ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးလို့ အသိအမှတ်ပြုထားရတဲ့ ထိပ်ဆုံးကလူတစ်ယောက်ပဲ။ ဒါပေမယ့် ကျွန်မကို သူသတ်သလိုပဲ။ တစ်နေ့ကျရင် ရှင့်ကို သူသတ်လိမ့်မယ် အီဗာ... ရှင့်ကိုလည်း သူသတ်ပါလိမ့်မယ်"

"သူက ရှင့်ကို ဘယ်မှာသတ်လို့လဲ။ ရှင် အသက်ရှင်လျက်နေတာပဲ။ သတိထားဦးမှပေါ့"

ဂီလီ၏မျက်နှာမှာ ရုတ်တရက်ပြုံးလိုက်သည်ကို တွေ့ရ၏။ သို့သော် ထိုအပြုံးမှာ တစ္ဆေသရဲတစ်ကောင်၏ အပြုံးမျိုးဖြစ်၍နေ၏။

"အီဗာ... သူ ရှင့်ကိုသတ်လိမ့်မယ်။ ရှင့်ကို သေမယ့်ဘေးက ကျွန်မလည်း မကယ်တင်နိုင်ဘူး။ ကျွန်မကိုယ်တိုင်လည်း မသေချင်သေးပါဘူး။ ဒါပေမယ့် ကျွန်မ ဘယ်လိုလုပ်ပြီး အသက်ရှင်နေရမှာလဲ၊ ဘုရားသခင်... ကျွန်မ ဘယ်လိုလုပ်ပြီး အသက်ရှင်နေရမှာလဲ"

ထိုအခိုက် အခန်းတံခါးသည် ခပ်ဖြည်းဖြည်း ပွင့်သွား၏။ တံခါးဝ၌ ဟစ်တလာ ရပ်နေသည်ကိုတွေ့ရ၏။ သူ့ဟန်မှာ ဘောင်သွင်းထားသော ဓာတ်ပုံတစ်ပုံလို တည်ငြိမ်လှ၏။ သူက လက်ကိုမြှောက်လိုက်သည်။ အီဗာနှင့် ဂီလီတို့က ပြိုင်တူပင်ပြန်၍လက်မြှောက်ရင်း အလေးပြုလိုက်သည်။

**"ဟေး... ဟစ်တလာ"**

သူသည် မိန်းမငယ်နှစ်ယောက်ကို တစ်ယောက်စီ လိုက်ကြည့်နေ



၏။ သူက ဖြစ်နေသောအခြေအနေကို နားလည်သွားလေသည်။ ဟစ်တလာက ဂီလီကို ခေါင်းငုံ့ပြပြီး ဤနေရာမှ ထွက်ခွာသွားရန် အချက်ပေးလိုက်၏။ ဂီလီသည် ရှိသေကျိုးနွံစွာဖြင့် ထိုနေရာမှ ရုတ်တရက် ထွက်ခွာသွား၏။ သူမသည် ဟစ်တလာအား မရှိသေသည့် ဟန်အမူအယာ လုံးဝမပြရဲရှာပေ။ တိတ်ဆိတ်စွာပင် ဂီလီသည် အခန်းထဲမှ ထွက်သွား၏။

ဟစ်တလာက အီဗာ၏ ခုတင်ဘေးမှာ လာ၍ရပ်၏။ သူ့အမူအရာမှာ ကြင်နာလှသည်။

"အဗီ... ကလေးရယ်၊ မင်း နေကောင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့ ကျွန်မ နေကောင်းပါတယ်။ ကျွန်မ အားပြည့်လာရင် အိမ်ပြန်ချင်တယ်။ ဒါပေမယ့် ကျွန်မ သိပ်အားနည်းနေတယ်။ ပြီးတော့ နည်းနည်းမူနေသေးလို့"

"မင်း ဒီနေ့တော့ ဒီမှာပဲ အနားယူပြီး နေလိုက်ပါဦးလေ။ နက်ဖြန်မနက်တော့ ကိုယ့်ကားနဲ့ လိုက်ပို့ပေးမှာပေါ့။ ကြောက်စရာ ဘာမှမရှိဘူးနော်။ ဘာမှ မရှိဘူး"

ဟစ်တလာ၏လက်က အီဗာ၏လက်မောင်းကို လာ၍ကိုင်ထား၏။ သူ၏လက်ချောင်းကလေးများမှာ မွေးညင်းထူထူပေါက်နေသည်ကို အီဗာ မြင်ရလေသည်။

အီဗာ၏ လက်မောင်းများကို သူ့လက်ဖြင့် ဂရုတစိုက် ပွတ်သပ်ပေးနေရင်းက

"ဂီလီက ဘာပြောသေးလဲ"

အီဗာက

"မပြောပါဘူး၊ ဂီလီ ဘာမှမပြောပါဘူး"

ဟစ်တလာက

"ဂီလီဟာ တော်တော်ထူးဆန်းတဲ့ ကလေးမတစ်ယောက်ပဲ၊ ကွန်ဗင့်ကျောင်းမှာ သူ့ကို ပညာသင်ဖို့ပို့ထားခဲ့တာဟာ ခုတော့ ရယ်စရာဖြစ်နေပြီ။ သူ့မှာ စိတ်ရောဂါလည်း ရှိနေတယ်မဟုတ်လား။ သူ့စိတ်ထင်ရာ လုပ်နေတာပဲ။ သူဘာလုပ်လိမ့်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

သူက ရယ်နေ၏။ သူ့ဟန်ကိုကြည့်၍ အီဗာက သူ့အပြုအမူမှာ ကျေနပ်နှစ်သက်ဖွယ်မဟုတ်ဟု ယူဆလိုက်၏။ သူ့သွားများမှာ အဝါရောင်ဖြစ်၏။ သူ့နှုတ်ခမ်းထက်တွင် နှုတ်ခမ်းမွေး လက်နှစ်ဆစ်ကို တွေ့ရသည်။

"ဂီလီရဲ့ မိုက်မဲမှုတွေကို တို့မေ့ထားလိုက်ကြရအောင်၊ တို့မှာ သူ့အတွက် ဘာမှအထူးတလည်လုပ်စရာ မလိုပါဘူး။ ကိုယ်နောက်တောင် ကျနေပြီ။ ခရီးထွက်ရမယ်လေ။ ဟမ်းဘတ်ကို သွားရမယ်။ အရေးကြီးတဲ့အစည်းအဝေးတစ်ခုရှိတယ်။ ကိုယ်နောက်ကျလို့မဖြစ်ဘူး။ ကိုယ်ကတော့ ဘယ်တော့မှ နောက်မကျတတ်ပါဘူး။ ကမ္ဘာကို စိုးမိုးဖို့အတွက် ဆောင်ရွက်ရမှာတောင် ကိုယ်ဘယ်တော့မှ နောက်မကျခဲ့ဘူး မဟုတ်လား"

သူက အခန်းအပြင်သို့၏ ပြန်ထွက်သွား၏။ တံခါးဝရောက်မှ အီဗာကို လှည့်၍နှုတ်ဆက်သည်။ အီဗာကလည်း ပြန်၍နှုတ်ဆက်လိုက်ရလေ၏။

**"ဟေး... ဟစ်တလာ"**

အီဗာသည် သူကားမောင်းထွက်သွားသံကို ကြားလိုက်ရ၏။ အိမ်စေမကလေးတစ်ယောက် လာပို့သော နွားနို့ဖန်ခွက်ကိုယူ၍ အီဗာက သောက်လိုက်၏။ ပြူတင်းဝမှနေ၍ တိတ်ဆိတ်ငြိမ်သက်နေသော မြူးနစ်မြို့တော်၏ ညဥ့်ရှုခင်းကိုမြင်ရသည်။ အချိန်အနည်းငယ်မျှအကြာတွင် ခပ်ဝေးဝေးစားသောက်ဆိုင်ဆီမှ သီချင်းသံများသည် တိတ်ဆိတ်၍ သွားတော့၏။ လမ်းပေါ်တွင် အသွားအလာများ တဖြည်းဖြည်းနည်းပြီး တိတ်ဆိတ်ငြိမ်သက်နေလေ၏။

အီဗာသည် မကြာမီ အိပ်ပျော်သွားလေ၏။ အချိန်အတန်ကြာမျှ အိပ်မောကျသွားပြီး တစ်စုံတစ်ခုအသံကြောင့် အီဗာအိပ်ရာမှ လန့်နိုးသွားလေသည်။ အီဗာ သိလိုက်သည်။ ထူးထူးဆန်းဆန်းအဖြစ်တစ်ခုတော့ ဖြစ်ပြီဟုနားလည်လိုက်သည်။ မိမိကြားလိုက်သည်မှာ ထိတ်လန့်တကြား အော်သံဟုထင်မိ၏။ သေဘေးနှင့်ကြုံ၍ ထိတ်လန့်ကြောက်ရွံ့စွာ အော်လိုက်သော အသံမျိုးလည်းဖြစ်သည်။ သို့သော် အီဗာက 'ဒါ အိပ်မက်မက်တာပဲ ဖြစ်မှာပါ' ဟု မိမိစိတ်ကို ဖြေကြည့်၏။ သို့သော် တကယ်ဖြစ်တာလည်း ဖြစ်နိုင်သည်ဟု မသက်ာ။

အီဗာတစ်ကိုယ်လုံးမှာ ဖြစ်ရပ်ကို သိချင်လွန်းအားကြီး၍ နေမထိထိုင်မသာဖြစ်နေသည်။ အီဗာသည် အိပ်ရာမှ ရုတ်တရက်ထလာမိခဲ့သည်။ အီဗာသည် မိမိခြေထောက်များ အားမရှိသည်ကို သတိမပြုမိ။ စိုးရိမ်ပူပန်ခြင်းက အီဗာလှုပ်ရှားသွားလာရန် အားဖြည့်ပေးလေသည်။ အီဗာသည်



အခန်းတံခါးကို ဖွင့်လိုက်ပြီး လူသွားလမ်းအတိုင်း လျှောက်လာ၏။ နံရံကပ်မီးပွင့်များ အလင်းရောင်များ ဖြာထွက်နေသည်။ အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အခန်းပြူတင်းဝမှနေ၍ လရောင်သည် ထိုး၍ဝင်နေလေ၏။ လသာဆောင်ကိုဖြတ်၍ ပန်းရနံ့များ သင်းပျံ့လျက်ရှိသည်။ ညဥ့်၏အလှများ ပွင့်ဖူး၍နေတော့သည်။

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်ပြီးနောက် မကြာမီပင် စောစောက အသံမှာ သေနတ်သံဖြစ်ကြောင်း သတင်းပြန့်သွားတော့သည်။ အီဗာသည် ဂီလီ၏တံခါးပွင့်နေသည်ကို မြင်နေရ၏။ လျှို့ဝှက်ပုလိပ်အဖွဲ့ဝင် (အက်စ်အက်စ) ရဲဘော်တစ်ဦး ဖလုံးပူးသေနတ်တစ်လက်ကို ကိုင်လျက် တွေ့ရသည်။ ထိုသေနတ်မှာ 'လျူဂါ'အမျိုးအစားဖြစ်၏။ သေနတ်ပြောင်းဝမှာ မီးခိုးပြာများ ထွက်နေသည်ကို တွေ့ရ၏။ ယမ်းနံ့များလည်း စူးစူးရှရှ နံလေ၏။

အီဗာထင်သည်မှာ မမှားပါချေ။

အီဗာသည် ရုတ်တရက်ခေါင်းမှာ မူးဝေလာ၏။ ထို့ကြောင့် အိပ်ရာဆီသို့ ပြန်လျှောက်လာသည်။

ဂီလီက ပြောသွားခဲ့သည်

"ကျွန်မကို သူသတ်သလိုပဲ တစ်နေ့ကျရင် ရှင့်ကို သူသတ်လိမ့်မယ် အီဗာ"

ဒါကိုပင် အီဗာက ကြားယောင်နေ၏။ ယခုနေများ အင်အားပြည့်ပြည့်ဝဝရှိနေပါလျှင် အီဗာသည် အဝတ်အစားကို အမြန်ဆုံးလဲ၍ ဤနေရာမှ ထွက်ပြေးသွားမိမည်ဖြစ်၏။ ပြီးတော့ ဘယ်တော့မှ ဒီနေရာကို ပြန်မလာချင်တော့ပါ။ အီဗာသည် ကတ်ထဲကို ပြန်ပြေးသွားချင်၏။ အမေနေသော တောင်ကြားသို့ သိပ်သတိရနေပါသည်။ သို့သော် ဤသို့ပြုလုပ်ရန်လည်း လုံးဝမဖြစ်နိုင်တော့သည်ကို နားလည်ပါ၏။

မိမိအား တောသို့ မပြန်နိုင်အောင် ချုပ်ကိုင်ထားသောသူက ရှိနေပြီဖြစ်၏။ ဂီလီကပင် မိမိအား သူ၏ဇာတ်ကိုဝင်ကမည့် ကချေသည်တစ်ဦးဟု အသိအမှတ်ပြုသွားပြီဖြစ်၏။ ကကြိုးကကွက်နှင့် ကဟန်တို့မှာ သေမင်းနှင့်အတူ ကပြရမည်လည်း ဖြစ်ပါသည်။

"ဘုရားသခင် ကယ်တော်မူပါ"

အီဗာက ဆုတောင်းလိုက်၏။ နောက်ထပ်တစ်နာရီမျှ ကြာသော အခါ ဖရောရော်ဘဲလ်သည် အီဗာ၏အခန်းထဲသို့ ဝင်လာလေ၏။ သူမ၏ **မျက်နှာမှာ မကောင်း။ ဖရောရော်ဘဲလ်သည် အီဗာအနားသို့** ဖြည်းညင်းစွာ ကပ်လာလေ၏။

"တစ်ခုခုဖြစ်တယ် မဟုတ်လား၊ ကျွန်မ သေနတ်သံတစ်ချက် ကြားလိုက်ပါတယ်"

အီဗာက မေးလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်မတို့မှာ ဖြစ်သမျှကို ရင်ဆိုင်ရတဲ့ သတ္တိရှိရမှာပဲ။ ဘယ်သူ့ကိုမှ အပြစ်တင်လို့လည်း မရဘူးလေ။ ဂီလီတော့ သူ့ဘဝကို သူ အဆုံးသတ်သွားပြီ။ သူ့ကိုယ်သူ သတ်သေသွားတယ်လေ။ သူ ဒီလိုလုပ်ဖို့ ကြံစည်နေတာ ကြာပါပြီ။ ကျွန်မတို့လည်း ဒါကိုသိလို့ စိုးရိမ်နေခဲ့ပါတယ်လေ။ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်သတ်သွားတယ်"

နှစ်ဦးစလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြလေသည်။

✡✡✡

# ဖရောဟာစ်တလာ

အီဗာက သိပါသည်။ တောကိုပြန်ရန်မှာ များစွာနောက်ကျနေခဲ့ပြီ ဖြစ်ပါသည်။ အီဗာသည် မိမိကိုယ်ကို မိမိနှစ်သိမ့်ရန် ကြိုးစားရ၏။ ဂီလီမှာ စိတ်ရောဂါရှိနေ၍သာ ဤသို့ သတ်သေသွားရခြင်းဖြစ်သည်ကို စဉ်းစားရင်း စိတ်ဖြေရသည်။ မိမိအနေဖြင့် ဖြစ်ပြီးခဲ့သမျှကို မေ့ရမည်ဖြစ်၏။ သို့သော် အီဗာ၏ မျက်စိထဲတွင် လျှူဂါသေနတ်ကိုင်ထားသော အက်စ်အက်စ်ရဲဘော်ကိုလည်းကောင်း၊ ထိုအချိန်က ရှုခဲ့ရသောယမ်းနံ့များကိုလည်းကောင်း သတိရနေလေသည်။

အဖြစ်အပျက်ကို စုံစမ်းစစ်ဆေးကြသောအခါ ဂီလီသည် ထိုနေ့ညဦးက အခန်းထဲတွင် တစ်ယောက်တည်းရှိစဉ် မိမိကိုယ်ကို မိမိသေနတ်ဖြင့် ပစ်သတ်၍သေဆုံးသွားကြောင်း သိရလေ၏။ ဂီလီမှာ အချိန်အတန်ကြာပင် ကောင်းစွာမကျန်းမာခဲ့ဘဲ ရှိသည်။ ထို့ပြင် ကျပ်ကျပ်တည်းတည်း ဖိနှိပ်ခြင်းခံနေခဲ့ရရှာ၏။

အီဗာက တွေးနေ၏။ 'ငါမေ့လိုက်မှပဲ၊ ဖြစ်ခဲ့တာကို ငါမေ့လိုက်ရမှာပဲ' လူထုထဲက ဤအကြောင်းမှာ ပြော၍မဆုံးသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။ မြို့တော်အတွင်းတွင် တိုးတိုး ပြောကြသည်များမှာ ဂီလီအကြောင်းသာဖြစ်၏။ လူထုအနေဖြင့် ဤအကြောင်းများကို ပြော၍ဘေးရန်မကင်းဖြစ်မည်ကို သိကြသော်လည်း ပြောကြသည်သာဖြစ်၏။ ဟာစ်တလာကို အကြွင်းမဲ့ယုံကြည်အားထားကြသော်လည်း ပြောကြမြဲပင်ဖြစ်လေသည်။

အီဗာက စကားကို ချဲ့ကား၍ ပြောကြသော လူထုကို မကျေနပ်ဖြစ်မိသေးသည်။ သူတို့စကားအရမှာကား ဂီလီကို မိမိကိုယ်ကိုမိမိ သတ်သေရန် ဟာစ်တလာက အမိန့်ပေးခဲ့သည်ဟု ပြောနေကြ၏။

အီဗာသည် လျှူဂါသေနတ်ကို ကိုင်ထားသောလူ၏ရုပ်သွင်ကို မျက်စိထဲမှ ဖျောက်မရဖြစ်နေ၏။ သူ့ရုပ်သွင်မှာ အီဗာကို တစ္ဆေချောက်သလို လာ၍နှောင့်ယှက်နေလေသည်။

ထို့ပြင် ဂီလီ၏စကားများကိုလည်း အီဗာက မမေ့နိုင်ဖြစ်နေရသည်။ 'ကျွန်မကို သူသတ်သလိုပဲ တစ်နေ့ကျရင် ရှင့်ကိုလည်း သူသတ်လိမ့်မယ် အီဗာ' ထိုအတွင်း ဟိန်းရစ်ဟော့ဖ်မင်း၏ ဓာတ်ပုံဆိုင်မှာ အလုပ်များပို၍များလာပြီးလျှင် အလုပ်တာဝန်များကလည်း ပို၍ပိလာလေသည်။ ဓာတ်ပုံလက်ထောက်တစ်ဦးမှာ အပြင်းအထန်ဖျားနေသည်။ ထို့ကြောင့် အီဗာမှာ စတူဒီယိုအတွင်း၌ တာဝန်ယူရုံအပြင် ဓာတ်ပုံအမှောင်ခန်းအတွင်းသို့လည်း သွားရောက်ကူညီရပြန်သည်။

အီဗာကလည်း အလုပ်လုပ်ရသည်ကိုပင် များစွာကျေနပ်၏။ နာရီဘယ်လောက်များများ အလုပ်ကို ဆက်တိုက်လုပ်ရ၍ပင် အီဗာကမမှု၊ မမောတဲ့ရှိနေပါ၏။ အကြောင်းမှာ အီဗာအနေဖြင့် အလုပ်ခွင်တွင် စိတ်ပါဝင်စားနေ၍ ဖြစ်လေသည်။ ယခင်က အီဗာကို တင်းပြည့်ကျေနပ်မှုမရှိသော ဟိန်းရစ်ဟော့ဖ်မင်းကပင် ယခုတော့ အီဗာကို သဘောကျကျေနပ်လျက်ရှိ၏။အီဗာ၏လုပ်အားကိုအသိအမှတ်ပြုထားရပြီဖြစ်၏။ ဟိန်းရစ်၏ဇနီး အာနာကပင် အီဗာကို ဆွေမျိုးတစ်ယောက်ကဲ့သို့ ခင်မင်နေပြီလည်းဖြစ်၏။

အာနာက အီဗာကို ဤသို့ပြောလေသည်။

"အီဗာ… ကိုယ်တို့နဲ့ တစ်ခါတည်း လာနေပါတော့လား။ မင်းကို ဖရောရှမစ်တို့အိမ်မှာ ထားရတာကိုက မှားခဲ့ပါတယ်လေ။ ကိုယ်လည်း ဟိန်းရစ်ကို ရှင်းပြလို့ ဟိန်းရစ်လည်း နားလည်သွားပါပြီ"

အီဗာက

"ကိုယ်တော့ ဖရောရှမစ်တို့အိမ်မှာ ပျော်နေပါတယ်"

အာနာက

"အဲဒီမိန်းမကြီးကလည်း ကြောက်စရာ အခြေအနေဖြစ်နေတာပဲ။



သူ့ဝမ်းဗိုက်ကြီး သိပ်ကြီးနေတယ်လေ။ အဲဒါကို ကင်ဆာရောဂါလို့ ပြောကြတယ်။ ကင်ဆာရောဂါသာမှန်ရင်တော့ သူ မကြာခင် သေမှာပဲ။ **ဆေးရုံကောင်းကောင်းတွေ့တောင်မှ ဒီရောဂါ ကုဖို့ ဆေးမရှိဘူး။ ဘဝဆိုတာကလည်း ဓရီးတိုကလေးတစ်ခုပဲကိုး…၊** မဟုတ်ဘူးလား"

အီဗာက

"ဖရောရှမစ်လည်း သနားစရာပါပဲ။ သူ့ရောဂါဟာ ကင်ဆာမဖြစ်ပါစေနဲ့လို့သာ ဆုတောင်းပါတယ်"

အာနာက ထပ်ပြောသည်

"ဒါကတော့ ကိုယ်ကြားခဲ့ရတာပဲလေ။ မင်း ဂီလီအကြောင်း လူတွေက ဘာပြောသလဲ သိရဲ့လား။ သူတို့ပြောတာက ဂီလီဟာ သူ့ကိုယ်သူ သတ်သေတာမဟုတ်ဘူးတဲ့၊ သူက သေမှာ သိပ်ကြောက်တယ်ဆိုပဲ…၊ အသက်ရှည်ရှည်နေချင်သေးတာပဲတဲ့။ ဒါပေမယ့် သူသေသွားရရှာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူသွားနေတဲ့လမ်းကိုက သေလမ်းကိုသွားနေတာကိုး"

ထိုအချိန်သည် အီဗာသည် ဂီလီပြောခဲ့သောစကားများကို ပြန်၍သတိရနေသည်။ **"ကျွန်မ အသက်မသေချင်သေးပါဘူး။ ဒါပေမယ့် ဘုရားသခင်…၊ ကျွန်မ ဘယ်လိုလုပ် အသက်ရှင်နေရမှာလဲ"**

အီဗာက ပြန်ပြောသည်

"ကျွန်မအထင်တော့ ဂီလီဟာ သူ့ကိုယ်သူ ပစ်သတ်သွားတာပဲ"

အီဗာအနေဖြင့် အဒေါ့ဖ်ဟာစ်တလာ၏ သဘောအတိုင်း လိုက်လျောညီစွာ ပြောနေခြင်းဖြစ်သည်။ အီဗာသည် ဟာစ်တလာကို ဆန့်ကျင်လိုခြင်းမရှိ၊ ဟာစ်တလာနှင့် မိမိတို့မှာ တစ်သဘောတည်းပင်ဖြစ်လိုသည်။ပြီးတော့ သူကြားထားသလိုပင် ပြောလိုသည်။

အာနာက ပြော၏

"အီဗာရယ် မင်းပါတီဌာနချုပ်နဲ့ သိပ်ပြီး ရင်းနှီးမှုရှိနေတာတော့ ဟန်ကျတယ်ကွာ။ ဘာပဲဖြစ်ဖြစ် အဆင်ပြေတာပေါ့။ တစ်နေ့ကျရင်သာ တို့ကို မေ့မထားနဲ့နော် အီဗာ"

အီဗာက

"အို အာနာရယ် ကိုယ်တတ်နိုင်တာဆိုရင် ဘာမဆို ကူညီမှာပါ၊ မင်းသိရဲ့သားနဲ့"

အာနာက သူမခင်ပွန်း ဟိန်းရစ်ဟော့ဖ်မင်းအား ဟစ်တလာက အစိုးရအိမ်တော်ဓာတ်ပုံဆရာအဖြစ် ခန့်ထားရေးကို ရည်ရွယ်၍ပြောနေခြင်း ဖြစ်သည်။ အဒေါ့ဖ်ဟစ်တလာကလည်း ဟိန်းရစ်၏ ဓာတ်ပုံလက်ရာ အယူအဆကို ကျေနပ်နှစ်သိမ့်ပြီးဖြစ်၏။

သို့သော် အလုပ်ခန့်ထားရန် နောက်ဆုံး ဆုံးဖြတ်ချက်ကိုတော့ မချမှတ်ရသေးပေ။ ယခုအခါ ညနေပိုင်းအချိန်များ၌ အဒေါ့ဖ်ဟစ်တလာ ထံသို့ သွားရောက် ညစာစားစဉ် အီဗာမှာ များစွာပိုမိုရင်းနှီးနေပြီဖြစ်၏။ ဖရောရော်ဘဲလ်မှာ ယခင်ကလိုမဟုတ်တော့ဘဲ ကိုယ်ရောင်ဖျောက်နိုင်သမျှ ဖျောက်၍လေ့ရှိသည်။ တစ်ခါတစ်ရံမှသာ စားသောက်ဖွယ်များကို ကိုယ်တိုင် ဝင်ရောက်၍ ပြင်ဆင်ပြီးလျှင် ထမင်းစားခန်းမှ ဖယ်သွားလေ့ရှိသည်။

ဟစ်တလာနှင့် အီဗာတို့ စကားပြောသည်များကို ဂရုတစိုက်ပင် စောင့်၍နားထောင်လေ့ရှိသော်လည်း ဘာမျှမကြားသလိုနှင့် ဘာမျှမပြောဘဲ နေလေ့ရှိသည်။

တစ်ညနေတွင် အီဗာသည် ဟစ်တလာကိုယ်တိုင် အထူးမှာယူပေးသော ဝတ်စုံသစ်ကိုဝတ်၍ ညစာစားပွဲသို့ တက်ရောက်လေသည်။ ထိုဝတ်စုံမှာ အညိုရောင်သစ်ကြမ်းပိုးခေါက်ဆင်ဖြစ်ပြီး နာမည်ကျော် အင်နီမရီ ဟောစီ ဖက်ရှင် တိုက်ဆိုင်ကြီးမှာ မှာယူချုပ်လုပ်ရခြင်းဖြစ်သည်။ အင်နီမရီ ဟောစီ တိုက်မှာ ဘာလင်မြို့၌ရှိပြီး အထက်တန်းလွှာ၏ အသုံးတော်ခံ တိုက်ဆိုင်ကြီးလည်း ဖြစ်သည်။ အင်နီမေရီဟောစီ တိုက်ချုပ် ဝတ်စုံတစ်စုံ ကို ဝတ်ဆင်ရန်မှာ မလွယ်ကူ။ မိန်းကလေးတစ်ယောက်အနေဖြင့် ဤ တိုက်ထွက်ဝတ်စုံကို ဝတ်ဆင်ရန်မှာ အိပ်မက်မက်ရုံဖြင့်သာ ကျေနပ်ရမည့် အခြေအနေရှိလေသည်။ အီဗာမှာ ဤဝတ်စုံကို ဝတ်နေရသောကြောင့် များစွာကျေနပ်ပီတိဖြစ်၏။ ဖရောရှမစ်ကလည်း ဝတ်စုံကိုချီးမွမ်းလေသည်။

အီဗာက ဖရောရှမစ်နှင့် ယူဂျင်တို့အား

"ဒီဝတ်စုံကို ဟားရ် ဟစ်တလာက ပေးတာပါရှင့်"

ဟု ပြောပြနေသည်။ယူဂျင်သည် လက်ပိုက်၍ အီဗာကို ကြည့်နေ လေသည်။ သူကဘာမှမပြော။ ဖရောရှမစ်က ဝတ်စုံလှကြောင်းကို ချီးကျူး နေ၏။

"သူ့မှာ အနုပညာမျက်စိရှိတယ်"

ဟုပြောပြီး ထွက်သွားလေသည်။



ယနေ့ ဖရောရှမစ်သည် ဆေးရုံတက်ရလေသည်။ သူမ၏ ဝမ်းဗိုက် မှ မခံမရပ်နိုင်အောင် နာသောကြောင့် ဖြစ်သည်။ လွန်ခဲ့သောညဥ့်များမှ စ၍ နာကျင်စွာ ခံစားလာရသော ဝမ်းဗိုက်မှဝေဒနာကြောင့် ဖရောရှမစ်မှာ အင်အားဆုတ်ယုတ်လျက်လည်း ရှိလေ၏။ သူမ၏ ဆရာဝန်က ဖရောရှ မစ်ကို ဆေးရုံတစ်ရုံသို့တင်၍ ဓာတ်မှန်ရိုက်ကြည့်ရန် စီစဉ်လေသည်။ ဖရောရှမစ်က ဓာတ်မှန်ရိုက်ရမှာကို အလွန်မုန်းသည်။ သို့သော် ယနေ့ နံနက်ပင် ဓာတ်မှန်ရိုက်ပြီးခဲ့ပြီးဖြစ်၏။ သူမသည် ဆေးရုံမှ ကန့်ဆေးနံ့ များကို မခံမရပ်နိုင်သူဖြစ်၏။ မိမိ၌ ဝေဒနာကို ပြင်းစွာမခံစားရပါလျှင် ထိုနေရာမှ ထွက်ပြေးသွားမည်သာဖြစ်လေသည်။ အီဗာက ဖရောရှမစ်ကို မေး၏။

"သူတို့က ဘာပြောသလဲ"

ဖရောရှမစ်က

"နှစ်ရက်အတွင်းတော့ ဘယ်သူမှ သေသေချာချာ မပြောနိုင်ဘူးတဲ့။ ကျွန်မ ပြန်သွားရဦးမယ်လေ"

ထိုနေ့ညဥ့်က အီဗာသည် ဟစ်တလာ၏ ညစာစားပွဲသို့ ဝတ်စုံသစ် ကိုဝတ်၍ တက်ရောက်ခဲ့သည်။ ဟစ်တလာက အီဗာကို အလွန်ကြင်နာ သည့်ဟန်ပြ၏။ ဟစ်တလာက သူ၏ဘေးမှ ယခင် ဂီလီထိုင်ခဲ့သော နေရာ၌ အီဗာကို ထိုင်ခိုင်းသည်။ အီဗာသည် ဂီလီ၏နေရာဟောင်း၌ ထိုင်ရမည်ကို အလွန်စက်ဆုပ်သည်။သို့သော် သူမက ခိုင်းသလို ထိုင်ရ သည်။

"မင်း... မင်း ဝတ်စုံကို သဘောကျရဲ့လား အီဗာ"

"သိပ်လှတာပဲ... ချစ်စရာကောင်းလိုက်တာ၊ ကျွန်မဟာ ဒီလောက် လှတဲ့ ဝတ်စုံကို ဝတ်ရလို့ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးမိန်းကလေးတစ် ယောက်ဖြစ်သွားပြီလေ"

"ကိုယ် မင်းကို ဒီထက်လှအောင် ဆင်ပေးနိုင်ပါတယ် သိလား... ဒီထက်ပိုပြီး ပေးစွမ်းနိုင်ပါတယ်ကွယ်"

ဟစ်တလာက အီဗာကို ကတိတွေပေးနေသည်။

"သိပ်ကျေးဇူးတင်တာပါပဲ ရှင်ရယ်..."

"ကိုယ် ဒီထက် ပိုပေးပါရစေအုံးကွယ်"

အီဗာက မိမိရှေ့တွင် တတိယအာဏာရှင်၏ သရုပ်ကို မြင်နေရပြီ ဖြစ်ပါ၏။ ဤသရုပ်ကား ကမ္ဘာ့အတွက် အမြတ်ဆုံး အမျိုးသမီးတစ်ဦး တည်းအတွက်သာ ဖြစ်သည်ကိုလည်း သိပါသည်။ "တတိယ အာဏာရှင်… အမွန်မြတ်ဆုံး အာဏာရှင်"ဟု အီဗာက စိတ်ထဲမှာ တွေးနေပြီးမှ ဟာစ်တလာဖက်သို့ လှည့်လိုက်၏။

"ရှင်ဟာ ဘယ်လောက်တော်သလဲနော်… ဘယ်လောက် အင်အားကြီးလိုက်တဲ့လူလဲနော်"

အီဗာက ပြော၏။

"မင်းကကော ဘယ်လောက်လှသလဲကွယ်"

ဟာစ်တလာက တပ်မက်သောအကြည့်ဖြင့် ပြောလေသည်။ ဟာစ်တလာသည် အီဗာကို ချစ်နေ၏။ ထို့အတူ အီဗာကလည်း သူ့ကိုပြန်ချစ်နေသည်သာ ဖြစ်သည်။

အီဗာက မိမိလက်များကို မြှောက်လိုက်ပြီး သူ၏လည်ပင်းကို ဖက်ထားလိုက်သည်။ သူ့အင်္ကျီကော်လာပေါ်တွင် လင်းယုန်နှစ်ကောင်တံဆိပ်ကို တပ်ဆင်ထားသည်ကို မြင်ရလေ၏။ သူ့မျက်နှာက အီဗာ့မျက်နှာပေါ်၌ ဝဲနေ၏။ အီဗာက သူ့မျက်နှာမှာ တည်ကြည်ခန့်ညားလှသည် ဟုထင်လေသည်။

အီဗာ့အနေဖြင့် မျက်ကန်းတစ္ဆေမကြောက်ဆိုသလို ဖြစ်နေသော်လည်း သူမ၏ စိတ်ထဲတွင် ထူးဆန်းလှသော ဤကမ္ဘာ၌ သူမှသူ… သူတစ်ဦးတည်းကိုသာ မြင်နေတော့သည်။

"အဒေါ့ဖ်ရယ်၊ ရှင့်ကို ကျွန်မချစ်တယ်…"

အီဗာက တိုးတိုးလေးပြော၏။

"မင်းကိုယ့်ကို ချစ်ပါလို့ ကိုယ်မတောင်းဆိုပါဘူးကွယ်။ ကိုယ့်ဘာသာ မင်းကိုယူမှာပါ။ ဒါကိုယ့်နည်းပဲ။ ကိုယ်လိုချင်တာဆိုရင် ဘာမဆိုရအောင်ယူခဲ့တယ်။ ယခုလည်း ကိုယ်မင်းကို လိုချင်ဆန္ဒရှိနေပြီလေ"

"ကျွန်မကလည်း ရှင့်ကို သဘောကျနေပြီ"

အီဗာအဖို့ ဟာစ်တလာ၏ တစ်ဦးတည်းသော မဟာဒေဝီအဖြစ် ရယူနိုင်ရေးမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေပါပြီကော။ ဤသည်ကို ဂီလီ သိမှသိပါလေစ။ ဖရောရှမစ်ဘဲလ်ကော သိမှသိပါလေစ။



"ကျွန်မဟာ ရှင့်ရဲ့ ထာဝရချစ်သူပါ… ရှင်ဟာလည်း ကျွန်မရဲ့ ထာဝရချစ်သူပါပဲရယ်"

အီဗာက ပြောလိုက်သည်။

အခြေအနေတွေမှာ ဤအတိုင်းပင် သွားနေခဲ့သည်။ အီဗာကလည်း ညဥ့်အချိန်များမှာ ဟာစ်တလာ၏ အိမ်တော်သို့လာ၍ ညစာစားသည်။ ကျန်သည့်အချိန်၌ ဖရောရှမစ်၏အိမ်သို့ပြန်သည်။ ဟိန်းရစ်ဟော့ဖ်မင်းမှာလည်း ဟာစ်တလာထံမှ ခန့်စာကို လည်တဆန့်ဆန့်မျှော်ဆဲ။

ထိုအတွင်း ဖရောရှမစ်၏ခေတ်မှန်ချပ်မှ အဖြေထွက်လာလေ၏။ သူမ၏ရောဂါမှာ ကုစ၍မရနိုင်ကြောင်းကို ကောင်းစွာသိ၏။ ဖရောရှမစ်သည် လာမည့်သေဘေးကို အေးအေးဆေးဆေးပင် ရင်ဆိုင်လေသည်။ မိမိအနေဖြင့် ဝေဒနာကို ကြာရှည်သည်းမခံနိုင်တော့၊ ဝေဒနာက အမြဲမပြတ်ဒုက္ခပေးနေ၍ဖြစ်သည်။ ထို့ကြောင့် သေရမည်ဆိုလျှင်လည်း အဆင်သင့်ပင်ဖြစ်သည်။ သို့သော် ဆေးရုံမှ ခုတင်များကိုလည်း မုန်းသည်။ ဆေးနံ့များကိုလည်း မရှုချင်တော့၍ သေမည်ဆိုလျှင်တောင်မှ အိမ်မှာပဲ သေချင်သည်။ အိမ်သို့သာ ပြန်ဆင်းချင်သည်။

"ဒီလိုဆိုရင် ရှင် ဒီထက် အခန်းကျယ်ကျယ်လိုမှာပေါ့"

အီဗာက မိမိယူထားသောအခန်းကို ပြန်ပေးလို၍ ပြောသောအခါ ဖရောရှမစ်က ခေါင်းခါသည်။

"မဟုတ်ဘူး… မဟုတ်ဘူး၊ ကျွန်မ အရင်အတိုင်းပဲနေလို့ရပါတယ်"

အီဗာမှာ ဟာစ်တလာ၏အိမ်တော်၌ ယခုအခါ တဖြည်းဖြည်းနှင့် အခြားအသိမိတ်ဆွေများနှင့် ဆိုရှယ်ဖြစ်လာလေသည်။ အိမ်ထဲဝင် အပြင်ထွက် လုပ်နေကြသော ဟာစ်တလာ၏ အသိမိတ်ဆွေများ၊ ပါတီခေါင်းဆောင်များ၊ တန်ခိုးရှင်များနှင့် သိရကျွမ်းရ ခင်မင်လာရသည်။ အီဗာ ပထမဆုံးသိကျွမ်းရသူမှာ ရုဒေါ့ဖ်ဟက်စ်ဖြစ်သည်။ ဟက်စ်မှာ ဟာစ်တလာ၏ အိမ်တော်တွင် အထဲဝင် အပြင်ထွက်နှင့် အထူးအခွင့်အရေးရသူဖြစ်သည်။ ဟာစ်တလာ၏ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူ မာတင်ဘော်မန်ထက်ပင် ပို၍ အခွင့်ထူးခံရသူလည်းဖြစ်သည်။

ရုဒေါ့ဖ်ဟက်စ်မှာ ထူးခြားသော ဆင်ပြင်ရှိသည့် လူတစ်ယောက်ဖြစ်သည်။ နဖူး၍ ဝိန်ပြီး မြင်ရသူတစ်ဦး၏အသည်းကို ဖိုလှိုက်သွားအောင် ပြုစားနိုင်သော မျက်လုံးရှိသူလည်းဖြစ်လေသည်။

အဒေါ်ဟစ်တလာ၏ အိမ်၌ ဖိဦးမျှသာ ထိပ်တန်းခေါင်းဆောင်များ စုဝေးလေ့ရှိသည်။ ထိုခေါင်းဆောင်များနှင့်အတူ အီဗာလည်း ဝင်ရောက်၍ ညစာစားသောက်ရမြဲဖြစ်သည်။

ထိုထိပ်တန်းလူများထဲတွင် လူဝကြီး ဟာမင်းဂိုရင် တွေ့ရသည်။ ဂိုရင်သည် အလွန်ကြွားဝါတတ်ပြီး ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်၍ လူအများ ရယ်မောရအောင် အမြဲတမ်းလိုက်လံ ကလိထိုးနေသော စကားကို ခပ်ကြွယ်ကြွယ်ပြောတတ်သူလည်း ဖြစ်သည်။

သူ၏ရှေ့မှအီဗာဖြတ်သွားရလျှင် အီဗာ၏ ဆူဖြိုးလှသောပေါင်သားကို ဂိုရင်က လှမ်း၍ဆိတ်ဆွဲတတ်ပြီးလျှင် တပ်မက်သောအကြည့်ဖြင့် ပြုံတီတီလုပ်တတ်သည်လည်း ရှိပေသည်။ မြူးနစ်မြို့တော် တီးထိုးစကားရပ်ကွက်၏ သတင်းစကားအရဆိုလျှင် ဤခေါင်းဆောင်ကြီးဂိုရင်မှာ မယားကြီးရှိလျက် မယားငယ်ယူထားသူဖြစ်သည်။ မယားကြီးကိုမူ ဒုက္ခသည်စခန်းပို့ထားပြီး နှာမည်ကျော် ရုပ်ရှင်မင်းသမီးချော ငယ်ငယ်ကလေးကို မယားငယ်မြှောက်ထားသူလည်းဖြစ်သည်။ သူသည် မယားငယ်ကလေးကို အဖိုးတန် အဝတ်အစားများနှင့် လက်ဝတ်ရတနာတွေ တစ်ပုံကြီးဆင်ယင်ပေးတတ်သည်ဟု ဆိုကြသည်။

တွေ့စပြုသည့်အချိန်ကပင် အီဗာက ဂိုရင်မှာ အထူးဂရုတစိုက် သတိပြု ဆက်ဆံရမည့် လူတစ်ယောက်ဖြစ်သည်ကို နားလည်ခဲ့လေသည်။ ဂိုရင်က အီဗာအား 'မင်းမျက်နှာက သိပ်ချိုတာပဲနော်' ပြောလေ့ရှိခဲ့သည်။

အီဗာသည် ဒေါက်တာဂိုးဘဲလ်နှင့်လည်း အသိဖြစ်ရသည်။ အီဗာကတော့ ဂိုးဘဲလ်ကို သိရခင်ရသည့်အတွက် ကျေနပ်လှသည်။ ဂိုးဘဲလ်မှာ ဒုက္ခိတတစ်ယောက်ဖြစ်သည်။ သူ့ကိုယ်လုံးမှာ သေးသွယ်ပုကွ၍ မိုးမခပင်တစ်ပင်နှင့်တူသည်။ သူလမ်းသွားလျှင် တိုနေသော ခြေတစ်ချောင်းကို ဒရွတ်ဆွဲ၍သွားရလေသည်။ သူသည် ဒုက္ခိတတစ်ယောက်ဖြစ်ခြင်းကို ရှက်၍ သူ့ခြေထောက်ကို အမြဲကွယ်ဝှက်ထားတတ်၏။ သူသည် အလုပ်မည်မျှ လုပ်ရလုပ်ရ မမောပန်း လုပ်တတ်သူလည်းဖြစ်၏။ အီဗာက ဒေါက်တာဂိုးဘဲလ်ကို ခင်မင်မိ၏။နောက်အခါတွင် အီဗာသည် ဂိုးဘဲလ်၏ ဇနီးဖြစ်သူ ဖရောဂိုးဘဲလ်နှင့်ပါ တွေ့ဆုံခင်မင် သိကျွမ်းခွင့်ရခဲ့လေသည်။ ဖရောဂိုးဘဲလ်ကား သားသမီးများကို အလွန်ဂရုစိုက်၍ အိမ်ထောင်ထိန်းသိမ်းမှု ကျွမ်းကျင်သူတစ်ဦးပေတည်း။



အီဗာသည် ဟစ်တလာ၏ ပတ်ဝန်းကျင်ရှိ ခေါင်းဆောင်မျိုးအနက် ဘာဖြစ်လို့မှန်းမသိ၊ မာတင်ဘော်မှန်နှင့် ဟက်စ်တို့ကို ကြည့်မရအောင် မုန်းတီးနေမိသည်။သို့သော်ဟစ်တလာအပေါ် အမြဲသစ္စာရှိမည် ယုံကြည်ရသော ရုမ်းကိုတော့ ခင်သည်။ ဝက်မျက်စိနှင့် ဟင်းမလာဆိုသည့်သူကိုတော့ အီဗာ အမြင်ကပ်လှ၏။ သူသည် စကားနည်းနည်းပြောပြီးလျှင် ထမင်းစားပြီးတိုင်းလေချဉ်တက်လေ့ရှိသူလည်းဖြစ်၏။ အဒေါ့ဖ်ဟစ်တလာအနေဖြင့်ကား အီဗာနှင့် သူ၏အပေါင်းအသင်းများ သိပ်ရင်းနှီးသွားမည်ကို စိုးရိမ်မိသည်။ သူတို့က အီဗာအား ချစ်ခင်နှစ်လိုသည့် အသွင်ဖြင့်ကြည့်ကြ၏။ အီဗာကလည်း သူတို့ရှေ့တွင်ဆိုလျှင် ဆံပင်ကို ပိုမို၍လှပစွာ ပြင်ဆင်ပြီး အဝတ်အစားကိုလည်း ပိုမိုသပ်ရပ်တောက်ပြောင်စွာ ဝတ်ဆင်လေသည်။

သို့သော် သူတို့က အီဗာ့အခြေအနေကို သိ၏။ အဒေါ့ဖ်ဟစ်တလာ ကတော်ဖြစ်လာမည့်သူ အီဗာဘရောင်း၏အခြေအနေကို သိကြပေသည်။ သို့သော် အီဗာအနေနှင့် ယုံကြည်နေသည်မှာကား ဘော်မန်နှင့် ဟက်စ်တို့က အီဗာအား မကျေမနပ်ဖြစ်နေသည်ဆိုသည့် အချက်ပင်ဖြစ်၏။ သို့သော် သူတို့နှစ်ဦး၏ ဝမ်းထဲတွင် ဝင်မကြည့်ရ၍ သူတို့သဘောကို သေချာစွာ မသိနိုင်။ သူတို့ပါးစပ်များကတော့ ချိုသာလှသည်။ အီဗာကို စကားအပို ပြော၍ ချိုချိုသာသာ ဆက်ဆံကြ၏။

အီဗာမှာသည်အရေးပါသည့်ခေါင်းဆောင်များနှင့် ခပ်ကင်းကင်းပင် နေချင်သည်။ မိမိအနေဖြင့် အဒေါ့ဖ်ဟစ်တလာကိုသာ အစဉ်ထာဝရ ပြုစုယုယနေချင်သည်။ သူ့ကိုသာ အစဉ်ယုယပြုစုရင်း ကြည်နူးနေချင်သည်မှာ အီဗာ၏ တစ်ခုတည်းသော ဆန္ဒပင်ဖြစ်လေသည်။

"ရုဒေါ့ဖ် ဟက်စ်ဟာ ကိုယ့်အရင်းနှီးဆုံးသူငယ်ချင်းပါ"

တစ်ညနေ၌ ညစာစားပွဲအပြီးတွင် အဒေါ့ဖ်ဟစ်တလာက အီဗာကို ပြောနေ၏။

"ကျွန်မကတော့ သူ့ကို နားမလည်နိုင်ဖြစ်နေပြီ။ သူ့မျက်လုံးတွေ ကြည့်ရတာ သိပ်ထူးဆန်းသလိုပဲ"

"သူဟာ အယုံကြည်ရဆုံး လူတစ်ယောက်ပါကွယ့်၊ တစ်နေ့ကျရင် ပါတီအတွက် အရေးကြီးတဲ့ တာဝန်တစ်ရပ်ကို သူလုပ်ပြလိမ့်မယ်၊ ဟက်စ်နဲ့ပက်သက်လို့တော့ မင်းဘာမှ သံသယ မဖြစ်နေပါနဲ့ကွာ"

သို့သော် ဟက်စ်နှင့်ပတ်သက်၍ အီဗာမှာ ကသိကအောင့်ဖြစ်ရာ ကြုံလာရပြန်သည်။ တစ်ညနေ၌ အီဗာသည် အဒေါ့ဖ်ဟစ်တလာ၏ အိမ်တော်သို့ ညစာစားရန် ရောက်ရှိလာသည်။ အီဗာသည် ရောက်လျှင် ရောက်ချင်း အိပ်ခန်းထဲသို့ တန်းဝင်သွားခဲ့သည်။ အီဗာသည် မှန်ရှေ့၌ ဆံပင်ကို စိတ်တိုင်းကျပြင်နေ၏။ ထို့နောက် လက်ချောင်းကလေးများကို နှင်းဆီနံ့သင်းသော ရေမွှေးဖြင့် ဆွတ်ဖျန်းနေ၏။ အဒေါ့ဖ်သည် မိမိလက်ချောင်းကလေးများကို အမြတ်တနိုးရှိလှသည်။ ထို့ကြောင့် သူနှစ်သက်သော ရေမွှေးဖြင့် လက်ချောင်းကလေးများကို ဆွတ်ဖျန်း၏။

အီဗာရောက်လာသည်ကို အစေခံများပင် မသိကြသေး။ အီဗာသည် မိမိအား ပေးထားသော အထူးသော့ဖြင့် အခန်းကိုဖွင့်၍ ဝင်လာခြင်းဖြစ်သည်။ ထို့ပြင် အီဗာက ညင်သာစွာလျှောက်၍ ဝင်လာသောကြောင့်လည်း ဖြစ်လေသည်။အီဗာသည် ထိုခဏ၌ အပြင်မှစကားပြောသံများကို ကြားနေရ၏။ အိမ်တော်အစေခံများဖြစ်ကြသော ဟိန်းဇ်နှင့် အမ်းဂါဒီတို့၏ အသံများဖြစ်သည်။

လူသွားစင်္ကြံဆီမှ ဟိန်းဇ်နှင့် အမ်းဂါဒီတို့နှစ်ယောက်၏ စကားပြောသံကို ကြားရခြင်းဖြစ်၏။

"ဒါ့ကြောင့်ပေါ့"

အမ်းဂါဒီကပြော၏။

"ဟုတ်တယ် ဟုတ်တယ်၊ သူ့နာမည်ကိုတော့ ရပ်ဒေါ့ဖ်ဟစ်တလာလို့ မခေါ်သင့်တော့ဘူး။တစ်မြို့လုံး သူကိုသိနေတာက ဟစ်တလာကတော့ ဖရောဟစ်တလာတဲ့ဗျ"

ဟိန်းဇ်က ပြန်ပြော၏။ ထို့နောက် သူတို့နှစ်ယောက် ရယ်လိုက်ကြပြန်သည်။ သူတို့ ထိုနေရာမှ အစေခံတန်းလျားသို့ ထွက်သွားကြ၍ ရယ်မောသံမှာ တဖြည်းဖြည်း ပြေးသွားလေ၏။

ကြားရသည့်အသံမှာ အီဗာကို တုန်လှုပ်သွားစေ၏။ "ဖရောဟစ်တလာ"ဆိုသော နာမည်မှာ အီဗာအမြတ်နိုးဆုံး ဖြစ်လေသည်။ ဤအမည်ကား ဟစ်တလာ၏ဇနီးတစ်ယောက်အနေဖြင့် အလွန်တပ်မက်မော ဂုဏ်ယူဖွယ်ရာ ဖြစ်သည်ဟုလည်း အီဗာက ထင်သည်။ အီဗာ့အနေဖြင့် ဟက်စ်ဆိုသူကို ကြည့်၍မရသည်မှာလည်း ဒါ့ကြောင့်ပင်ဖြစ်သည်။ ဟက်စ်နှင့်



ဘော်မန်တို့မှာ ဟစ်တလာ၏ နှစ်ကိုယ့်တစ်စိတ် ရဲဘော်များ ဖြစ်နေသည်။ မိမိ၏ ဘဝရှေ့ရေး အာမခံချက်အတွက် သူတို့က တစ်စုံတစ်ရာ ဝင်ရောက်နှောင့်ယှက်ပြီး ဟစ်တလာအား ကြိုးကိုင်ကြမည်ကို အီဗာက များစွာ စိုးရိမ်မိ၏။

အီဗာသည် ညစာစားရန် ပြင်ဆင်ထားသောအခန်းသို့ ဝင်သွား၏။ ဟစ်တလာက အီဗာ့ကို ညစာစားရန်စောင့်နေ၏။ အီဗာက သူ့ကို အလေးပြုလိုက်သည်။စားပွဲပေါ်တွင် ဟစ်တလာအတွက် အထူးပြင်ဆင်ထားသော ကြက်ဥနှင့် ဆလပ်ရွက် လတ်လတ်ဆတ်ဆတ်များကို တွေ့ရ၏။ အီဗာ့အတွက်ကတော့ ဒန့်ဘီမြစ်ကရသော ငွေရောင်ငါးများကို စားချင်စဖွယ်မြင်ရသည်။ အသီးအနှံများကိုလည်း ပုံလျက်တွေ့ရလေ၏။

"အဒေါ့ဖ်"

အီဗာက ခေါ်လိုက်၏။

အဒေါ့ဖ်ဟစ်တလာက အီဗာကို ယုယကြင်နာစွာပင် ပွေ့ဖက်လိုက်လေသည်။ သူ့ဖက်ပုံကြီးကိုက နေသားတကျ မဟုတ်သည်ကို တွေ့ရ၏။ ထို့ကြောင့် အီဗာက သိလိုက်သည်။ သူကား မိန်းမနှင့်မတွေ့ဖူးသေးသော အရိုင်းပင်တည်း။ ဟစ်တလာက အီဗာကို ပြင်တင်းပေါက်နားမှ ဆိုဖာပေါ်သို့ ပွေ့ဖက်၍ဆွဲယူ ထိုင်စေလေသည်။ ဆိုဖာမှာ ငှက်မွေးဖြင့်ပြုလုပ်ထား၏။ နူးညံ့လှသော ကူရှင်များ ခံထားလေသည်။

သူက အီဗာ၏ဘေး၌ ဝင်ထိုင်လိုက်သည်။ နှင်းဆီနံ့သင်းနေသော အီဗာ၏ဆံပင်များကို သပ်ပေးနေရင်းမှ

"ကိုယ့်အချစ်ကလေးရယ်၊ မင်းစိတ်ဆိုးနေလား"

"အို... အဒေါ့ဖ်ရယ်၊ ကျွန်မ ရှင့်ကို ဘာမှဖုံးကွယ်မထားချင်ဘူး။ ရှင် အမြဲတမ်းသိပါတယ်လေ။ ဟုတ်တယ်၊ ကျွန်မ စိတ်ဆိုးတယ်။ ဘာဖြစ်လို့ ကျွန်မ စိတ်ဆိုးနေတယ်ဆိုတာ ရှင်သိရင် စိတ်ချမ်းသာမှာ မဟုတ်ဘူး။ အခု ဒီကို မလာခင်ကလေးမှာ ရက်ဒေါ့ဖ်ဟက်စ်နဲ့ ပတ်သက်လို့ ကျွန်မကြားခဲ့ရတယ်"

'ကိုယ့်ကို ပြောစမ်းပါဦးလေ..."

"ဒါတော့ ဖြစ်ကို မဖြစ်ဘူး... အို... ကျွန်မ ရှင့်ကိုမပြောပါရစေနဲ့ရှင်၊ ရှင် မသိချင်ပါနဲ့တော့"

ဟစ်တလာက အီဗာကို စိုက်ကြည့်၏။ ပြီးတော့မှ…

"မင်း ခုချက်ချင်း ငါ့ကိုပြောရမယ်"

အီဗာက

"စကြိမှာ ဟိန်းဇ်နဲ့ အမ်းဂါဒီတို့ စကားပြောနေတာ ကြားခဲ့ရတာပါ။ ဟိန်းဇ်က အမ်းဂါဒီဆိုတဲ့ ကောင်မလေးကို နောက်ပြောင်နေတယ်လေ။သူပြောင်ပုံကလည်း ကြောက်စရာကြီးပါပဲ။ မြို့တော်မှာလည်း ဒီလိုပဲ ပြောနေကြတဲ့"

"သူက ဘာပြောသလဲ"

"ကျွန်မ ဒါကို မပြောပါရစေနဲ့"

"ပြောစမ်း… ပြောစမ်း ငါအမိန့်ပေးနေတယ်"

"သူတို့ ရပ်ဒေါ့ဖ်ဟက်စ်အကြောင်း ပြောနေကြတာပေါ့"

"အေး… ဟုတ်ပြီ… ပြီးတော့ကော"

"သူပြောနေတာက ရပ်ဒေါ့ဖ်ဟက်ကို မြို့တော်လူထုက ဖရောဟစ်တလာလို့ ခေါ်နေကြသတဲ့လေ…"

ရုတ်တရက် လူခေါ်ခေါင်းလောင်းသံမြည်သွား၏။ ဟစ်တလာက နှိပ်လိုက်၍ မြည်သွားခြင်းဖြစ်သည်။ ချက်ချင်းပင် အက်စ်အက်စ် ရဲဘော်နှစ်ယောက် တံခါးဝ၌ ရပ်လာကြသည်။

မကြာမီ အခြားလူခေါ်ခေါင်းလောင်းသံကို ကြားရပြန်သည်။ ယခုတစ်ကြိမ် ရောက်လာသူမှာ ဟိန်းဇ်ကိုယ်တိုင်ဖြစ်၏။ သူသည် သူ့ကိုခေါ်သည့်ခေါင်းလောင်းသံကိုကြားလျှင်ကြားချင်း ပြေးလာခြင်းဖြစ်သည်။ဟိန်းဇ်ကိုကြည့်ရသည်မှာ ရွှင်ရွှင်ပျပျပင်ဖြစ်၏။ သူ၏အနာဂတ်ကို မသိသေးသည်မို့ သူသည် သူ့သဘာဝအတိုင်းပင် ခပ်ပျော်ပျော်ဖြစ်နေဟန်ရှိ၏။

ဟစ်တလာသည် သူ၏လက်ညှိုးကို ဟိန်းဇ်ထံသို့ညွှန်လိုက်ပြီး ပါးစပ်မှလည်း အဆက်မပြတ် အော်နေသည်။

"ဖရောဟစ်တလာ… ဖရောဟစ်တလာ… ဖရောဟစ်တလာလို့ ပြောတယ်ဆို။ မင်းမဟုတ်လား"

သူ့တစ်ကိုယ်လုံးမှာ ဆတ်ဆတ်တုန်ရင်း သူသည် အသံကုန်ဟစ်၍ ကြိမ်းမောင်းနေ၏။

ထိုအချိန်တွင် အက်စ်အက်စ် ရဲဘော်နှစ်ဦးသည် ဟိန်းဇ်ထံသို့



တိုးသွားပြီး သူ့ကိုမတ်တတ်မှ ပစ်လှဲလိုက်ကြ၏။ သူတို့၏ သံမဏိလက်ကြီးများဖြင့်ဟိန်းဇ၏ကိုယ်ကို ပခုံးမှကိုင်၍ ဆောင့်လှဲချလိုက်ကြလေသည်။ အီဗာသည် သစ်ပင်မှ သစ်ကိုင်းတစ်ခုကို ရိုက်ချိုးလိုက်သည့် အသံမျိုးနှင့် ဟိန်းဇ်၏အရိုးတွေ ဖြောင်းဖြောင်းကျိုးပဲ့သွားသည့်အသံကို ထိတ်လန့်စွာ ကြားလိုက်ရသည်။

ဟိန်းဇ်၏နာကျင်၍ မခံမရပ်နိုင်ဖြစ်ပြီး အော်ဟစ်ညည်းညူသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရ၏။ ဟစ်တလာကမူကား ဖြစ်ရပ်ကို သတိမပြုတော့ဘဲ တစ်ဖက်သို့ လှည့်နေပါသော်လည်း ပါးစပ်မှ အဆက်မပြတ် ဆဲရေးလျက်ရှိသည်။

ဟစ်တလာက အမင်္ဂလာရှုခင်းကို မမြင်လိုတော့ဟန် ခေါင်းခါပြလိုက်၏။ အက်စ်အက်စ် ရဲဘော်နှစ်ယောက်တို့သည် ဟိန်းဇ်ကို ဒရွတ်တိုက်၍ အခန်းအပြင်သို့ ဆွဲခေါ်ထုတ်သွားကြလေသည်။ အီဗာသည် ငှက်မွေးဆိုဖာကြီး၏ တစ်ဖက်စွန်းသို့ ရွှေ့၍ထိုင်နေပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားမိ၏။ မိမိဘာတွေလုပ်မိသည်ကိုမျှ အီဗာ နားမလည်နိုင်တော့။

ဟိန်းဇ်မှာ ထိုလူနှစ်ယောက် ဆွဲခေါ်ရာသို့ ဒရွတ်တိုက်လျက်ပါသွားသည်။ သူ့မျက်နှာမှာ သွေးချင်းနီနေ၏။ သူ့ပခုံးမှာ ကျိုးသွားပြီဖြစ်၏။ ဤဘဝ၌ ဟိန်းဇ်မှာ လူစဉ်မှီတော့မည်မဟုတ်သည်ကို အီဗာ ရုတ်တရက် သိလိုက်ပါသည်။ သို့သော် ဓာနက်ထပ်တွေ့ရသည့်အဖြစ်က ပိုဆိုး၏။ သူတို့သည် ဟိန်းဇ်၏အရုပ်လို မလှုပ်မယှက်ရှိနေသော ကိုယ်လုံးကို သေတ္တာတစ်လုံးထဲသို့ ဆွဲယူပစ်ထည့်လိုက်ကြသည်ကို တွေ့ရ၏။ ဟိန်းဇ်မှာ အသေကောင်လို မလှုပ်မယှက်။

မကြာမီ အခန်းတံခါးပိတ်သွားသည်။

အီဗာ မော့ကြည့်လိုက်သောအခါ အဒေါ့ဖ်ဟစ်တလာ မရှိတော့ပေ။ ဟစ်တလာသည် အီဗာကို တစ်ယောက်တည်းထားခဲ့ပြီး အပြင်သို့ ထွက်သွား၏။ စားပွဲပေါ်၌ လက်နှင့်မတို့ရသေးသော စားစရာများမှာမူ ပူပူနွေးနွေးပင် ရှိနေသေး၏။ ဝိုက်အရက်များ၊ လတ်ဆတ်သော ငွေငါးများ၊ စပျစ်သီးစိမ်းများ စသည်တို့ဖြင့်…

အီဗာသည် မိမိဘာသာ ဘာလုပ်မိမှန်းမသိဘဲနှင့် ထိုင်၍စောင့်

နေ၏။ ဘာကိုစောင့်နေမိမှန်းလည်း မသိပါချေ။ ထိုင်၍ငိုနေရာမှ ရုတ်တရက် အငိုရပ်၍ သက်ပြင်းတစ်ချက် ချမိလေသည်။

ရုတ်တရက် သေနတ်သံတစ်ချက်ကြားလိုက်ရ၏။ ထို့နောက် မိန်းမတစ်ယောက်၏ စူးစူးဝါးဝါးအော်သံကို ကြားလိုက်ရ၏။ ထို့နောက် သေနတ်သံတစ်ချက် နီးကပ်စွာကြားရပြန်သည်။ သေနတ်သံတစ်ချက်။

ကြောက်စရာကောင်းလှပါကလားဟု အီဗာတွေးမိနေ၏။ 'နောက်တစ်ခါဆိုရင် ငါ့အလှည့်ပဲထင်ပါရဲ့။ ဒီအကြောင်းကို ပြောခဲ့သူတွေထဲမှာ ငါလည်းပါတာကိုး...''

✡✡✡

# စွန့်စားခြင်းသည် အရသာ

ထိုစဉ်၌ တံခါးပွင့်သွား၏။ အခန်းထဲသို့ ဖရောရော့ဘဲလ် ဝင်လာသည်။ သူမသည် တံခါးကို အသာအယာပင် ပြန်၍ပိတ်လိုက်သည်။ ထို့နောက် ထမင်းစားခန်းထဲမှ ထိုင်နေကျ ကုလားထိုင်မှာပင် ဝင်၍ထိုင်၏။ သူမ၏ မျက်နှာမှာ ခပ်မှုန်မှုန်ပင်ဖြစ်လေသည်။

ဖရောရော့ဘဲလ်က ငြိမ်နေသောကြောင့် အီဗာကပင် စတင်၍မေးရ၏။

"ဟိန်းဇ်... ဟိန်းဇ်... ဟိန်းဇ် ဘယ်လိုနေသလဲဟင်''

"သူ သေရှာပြီ အီဗာ''

"သူဟာဖရောဟစ်တလာဆိုတဲ့စကားတစ်လုံးကြောင့် သေရတာပဲ''

ဟု အီဗာက တွေးနေသည်။

ဖရောရော့ဘဲလ်က အီဗာကိုကြည့်နေပြီးမှ ဆက်၍

"အမ်းဂါဒီကိုလည်း သတ်လိုက်ကြပြီ''

ဟု ပြောနေ၏။

"လှပြီး သနားစရာကောင်းတဲ့ မိန်းကလေးပါပဲ၊ အမ်းဂါဒီဟာ''

အီဗာက ရုတ်တရက် ပါးစပ်မှထွက်သွားပြီးမှ သတိရ၍ ပါးစပ်ကို လက်ဖြင့်ပိတ်လိုက်မိသည်။

ဖရောရော့ဘဲလ်က

"လူတိုင်း သေဘေးကမလွတ်ကင်းနိုင်ကြဘူးဆိုတာ ရှင့်ကို ဘယ်သူကမှ မပြောပြဘူးလား။ ကျွန်မတို့အားလုံး သေဘေးနဲ့ကြုံကြရမယ့် သေမျိုးတွေချည်းပါပဲ''

အီဗာက ဖရောရော်ဘဲလ်ကို ကြည့်လိုက်၏။ အီဗာ သတိမရသော စကားတွေကို ယခုပြန်ကြားရချေပြီ။

"ဟုတ်ပါရဲ့ ဖရောရော်ဘဲလ်… ကျွန်မကို ပြောပြဖူးသူရှိတယ်။ ဖွန်စမစ်ဆိုတဲ့ အင်္ဂလိပ်တစ်ယောက်က ဘဝမှာ အသေချာဆုံးဟာ သေခြင်းပါပဲတဲ့။ ပြောပြဖူးတယ်လေ"

ခဏကြာ စကားပြတ်နေပြီးမှ…

ဖရောရော်ဘဲလ်က

"ဒီညတော့ ရှင်တစ်ယောက်တည်း ဖြစ်နေတော့မှာပဲနော်"

အီဗာက

"မဟုတ်ဘူး၊ ကျွန်မဖျားနေတယ်။ ကျွန်မ အိမ်ပြန်ချင်တယ်။ အဒေါ့ဖ်ခွင့်ပြုပါ့မလား မသိဘူးနော်"

ဖရောရော်ဘဲလ်

"အဒေါ့ဖ်ဟာစ်တလာက ရှင့်ကို ပြန်ခွင့်ပြုမှာ သေချာပါတယ်"

အီဗာက နေရာမှထလိုက်၏

"ကျေးဇူးပါပဲရှင်"

ဟု ဖရောရော်ဘဲလ်ကို ပြောလိုက်၏။ အီဗာက တုန်လှုပ်နေ၏။ အပြင်ဘက်မှာ ဘာတွေမြင်ရမလဲ၊ အလောင်းကောင်တွေကို တွေ့မလား၊ ဒါမှမဟုတ် အက်စ်အက်စ်ရဲဘော်တွေလား စသဖြင့် တွေးနေမိသည်။

သို့သော် အီဗာသည် အပြင်သို့ထွက်လာသောအခါတွင် ဘာမှ မတွေ့ရချေ။ အီဗာသည် ကားဆီသို့ ထွက်လာခဲ့လေသည်။

အီဗာသည် ရက်အတန်ကြာမျှ ဓာတ်ပုံဆိုင်သို့ အလုပ်မဆင်းနိုင်ဘဲ ရှိခဲ့လေသည်။ အနည်းငယ် မကျန်းမမာဖြစ်နေ၍ပင်။ ထိုအချိန်အတွင်း အဒေါ့ဖ်ဟာစ်တလာသည် အီဗာထံသို့ လတ်ဆတ်သော အသီးအနှံများနှင့် အတူ ချစ်သဝဏ်လွှာတွေ ပို့လွှတ်နေခဲ့သည်။

ဖရောရှမစ်မှာ ဆေးရုံသို့ နောက်တစ်ကြိမ် ပြန်တက်ရပြန်သည်။ သူမ၏ရောဂါမှာ ဆိုးရွားလာ၍ဖြစ်၏။

ဖရောရှမစ်၏သားဖြစ်သူ ယူဂျင်မှာ သူ့အမေအကြောင်းကို သိပ်မပြောပေ။ ထိုအတွင်း ဖရင့်ဖတ်မြို့မှ ယူဂျင်၏အဒေါ်ဖြစ်သူက ဖရောရှမစ် မရှိဆဲ အိမ်သို့လာရောက်ပြီး ကူညီဆောင်ရွက်လုပ်ကိုင်ပေးနေရ၏။ ဖရင့်



ဖတ်မြို့မှ အဒေါ်ဖြစ်သူမှာ နှစ်လိုချစ်ခင်ဖွယ်ရှိပြီး အိမ်မှုကိစ္စများကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သူဖြစ်သည်။

အီဗာ ဓာတ်ပုံဆိုင်သို့ အလုပ်ပြန်ဆင်းသည့်နေ့က ညဦးပိုင်းတွင် ဆေးရုံမှ ယူဂျင်ထံ အရေးတကြီးလာ၍ခေါ်သည်။ သူ့အမေ၏ရောဂါမှာ အလွန်အခြေအနေဆိုးနေပြီး အဖျားသိပ်ကြီးနေသည်ဟု ဆို၏။ ထိုအချိန်တွင် ဖရောရှမစ်၏ညီမဖြစ်သူမှာ ယူဂျင်အိမ်ပြန်မလာသေး၍ ထမင်းပွဲပြင်၍ စောင့်နေဆဲဖြစ်သည်။

သူမကပြော၏

"ဖရောရှမစ် သေသွားရင် သိပ်ကောင်းမှာပဲ၊ သတိလစ်ပြီး တစ်ခါတည်း သေသွားပါစေလို့ ဆုတောင်းမိပါရဲ့၊ ဘုရားသခင် မကောင်းဘူး။ လူတစ်ယောက်ကို သိပ်ပြီးညှင်းဆဲတာကိုး"

"ဖရောရှမစ်အဖြစ်ကလည်း ထိတ်လန့်စရာပဲရှင်"

"ဟုတ်တယ်၊ ထိတ်လန့်စရာကောင်းလွန်းလို့ပဲ ပြောနေတာပေါ့၊ ဝေဒနာခံစားနေရတာထက် သေရတာမှ ကောင်းမယ်လေ။ ကျွန်မသာ အပြင်းအထန်ဖျားနေရင် သေလိုက်ချင်တာပါပဲ"

အီဗာသည် အိပ်ရာထဲသို့ ဝင်ခဲ့သည်။ သူမသည် ဖရောရှမစ် ညီမဖြစ်သူ ပြောသည်များကို ကြာရှည်စွာဆက်၍ သည်းခံနားထောင်နိုင်စွမ်းမရှိတော့။ မကြာမီ ယူဂျင်ပြန်လာသည့်အသံကို ကြားရ၏။

နောက်တစ်နေ့တွင် ယူဂျင်သည် သူ့အမေ အသက်ရှင်လျက်ရှိနေသေးကြောင်း သိရလေ၏။ ဆရာဝန်များသည် သူမအား သွေးသွင်း၍ ကုသကြောင်းသိရ၏။ ယူဂျင်က ထိုအကြောင်းကို အိမ်သို့ပြန်၍ရှင်းပြသောအခါတွင် ဖရောရှမစ်၏ညီမဖြစ်သူမှာ လျှာကိုပါးစပ်မှ တစ်လစ်ထုတ်လိုက်ပြီး

"သိပ်မှားတာပဲ၊ ဘာဖြစ်လို့ ကုသနေသေးတာလဲ"

ဟုပြောနေ၏။

သို့သော် နောက်ထပ်ရက်သတ္တသုံးပတ်ကြာသောအခါတွင် ဖရောရှမစ်မှာ သေဆုံးသွားလေသည်။ မသေမီက အီဗာသည် ဟာစ်တလာထံမှ လက်ဆောင်ရထားသော သစ်သီးများနှင့် မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်သော ဝိုင်အရက်များကို ဖရောရှမစ်ထံသို့ ပို့ပေးခဲ့သေးသည်။ အီဗာကား အလွန်

သည်းခံနှစ်သိမ့်တတ်သူတည်း။ မိမိပေးပို့ခဲ့သော လက်ဆောင်များအတွက် တစ်စုံတစ်ရာ ကျေးဇူးတင်စကားလေးမျှပင် မရခဲ့သော်လည်း သူမသည် ကျေနပ်သည်၊ မည်သို့မျှမဖြစ်ပေ။

ဖရောရှမစ်ကို သင်္ဂြိုဟ်ပြီးသောအခါတွင်ကား ဖရောရှမစ်၏ညီမမှာ ထိုအိမ်တွင် ဆက်လက်၍နေထိုင် ပြုစုစောင့်ရှောက်လျက်ရှိသည်။ ဤတွင် အီဗာမှာ ထိုအိမ်တွင်ဆက်၍နေထိုင်ရင်မဖြစ်တော့သည်ကို သိလာရသည်။ မိမိအနေဖြင့် သူမနှင့် မည်သို့မျှ မသင့်မတင့်ဖြစ်သည်ဟူ၍ မရှိသော်လည်း စကားအလွန်များသော ထိုမိန်းမကြီးနှင့် အတူဆက်မနေချင်။ ထိုမိန်းမကြီး မေးသောမေးခွန်းများကိုလည်း အားလုံးစောင့်၍ဖြေကြားမနေနိုင်ပေ။ ထိုမိန်းမကြီးမှာ တီးတိုးဝါဒဖြန့်ရာတွင် ဝါသနာရှင်တစ်ဦးဖြစ်နေသည်။

ထို့ကြောင့် အီဗာက ထိုအိမ်မှ ထွက်ခွာချင်လှပြီ၊ သို့သော်လည်း ဟိန်းရစ်ဟော့ဖ်မင်း၏ ဓာတ်ပုံဆိုင်သို့ ပြောင်းရန်ကား မဖြစ်နိုင်ပေ။ ဟိန်းရစ်က လိုလိုချင်ချင်ပင် မိမိအိမ်၌ လာနေရန် မကြာခဏဖိတ်ခေါ်ခဲ့လေသည်။ သို့သော် အီဗာက မနေချင်။

ဟိန်းရစ်သည် အီဗာ အလုပ်ဆင်းရန်လာရသောအခါတွင် မည်မျှဝေးကွာစွာ လျှောက်လာရသည်ကို နားလည်လာရသဖြင့် ထိုသို့ဖိတ်ခေါ်ခြင်းဖြစ်သည်။ အီဗာအနေဖြင့်ကား မိမိကိုယ်ပိုင်နေထိုင်ရသော အခန်းကိုပင် ရှာဖွေနေထိုင်ချင်သည်။ သူများအိမ်တွင် ရောနှော၍မနေချင်။

"ဟုတ်တယ်… ဟုတ်တယ်၊ မင်းဖို့ ကိုယ်အိမ်တစ်လုံး ရှာပေးရဦးမယ်"

ဟစ်တလာက အီဗာအဖြစ်ကို သိရသောအခါ၌ ဤသို့ပြောခဲ့သည်။

ဟစ်တလာ ရှာပေးသော အီဗာအတွက်အိမ်မှာ သာမန်အိမ်ဆိုရုံမျှ မဟုတ်ပေ။ ဆိတ်ငြိမ်သော ရပ်ကွက်ကလေးတစ်ခုအတွင်း၌ ရှိသော အေးချမ်းသည့် ရိပ်မြုံကလေးဖြစ်သည်။ အိမ်ဝင်းထဲ၌ ပိုးစာပင်များနှင့် သံပုရာပင်များ အပြည့်ရှိနေသည်။ အိမ်မှာ အိမ်စေကလေးနှစ်ဦးထားရှိပြီး လမ်းမကြီးနှင့်အိမ်၏အကြား၌ ဥယျာဉ်ငယ်ကလေးတစ်ခု ရှိသည်။ ဥယျာဉ်ဘေး၌ သကြားပင်တစ်ပင်ရှိသည်။ အိမ်မှာ လသာဆောင်ဧည့်ခန်းစသည်များပါပြီး အိပ်ခန်းသုံးခန်းပါရှိသည်။ အိမ်စေမကလေးများအတွက်လည်း အခန်းများတစ်ဆက်တည်းပါသေးသည်။



အိမ်မှာသိပ်ကျယ်ကျယ်ပြန့်ပြန့်ကြီး မဟုတ်သော်လည်းလိုအပ်သည့် ပစ္စည်းပရိဘောဂများ ပြည့်စုံစွာ ခင်းကျင်းပြင်ဆင်ထားရှိပေသည်။ အီဗာက နံရံများကို သစ်ရိုးရိုးဖြင့် ကာရံခင်းကျင်းထားလို၏။ ပြီးတော့ ပုလဲနှစ်ရောင်ဆေးနုနုသုတ်ပြီးအခန်းဆီးကလေးများ သစ်သစ်လွင်လွင်ဆင်ယင်လိုသည်။ ထိုအတိုင်းပင် အရာရာမှာ ပြီးပြည့်စုံခဲ့သည်သာဖြစ်၏။

ယခုအခါတွင်တော့ အီဗာမှာ ကိုယ်ပိုင်အိမ်တွင် စိတ်တိုင်းကျနေခွင့်ရပြီဖြစ်သောကြောင့် စိတ်ချမ်းသာသွားရသည့်ပြင် မိမိဘဝကို ဂုဏ်ယူမဆုံးဖြစ်နေပြီ။ အီဗာအတွက် အဒေါ့ဖ်ဟစ်တလာ၏ အက်စ်အက်စ်ရဲဘော်တစ်ဦးကလည်း လျှို့ဝှက်သေနတ်ကိုင်၍ အိမ်မှာစောင့်ရှောက်ပေးနေသည်။ ယခုအချိန်မှ ရှေ့သို့ဆိုလျှင် အဒေါ့ဖ်ဟစ်တလာသည် အီဗာ၏ဘဝတစ်ခုလုံးကို စောင့်ကြပ်ကာကွယ်ပေးသွားတော့မည်ဖြစ်၏။

သည်အတိုင်းဆိုလျှင် တစ်နေ့ကျတော့ မိမိအတွက် အောင်မြင်မှုတံခါးတွေအားလုံး ပွင့်သွားတော့မည်ဖြစ်သည်ဟု အီဗာနားလည်ပါသည်။ ထို့အတူပင်လျှင် ဂီလီဆိုသော ကောင်မကလေး၏အိပ်ခန်းထဲသို့ တံခါးမရှိဓားမရှိ ဝင်သလို၊ အီဗာ၏အခန်းထဲသို့ အဒေါ့ဖ်သည် ဥဒဟိုဝင်ထွက်နေတော့မည်မှာလည်း မြေကြီးလက်ခတ်မလွဲပါတော့ပြီ။

သေဆုံးသွားကြပြီဖြစ်သော ဟိန်းဖ်နှင့် အမ်းဂါဒီတို့အကြောင်းကို တွေးမိတော့ ရင်နာဖွယ်ဖြစ်ရပြန်၏။ သို့သော် **ဘဝမှာ အသေချာဆုံးကသေခြင်းတရားပင်ဖြစ်သည်။** မိမိက ဘာမျှမတတ်နိုင်။ သည်စိတ်ဆင်းရဲစရာဖြစ်ရပ်တွေကို အတတ်နိုင်ဆုံး ကြိုးစား၍ မေ့ပျောက်ရန်သာ ရှိတော့သည်။ စိတ်မကောင်းစရာဖြစ်ပြီး တဈေ့သရဲလို ထိုအဖြစ်ကို မေ့ထားရပေဦးမည်။

အဒေါ့ဖ်ဟစ်တလာက သူ၏မိတ်ဆွေ ရဲဘော်များအား အီဗာမှာ မိမိနှင့်လက်ထပ်ထိမ်းမြားမည့် ချစ်သူဖြစ်သည်ဟု ထုတ်ဖော်ကြေညာထားသည်။ ထိုအကြောင်းကို ကြားရသောအခါတွင် အီဗာမှာ များစွာဂုဏ်ယူအားတက်ခြင်းဖြစ်မိသည်။

နာဇီ ထိပ်တန်းခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော လူဝကြီး ဟာမင်ဂိုရင်ကမူ ထိုစကားကိုကြားရသောအခါတွင် အီဗာ၏ ဆူဖြိုးသောပေါင်လုံးကြီးကို သူ၏လက်ဖြင့် ဆိတ်ထိုး၍

"ဩော်... လက်ထပ်ထိမ်းမြားမယ့်သူလား"

ဟု မေးလေသည်။

ရုပ်ဒေါ့ဟက်စ်ကလည်း မနာလိုမရှုစိမ့်သည့် အမူအရာဖြင့် ထို အတိုင်းပင် မေးလေသည်။

ဒေါက်တာဂိုးဘဲလ်က ဘာမျှမှတ်ချက်မချပေ။ သူကား ညာရှိပီသ ပါပေသည်။ ထို့ကြောင့်ပင် အီဗာက သူနှင့် သူ့ဇနီးတို့ကို ကောင်းစွာ ခင်မင်မြတ်နိုးသည်။ သူတို့သည် အီဗာကိုစွနှင့်ပတ်သက်၍ မေးခွန်းတစ်စုံ တစ်ရာ မမေးဘဲ ကျေနပ်သဘောကျနေသည့်ဟန် ငြိမ်နေကြလေသည်။

အီဗာ၏ချစ်သူဟောင်း ကျေးတောသားကလေး 'ကတ်'ထံမှ စာ များမလာတော့သည်မှာ ကြာပေပြီ။ အမေ့ဆီကတော့ စာများလာနေပါ သည်။ အီဗာသည် ဖရောဘာရောင်းထံသို့ မိမိ၏အိမ်လိပ်စာသစ်ကို ပေး လိုက်၏။ ထို့နောက် မိမိမှာ ကမ္ဘာ့ထိပ်တန်းက ခေါင်းဆောင်ကြီးထံ၌ အတွင်းရေးမှူးအလုပ်တာဝန်ကို ထမ်းဆောင်နေရပြီဖြစ်ကြောင်းလည်း အမေ့ထံ စာရေး၍ သတင်းပို့ရသေးသည်။

အီဗာက စာထဲ၌ ဤသို့ရှင်းပြခဲ့သည်။

"အမေ... ဒါဟာ ကျွန်မတို့မိသားစုအတွက် ဂုဏ်ယူစရာပါပဲ။ ကံအကောင်းဆုံးအချိန်တွေဟာ ကျွန်မတို့အတွက် ရောက်လာပြီ အမေ"

အီဗာသည် အမေ့အတွက် ပိုးပဝါတစ်ထည်ကိုလည်း ပို့လိုက်သည်။ ထိုပိုးပဝါမှာ အမေတို့နေသော ဘာဗေးရီးယားဒေသ၌ နေ့ထူးနေ့မြတ်တွေ မှာသာ ဆင်ယင်ရသော ပိုးပဝါဖြစ်သည်။ အီဗာက အမေ့ထံ အဖိုးတန် လက်ဆောင်ပို့ရ၍ များစွာဝမ်းသာရပါ၏။

ဤအချိန် ၁၉၃၄ ခုနှစ်၏ နွေရာသီဖြစ်သည်။ ပျော်ရွှင်ဖွယ်ကောင်း သော နေ့နှင့်ညဥ့်များကို အီဗာက ဖြတ်သန်းခဲ့ရ၏။ သူမက ဟိန်းရစ်ဟော့ ဖ်မင်း၏ ဓာတ်ပုံဆိုင်သို့ သွားရောက်၍ လုပ်အားပေးချင်သေးသည်။ သို့သော် သူတို့က လက်မခံပေ။ ဟိန်းရစ်တို့က အီဗာအနေဖြင့် ယခု ရောက်ရှိနေရသော နေရာအတွက် ဂုဏ်ယူမဆုံးဖြစ်နေလေသည်။

အီဗာနှင့် အဒေါ့ဖ်ဟစ်တလာတို့သည် ဩစတေးရီးယား၊ ဘာဗေး ရီးယား၊ ဘိုင်ယာကဲလားအမည်ရှိ ပျော်ပွဲစားရုံများသို့ မကြာခဏ သွား ရောက်အပန်းဖြေ လည်ပတ်လေ့ရှိကြ၏။ တစ်ညဥ့်တွင် အဒေါ့ဖ်၏ရဲဘော်



ကြီးဖြစ်သည့် ရုမ်းသည် သူတို့နှင့်အတူ ဧည့်သည်အဖြစ်လိုက်ပါ၍ ဘိုင် ယာကဲလား ပျော်ပွဲစားရုံသို့ လာခဲ့ကြ၏။

**အီဗာကို ရုမ်းကစေ့သည်။** ရုမ်းသည် အဒေါ့ဖ်၏အရင်းနှီးဆုံး သစ္စာအရှိဆုံး သူငယ်ချင်းတစ်ယောက်လည်း ဖြစ်သည်ဟု အီဗာက ယုံ ကြည်ပေသည်။ အဒေါ့ဖ်အတွက်ဆိုလျှင် အသက်ကိုပေး၍ တာဝန်ထမ်း ဆောင်မည်ဆိုသော လူတွေထဲ၌ ရုမ်းသည် ရှေ့ဆုံးကပါဝင်ပေသည်။ ဟစ်တလာအတွက် အသက်ပေး၍ တာဝန်ထမ်းမည်ဆိုသော သူတွေထဲမှာ တစ်ယောက်နှစ်ယောက်မျှမဟုတ်၊ တပ်မတော်ကြီးတစ်ခုလုံးပင်ဖြစ်သည်။

သူတို့သွားရောက်၍ အပန်းဖြေနေသောညက မြင်ရသည့် ဘိုင် ယာကဲလား အပန်းဖြေရိပ်သာ၏ ရှုခင်းမှာ သာယာတင့်မောပါဘိသည်။ လေက ခပ်နွေးနွေးတိုက်နေသည်။ အစိမ်းရောင် ကုလားထိုင်များသည် သစ်သားစားပွဲများကို ဝိုင်းစီ၍ချထား၏။ ပျော်ပွဲစားရုံ၏ အမှုထမ်းမယ် ကလေးများသည် မိမိတို့တာဝန်အသီးသီးကို ထမ်းဆောင်လျက်ရှိကြသည်။ ဆူညံသော တေးဂီတသံများက ပျော်ပွဲစားရုံကို လွှမ်းနေ၏။

ဘိုင်ယာကဲလား၏ အလှသရဖူဖြစ်သော အမှုထမ်းမယ်ကလေး အင်နီသည် ဧည့်သည်များအား လိုက်လံပြုစုရင်း မအားလပ်အောင်ဖြစ် နေသည်။ သူမကား ပျော်ပွဲစားရုံ၏ ခေတ်တိုင်းငန်သော ပဲခူးဆားဖြစ်နေ၏။ သူမကိုသာ ဧည့်သည်တိုင်းက တောင့်တကြသည်။ ကမ္ဘာပတ်၍သွားနေ ကြသော နိုင်ငံခြားဧရီးသည်များသည် အင်နီနှင့်တွေ့ဆုံရန် ဘိုင်ယာကဲလား သို့ ဝင်လာကြရသည်။

ဘာဗေးရီးယန်း စကတ်အင်္ကျီကို အတွင်းခံဘော်လီအင်္ကျီအနက် ရောင်ခံ၍ ဝတ်ထားသော အင်နီ၏ရုပ်သွင်မှာ မြင်သူတိုင်းယစ်မူးချင်စရာ ဖြစ်နေသည်။ အဒေါ့ဖ်ဟစ်တလာကိုယ်တိုင် ယနေ့ညဥ့်၌ ရယ်မောပြုံးရွှင် နေသော အင်နီကိုကြည့်၍ ပျော်ရွှင်ကျေနပ်နေသည်။

အင်နီသည် စားပွဲတစ်ခုကို စားပွဲခင်းလဲပေးနေရင်းမှ ပြုံးရယ်၍ အဒေါ့ဖ်ဟစ်တလာကို နှုတ်ဆက်နေသည်။

"**ဟေး... ဟစ်တလာ**"

အဒေါ့ဖ်ဟစ်တလာအား အခြားသူများက အလေးပြုနှုတ်ဆက် သောအခါ သူက လက်ကိုမြှောက်၍ ပြန်နှုတ်ဆက်လေ့ရှိသည်။ သို့သော်

ယခုကဲ့သို့ အင်နီလိုလူပျိုဖြူတစ်ဦးနှင့်တွေ့ရသောအခါတွင် ဟစ်တလာ၏ ပုံစံမှာ တစ်မျိုးပြောင်းသွား၏။ ဟစ်တလာသည် အင်နီ၏ဆူဖြိုးသော လက်မောင်းကို လှမ်းကိုင်လျက်ရှိသည်။ ဤအဖြစ်ကိုမြင်ရသော အီဗာက မနာလိုဝန်တိုစိတ်များ တဖွားဖွားပေါ်နေရလေသည်။ အီဗာသည် မိမိလက်ထဲမှ အဒေါ့ဖ်ဟစ်တလာအား အင်နီလုယူသွားမည်ကို စိုးရိမ်ကြီးနေမိ၏။

ရှမ်းသည် အဒေါ့ဖ်ဟစ်တလာကို ငေးကြည့်နေ၏။

"သူဟာ တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲဗျ။ သူ့ဟန်အမူအရာက ကလေးငယ်တစ်ယောက်လိုပဲ"

ရှမ်းက အီဗာကိုပြောပြနေသည်။ သူ့အသံမှာ ဟစ်တလာကို လေးစားမြတ်နိုးနေသည့်အသံဖြစ်သည်။

"ကမ္ဘာက သူ့ကိုဝိုင်းဝန်းရှုပ်ချနေကြတယ်၊ ကျုပ်တော့ သူတို့ကို သပ်မြင်ပြင်းကပ်နေတော့တာပဲ၊ သူ့ရဲကောင်းတစ်ယောက်ကို ဘာဖြစ်လို့ သူတို့က အပြစ်တင်ရသလဲ"

အီဗာ

"ကမ္ဘာက သူ့ကို အမှန်အတိုင်းမှ မမြင်ကြဘဲကိုး"

ဟုပြောလိုက်၏။

မှန်ပါသည်။ မိမိကိုယ်တိုင်ကပင် အဒေါ့ဖ်ဟစ်တလာအပေါ်တွင် မှန်ကန်စွာ မသိမြင်သေးဘူးမဟုတ်လားဟု အီဗာက ကိုယ့်ကိုယ်ကို ပြန်မေးနေမိသည်။ 'ငါ သူ့ကို ဘယ်လောက်များ နားလည်ထားလို့လဲ'ဟုလည်း တွေးမိသည်။

"ကမ္ဘာကြီးက ပျက်စီးနေတာပဲ။ ဒါကြောင့် မူရှုပြောင်းလဲတော်လှန်ပစ်ဖို့လိုတယ်။ ကမ္ဘာဟောင်းကို ကမ္ဘာသစ်ဖြစ်အောင် လုပ်ကြဖို့လိုတယ်"

ရှမ်းက စကားဆက်ပြောသည်။

"ဟုတ်တာပေါ့"

အီဗာက ထောက်ခံ၏။ ရှမ်းက အလွန်အရေးကြီးနေသည့်ဟန်ဖြင့် အီဗာကို ကြည့်နေသည်။ ရှမ်းက ဆက်ပြောသည်။

"ကမ္ဘာ့ဥယျာဉ်ကြီးထဲက အလေ့အကျပေါက်နေတဲ့ သစ်ပင်ပေါင်းပင်တွေကိုသာ ခုတ်ထွင်သုတ်သင်ရှင်းလင်း မပယ်ရှားနိုင်ရင် ပန်းကောင်းပန်းမြတ်တွေဟာ ဘယ်မှာ ရှင်သန်ပွင့်လန်းနိုင်တော့မလဲလို့ အဒေါ့ဖ်က



ပြောဖူးတယ်။ ဟုတ်တယ်။ အလေ့ကျပေါက်နေတဲ့ သစ်ပင် မြက်ပင်တွေနဲ့တူတယ်။ ဂျူးလူမျိုးတွေကို အားလုံးသုတ်သင်ပစ်မှဖြစ်မယ်။ စစ်မှန်တဲ့ အာရိယံလူမျိုးတွေရဲ့ မျိုးဆက်ပေါက်ပွားရှင်သန်စေအောင် ကြိုးစားကြရမယ်။ ကမ္ဘာ့ဥယျာဉ်ကြီးကို ရှင်းလင်းဖို့ ကျွန်တော် အဒေါ့ဖ်ကို ကောင်းကောင်းကူညီရမယ်"

နောက်ဆုံးစကားကို ပိုမိုလေးနက်စေရန် အသံကိုနှိမ့်၍ပြောပြန်၏။

"ကျွန်တော်တို့ အာဏာရှင်တွေအတွက် လူတွေသေကြရမှာ အမှန်ပဲလေ။ ဒါ့ကြောင့်များတော့ ခင်ဗျားမလန့်သွားပါနဲ့။ ကမ္ဘာကြီးကို သန့်စင်အောင် ရှင်းလင်းပစ်ဖို့ အရေးကြီးတာကိုး"

အီဗာက တငြိမ့်ငြိမ့်တီးနေသော တေးသွားကို လိုက်၍ညည်းနေမိသည်။ ရှမ်းပြောပြသွားသည်တို့မှာ အမှန်ချည်းဖြစ်သည်။ ရှမ်းကား အဒေါ့ဖ်ဟစ်တလာအတွက် ထာဝရသစ္စာရှိစွာ ထမ်းဆောင်မည့်ရဲဘော်တစ်ဦးဖြစ်သလို ရဲရင့်သတ္တိရှိသူလည်းဖြစ်သည်ဟု အီဗာက ထင်သည်။

သို့သော် အီဗာက ရှမ်း၏စကားတွေကို သေချာစွာ စူးစိုက်နားထောင်ခြင်းမပြုမိပေ။ အကြောင်းမှာ အီဗာသည် တစ်ချိန်လုံးပင် အဒေါ့ဖ်ဟစ်တလာနှင့် ယောက်တယ်မယ်အလှ အင်နီတို့ရှိရာသို့ စိတ်ဆောစွာ လိုက်၍ချောင့်ကြည့်နေမိ၍ဖြစ်၏။ အဒေါ့ဖ်၏လက်မောင်းကို ပြန်၍ကိုင်ထားသော အင်နီ၏အခြေအနေကို ကြည့်၍ အီဗာ စိုးရိမ်ထိတ်လန့်ခြင်းဖြစ်မိရှာသည်။

ရှမ်းက အီဗာ၏ဖြစ်အင်ကို နားလည်သွားဟန်တူ၏။

"အီဗာ… ခင်ဗျား… အဒေါ့ဖ်ကို စိတ်ချ ယုံကြည်စေချင်တယ်။ ကျွန်တော် သူ့ကိုယုံသလို ခင်ဗျားလည်း ယုံစမ်းပါဗျာ"

"ဟုတ်ကဲ့… ဟုတ်ကဲ့ ကျွန်မ သူ့ကိုယုံပါတယ်"

သူတို့သည်ထိုညဉ့်က ဘိုင်ယာကဲလားတွင် အတော်ညဉ့်နက်အောင်နေခဲ့သည်။ ညဉ့်မှာ ပူအိုက်ဆဲဖြစ်သည်။ မြို့တော်၏လမ်းများမှာ လေမတိုက်ဘဲ အိုက်လျက်ရှိသည်မို့ သည်ဒေသမှာ အပူဒဏ်မှ သက်သာရန် သူတို့ခိုလှုံနေကြရလေသည်။ သာယာသော တေးဂီတသံများတွင် ယစ်မူး၍ ချိုမြသော အဖျော်ယမကာများကို သုံးဆောင်လျက် အရသာရှိသောညဉ့်ကို သူတို့ အသုံးချကြလေသည်။

သူတို့ ထိုနေ့ညဉ့်က ဘိုင်ယာကဲလားမှ ပြန်လာသောအခါ အဒေါ့ဖ်

ဟစ်တလာသည် အီဗာ၏အိမ်ကလေးသို့ အီဗာနှင့်အတူ ပြန်လိုက်လာခဲ့သည်။ သူတို့နှစ်ဦးသည် ပြူတင်းတံခါးကိုဖွင့်၍ စကားပြောလိုက်ကြသည်မှာ မမောနိုင် မပန်းနိုင်။

အဒေါ့ဖ်က သူ့ရောင်းရင်းမိတ်ဆွေတွေကို အီဗာအကြောင်းနှင့်ပတ်သက်၍ အီဗာမှာ အထက်တန်းစားလူကြီးလူကောင်းတစ်ဦး၏သမီးဖြစ်ကြောင်း ၁၉၁၄–၁၈ ခုနှစ် စစ်ကြီးကြောင့် အီဗာတို့မိသားစုမှာ ဆင်းရဲသွားရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောပြကြွားဝါခဲ့သည်။ အမှန်မှာ ယနေ့ထိပင် အီဗာသည် မိမိ၏မိသားစုနှင့် မျိုးနွယ်အကြောင်းကို ဟစ်တလာအား ပြောမပြဖူးချေ။ မိမိအနေဖြင့် မျိုးနွယ်အစဉ်အလာနှင့် မိမိ၏မိသားစုအကြောင်းကို အဒေါ့ဖ်ဟစ်တလာအား မပြောပြဘဲနှင့်ပင် မိမိအား ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော ဟစ်တလာသည် ချစ်ခင်တွယ်တာမြဲ ဖြစ်နေမည်ကို ကောင်းစွာပင် ယုံကြည်သည်။

မိမိကား ယခုအခြေအနေနှင့်ပင် ဘဝတွင် အထူးခြားဆုံးသော မိန်းမသားတစ်ဦးဖြစ်နေပြီလည်း ဖြစ်ပါသည်။

အဒေါ့ဖ်ကပြော၏။

"ကိုယ်တို့နှစ်ယောက် သိပ်ချစ်ကြတာပဲနော်... အီဗာ"

အီဗာက

"အဒေါ့ဖ်ရယ်... ကျွန်မတော့ ရှင်နဲ့နေရတာ သိပ်ပျော်တာပဲ"

အဒေါ့ဖ်က

"ကိုယ်ဆုတောင်းပါတယ်၊ ဒီအတိုင်းပဲ ဆက်ပြီးနေသွားပါရစေလို့၊ ဒါပေမယ့် ဂျာမနီရဲ့အနာဂတ်ဟာ တစ်ရိုက်ထိုးစီးဆင်းတိုးတက်ရွေ့လျားနေတယ်။ ခေတ်ကြေးမုံမှာထင်နေတဲ့ ကိုယ်တို့ဟာ တကယ့်ဇာတ်ကောင်ကြီးတွေ ဖြစ်နေရတယ် အီဗာရယ်။မင်းဒါတွေကို မြင်နေတွေ့နေ ကြားနေမှာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ဒါတွေကို ရင်ဆိုင်ရဲတဲ့သတ္တိမင်းမှာရှိစေချင်တယ်"

"အဒေါ့ဖ် ဘာပဲလုပ်လုပ် ကျွန်မ ရှင်ဘက်က ရှိနေပါ့မယ်။ ရှင်လုပ်တာ အမြဲမှန်ပါတယ်"

"အို အီဗာ... ကိုယ်အချစ်ဆုံးရယ်"

ပထမဆုံး လေနုအေးကလေးက ပြူတင်းဝကို တိုးဝှေ့၍ဝင်လာလေ



သည်။ ပြူတင်းအထက်ရှိ သစ်ပင်မှ သစ်ရွက်များကို လေတိုးသည့်အသံမှာ တဖျပ်ဖျပ်မြည်နေ၏။

ကမ္ဘာ့နိုင်ငံရေး အခြေအနေများမှာလည်း လျှပ်ပြက်သလိုလျှင်မြန်စွာ ပြောင်းလဲနေကြလေသည်။ ယူဂိုးစလားဗီးယားမှ မာဆီးလက်စ်ဘုရင် အလက်ဇန္ဒာမှာ လုပ်ကြံခံရ၍ ကွယ်လွန်သွားသည်။ သူကား အာဏာရှင်အဒေါ့ဖ်ဟစ်တလာ၏ဘက်မှ မားမားမတ်မတ်ရပ်ခဲ့သူ ရဲဘော်ရဲဖက်တစ်ဦးတည်း။

ထိုအတွင်း ဩစတေးရီးယားမှ ဒေါလ်ဖတ်စ်မှာလည်း သေနတ်ဖြင့်ပတ်ခတ်လုပ်ကြံခြင်းခံရပြန်သည်။

အီဗာက ဖြစ်ရပ်တွေကို ကြားရမြင်ရသော် ဂီလီသေသကဲ့သို့ပင် လူတွေလျင်မြန်စွာသေနေကြပါကလားဟု တွေးမိဆင်ခြင်မိသည်။ ဘိုင်ယာကဲလားမှာတုန်းက အီဗာကို ရှမ်းကပြောဖူးသည်။ ကမ္ဘာ့ဥယျာဉ်ကြီးမှာ ပန်းတွေရှင်သန်ပွင့်လန်းဖို့အတွက် အရေးကြီးသည်ဟု ဆိုခဲ့သည်။

အီဗာသည် တစ်ကြိမ်၌ ဟစ်တလာ၏ရင်ခွင်၌မှီရင်း ဤသို့တုန်လှုပ်စွာ ပြောဖူးသည်။

"ကျွန်မ သိပ်ကြောက်တယ်... တစ်နေ့ကျရင် ကျွန်မကိုယ်တိုင် သေဘေးနဲ့ကြုံမှာ သိပ်ကြောက်တာပဲ"

"ဘယ်တော့မှ မကြောက်ပါနဲ့ သိလား။ မင်းနဲ့ကိုယ်တို့အတွက် ထူးခြားတဲ့အနာဂါတ်ရှိပါတယ်။ သေရင်လည်း တို့အတူတူသေကြမယ်၊ မသေခင်တော့ တို့ပျော်ပျော်ကြီးနေရဦးမှာပါကွာ"

အဒေါ့ဖ်ဟစ်တလာက ဆက်ပြော၏။

"စိတ်ချသာနေနော်၊ ဘာမှ ကြောက်စရာမရှိပါဘူး"

ဟစ်တလာက လက်ကို သံမဏိစားလိုမြှောက်၍ နာဇီနှုတ်ဆက်နည်းလုပ်ပြလေသည်။

၁၉၃၄ ခုနှစ် စက်တင်ဘာလတွင် ဟစ်တလာနှင့်အီဗာတို့သည် 'ဘတ်ချ်တက်စ်ဂဒင်'သို့သွားရောက်ရန် စီစဉ်ကြ၏။ ကောင်းစွာသွားရောက်အနားယူရန်ဖြစ်သည်။ သွားမည့်ဆဲဆဲအချိန်ကျမှ အီဗာတို့နှင့် လိုက်ရန်စီစဉ်ထားသော ဖရောရော်ဘဲလ်က မလိုက်တော့ဘဲ မြူးနစ်မြို့မှာ နေခွင့်ပြုရန် ပြောတော့၏။ သူမမှာ ဂီလီသေပြီးကတည်းက ပိုမိုတိတ်ဆိတ်ငြိမ်သက်စွာ နေတတ်ပြီး မည်သူနှင့်မျှလည်း စကားမပြောဘဲနေလေ့ရှိသည်။

ဖရောရော်ဘဲလ်က မြူးနစ်မှာ နေချင်သည်ဆိုသောစကားမှာ အဒေါ့ဖ်ဟစ်တလာကို ယမ်းပုံမီးကျ ဒေါသဖြစ်စေလေသည်။

အဒေါ့ဖ်က အီဗာတစ်ယောက်တည်း ဘတ်ချ်တက်စ်ဂဒင်သို့ သွားနှင့်ရမည်ဟု စေလွှတ်အမိန့်ကျလေ၏။ အီဗာသည် မိမိယူဆောင်စရာ ပစ္စည်းနှင့် အိတ်များကို သယ်ဆောင်၍ မာစီဒီဘင့်ကားကြီးများဆီသို့ ဆင်းအလာ၌ တစ်စုံတစ်ခုတော့ ထူးခြားနေပြီဟု စိတ်ထဲက အလိုလိုသိနေသည်။ အကြောင်းမှာ ဖရောရော်ဘဲလ်က မြူးနစ်မှာနေခဲ့မည်ဆိုသည့် ဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်၍သည်။ သို့သော် ဟစ်တလာက ကိစ္စမရှိဘူးဟု ခွင့်လွှတ်လိုက်၏။ အဒေါ့ဖ်ဟစ်တလာသည် ထို့နောက် နာဇီပါတီ ဌာနချုပ်သို့ ထွက်သွားလေသည်။

ထိုအခိုက် တယ်လီဖုန်းမြည်လာ၏။ ခရီးထွက်မည့်ဆဲဆဲ မိမိအလှပြင်ခန်းထဲမှ တယ်လီဖုန်းသံမြည်၍ အီဗာပြေးထွက်သွားပြီး ကောက်ယူနားထောင်လိုက်၏။

တစ်ဘက်မှ ခေါ်သူကား အဒေါ့ဖ်ဟစ်တလာ၏ ရဲဘော်ကြီးရုမ်းဖြစ်လေသည်။ ရုမ်း၏အသံမှာ ခါတိုင်းလိုလို အေးအေးဆေးဆေးမဟုတ်။ အရေးတကြီး ပျာယာခတ်နေသည့်အသံဖြစ်၏။

"အီဗာ... အခုစကားပြောနေတာ အီဗာလား"

"ဟုတ်ပါတယ်ရှင်"

"အဒေါ့ဖ်ဟစ်တလာက ဘာပြောသေးလဲ"

"မပြောပါလားရှင်၊ သူက ဘာပြောရမှာလဲ"

"ကျွန်တော်လည်း မသိဘူး အီဗာ။ ဒါပေမယ့် တစ်ခုခုတော့ ဖြစ်ပြီ။ တစ်ခုခုထူးခြားနေပြီ။ လုပ်ထားတဲ့အစီအစဉ်တွေအားလုံး ဖျက်သိမ်းလိုက်ပြီလေ။ အစီအစဉ်သစ်တွေကို ချမှတ်နေတယ်။ အားလုံး ဘယ်သူမှ ဘယ်ကိုမှ မထွက်ခွာရဘူး။ ကျွန်တော်တို့လည်း အိမ်ထဲကအိမ်ပြင် ထွက်ခွင့်မပြုဘူးတဲ့။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ကျွန်တော် နားမလည်တော့ပါဘူးဗျာ"

"အဒေါ့ဖ်ကလည်း ကျွန်မကို ဘာမှမပြောဘူးရှင့်။ ကျွန်မတို့ဘတ်ချ်တက်စ်ဂဒင်ကို သွားဖို့စီစဉ်ထားတယ်။ အခုတော့ ကျွန်မတစ်ယောက်တည်း အရင်သွားနှင့်ရမယ်တဲ့လေ။ သိပ်စိတ်ပျက်စရာကောင်းလိုက်တာ။ ကျွန်မ တစ်ယောက်တည်းသွားရမှာ။ ဖရောရော်ဘဲလ်လည်း အစကတော့



ကျွန်မတို့နဲ့အတူလိုက်ဖို့ပဲ။ ဒါပေမယ့် အခုတော့ အစီအစဉ်တစ်မျိုးဖြစ်သွားပြန်ရော"

"အဒေါ့ဖ်က ခင်ဗျားနဲ့ ဘာဖြစ်လို့ တစ်ခါတည်း အတူတူမလိုက်တာလဲဗျာ"

"ကျွန်မ ဘယ်သိမလဲ။ သူက ဘာမှမပြောတဲ့ကိုး။ သူသိပ်အလုပ်များနေတယ်ထင်တယ်။ သူ နောက်ကလိုက်လာမယ်တဲ့။ သူသိပ်ပင်ပန်းနေပြီ။ အနားယူမှဖြစ်မယ်။ သူ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ် မဟုတ်လား"

"ဒါဖြင့် ဘာလို့ သူ ခင်ဗျားနဲ့ တစ်ခါတည်းမလိုက်သွားတာလဲ၊ အားလုံးအဆင်ပြေနေပါလျက်နဲ့လေ"

"ကျွန်မ ဒါကို လုံးဝမသိဘူး။ ဘယ့်နှယ်လုပ်ပြောရမလဲ"

အီဗာသည် အိပ်ရာဘေးမှာ နာရီကိုလှမ်းကြည့်လိုက်လေသည်။ အချိန်က မရပ်မနားသွားနေ၏။ မိမိသိပ်နောင့်နှေးနေ၍မဖြစ်ဟု နားလည်လေသည်။

"ကျွန်မ အခုသွားမှဖြစ်မယ်။ သိပ်နောက်ကျနေမှာစိုးလို့၊ ရှင်သိတယ်မဟုတ်လား။ အဒေါ့ဖ်က ဘယ်လိုအပြစ်ပေးတတ်တယ်ဆိုတာကို၊ အခုပဲ ကျွန်မ ဘတ်ချ်တက်စ်ဂဒင် ကိုသွားရမယ်"

တစ်ဖက်မှ ရုမ်း၏အသံမှာ ထွက်မလာတော့ပေ။ သူက ငြိမ်ချက်သားကောင်းနေ၏။ အီဗာ၏စိတ်ထဲတွင် ရုတ်တရက်ထင့်၍ သွားမိသည်။ မိမိနှင့်ရုမ်းတို့ နောက်ထပ်ပြန်၍တွေ့မှတွေ့ခွင့် ရပါတော့မည်လား။ အခြေအနေတွေက ရှုပ်ထွေးနေ၍ အီဗာ၏စိတ်၌ ရုတ်တရက် ရုမ်းအတွက် ပူပင်သောက သံသယဝင်လာလေသည်။ ထို့ကြောင့် တယ်လီဖုန်းမှ ရုမ်းကို ထပ်ခေါ်ကြည့်၏။ ဘာသံမှ မကြားရတော့။ သူ တယ်လီဖုန်းကိုချသွားလေပြီ။

"ငါ ရူးနေတာ ထင်ပါရဲ့" အီဗာက ဤသို့တွေးပြီး စိုးရိမ်စိတ်များကို ဖျောက်လိုက်သည်။ မိမိစိတ်ကို ဘာမှ နောက်ထပ်အလုပ်မပေးတော့ဘဲ နှင့် ပခုံးကို အသာတွန့်ပြီး ကားဆီသို့ ဆင်းလာလေသည်။

အီဗာသည် ကားကို ကိုယ်တိုင်မောင်း၍ထွက်လာလေ၏။ အီဗာကို အဒေါ့ဖ်က ကားမောင်းသင်ပေးထား၏။ သို့သော် တစ်နာရီလျှင်

မိုင်လေးဆယ်နှုန်းထက် ပို၍မြန်မြန်မမောင်းရဟုလည်း စည်းကမ်းချက်ပေးထားလေသည်။ အီဗာက ထိုစည်းကမ်းချက်ကို လိုက်နာရန် ကတိပြုထားသည်။ အီဗာအနေဖြင့် ကျဉ်းကျပ်သောမြို့တော်ကိုထားခဲ့ပြီး လွတ်လပ်သော အေးမြသောလေကိုရှူရန် မြို့ပြင်သို့ထွက်သည်မှာ များစွာကြည်နူးချမ်းမြေ့ရှိလှသည်။

'ဘတ်ချ်တက်စ်ဂဒင်'ကား ကမ္ဘာပေါ်တွင် အလှန်မြတ်နိုး နှစ်သက်စရာအကောင်းဆုံး အပန်းဖြေစခန်းတစ်ခုပင်တည်း။ ထိုနေရာတွင် စိတ်ကိုလျှော့၍ အပန်းဖြေရင်း စိတ်ရှုပ်စရာတွေကို မေ့ပျောက်ထားလိုက်မည်။ အီဗာသည် ဖရောရော်ဘဲလ်၏အကြောင်းကို စဉ်းစားမိ၏။ ဖရောရော်ဘဲလ်ကား အဝေးကြီးမှာ ကျန်ခဲ့ပြီ။ သူမကား အီဗာကို အမုန်းကြီးမုန်းနေသူတည်း။ အီဗာကသာလျှင် ဖရောရော်ဘဲလ်ကို မမေ့နိုင်ဖြစ်နေရသည်။ ဖရောရော်ဘဲလ်နှင့် စတင်တွေ့ဆုံစဉ်က အဖြစ်အပျက်များနှင့် ဂီလီသေဆုံးရသည့် ညဥ့်စသည်ဖြင့် စိတ်ထဲ၌ ပေါ်လာလေသည်။

"ရှင့်ကို လူတွေက အသက်အသေခံပြီး အလေးပြုနေပါတယ်ရှင့်"

ဂီလီပြောသွားခဲ့သော စကားရပ်တို့ကို ပြန်၍တွေးမိပြန်၏။ အီဗာသည် ထိုမှတစ်ဖန် ရမ်းကို သတိရပြန်သည်။ စကားပြောနေစဉ် တယ်လီဖုန်းကိုချ၍ ထွက်သွားသောရမ်း။

အီဗာသည် ကားကိုခပ်သော့သော့လေး မောင်းနှင်နေလေ၏။ အီဗာတို့နေမည့် 'ဘားဂေါ့စ်အိမ်တော်'မှာ ထင်းရှူးတောအနီးတွင်ရှိသည်။ စိမ်းပြာရောင် ခရစ်စမတ်ပင်များ ပိုင်း၍ထားသည်။ တစ်ဖက်တွင် ဘော်ငွေရောင် ရေခဲတောင်များကို မြင်ရလေ၏။ ပြူတင်းမှကြည့်လျှင် တောင်ကြားဒေသနှင့် ဒေစီပန်းများ ပွင့်လန်းတင့်တယ်နေသော ရှုခင်းကို မြင်ရမည်ဖြစ်၏။

အီဗာသည် မကြာမီ အိမ်ဝသို့ရောက်လာလေသည်။ စိတ်ပန်းလူပန်းဖြစ်လာသောကြောင့် ချက်ချင်းအနားယူရန် စိတ်ထက်သန်နေ၏။ အောက်ဆုံးထပ်ရှိ မိမိအတွက် ပြင်ဆင်ထားသော အခန်းထဲသို့ ဝင်သွား၏။

ထိုအခန်းမှာ ကျယ်ပြန့်၍ လှပပေသည်။ ပြူတင်းများမှာ မျက်နှာကြက်မှ ကြမ်းပြင်ဆီထိ ပြည့်စုံစွာဖောက်ထားသည်။ ပြူတင်းဝမှ စိမ်းရောင်လွှမ်းသော ထင်းရှူးတောကိုမြင်ရ၏။ ပြူတင်းတံခါးများမှာ အားလုံးပွတ်



လုံးခံထား၍ ချောမွေ့လှပေသည်။ ခန်းဆီးများမှာ အစိမ်းနုရောင် ပိုးထည်များဖြစ်လေ၏။ အိမ်ထောင်ပရိဘောဂများမှာ အစွန်းအထင်းမရှိ။ ပကတိသစ်လွင်လှပလွန်းပေ၏။

အီဗာသည် အိပ်ရာပေါ်၌ လှဲချလိုက်၏။ ဝတ်ရုံကိုပင် မချွတ်နိုင်ဘဲ အနားယူလိုက်သည်။ အေးမြသန့်စင်သော လေနုနုကလေး တိုက်ခတ်နေသဖြင့် ခဏချင်းပင် အိပ်မောကျသွားမိတော့၏။ အီဗာ အိပ်ရာမှနိုးလာသောအခါ လောကဓာတ်တစ်ခုခု အမှောင်ဖုံးစပြုနေပြီဖြစ်သည်။

အီဗာ အိပ်ရာမှထသောအခါတွင် အခန်းထဲတွင် မိမိတစ်ယောက်တည်းမဟုတ်သည်ကို နားလည်လိုက်၏။ ပြူတင်းပေါက်ကိုမှီ၍ လူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ ထိုလူဝတ်ဆင်ထားသောအဝတ်မှာ ကိုယ်ရံတော်အစောင့် ရဲဘော်ဝတ်သော ယူနီဖောင်းမဟုတ်သည်ကို သတိပြုမိ၏။ ထိုသူ ဝတ်ဆင်ထားသော အဝတ်အစားမှာ တောင်တက်လမ်းပြများ ဝတ်သော အဝတ်အစားပင်ဖြစ်သည်။

အီဗာ၏ရင်ထဲမှ အသိက မိမိရှေ့တွင် လာရပ်နေသူမှာ မိမိ၏ချစ်သူဟောင်း 'ကတ်'ဖြစ်ကြောင်း ပြောပြနေလေသည်။

တစ်ချိန်က ချစ်သူ ကတ်ပါလား။

"ဟင်... မင်း ဒီကိုလိုက်လာတယ်"

အီဗာက တိုးတိုးပင်မေး၏။ ကတ်က ပြန်ဖြေသည်။

"မင်း ဒီကိုလာမယ်ဆိုတာ ကိုယ်သိထားတယ်လေ။ ဒါ့ကြောင့် ကိုယ်လိုက်လာတာပေါ့။ မင်းကို ကိုယ်ပြောစရာတွေရှိတယ်။ အို... အချစ်ရယ်... ဒါ့ကြောင့် ကိုယ်လိုက်လာတာပေါ့"

အီဗာက ကတ်၏လုံခြုံရေးအတွက် စိတ်ပူလာ၏။

"ကတ်– မင်းချက်ချင်း အခြားကိုထွက်သွားပါ။ မင်းနားမလည်သေးဘူးနော်။ မင်းအတွက် သိပ်အန္တရာယ်ကြီးတာပဲ"

"မင်းအတွက်နဲ့ဆိုရင် ဘယ်အန္တရာယ်ကိုမှ ကိုယ်ဂရုမစိုက်ပါဘူးကွယ် အချစ်ရယ်။ ဒါ့ကြောင့် ကိုယ်လိုက်လာတာပဲပေါ့။ ကိုယ်မင်းကိုတောင်းပန်ရအောင်လာတာပါ။ ဒီကနေ ထွက်ပြေးလွတ်မြောက်အောင်ကြံစည်ကြရအောင်"

ကတ်သည် အီဗာ၏အိပ်ရာနားသို့ ကပ်လာလေသည်။ သူ၏

ရှုးဖိနပ်များမှာ အသံမပြည်ပေ။ သူသည် အိပ်ရာခုတင်ဘေး၌ ဒူးထောက်၍ ထိုင်ချလိုက်၏။ သူ၏လက်များကို အီဗာ၏လက်ပေါ်သို့ တင်ထားလေသည်။ သူ့ကိုယ်မှ မွှေးရနံ့တို့ကို အီဗာရှူလိုက်ရ၏။

အီဗာက ချစ်သူကို သာယာညင်းပျောင်းစွာဖြင့် ချော့ပြော၏။

"မင်း ခုချက်ချင်းထွက်သွားပါကွယ်။ မင်း ဒီကိုရောက်လာတာ ဘယ်သူမှ မသိသေးပါဘူး၊ သွားပါနော်။ မြန်မြန်သွားပါကွယ်"

"မင်းလိုက်မယ်ဆိုရင်တော့ ချက်ချင်းပြန်ပါ့မယ်ကွာ၊ အီဗာ ဒီလူရဲ့လက်ထဲမှာ မင်းကိုထားခဲ့ပြီး ထွက်သွားရမယ့်အစား မင်းခြေရင်းမှာ ငါအသေခံပါ့မယ်"

"မင်း ဒီလိုမပြောရဘူး ကတ်။ ဒါ မဖြစ်သင့် မဖြစ်ထိုက်တာတွေဘဲ။ မင်းချက်ချင်း ရွာကိုပြန်သွားရမယ်"

အီဗာသည် ကတ်၏ပုခုံးကို လက်ဖြင့်ကိုင်လှုပ်ရင်း ပြောနေသည်။

"ကိုယ့်ကိုချစ်ရင် ပြန်ပါနော်။ ကြောက်စရာအဖြစ်အပျက်တွေ ဖြစ်လာမှာစိုးလို့ပါ။ ကိုယ် ဒီမှာပျော်နေတာပဲ။ ကိုယ့်ဘဝကို ကိုယ်ကျေနပ်တယ်လေ။ နော်… ပြန်ပါကွယ်"

ကတ်သည် ခေါင်းကိုခါ၍နေလေ၏။

"သူတို့တော့ မြူးနစ်မြို့တော်မှာ လူသတ်ပွဲကြီး ဆင်နွှဲနေကြပြီလေ။ သစ္စာစောင့်ရဲဘော်တွေကိုတောင် တိရစ္ဆာန်တွေသတ်သလို သတ်နေကြတယ်။ သူတို့က ပြောသေးတယ်။ ရေမြောင်းတွေမှာ သွေးချောင်းစီးရမယ်။ ဂျာမနီပြည်တောင်ပိုင်းတစ်ခုလုံး ဒီအတိုင်းပြောနေတယ်"

"ကိုယ်တော့ မယုံဘူး ကတ်ရယ်"

"ရမ်းလည်း အသတ်ခံပြီ။ ဟစ်တလာရဲ့ အချစ်ဆုံးရဲဘော်ဆိုတာ မင်းသိတယ်မဟုတ်လား အီဗာ။ မင်းစဉ်းစားကြည့်စမ်း၊ သစ္စာရှိသူငယ်ချင်းတွေ ရဲဘော်တွေကို လိုက်သတ်နေတဲ့လူရဲ့ လုပ်ပုံတွေဟာ ဘယ်လောက်ထူးဆန်းလိုက်သလဲလို့"

အီဗာသည် အသက်ကို သတိထား၍ရှူရလေ၏။

ရမ်း တစ်ချိန်က ပြောခဲ့သောစကားရပ်တွေကိုသာ အီဗာက ပြန်၍သတိရ၏။



"အဒေါ့ဖ်ဟစ်တလာအတွက် ကျွန်တော်တို့အာဏာရှင်အတွက် လူတွေသေပေးကြရမှာ အမှန်ပါပဲလေ။ ဒါကြောင့်များတော့ ခင်ဗျားလန့်မသွားပါနဲ့။ ဒါတွေကို မလွဲမသွေလုပ်ကြရမယ်။ ပန်းကောင်းပန်းမြတ်တွေ ဖူးပွင့်ရှင်သန်ဖို့ ကမ္ဘာကြီးကို ရှင်းလင်းပစ်ရမယ်"

ရမ်းသည် သူပြောသလို မကြာမီအတွင်း သူခံရတော့မည်ဟု တယ်လီဖုန်းဆက်စဉ်က သိမှသိပါလေစ။

"ဒါ မဖြစ်နိုင်ပါဘူး"

အီဗာက ငြင်းလိုက်သည်။ ငြင်းသာငြင်းရ၏။ ဖြစ်ရပ်တွေမှာ အမှန်ဟုသိပါသည်။ မိမိချစ်ခင်ခဲ့ရသော ရမ်း၊ မိမိလေးစားခဲ့ရသော ရမ်း၊ သူ့ကို ဘာဖြစ်လို့များ အဒေါ့ဖ်က သတ်လိုက်ရပါလိမ့်၊ အကြောင်းတော့ ရှိပေလိမ့်မည်။

ကတ်ကပြော၏။

"ဟုတ်တာပေါ့၊ ဟုတ်တာမှ သိပ်ဟုတ်တာပေါ့၊ ဖြစ်ရပ်တွေက သိပ်ပြီးကြောက်စရာ ထိတ်လန့်စရာ ဖြစ်ရပ်တွေပဲ။ လူတွေ အများကြီး အသတ်ခံကြရတယ်။ ပါတီကိုယ်တိုင်ကတောင် ရုတ်တရက် အံ့အားသင့်နေရသေးတယ်"

အီဗာက

"ဒီလိုဆိုရင် အကြောင်းတစ်ခုတော့ ရှိမယ်"

"ကဲပါကွယ် အီဗာရယ်… လာပါ။ ဒီမှာမနေပါနဲ့တော့၊ သွားရအောင်၊ သေဘေးက နီးသထက်နီးနေပါပြီ"

ရုတ်တရက် တောင်ကြားလမ်းထဲသို့ မောင်းဝင်လာသော ကားတစ်စီး၏အသံကို အီဗာကြားရ၏။ ထိုကားမှာ အဒေါ့ဖ်ဟစ်တလာ၏ ကားဖြစ်၍ ဘားဂေါ့စ်အိမ်တော်သို့ လိုက်လာခြင်းဖြစ်သည်ကိုလည်း အီဗာ နားလည်လိုက်ပေသည်။

"ပုန်းနေစမ်း ကတ်၊ မင်းလွတ်အောင် မပြေးနိုင်ရင် အမြန်ဆုံး ပုန်းနေစမ်းပါကွယ်"

ကတ်ကို အီဗာက တောင်းပန်နေလေ၏။ အီဗာက ကတ်အတွက် သိပ်စိုးရိမ်နေသဖြင့် ရုတ်ရက်ထ၍ အဝတ်ဟောင်းထည့်သော သေတ္တာကြီး၏အဖုံးကိုဖွင့်၍ အပြင်မှ သော့ကလေးကိုလှည့်၍ ပိတ်လိုက်လေသည်။

အီဗာက သော့ကလေးကို မိမိရင်ခွင်မှ အင်္ကျီကြားထဲသို့ထည့်လိုက်၏။ သော့တံနှင့် ရင်သားထိတွေ့သဖြင့် အေးစက်သွားသည်မှာ ရေခဲတုံးထည့်လိုက်သလားဟု ထင်ရသည်။ အီဗာက ယခုမှ မိမိစိတ်ကို မိမိတည်ငြိမ်အောင် ကြိုးစားနေမိသည်။ ဆံပင်ကိုလက်နှင့်သပ်၍ သိမ်းနေတော့မှ မိမိလက်တွေ မည်မျှတုန်နေသည်ကို သတိထားမိတော့သည်။

ခြေသံတွေကို စကြံဆီမှကြားရ၏။ ကော်ဇောပေါ်၌ ဖိနင်းသွားသော ခြေသံများဖြစ်သည်။ အီဗာသည် ပြူတင်းဝမှ အပြင်သို့ငေးကြည့်နေမိသည်။

ထင်းရှူးတောကြီးကို မြင်ရ၏။ ကောင်းကင်ပြာမှာ ကြယ်ပွင့်များဖြင့် တောက်နေ၏။ ကြယ်ပွင့်ကလေးများသည် အဝါရောင်စံပယ်ပန်းပွင့်ကလေးများနှင့်ပင် တူသေးတော့၏။

အဒေါ့ဖ်ဟစ်တလာသည် အခန်းထဲဝင်လာလေပြီ။

သူ့ကိုယ်ဟန်မှာ နေသားတကျမရှိ၊ သူ့လက်တွေမှာ လှုပ်ရှားနေသည်။ သူ့နှုတ်ခမ်းက တစ်စုံတစ်ခုကို ရေရွတ်နေသလို လှုပ်ရှုနေပါသည်။ သူက အီဗာကို တစ်ချက်စိုက်ကြည့်၍ ပြောလိုက်သည်။

"ရှမ်း ငါ့ကိုသစ္စာဖောက်တယ်၊ ဘုရားသခင် ကယ်တော်မူပါ။ ငါဘယ်လိုလုပ်ရပါ့မလဲ။ ရှမ်း ငါ့ကိုသစ္စာဖောက်ပြီ"

အီဗာက မိမိ၏အသံကို အသံမှန်ဖြစ်အောင် ကြိုးစား၍ပြောလိုက်ရသည်။

"သူ ဒီလိုဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ ရှမ်းဟာ သစ္စာရှိတဲ့လူတစ်ယောက်ပါ။ သူ ရှင့်ကိုသစ္စာဖောက်တယ်ဆိုတာ ကျွန်မ ဘယ်တော့မှ မယုံနိုင်ဘူး"

အဒေါ့ဖ်သည် စားပွဲကိုမှီ၍ နံ့ရိုခွေနှမ်းစွာ ရပ်လိုက်၏။ သူ၏ဟန်မှာ မစွမ်းသန်သူတစ်ယောက်ကဲ့သို့ ဖြစ်နေလေ၏။

"ငါ့သူငယ်ချင်းတွေ ငါ့ကို အားလုံးသစ္စာဖောက်ကုန်ပြီ။ ငါ့ရဲဘော်တွေ ငါ့ကို သစ္စာဖောက်ကုန်ပြီ"

သူက အသံပြာအောင် ညည်းညူ၍ပြောနေလေ၏။

ထိုအချိန်၌ အီဗာ၏မျက်နှာတွင် သွေးမရှိတော့သည့်အဖြစ်ကို အဒေါ့ဖ်က အကဲမခတ်မိပေ။



ကတ်ပြောခဲ့သည်မှာ မှန်လေစွတကား။ အားလုံးသော မှန်တိုင်းတပ်သားများအမည်ခံ အဒေါ့ဖ်၏သစ္စာခံတပ်များမှာ သူတို့၏ခေါင်းဆောင်ရှမ်းနှင့်အတူ သစ္စာဖောက်များအဖြစ်သို့ ရောက်သွားရလေပြီတကား။

မှန်ပါသည်။ လည်ချောင်းသွေးနှင့် ခြေဆေးကြလေပြီ။ အားလုံးကို သတ်ခဲ့လေပြီ။

အဒေါ့ဖ်သည် ခေတ္တအမောဖြေနေ၏။ သူသည် ရှမ်း၏နောက်ဆုံးအချိန်ကို ကိုယ်တိုင်ကိုယ်ကျ အနီးကပ်တွေ့ခဲ့ရလေသည်။ လမ်းမများပေါ်မှာ ပစ်သတ်ခံရ၍ လဲကျသေဆုံးသွားသူတွေကိ ၁ည်း မျက်စိထဲမှာ မြင်နေသည်။

ထိုခဏတွင် အဝတ်ဟောင်းထည့်သော သေတ္တာကြီးထဲမှ အသံတစ်သံထွက်လာလေ၏။ အီဗာသည် ထိတ်လန့်သွားလေ၏။ ဤအသံကား အီဗာ စိုးရိမ်တကြီး မျှော်လင့်ခဲ့သော အသံပင်ဖြစ်လေသည်။ ဤအသံထွက်လာမည်ကို စိုးရိမ်ခဲ့ရ၏။ ယခုတော့ ကြားရလေပြီ။

သေတ္တာမှ အသံကြားရ၍ အဒေါ့ဖ်သည် အီဗာကို လှမ်း၍ကြည့်လိုက်လေသည်။

အီဗာမှာ ဘာမှပြောစရာမရှိ

"ဘာလဲ၊ ဘာသံလဲ"

အီဗာက မေးလိုက်၏။ ထိုအသံမှာ မိမိနှင့် ဘာမှမသက်ဆိုင်သလို အီဗာကလုပ်လိုက်သည်။

အဒေါ့ဖ်ဟစ်တလာသည် စကြံသို့လျှောက်သွား၍ အမိန့်ပေးလိုက်သည်။ အက်စ်အက်စ်ရဲဘော်လေးယောက် ဝင်လာလေ၏။ သူတို့သည် အဝတ်ဟောင်းထည့်သော သေတ္တာကြီးအနီး၌ ဒူးထောက်၍ထိုင်ချလိုက်၏။ အီဗာက သူတို့လေးယောက် ဘာလုပ်ကြမည်ကို သိလေသည်။ သို့သော် မည်သို့မျှတားဆီးနိုင်ခြင်းမရှိ။

အီဗာမှာ ကျောက်ရုပ်ကြီးလို ဖြစ်နေသည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။ ပစ္စတိုသေနတ်လေးလက်၏ တစ်ပြိုင်နက်စု၍ပစ်ခတ်သံများကို ကြားလိုက်ရသည်။ သစ်သားသေတ္တာကြီးကို ပစ္စတိုသေနတ်လေးလက်ဖြင့် ပစ်သွင်းလိုက်ကြခြင်းဖြစ်သည်။ ယမ်းနံ့ ယမ်းခိုးဝေသွားသည်။ အခန်းတွင်း၌ ယမ်းနံ့များဖြင့် မွှန်၍နေလေ၏။

မကြာမီ ယမ်းခိုးများ လွင့်၍လွင့်၍သွားလေ၏။ အက်စ်အက်စ် ရဲဘော်ကြီးတစ်ယောက်သည် သေတ္တာကြီးသို့ကပ်သွား၏။ သူသည် သေတ္တာ သော့ကို သူ၏သေနတ်ဒင်ဖြင့် ကလန့်၍ဖွင့်လိုက်လေသည်။

အီဗာ၏ တစ်ကိုယ်လုံး အဖျားဝင်၍လာလေသည်။ အီဗာသည် နောက်ထပ် သေနတ်သံတွေ ကြားရဦးမည်အထင်နှင့် ပြူတင်းတံခါးဆီသို့ လျှောက်လာ၏။ ထို့နောက်မှ ဝရံတာဆီသို့ အီဗာလျှောက်သွားသည်။ ထင်းရှူးတောအုပ်၏အထက်တွင် စံပယ်ပွင့်အဝါတွေလို တောက်ပနေသော ကြယ်ပွင့်များကို ကောင်းကင်၌တွေ့ရလေသည်။

တစ်ချိန်တုန်းက ဤကဲ့သို့ပင် ချစ်သူကတ်နှင့် မိမိတို့သည် ထင်းရှူးတောအစပ်၌ ရပ်ခဲ့ကြဖူးသည်။ ကြာတော့ ကြာပြီ။ အဖြစ်အပျက်များစွာပင် ကြုံတွေ့ဖြစ်ပျက်ခဲ့ပြီးပေပြီ။

မကြာမီ အဒေါ့ဖ်လမ်းလျှောက်လာသော ခြေသံကို ကြားရသည်။ သူသည် အီဗာ့နောက်မှ ကပ်လာ၍ အီဗာ၏လက်မောင်းပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်သည်။ အဒေါ့ဖ်က ညင်သာစွာ အီဗာ့ကိုပြော၏။

"သူလျှိုကောင်တစ်ကောင်ပဲ၊ ဂျာမနီတစ်ပြည်လုံးမှာ ဒီလိုကောင်တွေနဲ့ ရှုပ်ထွေးနေတာပဲ"

အီဗာက အဖြစ်အပျက်အမှန်ကို ထုတ်ဖော်ပြောလိုက်ချင်ပါ၏။ သို့သော် ရင်ထဲကစကားတွေ အပြင်သို့ထွက်မလာသောကြောင့်သာ အီဗာမှာ သေဘေးမှလွတ်ရရှာခြင်းဖြစ်လေသည်။

အဒေါ့ဖ်ဟစ်တလာက အီဗာကို ပွေ့ဖက်ထားလိုက်သောအခါမှသာ အီဗာက မိမိမှာ သာမန် အီဗာဘရောင်းဆိုသော ကျေးတောသူကလေး မဟုတ်တော့ဘဲ အာဏာရှင် ဟစ်တလာ၏ဇနီးတစ်ယောက် ဖြစ်နေပါပကောလားဟု တွေးမိရလေသည်။

✡✡✡

# အနာဂတ်၏ ပထမအရသာ

မိမိရှေ့မှောက်တွင် မိမိချစ်သူကတ်ကို ပစ်သတ်ကြသည့်မြင်ကွင်းအား မြင်ရသည့်နေ့ကစ၍ အီဗာမှာ အပြင်းဖျားလျက်ရှိခဲ့သည်။ အိပ်၍မရသောကြောင့် အိပ်ဆေးသောက်မှပင် အိပ်ပျော်တော့သည်။အဝတ်သေတ္တာကြီးကိုဖယ်ရှားပြီးသော်လည်း အီဗာအား ထိုအခန်းက ခြောက်လှန့်လျက်ပင်ရှိသေးသည်။ သွေးနံ့များနံနေသေးသည်ဟု အီဗာက ထင်၏။ ကော်ဇောကြီးမှာလည်း သွေးကွက်တွေစွန်းထင်လျက်ရှိသေးသည်။

"သွေးစွန်းနေတဲ့ အကွက်ကလေးတစ်ခုပဲကွယ်၊ ဘာအရေးကြီးတာလိုက်လို့။ ကိုယ့်အချစ်ကလေးဟာ ဒါကလေးလောက်နဲ့ ဒီလောက် ဟုန်လှုပ်မနေသင့်ဘူး"

ဟု အဒေါ့ဖ်ဟစ်တလာက ပြောပြန်သည်။

ခက်သည်မှာ သည်သွေးစွန်းကွက်ကလေးတွေကပင် မိမိကိုယ်ထဲမှ သွေးတွေထွက်သွားပြီး စွန်းထင်နေသလိုထင်မိ၏။ ဖြစ်ရပ်တွေက စိတ်ကို လှန့်နေသဖြင့် အီဗာ၏အိမ်ပြန်ခရီးမှာ ဝေးလှ၏။ မိဘရပ်ထံသို့ ဘယ်တော့မှ မပြန်တော့ဟုလည်း ဆုံးဖြတ်မိပေသည်။

သူတို့သည် နွေနှောင်းရက်များကို ဘတ်ချ်တက်စ်ဂဒင်မှာပင် အချိန်ကို ကုန်လွန်စေခဲ့၏။ အီဗာသည် နောက်က ဖြစ်ပျက်ခဲ့သမျှကို မေ့ထားရန် ကြိုးစားရသည်။ ကတ်အကြောင်း၊ ရှမ်းအကြောင်းစသည်များကို…

အောက်တိုဘာလသို့ရောက်သောအခါတွင် ဆောင်းဦးကျပြီဖြစ်၍ နှင်းပွင့်နှင်းခဲများသည် တောင်ကြားတစ်လျှောက်၌ အဆုပ်လိုက်အခဲလိုက်

ရှာချနေပြီဖြစ်သည်။ ကျေးတောနေ လူထုသည် သစ်သားအများအပြားကို တောထဲမှ ခုတ်ထွင်သယ်ယူ၍ မိမိတို့အိမ်နှင့် အဆောက်အဦများကို ဆောင်းဒဏ်မှ ကာကွယ်ရန် ပြင်ဆင်နေကြရပြီလည်းဖြစ်သည်။

အီဗာနှင့် အဒေါ့ဖ်ဟစ်တလာတို့သည် ကားကြီးကိုစီး၍ မြို့တော်သို့ ပြန်လာခဲ့ကြသည်။ ဖြောင့်စင်းသော အော်တိုဘန်းလမ်းမကြီးပေါ်၌ နေရောင်က ထိန်ထိန်လင်းအောင် ထိုးနေသည်။ ထိုအချိန်တွင် အဒေါ့ဖ်သည် အီဗာ မမျှော်လင့်သော စကားတစ်ခွန်းကို ပြောလိုက်လေသည်။

"အီဗာ… ကိုယ့်အိမ်မှာ လာနေနော်၊ မင်းကိုယ့်အိမ်ကို ပြောင်းလာပြီး ကိုယ်နဲ့အမြဲနေရမယ်"

"ရှင်နဲ့အတူ နေရမယ်လား"

အီဗာက မယုံနိုင်သလို ဖြစ်နေသည်။

"ဒါပေမယ့် ဖရောရော်ဘဲလ်က ဘာပြောသလဲ"

သူက အီဗာ၏လက်ကို ဆုပ်ကိုင်၍ အားပေးလိုက်သည်။

သူ့ဟန်မှာ ညင်သာနူးညံ့လျက်ရှိလေသည်။

"ကိုယ့်အစ်မလည်း သူ့စီမံကိန်းနဲ့သူပေါ့ကွာ"

"ရှင်ဆိုလိုတာက သူ ကျွန်မကို စိတ်ဆိုးနေတာကိုလား"

"အို… မဟုတ်ပါဘူး၊ သူက မင်းကိုစိတ်မဆိုးပါဘူး"

သူ့မျက်နှာ၌ အပြုံးရိပ်သန်းနေသည်ကို မြင်ရလေ၏။ ဤအပြုံးကိုကြည့်၍ ဖရောရော်ဘဲလ်မှာလည်း သူ့သမီးငယ် ဂီလီလိုပင် သေဆုံးရှာပြီဟု အီဗာထင်လိုက်သည်။

"အဒေါ့ဖ်ရယ်… ဘာတွေဖြစ်ပြန်ပြီလဲ"

"မဖြစ်ပါဘူး၊ ဖရောရော်ဘဲလ်၊ ဘရော်နောကို ပြန်သွားပါပြီ။ သူ ဟိုမှာ အမြဲနေတော့မှာပါ။ ဒီလိုလုပ်မှဖြစ်မယ်လို့ သူသိတယ်လေ။ မိန်းမတွေကလည်း ခက်သားပါ။ တခြားမိန်းမတွေကို အမြဲမနာလိုဝန်တို ဖြစ်နေတတ်တာကိုး။ သူ့သမီး ဖရိုက်လည်းပါသွားတယ်"

"ဘရော်နောကိုလား"

အီဗာက ကောင်းစွာသိလိုက်၏။ အဒေါ့ဖ်ကိုယ်တိုင်မှာ ဩစတေးရီးယားနှင့် ဘာဗေးရီးယားနယ်စပ်ရှိ မြစ်ကမ်းနဖူးပေါ်မှ မြို့ကလေးတစ်မြို့၌ မွေးခဲ့သည်။ ဖရော်ရော်ဘဲလ်မှာ ထိုမြို့ကလေး 'ဘရော်နော'ကို အမြဲတမ်းပင် တမ်းတပြောဆိုနေလေ့ရှိပေသည်။



ပြီးတော့ ဖရိုက်၊ ဖရောရော်ဘဲလ်၏ သမီးငယ် ဖရိုက်ကိုလည်း တစ်ခါတည်းခေါ်သွားသည်ဆို၏။

"ဖရိုက်… ဖရိုက်က ဘာဖြစ်လို့လဲ"

"ဖရိုက်လည်း သူ့အမေနဲ့ပြန်လိုက်သွားတယ်လေ"

ဖရိုက်ကား သူ့အစ်မ ဂီလီနှင့် လုံးဝမတူပေ။ ဖရိုက်သည် မိမိ၏ ဦးလေးတော်သူ အဒေါ့ဖ်ကိုလည်းကောင်း၊ သူ၏နာဇီပါတီကိုလည်းကောင်း လိုလားနှစ်သက်သူမဟုတ်။ ဂီလီကဲ့သို့ ဦးလေးဖြစ်သူအား တွယ်တာခင်မင်နေမည့်သူမဟုတ်။ ဂီလီကား အဒေါ့ဖ်ကို မခွဲနိုင်သူဖြစ်သည်။ အဒေါ့ဖ်ဟစ်တလာက အီဗာ၏ပေါင်ပေါ်သို့ လက်တင်၍ ပွတ်သပ်ချော့မော့နေ၏။

"ကိုယ်နဲ့ ကိုယ်အစ်မတို့ကြားမှာ အဆင်မပြေမှုတွေ နည်းနည်းဖြစ်ခဲ့ပါတယ်။ မှန်တယ်လေ၊ ကိုယ့်အိမ်မှာ အခြားမိန်းမတစ်ယောက်ရှိနေမှာကို ကိုယ့်အစ်မက ဘယ်တော့မှ မကျေနပ်နိုင်ဘူးကွယ့်၊ ပြီးတော့ လူတိုင်းကို သူသဘောကျခဲ့လှတယ်။ သိပ်ခဲယဉ်းတယ်။ သူယောကျ်ားရသွားရင် ကောင်းမယ်၊ မုဆိုးမတွေဟာ ဒီလိုပါပဲ၊ အမြဲတမ်း မကျေမနပ်ဖြစ်နေတာပဲ"

အဒေါ့ဖ်က ရှင်းပြနေသည်။

"ကိုယ့်အစ်မရဲ့ဘဝအတွက် ပူပင်သောက ရောက်မနေပါနဲ့ကွယ်၊ သူ့အဖို့ အားလုံးအဆင်ပြေသွားမှာပါ။ ကိုယ့်အနေနဲ့တော့ သူ့နေရာကို မင်းဝင်ယူစေချင်တယ် အီဗာ။ မင်း ကိုယ့်မိတ်ဆွေတွေကို ဧည့်ခံရမယ်။ ကိုယ့်လက်ဝဲဘက်ကထိုင်ပြီးတော့ ကိုယ့်အစ်မလိုပဲ လုပ်ဆောင်စရာတွေကို လုပ်ရမယ်။ ကိုယ့်ဇနီးတစ်ယောက်လိုပဲ မင်းဆောင်ရွက်ရမယ်။ အစေခံတွေ အားလုံးက မင်းကိုလေးစားပြီး ဩဇာကိုနာခံစေရမှာပဲပေါ့"

အိမ်တော်သို့ ပြောင်းရွှေ့နေထိုင်ရခြင်းကား အလွန်မှပင် ဂုဏ်ယူပျော်ရွှင်စရာကောင်းမည်။ သို့သော် အီဗာ သတိထားမိသည်မှာ မိမိအား အစေခံတွေက များစွာထိတ်လန့်ကြောက်ရွံ့နေခြင်းပင်ဖြစ်သည်။ အီဗာသည် အိမ်ထဲတွင် တစ်ယောက်တည်းကျန်နေသောအခါ ဓာတ်စက်ကို ဖွင့်၍ တစ်ယောက်တည်းပဲ ကနေလေ့ရှိ၏။ အီဗာသည် အကကို များစွာပင် ဝါသနာပါလေသည်။

အဒေါ့ဖ်နှင့် အီဗာတို့ မြူးနစ်သို့ အပြန်ခရီးကို ဟိန်းရစ်ဟော့ဖ်မင်းကိုယ်တိုင် ဓာတ်ပုံဆောင့်၍ရိုက်နေ၏။ အာနာမှာ သူငယ်ချင်းဖြစ်သူ အီဗာကို တွေ့ရသဖြင့် များစွာဝမ်းသာနေသည်။

အီဗာကို ပွေ့ဖက်နှုတ်ဆက်သည်။ အီဗာကပြောၐ်။

"အာနာရယ် ကိုယ်သိပ်နေမကောင်းချင်ဘူး"

အာနာသည် အီဗာကို သေချာစွာကြည့်လေ၏။ အီဗာမှာ ယခင်ကထက် ပိုပိန်သွားပြီး မျက်လုံးများမှာလည်း မှုန်မှိုင်းလှသည်။

"ဘာဖြစ်လို့လဲ အီဗာ"

"ဘာဖြစ်လို့မှန်း မသိဘူး၊ မြူးနစ်မှာ မပျော်ဘူး"

"မိုက်လိုက်တာကွယ်။ မြူးနစ်မှာ သူတို့သွေးချောင်းစီးတဲ့ပွဲကြီး သူတို့ဘာသာ ခင်းနေတာပဲ၊ မြူးနစ်တစ်မြို့လုံးလည်း သူလျှိုတွေ ပြည့်နေတာပဲတဲ့"

"ဟုတ်မယ်မထင်ပါဘူး အာနာရယ်"

"ဟုတ်တာပေါ့ကွယ်၊ နေပါဦး ကိုယ်ကြားတာတော့ ဘားဂေါ့စ်အိမ်တော်မှာတုန်းက မင်းအခန်းထဲမှာ လာပြီးတော့ ပုန်းနေတဲ့သူလျှိုတစ်ယောက် အဝတ်သေတ္တာထဲက မိသွားတယ်ဆို၊ အရပ်ထဲမှာ ဒီလိုပဲပြောနေတာပဲ"

အီဗာနှင့် အာနာတို့မှာ နှစ်ယောက်တည်း သီးခြားလွတ်လပ်စွာ ပြောနေကြခြင်းဖြစ်၏။

"အလကား လိမ်ပြောကြတာ"

အီဗာက ပြန်ဖြေ၏။

သည်လူတွေ အဖြစ်မှန်ကို ဘယ်လောက်များ သိထားကြလို့ပါလဲ၊ အဖြေမှာ ရှင်းနေသည်။ ဟစ်တလာကိုယ်တိုင်ကပင် သူလျှိုတွေပြည့်နေကြောင်း ပြောခဲ့သေးသည် မဟုတ်ပါလား။

**"ဟေး... ဟစ်တလာ"**

အဒေါ့ဖ် ဝင်လာ၍ သူတို့ကနှုတ်ဆက်ကြသည်။

ဟစ်တလာနှင့် ဟော့ဖ်မင်းတို့မှာ ဓာတ်ပုံများရိုက်ကူးပြီးကြပြီဖြစ်၍ ညစာ ထမင်းစားကြရန် အဆင်သင့်ဖြစ်နေကြလေသည်။ သူတို့အားလုံး ခမ်းနားစွာ ပြင်ဆင်ထားသော ထမင်းဝိုင်းစားပွဲကြီး၌ ဝိုင်းထိုင်ကြသည်။ ထမင်းစားပွဲကြီးတစ်ခုလုံးမှာ လတ်ဆတ်သော သစ်သီးများ၊ စိမ်းလန်းသော ဆလပ်ရွက်များကို ဟစ်တလာအတွက် အထူးပြင်ဆင်ထားသည်။ အီဗာအကြိုက် ငွေရောင်ငါးများလည်းပါသည်။ ညစာ ထမင်းစားပြီးသောအခါတွင် ဟော့ဖ်မင်းက နေရာမှထသည်။



"ချစ်ဖော်မောင်နှံတို့... ဒီအချိန်မှာ သီးသန့်နေချင်ကြမှာကိုအလိုက်သိမှပေါ့"

ဟုဟော့ဖ်မင်းက ပြောသည်။

"ဟုတ်တယ်... ဟုတ်တယ်"

အာနာက ထောက်ခံ၏။ သူမက ဆက်ပြောသည်။

"ကျွန်မတို့ ချစ်စခင်စ အချိန်တုန်းကလည်း ဒီလိုပဲ၊ ကျွန်မသတိရသေးတယ်"

အဒေါ့ဖ်က ဝမ်းသာပျော်ရွှင်ဟန်ရှိ၍ ပြုံးနေသည်။

✡✡✡

# ဗီယင်နာ

၁၉၃၈ ခုနှစ် မတ်လဖြစ်လေသည်။

အီဗာသည် ဘတ်ချ်တက်စ်ဂဒင်သို့ ရောက်နေ၏။ ထိုနေရာသို့ လာရောက်အပန်းဖြေရင်း အီဗာရောက်နေသည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်သည်။ တစ်ခါတစ်ရံတော့လည်း အီဗာသည် အဒေါ့ဖ်က ယခုအချိန်ထိ မိမိကိုချစ်နေနိုင်သေးသည်ကို အံ့သြမိ၏။ မိမိအဖြစ်ကို တွေးမိသဖြင့် အိပ်ရာထဲမှာ ငိုခဲ့ရသည့်အကြိမ်ပေါင်းလည်း မနည်းတော့ပြီ။

တစ်ညနေတွင် မြူးနစ်မြို့ရှိ အဒေါ့ဖ်ဟစ်တလာထံမှ လူယုံတော်တစ်ဦး အီဗာထံရောက်လာ၏။ နက်ဖြန်နံနက်စောစောတွင် မြူးနစ်မြို့သို့ အီဗာ အရေးတကြီးပြန်လာရန် အဒေါ့ဖ်ဟစ်တလာက လူစေလွှတ်၍ ခေါ်ခိုင်းခြင်းဖြစ်လေသည်။ နောက်တစ်နေ့ နံနက်စောစော၌ အီဗာသည် ကားကို ကိုယ်တိုင်မောင်း၍ မြူးနစ်မြို့ဆီသို့ မောင်းထွက်လာသည်။ အီဗာသည် သီချင်းတစ်ပုဒ်ကိုလည်း ဆိုလာ၏။ ထိုအကြိမ်မှာ ရက်သတ္တပေါင်းများစွာအတွင်း၌ အီဗာ ပထမဆုံး သီချင်းဆိုသော အကြိမ်ဖြစ်လေသည်။

ဆောင်းနှင်းတို့က တဖွဲဖွဲ ထူထပ်စွာ ကျနေဆဲဖြစ်၏။ ဆောင်းရာသီမှာ ရှည်လျားလှသည်ဟု ထင်ရသည်။ နှင်းများက ခါတိုင်းထက်ပို၍ကျသောကြောင့်လည်း ဆောင်းရာသီရှည်လျားနေဦးမည့်ဟန် ရှိသည်။

မြူးနစ်သို့ရောက်သောအခါတွင် အိမ်တော်သို့တန်း၍ ကားကိုမောင်းသွားလေ၏။ အီဗာသည် နားနေခန်းထဲသို့ တစ်ခါတည်းဝင်သွားသည်။



စားပွဲပေါ်၌ ဆောင်းနှောင်းရာသီပန်းများကို ပန်းအိုး၌ ထိုးစိုက်ထားသည်။ အိမ်တော်၏ ပြူတင်း၌ လမ်းမဘက်သို့လှည့်၍ နာဇီပါတီအလံကို လွှင့်ထူ၍ထားလေသည်။ အလံသည် လေ၌ တလူလူဝှေ့ကစားနေတော့သည်။

စင်္ကြံဆီမှ ဒူးဖုံးဖိနပ်ရှည်ကြီး၏ ခွာသံကိုကြားရသည်။ အီဗာက လှည့်၍ကြည့်လိုက်သည်။ အချိန်အတော်ကြာမျှ ခွဲခွာနေရာမှ အီဗာသည် အဒေါ့ဖ်ဟစ်တလာနှင့် မျက်နှာချင်းဆိုင်ရပေသည်။

**"ဟေး… ဟစ်တလာ"**

အီဗာက အလေးပြုလိုက်၏။

**"ဟေး… ဟစ်တလာ"**

အဒေါ့ဖ်က တံခါးကိုပြန်၍ သူထိုင်နေကျ ကုလားထိုင်ဆီသို့ လျှောက်လာ၏။ သူ့အသွင်မှာ ဖျတ်လတ်တောက်ပနေ၏။ သူ့မျက်နှာ ရွှင်မြူးနေ၏။ အီဗာက သိလိုက်ပါ၏။ သူ့မှာ ဝမ်းသာပျော်ရွှင်စရာ သတင်းကောင်းတစ်ရပ်ရှိနေပြီဟု၊

"အီဗာရေ… ကြီးကျယ်တဲ့ဖြစ်ရပ်တွေတော့ ဖြစ်ကုန်ပြီလေ။ ဒါ့ကြောင့် မင်းကိုအခေါ်လွှတ်လိုက်ရတာပဲ။ အခုအချိန်ဟာ တို့ဘဝရဲ့ ထူးခြားတဲ့အချိန်ဖြစ်နေပြီကွ"

"ဟုတ်တယ်၊ ကျွန်မသိနေယ်။ တစ်ခုခုတော့ တစ်ခုခုပဲလို့"

"တို့ ဗီယင်နာကို မနက်ဖြန် ဝင်အောင်ပွဲခံတော့မယ်"

"ဗီယင်နာကို… သေချာနေပြီလား"

"ဒါပေါ့… ဩစတြီးယားနိုင်ငံဟာ ကိုယ့်ခြေဖဝါးအောက်ကိုရောက်လာပြီ။ သနားစရာကောင်းပြီး အကာအကွယ်မဲ့တဲ့ လူထုကို ကိုယ့်အရိပ်အာဝါသထဲကို ဆွဲခေါ်ထားလိုက်ရတာပေါ့။ ဒါဟာ တို့အောင်ပွဲခံတာလည်း ဖြစ်တယ်"

အီဗာမှာ ကြီးကျယ်သော စွန့်စားမှုကြီးအတွက် ရုတ်တရက် ထိတ်လန့်သွားမိ၏။ ထို့နောက်မှ သူ့ကိုစိုက်ကြည့်နေ၏။ သူမ၏မျက်လုံးများမှာ တောက်ပ၍ အရောင်လက်နေသည်။

"အို…အဒေါ့ဖ်ရယ်…ရှင်ဟာ ဘယ်လောက်အံ့သြစရာကောင်းအောင် အောင်မြင်တဲ့လူတစ်ယောက်လဲရှင့်"

"ဒီလိုနဲ့ မပြီးသေးဘူး။ နာဇီပါတီခေါင်းဆောင်တွေရဲ့ဇနီးတွေဟာ

တို့နောက်က တစ်ခါတည်းလိုက်ပြီး ဗီယင်နာမြို့တော်ကို ဝင်ရမယ်။ ကိုယ့်ရဲ့ အီဗာလည်း သူတို့နဲ့အတူလိုက်ပါရမယ်"

"ကျွန်မ လိုက်ရမယ်"

အီဗာက လက်ချောင်းကလေးများဖြင့် သူမ၏ရင်ကိုဖိ၍မေးလိုက်သည်။ အီဗာ၏မျက်နှာမှာ နှင်းဆီရောင်လွှမ်းသွားသည်။ သည်လိုဂုဏ်ပြုခံရမည့် အဖြစ်မျိုး အဒေါ့ဖ်ထံမှ မမျှော်လင့်ခဲ့မိပေ။ အဒေါ့ဖ်၏ တရားဝင်ဇနီးတစ်ယောက်အနေဖြင့် မိမိမှာ နာဇီပါတီခေါင်းဆောင်များ၏ ဇနီးများနှင့်အတူ လိုက်ပါရမည်ဆိုခြင်းဖြင့် အဒေါ့ဖ်၏ ကြီးများသောဂုဏ်ပြုမှုကို မိမိခံယူခြင်းဟု အီဗာ နားလည်ပါ၏။

ကမ္ဘာ၏ ဆုလာဘ်ကြီးတစ်ခုဖြစ်သော ဗီယင်နာမြို့တော်သို့ ဝင်ရမှာပါတကား...

သို့သော်...

"အဒေါ့ဖ်ရယ်... ရှင် ဒီလိုလုပ်လို့ ဖြစ်ပါ့မလား၊ ကျွန်မမှာ အခွင့်အရေးမရှိဘူးထင်တယ်။ ကျွန်မ သူတို့နဲ့လိုက်ပါဖို့ အကြောင်းမရှိဘူးလေ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ကိုယ့်စကားဟာ ဥပဒေပဲ၊ နားလည်လား။ မင်းကို ကိုယ်အမိန့်ပေးတယ်။ မင်းသူတို့နဲ့အတူလိုက်ပါ"

အီဗာသည် မိမိလက်ချောင်းကလေးများဖြင့် နှုတ်ခမ်းကို ဖိထားလိုက်သည်။ ပြီးတော့ တိုးတိုးလေးရေရွတ်လိုက်၏။

"**ဟေး... ဟစ်တလာ**"

မိမိအနေဖြင့် ပေးလာသောအမိန့်ကို နာခံရိုသေရတော့မည်ပင် မဟုတ်ပါလား။

"အို... အဒေါ့ဖ်ရယ်..."

အဒေါ့ဖ်က အီဗာ၏ လက်ချောင်းများကို တင်းကြပ်စွာဆုပ်ထားလေ၏။

"မင်းနဲ့ကိုယ်အတွက် အရာရာတိုင်း အောင်မြင်ရမှာပါ အချစ်ရယ်"

မကြာမီ ရပ်ဒေါ့ဖ်ဟက်စ် ရောက်လာ၍ အဒေါ့ဖ်ပြန်သွားရသည်။ ရပ်ဒေါ့ဖ်၏ နာမည်ကိုကြားလျှင် ဖရောဟစ်တလာဆိုသော စကားရပ်ကို သတိရသည်။ ယခုအချိန်မှာတော့ ဟစ်တလာ၏ ဇနီးအဖြစ် ဖရောဟစ်တလာဘွဲ့ကို ခံယူမည့်သူမှာ မိမိမှတစ်ပါး တခြားမရှိတော့ပြီကို အီဗာ နားလည်ရပေပြီ။



မိမိကိုသာ တရားဝင်ဇနီးအဖြစ် မရည်ရွယ်ပါက အဒေါ့ဟစ်တလာသည် ဗီယင်နာအောင်ပွဲချီ နာဇီ ဇနီးများနှင့်အတူ မိမိအား လိုက်ပါခွင့်ပြုမည် မဟုတ်မှာ သေချာ၏။ အချိန်ကျလျှင် ဖရောဟစ်တလာ ဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲတော့ပြီ။

ထိုနေ့က အိမ်တော်မှာ စိတ်တက်ကြွနေသော ပါတီခေါင်းဆောင်များဖြင့် ပြည့်နေလေသည်။ သူတို့၏မျက်နှာများမှာ အထူးရွှင်ပျ၍နေကြလေသည်။

ဒေါက်တာဂိုးဘဲလ်နှင့် ဇနီးဖရောဂိုးဘဲလ်တို့ ရောက်လာကြသည်။ ဖရောဂိုးဘဲလ်မှာအီဗာနှင့်လာ၍စကားလက်ဆုံကျနေသည်။ သူမ၏မျက်နှာမှာ ကြီးမားသောအောင်မြင်မှုအတွက် ဝမ်းသာမဆုံးဖြစ်နေသည်ကို ဖော်ပြနေ၏။

မကြာမီ ခေါင်းဆောင်တစ်ဦးဖြစ်သော ဘွန်ရစ်ဘင်ထရော့ ရောက်လာသည်။

သူကပြော၏။

"အင်္ဂလန်တော့ သိပ်ကြောက်နေရှာပြီလေ။ ကျုပ်တို့ သူတို့ကို ဒီ့ထက် ပိုကြောက်လန့်အောင် လုပ်ပေးလိုက်ရအောင်"

အဒေါ့ဖ်ဟစ်တလာက ပြော၏။

"အင်္ဂလန်လား... အချိန်ကျရင် သူက ခုခံနေမှာတောင် မဟုတ်ဘူး။ သူတို့မခုခံနိုင်ဘူးဆိုတာ သူတို့နှလုံးသားက သိထားကြပါတယ်။ အခုနေအခါမှာ ကျုပ်တို့ကို အလုပ်များအောင် လုပ်နိုင်တဲ့သူ အင်္ဂလန်နိုင်ငံမှာ တစ်ယောက်ပဲရှိတယ်။ သူ့နာမည်က ဝင်စတန်ချာချီတဲ့ဗျ၊ သိလား..."

"ဒီနေ့တော့ သူဘာမှမတတ်နိုင်တော့ပါဘူး။ တစ်ချိန်တုန်းကတော့ သူလည်း တော်တော်အင်အားကြီးခဲ့တာပဲ။ ဒါပေမယ့် ခုတော့ ဘာမှမတတ်နိုင်တော့ပါဘူး။ လေကြီးရုံပါပဲ။ တကယ်လက်တွေ့ ဘာမှမရှိဘူး"

ရစ်ဘင်ထရော့က ဆက်ပြော၏။

"သူလား... ဟုတ်တယ်၊ ပြီးဆုံးပါပြီ။ သူကဏ္ဍကတော့ ပြီးဆုံးသွားပါပြီ"

အဒေါ့ဖ်သည် စားပွဲကို လက်ဖြင့်ထုရင်းထုရင်း ပြောနေလေသည်။

အီဗာက သူတို့၏ကမ္ဘာ့အရေးအခင်းတွေကို စိတ်မဝင်စားနိုင်၊ မိမိအဖြစ်ကိုသာ တွေးနေမိသည်။

**'ငါဟာ ကမ္ဘာ့တတိယအာဏာရှင်ခေတ်ရဲ့ ပထမတန်း ကေရီ တစ်ယောက်ပါလား'**

အီဗာက သူတို့ထံမှ ဖဲခွာပြီးလျှင် မိမိအခန်းသို့ဝင်၍ နက်ဖြန်ခရီးအတွက် ဝတ်ဆင်မည်ဖြစ်သော အဝတ်အစားများကိုရွေးချယ်နေလေသည်။

ထိုနေ့ညက အီဗာတစ်ယောက်တည်း ရှိနေ၏။ အီဗာသည် ပထမတော့ အဒေါ်ဖ်ကို မျှော်လင့်နေ၍ မဖြစ်ဟုသိသည်။ အက်စ်အက်စ်ရဲဘော်များသည်သာ အိမ်ထဲဝင်လာလိုက် ပြန်ထွက်သွားလိုက်နှင့် ရှိနေကြသည်။

အေးမြသော နောက်နေ့နံနက်ခင်း။

အီဗာမှာ စိတ်တက်ကြွလွန်းနေ၍ လာရောက်ကြိုဆိုနေသော ကားကြီးထဲသို့ ဝင်ထိုင်လိုက်၏။ အီဗာက ကားထဲတွင် လက်ဝဲဖက်ထောင့်မှ ထိုင်သည်။ အီဗာ၏ ညာဘက်တွင် ခေါင်းဆောင်ကြီး ဂိုရင်း၏ဇနီး ဖရောဂိုရင်း၊ ထိုနောက်မှ ခေါင်းဆောင်ကြီး ဒေါက်တာဂိုးဘဲလ်၏ ဇနီး ဖရောဂိုးဘဲလ်တို့ ဖြစ်လေသည်။

ဖရောဂိုရင်းသည် မိမိဝတ်ထားသော ကုတ်အင်္ကျီကို အီဗာ၏ကုတ်အင်္ကျီနှင့် နှိုင်းယှဉ်၍ ကြည့်နေ၏။ အီဗာ၏ကုတ်အင်္ကျီမှာ ဖရောဂိုရင်း၏ ကုတ်အင်္ကျီလောက် မကောင်းပေ။

"ကျွန်မကတော့ အမွေးရှည်ကို မကြိုက်လို့ရှင့်"

အီဗာက ပြော၏။

"ကျွန်မကတော့ ယဉ်ကျေးမှုကို မြတ်နိုးလို့ပါ"

ဖရောဂိုးရင်းက အီဗာကို ပြောလေသည်။

ဖရောဂိုးဘဲလ်ကား ဘာမှမပြောဘဲ ကားရှေ့သို့သာ ငေးမော၍ ကြည့်နေလေ၏။ အိမ်၌ ကျန်ခဲ့သော ဖျားနေသည့်သားငယ်ကို သတိရနေလေသည်။

"သွားရမယ့်ခရီးက အဝေးကြီးပဲ၊ ကျွန်မတို့ သိပ်ပင်ပန်းကြလိမ့်မယ်"

ပြောပြောဆိုဆိုနှင့် ဂိုရင်း၏ဇနီး ဖရောဂိုရင်းသည် လက်ကိုင်အိတ်ကြီးကိုဖွင့်ပြီး ငွေခွက်နှင့်ဓာတ်ဘူးကိုထုတ်လိုက်သည်။ သူကဆက်၍

"ရှင်တို့မှာလည်း စားစရာ သောက်စရာတွေ ပါလာမှာပေါ့နော်"



"မပါပါဘူး၊ ကျွန်မ မဆာပါဘူး"

အီဗာ ဖြေ၏။

အီဗာသည် မာရှယ်ဗိုလ်ချုပ်ကြီး ဂိုရင်း၏ဇနီးနှင့်အတူ ကားစီး၍ လာရသောကြောင့် စိတ်ထဲ၌ ကျဉ်းကြပ်သလိုလို အားငယ်သလိုလို ဖြစ်မိလေသည်။ အီဗာအနေဖြင့် လူထုကြားထဲသို့ တိုးဝင်သွား၍ သွားရသော ခရီးမှာ တစ်သက်တွင် ဤတစ်ခါသာ ရှိသေး၏။ သွားရမည်မှာ ရှည်လျား၍ မိမိတို့အတွက် အထူးတလည်လမ်းရှင်းပေးထားလေသည်။ မကြာမီ သူတို့ကားသည် ဆောင်းနှင်းနေရောင်ခြည်တွင် ပြောင်လက်တောက်ပနေသော ဒင်းညူမြစ်၏ ရှုခင်းကိုမြင်ကြရလေ၏။ မြစ်ရေသည် တငြိမ့်ငြိမ့် စီးဆင်းလျက် ရှိနေပေသည်။

သြစတြီးယားကို ဝင်လာပြီဖြစ်သောကြောင့် စစ်၏သင်္ကေတများကို ကောင်းစွာပင် တွေ့မြင်နေရပြီဖြစ်သည်။ ကားတစ်စီးသည် မြေကျင်းတစ်ခုထဲတွင် ပက်လက်လန်၍နေ၏။ ကားဘီးများမှာ ဝင်းထရံတစ်ခုအနီးမှ ခြုံတွေထဲရောက်နေလေသည်။ မြင်းလှည်းငယ်တစ်စီးကို တွေ့ရ၏။ မြင်းသေကောင်မှာ မြင်းလှည်းလက်တံကြားထဲမှာသေ၍ ဖူးယောင်ပွဖောင်းနေသည်။ မြင်းသေနေသည်မှာ ရက်အတန်ကြာကပင် ဖြစ်ဟန်ရှိ၏။ သူတို့ကိုယ်မှာ ဖုန်အလိမ်းလိမ်း သဲအလိမ်းလိမ်း။ အီဗာမှာ ဤမြင်ကွင်းတွေကို မကြည့်မမြင်လိုဘဲနှင့် မြင်တွေ့နေရလေ၏။

ဖရောဂိုရင်းသည် ဝက်သားရေဖြင့် ချုပ်ထားသောအိတ်ကြီးကိုဖွင့်၍ ငွေခွက်နှင့် ဓာတ်ဘူးကိုထုတ်လိုက်သည်။ ကားကိုဖြည်းဖြည်းမောင်းရန် သူက အမိန့်ပေးလိုက်၏။ ဓာတ်ဘူးထဲမှ စားသောက်ဖွယ်ရာများကို ငွေခွက်ထဲ ထည့်လောင်းချလိုက်လျှင် ဖိတ်စဉ်မသွားရန်ဖြစ်လေ၏။

သူမသည် ပါလာသေ အဖော်များကို အားမနာ၊ သောက်ပါဦးဟု မပြောဘဲနှင့် ငွေခွက်ကိုမော့၍ချလိုက်သည်၊ ထို့နောက် အသားလွှတ်မုန့်များကို ထုတ်၍စားနေပြန်သည်။ သူမသည် အားရပါးရ မျော်မျော်ရွှင်ရွှင်ပင် စားနေသည်။

ဖရောဂိုးဘဲလ်ကမူ မသိမမြင်သလို တစ်ဖက်လှည့်နေ၏၊ ဗီယင်နာမြို့တော်သို့ နီးလေလေ ကျေးတောသားရွာလူထုသည် လမ်းဘေးမှထွက်၍ ?တ်သန်းသွားသော ကားများကို ကြည့်နေကြလေ၏။ ရှေ့ဆုံးမှ တင့်ကား

ကြီးများသည် အသံမြည်ဟည်းစွာဖြင့် ဂျာမနီ၏အင်အားကိုပြ၍ ချီတက်နေကြပေသည်။ အီဗာတို့၏ ကားကြီးက တင့်ကားများကို ကျော်ဖြတ်၍ တက်သွားသောအခါ တင့်ကားများပေါ်မှ တပ်သားတို့က ကားထဲမှမိန်းမများကို ငုံ့ကြည့်ကြလေသည်။

မြို့တော်တွင်းသို့ ဝင်သွားသောအခါ လမ်းဘေးခြေလျင်သွား လမ်းများပေါ်မှ လူအုပ်ကြီးများသည် မတုန်မလှုပ်ရပ်၍ကြည့်နေလေ၏။ ဈေးဆိုင်များမှာ ဆိုင်တံခါးများကိုပိတ်ထားလေ၏။ ညည်းညူသံနှင့်ပင် တူသေးတော့၏။ မြို့လူထု၏မျက်နှာထားကိုကြည့်သည်မှာ မြို့တော်ထဲဝင်လာသောသူတို့အပေါ်၌ အခဲမကြေမုန်းတီးသည့်အသွင်ကို ဖုံးဖိမရဟန်ရှိပေသည်။

သူတို့သည် ရန်သူအပေါ်တွင် အပိုင်းအစဖြစ်အောင် ဖဲ့၍ ကြိတ်ဝါး၍ ပစ်လိုဟန်ရှိ၏။ သို့သော် မရနိုင်ချေ။ သူတို့၏ခြေကို ချုပ်ထား၏။ သူတို့၏လက်များကို ချုံးရိုက်ထားပြီးသားဖြစ်နေပြီတကား...။

ကားကြီးသည် အဆောက်အအုံကြီးတစ်ခုရှေ့၌ ရပ်လိုက်သည်။

အက်စ်အက်စ်ရဲဘော်များက ကားတံခါးကိုလာ၍ဖွင့်ပေးကြလေ၏။ အီဗာသည် ကားပြင်သို့ဆင်းထွက်လိုက်လေသည်။ အီဗာ၏စိတ်ထဲတွင် မိမိတို့ထံသို့ ဗုံးတစ်လုံးပစ်သွင်းလိုက်ပြီး အားလုံးအစအနတုံးသွားမည်ကိုပင် စိုးရိမ်၍နေမိသည်။ အီဗာမှာ ချမ်းလွန်း၍ ခိုက်ခိုက်တုန်လျက်ရှိ၏။ လေအေးတစ်မှံစိမ့် တိုက်နေ၍ဖြစ်သည်။

အီဗာမှာ ဝမ်းထဲမှ တကြွတ်ကြွတ်မြည်နေသည်။ ဆာလိုက်သည်မှာ မပြောပါနှင့်တော့။ တံခါးနားမှ အီဗာ လှည့်၍ကြည့်လိုက်သောအခါ ဩစထရီးယား ကျေးတောသားတစ်ယောက်သည် မိမိကိုမျက်လုံးပြူကြီးနှင့် လှမ်းကြည့်နေသည်ကို မြင်ရ၏။ အီဗာမှာ အဆောက်အအုံထဲသို့ ဝင်လာရသော်လည်း ထိုမျက်နှာကို သတိရနေမိသည်။

အီဗာသည် မိမိ၏လက်များကို နွေးသွားစေရန်အတွက် ကျောက်သလင်းနှင့်လုပ်ထားသော အနွေးခန်းသို့ဝင်သွား၏။ တစ်ချိန်ကဆိုလျှင် ကေရီဘုရင်မ အယ်လီဇဘက် ကိုယ်တိုင်ပင် ဤအခန်းထဲသို့ဝင်၍ လက်များကို နွေးသွားအောင် မီးကင်ခဲ့ဖူးပေသည်။

အီဗာခေါင်းမှာလည်း ကိုက်စပြုနေလေ၏။

အီဗာသည် အဒေါ့ဖ်ကိုလည်း တွေ့ရသည်။ အီဗာက အဒေါ့ဖ် ပင်ပန်းနွမ်းနယ်နေသည်ကို သတိပြုမိ၏။



အဒေါ့ဖ်သည် ပင်ပန်းနေသော်လည်း ခပ်ပြုံးပြုံးပင်ဖြစ်နေ၏။ သူက ရယ်မောချ၍ပြောနေသည်။

"နွေဦးကျရင် ဆူဒန်ကို သိမ်းမယ်။ နောက်နှစ်ထဲမှာ ပိုလန်၊ နောက်တော့ တစ်ကမ္ဘာလုံးပေါ့ကွာ"

အီဗာက

"ဟုတ်တယ် ဟုတ်တယ်"

ဟုသာ ပြန်ပြောရ၏။ အီဗာသည် ပြန်သာဖြေရ၏။ သိပ်လိုလိုလားလား တက်တက်ကြွကြွကြီးမဟုတ်ပေ။ မိမိအနေဖြင့် တွေးနေသည်မှာ ဘယ်မှာမြင်ဖူးမှန်းမသိသော မျက်လုံးပြာပိုင်ရှင်ပင် ဖြစ်လေသည်။

"ဘယ်မှာတွေ့ခဲ့တဲ့ မျက်နှာပါလိမ့်"

မကြာမီ ထိုလူ၏မျက်နှာကို ပြန်၍သတိရ၏။ ရှမစ်တင်းဟွန်းတောင်ထိပ်မှာပေါ့။ သူက ဂျွန်စမစ်ဆိုသော လူငယ်ကလေးတည်း။

✡✡✡

# ကွန်ရက်

နွေရာသီဝင်စပြုသောအခါ အဒေါ့ဖ်သည် ကောင်းစွာမကျန်းမမာဖြစ်ခဲ့သည်။ အဒေါ့ဖ်၏ဆရာဝန် မော်ရဲလ်က အဒေါ့ဖ်၏ရောဂါဝေဒနာကို ကောင်းစွာ ကုသပေးပါ၏။ သူ့ရောဂါမှာ လည်ချောင်းရောဂါပင်ဖြစ်သည်။

နိုင်ငံခြားသတင်းစာများသည် ဟစ်တလာ၏ရောဂါကို ဝမ်းမြောက်ဝမ်းသာ ပုံကြီးချဲ့၍ ရေးကြသည်။ သူ၏ဝေဒနာမှာ လည်ချောင်းကင်ဆာဖြစ်သည်ဟု ဖော်ပြကြသည်။

အီဗာသည် ကွယ်လွန်သွားသော ဖရောရှမစ်ကို သတိရလေသည်။ ဝမ်းဗိုက်ကြီးဖောင်း၍ ဝေဒနာပြင်းထန်စွာ ခံစားခဲ့ရသော ထိုမိန်းမကြီးကို ပြန်သတိရလေလေ၊ အဒေါ့ဖ်အတွက် ပိုမို၍စိုးရိမ်ရလေလေဖြစ်တော့သည်။ ဖရောရှမစ်ကို ခါတ်ရောင်ခြည်ဖြင့် ကုသခဲ့ပုံများ၊ ဆာလ်ဖာဆေးပြားတွေ မနားတမ်းသောက်ခဲ့ရသည်များကို အီဗာသတိရ၏။ ထို့ကြောင့် အဒေါ့ဖ်၏ဝေဒနာမှာ လည်ချောင်းကင်ဆာဖြစ်မည်ကို အီဗာ စိုးရိမ်မိလေသည်။

"ဒါဟာ စိုးရိမ်သောကများလို့ ဖြစ်တာပါ"

ဒေါက်တာမော်ရဲလ်က ပြော၏။

အီဗာက

"ဒါပေမယ့် သတင်းစာတွေရေးပုံက"

ဒေါက်တာက

"နိုင်ငံခြားသတင်းစာတွေက လုပ်ကြံရေးကြတာပါဗျ။ သူတို့က အဒေါ့ဖ်ဟစ်တလာကို သေစေချင်နေကြတာ။ အဒေါ့ဖ် ဘယ်သေနိုင်ဦးမှာ



လဲ၊ သူနှစ်ပေါင်းများစွာ အသက်ရှင်နေရဦးမယ်။ ဒါပေမယ့် သူနည်းနည်း အနားယူဖို့လိုနေတယ်"

"အဒေါ့ဖ်ကို အနားယူဖို့ တိုက်တွန်းလို့မရဘူးရှင့်၊ သူက သိပ်ခေါင်းမာတာ၊ သူမရှိရင် မဖြစ်ဘူး။ အခြေအနေတွေက အရေးကြီးတယ်လို့ချည်း ပြောနေပါလား"

"အခြေအနေအရတော့ သူ အနားယူဖို့သိပ်ကောင်းတယ်"

သို့သော် ဟစ်တလာအနေဖြင့် အနားယူဖို့ပင် ပြောမရဖြစ်နေလေသည်။ သူက သူအနားယူလိုက်လျှင် ပြန်ထူရန်ခက်မည်ဖြစ်ကြောင်း၊ တစ်ခါတည်း သေသွားမည်ဖြစ်ကြောင်း အကြောင်းပြ၏။ ဥရောပ၏နိုင်ငံရေးအခြေအနေများ ရှုပ်ထွေးလာသောကြောင့်လည်း ဖြစ်နေလေ၏။

သူဆောင်ရွက်စရာ ကိစ္စများကို သူ၏အတွင်းရေးမှူးဖြစ်သော ဒေါက်တာဟာဂီဆဲလ်ကိုယ်တိုင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေပါလျက်နှင့် ဟစ်တလာသည် အရာရာကို မိမိကိုယ်တိုင် စိတ်တိုင်းကျလုပ်လိုက်ရမှပင် ကျေနပ်သူဖြစ်လေသည်။

သို့သော် ဇူလိုင်လတွင် ဟစ်တလာကို အနားယူရန်အတွက် သူတို့ဝိုင်းဝန်းတိုက်တွန်းမှုမှာ အောင်မြင်သွားလေ၏။ ရက်အနည်းငယ်ကြာမျှ အချိန်အားယူ၍ အနားယူမည်ဖြစ်သည်။ ဘတ်ချ်တက်စ်ဂဒင်တွင် ရက်သတ္တပတ်မျှ အချိန်ယူ၍ သွားရောက်အနားယူရန်စီစဉ်သည်။

သူတို့၏ အနားယူဧဟာသို့ ဟစ်တလာ၏ ဓာတ်ပုံဆရာဟိန်းရစ်ကိုယ်တိုင်လိုက်၍ အများပြည်သူတို့အား ထုတ်ဝေဖြန့်ချိရန် ဟစ်တလာ၏ သတင်းဓာတ်ပုံများကိုလည်း ရိုက်ယူမည်ဖြစ်သည်။

ဟိန်းရစ်သည် ဥယျာဉ်ထဲတွင် ဟစ်တလာနှင့် သူ၏အချစ်တော်ခွေးကြီး ဘလွန်ဒီတို့ လမ်းလျှောက်နေပုံများကို ဓာတ်ပုံရိုက်ယူလေသည်။ ထို့ပြင် လမ်းဘေးတစ်လျှောက်ရှိ ကလေးသူငယ်များနှင့် ဟစ်တလာ ချစ်ကြည်စွာ နှုတ်ဆက်ရွှင်မြူးနေသည့်ပုံ၊ သက်ကြီးရွယ်အိုများအား ဟစ်တလာက လေးစားကြင်နာစွာ ပြုံး၍နှုတ်ဆက်မေးမြန်းနေသည့်ပုံများကိုပါ ဟိန်းရစ်က ရိုက်ယူရသည်။

ဟစ်တလာက ဤဓာတ်ပုံများကိုကြည့်၍ လူထုအနေဖြင့် မိမိအား လေးစားလာအောင်၊ ချစ်ကြည်ညိုလာအောင် ဆွဲဆောင်လိုပေသည်။ ကမ္ဘာ

၏အမြင်၌ ဟစ်တလာသည် ကလေးသူငယ်များကို အလွန်ချစ်ခင်နှစ်သက်သူဖြစ်ကြောင်းလည်း သိစေလိုပေသည်။

အီဗာသည် ဟစ်တလာနှင့်တွဲ၍ ဓာတ်ပုံကောင်းများ ရိုက်ကူးလေသည်။ အီဗာသည် ကင်မရာတစ်လုံး ကိုယ်တိုင်ကိုင်၍ ရိုက်ကူးရသည်ကို အလွန်နှစ်သက်သည်။

ဟစ်တလာက ဒေစီပန်းများကို သရဖူလုပ်ပြီးလျှင် ကလေးမငယ်ငယ်ကလေး၏ ခေါင်းပေါ်၌ ဆောင်းပေးလေသည်။ ကလေးမကလေးမှာ ဝမ်းသာလွန်း၍ အပြစ်ကင်းစွာ ပြုံးရယ်၍နေသည်။ အီဗာက ထိုပုံကို ရအောင်ရိုက်ယူလိုက်၏။

"ဟန်ကျတာပဲ... သိပ်ကောင်းတယ်၊ ဒီပုံဟာ ကမ္ဘာကိုပြန့်သွားစေရမယ်... ရိုက်ယူစမ်းကွာ"

ဟစ်တလာက စိတ်တက်ကြွစွာဖြင့်ပြောနေလေ၏။

သူတို့ အနားယူရက်များတွင် မူဆိုလိုနီဆိုသော ဧည့်သည်ထူးတစ်ယောက် ရောက်လာလေသည်။

မူဆိုလိုနီမှာ အီတလီနိုင်ငံ ခေါင်းဆောင်ကြီးဖြစ်သည်။

မူဆိုလိုနီအတွက် ဟစ်တလာက အထူးညစာစားပွဲကြီးတစ်ရပ်ကို ခင်းကျင်းကျွေးမွေးရန် စီစဉ်ထားလေ၏။ ထမင်းချက်စားဖိုမှူးများမှာ ဆီများများဖြင့် ကြော်လှော်ချက်ပြုတ်ရန် မလိုလားကြပေ။ သို့သော် လူဝကြီး မူဆိုလိုနီအတွက် အကောင်းဆုံး ဟင်းလျာများကို ဆီများများဆီရွှဲရွှဲချက်ပြုတ် ကြော်လှော်ပေးမှဖြစ်မည်ဟု ဆိုလေသည်။

ဟစ်တလာက သူ့ရဲဘော်ကြီး မူဆိုလိုနီနှင့်ပတ်သက်ပြီးလျှင် အီဗာနှင့် ဆွေးနွေးနေသည်။

"သူက ငြိမ်းချမ်းရေးအတွက် ပူပင်သောကရောက်နေတယ်။ ကိုယ်ကတော့ စစ်တိုက်ချင်လို့ ပူပင်သောကရောက်နေတယ်။ ဒါဟာ ကိုယ်တို့နှစ်ယောက်ရဲ့ ခြားနားချက်ပဲလေ"

အဒေါ့ဖ်က မူဆိုလိုနီတည်းခိုသော အခန်းကိုမေးထိုးပြ၍ ပြောနေသည်။

အီဗာက

"စစ်ကြီးတစ်ပွဲဖြစ်ဖို့ မရှိဘူးထင်ပါတယ်"



ဟစ်တလာက

"မပြောနိုင်ဘူးလေ"

"အဒေါ့ဖ် ရှင် တကယ်မသိဘူးလား" အီဗာက ဆက်ပြောလေ၏။

"ရှင်ဟာ တကယ်အောင်မြင်တဲ့ ထိပ်တန်းလူကြီးတစ်ယောက်ပဲ"

"အေး... ဒါ ဟုတ်တယ်။ သူတို့က နပိုလီယံကို ချီးကျူးကြတယ်။ ဒါပေမယ့် နပိုလီယံထက် ကိုယ်က အများကြီးသာတဲ့အချက်တွေရှိတယ်လေ။ သူက ရှုံးနိမ့်တာကို ခွင့်ပြုတယ်။ ကိုယ်က ဘယ်တော့မှ ရှုံးတာကို ခွင့်မပြုဘူး။ ဘယ်တော့မှ မရှုံးစေရဘူး"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာစကြာဝဠာရဲ့ တစ်ဦးတည်းသော ဧကရာဇ်ဖြစ်ရမည်။ ကိုယ်လိုချင်တာက နိုင်ငံငယ်ကလေးတွေ မဟုတ်ဘူး။ ကိုယ်က အားလုံးကို သိမ်းပိုက်ချင်တာ"

အီဗာက

"စစ်ကြီးဖြစ်ရင် ရှင့်အဖို့ အရှုံးတွေ ဖြစ်မလာနိုင်ဘူးလား"

"ဘယ်တော့မှ မဖြစ်နိုင်ဘူးကွ"

အီဗာက တုန်လှုပ်သွားလေ၏။ စစ်ကြီးဖြစ်လာရင် မြို့တွေ နိုင်ငံတွေအားလုံး ပျက်စီးရမည်။ အလောင်းကောင်တွေအားလုံး ပင်လယ်ထဲ မျောချရမည့်အဖြစ်တွေကို တွေးပြီးလျှင် အီဗာက စိုးရိမ်မိ၏။

"ကျွန်မတို့သေသွားကြရင် ဘယ့်နှယ်လုပ်မလဲ"

"အချစ်ရယ်...မကြောက်ပါနဲ့၊ နောက်ဆုံးအချိန်ရောက်ခဲ့ရင်တောင်မှ တို့မှာ ယူဘုတ်တွေရှိတယ်။ ပင်လယ်ကိုဖြတ်ထွက်သွားဖို့ လွတ်မြောက်သွားဖို့ ယူဘုတ်တွေရှိနေသေးတယ်လေ။ ကမ္ဘာက တို့ဟာ ပြာကျသွားပြီလို့ ထင်အောင် ဒီမှာ မီးရှို့ထားခဲ့ပြီး တို့က ယူဘုတ်တွေနဲ့ လွတ်မြောက်ရာကို ပြေးနိုင်ပါတယ်။ ဒါက နောက်ဆုံးအချိန်ကိုပြောတာ"

"ဟုတ်ပြီ အဒေါ့ဖ်... ဟုတ်ပြီ"

အရေးကြုံလာလျှင် ထွက်ခွာရန် ယူဘုတ်သင်္ဘောများကို စတက်တင် ဆိပ်ကမ်း၌ အဆင်သင့်ထားရှိလေသည်။

"ကျွန်မ... ရှင့်ကို အမြဲတမ်းသစ္စာရှိနေမှာပါ"

"မင်းကို ကိုယ်အမြဲကာကွယ်ပေးပါ့မယ်ကွယ်၊ ကိုယ့်အချစ်ဆုံးရယ်"

သူတို့သည် မြူးနစ်မြို့တော်သို့ ခန့်မှန်းထားသည်ထက် ၃ဖနာရီ

စော၍ပြန်ခဲ့ကြရလေသည်။ သူတို့ပြန်ရောက်သောအခါတွင် မြူးနစ်မြို့တော်မှာ အလွန်ပူပြင်းနေသည်နှင့် ကြုံရလေ၏။

ဘတ်ချ်တက်စ်ဂဒင်ကမူ နေ၍ဖြစ်သေးသည်။ မြူးနစ်မြို့တော်တွင် သစ်ပင်များသည် ရွက်သစ်လောင်း၍ ရွက်ဟောင်းများကို ခြွေချနေပြီလည်း ဖြစ်ပေသည်။

ယခုအခါ နိုင်ငံရေးခေါင်းဆောင်များမှာ များစွာပင် အလုပ်ရှုပ်၍ နေကြဟန်ရှိလေသည်။ ဒေါက်တာဂိုးဘဲလ်၏ဓာတ်ပုံမှာ သတင်းစာထဲတွင် နေ့စဉ်လိုပင် ပါနေခဲ့၏။

ထိုအချိန်တွင် အီဗာနှင့် ဟစ်တလာတို့၏ ချစ်မှုရေးရာမှာ များစွာပင် ခပ်တန်းတန်းဖြစ်နေခဲ့ရသည်။ အဒေါ့ဖ်အနေနှင့် မရပ်မနား အလုပ်များနေသည်ကို သိ၏။ သို့သော် အီဗာအနေဖြင့် မိမိ၏အခြေအနေအတွက် များစွာသံသယဖြစ်မိလေသည်။

အဒေါ့ဖ်အနေဖြင့် အောင်မြင်လေလေ သူ့အတွက် ထိပ်ထိပ်ကြိမ်းမတွေ ဝိုင်းဝိုင်းလည်နေလေဖြစ်နေမည်ဟု အီဗာ နားလည်သည်။

"သူ… ငါ့ကို ငြီးငွေ့နေပြီထင်ပါရဲ့လေ"

အီဗာသည် ဤသို့လည်း တွေးမိသည်။ အီဗာ၏အသည်းကို ဓားနှင့်ဆွသည့်နှယ် ဤသို့တွေးမိတိုင်းပင် မခံမရပ်နိုင်အောင် ဖြစ်ရလေသည်။

တစ်ညတွင် အဒေါ့ဖ်ဟစ်တလာသည် အီဗာအခန်းထဲသို့ ရုတ်တရက် ဝင်လာသည်။ အီဗာက အိပ်ရာပေါ်လဲလျောင်း၍နေ၏။ အီဗာ၏ ထူထဲသောဆံပင်မှာ ပြေလျော့၍နေလေ၏။ ဟစ်တလာဝင်လာသံကြား၍ အီဗာသည် သောက်လက်စစီးကရက်ကို တစ်နေရာသို့ ထိုးဝှက်ထားလိုက်၏။ ဟစ်တလာက အီဗာ စီးကရက်သောက်သည်ကို တားမြစ်ထား၏။ ဝင်လာသော ဟစ်တလာ၏ပုံမှာ ကျောင်းသားငယ်လေးလိုပင် နုပျိုနေသည်ဟု အီဗာထင်မိသည်။

"အီဗာ… အခြေအနေတွေ ပြောင်းလဲကုန်ပြီလေ။ မင်း ဘတ်ချ်တက်စ်ဂဒင်ကို ပြန်သွားလိုက်ပါဦး"

ဟစ်တလာက ဝင်လာလာချင်းပင် ပြောလိုက်၏။

"အို… မဟုတ်တာပဲ၊ ကျွန်မ အဲဒီက ပြန်ရောက်တာမှ မကြာသေးဘဲ။ မသွားချင်ဘူး"



ဟစ်တလာက ခုတင်ဘေးမှာ လာရပ်သည်။ ပြီးတော့မှ သူက

"မင်း ငါပြောသလို လုပ်ရမယ်ကွ၊ ငါပြောတဲ့စကားကို အမြဲနားထောင်ရမယ်။ ငါ့စကားမှာ အယူခံစရာ လုံးဝမပါဘူး။ ဟိုအိမ်မှာ အထူးဧည့်သည်တော်တွေ တည်းခိုဖို့ ပြင်ဆင်ရမယ်။အထူးမစ်ရှင်ဧည့်သည်တွေလာရင် အဆင်သင့်ဖြစ်နေစေရမယ်… သိလား"

"အဲဒီအိမ်တော်ကို ဘယ်ကဧည့်သည်တွေ လာမှာလဲ"

"ဧည့်သည် အာဂန္တုတွေပါဆို၊ အဒေါ့ဖ်ဟစ်တလာရဲ့ အထူးဧည့်သည်တွေပေါ့"

အီဗာက အဒေါ့ဖ်ဟန်ကိုကြည့်၍ တုန်လှုပ်သွားမိ၏။

"အဒေါ့ဖ် ရှင်ဘာဖြစ်နေတာလဲ"

"အချိန်ဟာ သိပ်အရေးကြီးနေတယ်လေ။ ကံကြမ္မာပေါ်မှာရပ်ပြီး အောင်ပွဲကို ကြိုဆိုနေတဲ့ အချိန်လည်းဖြစ်တယ်။ နက္ခတ်ဗေဒပညာရှင်ကြီးက ငါ့ကိုပြောတယ်။ အခုအချိန်ဟာ ငါ့အချိန်ပဲ။ အရာရာကို ငါ အောင်မြင်လိမ့်မယ်။ ကမ္ဘာက ဒီလောက်အရေးတကြီးဖြစ်နေတဲ့အချိန်ကို စောင့်ကြည့်နေကြပြီ။ ပြီးတော့ ငါအောင်ပွဲမဟာကိုလည်း ဘတ်ချ်တက်စ်ဂဒင်မှာ ကျင်းပရလိမ့်မယ်လို့ ဟောလိုက်တာကိုး"

သူသည် သူ့ရင်ဘတ်ကို သူ၏လက်သီးကြီးဖြင့် ထုနေလေ၏။ တဒင်္ဂအားဖြင့် သူ့ကိုကြည့်ရသည်မှာ ဘီလူးကြီးနှင့်ပင်တူသေးတော့သည်။

"ကျွန်မ အိမ်တော်ကို သွားပြီးပြင်ဆင်ထားနှင့်ပါ့မယ်လေ"

အီဗာက သူ့ကိုကတိပေးလိုက်ရတော့သည်။

အီဗာသည် မြူးနစ်မြို့တော်မှ ဘတ်ချ်တက်စ်ဂဒင်သို့ ကားကိုကိုယ်တိုင်မောင်း၍ လာခဲ့သည်။ အီဗာသည် ဟစ်တလာကြုံးဝါးသကဲ့သို့ နာဇီဝါဒကြီး၏ အောင်ပွဲများအတွက် တစ်စုံတစ်ရာ သံသယမရှိ။ သို့သော် မိမိတစ်ကိုယ်တည်း ခရီးထွက်လာရခြင်းကိုမူ အနေရအထိုင်ရခက်သလိုလို ကြောက်သလိုလို ဖြစ်၍နေလေသည်။

အီဗာသည် ကားမောင်းလာရင်း ဆာသဖြင့် ကားကို လမ်းဘေးတစ်နေရာ၌ ထိုးဆိုက်လိုက်သည်။ ပါလာသော စားသောက်ဖွယ်ရာများကို ထုတ်ယူ၍ ကားပေါ်မှဆင်းလိုက်သည်။ ပေါင်မုန့်ကြီးလိမ်များမှာ ကရစေးဆေးများ မြှုပ်၍ထား၏။ ဆလတ်ရွက် လတ်လတ်ဆတ်ဆတ်များ စပျစ်သီးများနှင့် အခြားစားသောက်ဖွယ်ရာများ စုံစုံလင်လင် ပါလာသည်။

နောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်လျှင် ပြောင်ချော၍နေသော လမ်းမကြီးကို တွေ့ရသည်။ရှေ့ဆီ၌ကား ကတ္တီပါအစိမ်းရောင်အလွှာကြီး ဖြန့်မိုးထားသလို စိမ်းလန်းနေသော မြက်ခင်းပြင်ကြီးဖြစ်လေသည်။ကတ္တီပါ မြက်ခင်းတောထဲမှာ တိရစ္ဆာန်တစ်ကောင် ရွေ့လျားသွားနေသည်ဟု ထင်ရသည်။ သို့သော် အနားရောက်မှပင် တိရစ္ဆာန်မဟုတ်ဘဲ လူတစ်ယောက် ဖြစ်နေသည်ကို အီဗာတွေ့ရလေ၏။

သူကား ဂျစ်ပစီအဝတ်ဝတ်ထားသော မိန်းမပျိုတစ်ဦးဖြစ်လေသည်။ ထိုမိန်းမငယ်သည် လမ်းမဘက်သို့ တရွေ့ရွေ့သွားနေ၏။ နား၌ နားကွင်းကြီးကြီးကို တွဲလွဲဆွဲထား၏။ သူမ၏ အသားရောင်မှာ ဘာဖေးနီးယား နေပူဒဏ်ကို ခံထားရ၍ မဟော်ဂနီရောင် ပေါက်နေလေသည်။

ထိုအမျိုးသမီးက အီဗာကိုလှမ်း၍ကြည့်လေ၏။ ချောမောခန့်ထည်သော မြို့ကြီးသူကို တောသူကလေးက ငေးမော၍နေသည်။ အီဗာကလည်း ပြန်ကြည့်သည်။ သူမသည် ပြာလဲ့သောကောင်းကင်သို့ လက်ညှိုးညွှန်ပြပြီးလျှင်

“လေတွေတိုက်လာပြီး မိုးသားလည်းတက်လာတယ်၊ တော်တော်နီးလာပြီ၊ မုန်တိုင်းကျလိမ့်မယ်”

ဟုပြောလိုက်သည်။

အီဗာက

“မိုးသားလည်းမတက်၊ မုန်တိုင်း ဘယ်မှာကျနိုင်မလဲ”

ထိုအမျိုးသမီးငယ်သည် ပခုံးကိုတွန့်လိုက်လေသည်။ သူမက

“မုန်တိုင်းဆိုတာ စစ်ကိုပြောတာ”

ဟုဆက်ပြန်သည်။အီဗာက ဘာမှပြန်မပြောလိုတော့ဘဲ ထိုကလေးမကို ငေးကြည့်နေသည်။ ထိုခဏတွင်ပင် ကလေးမသည် လာလမ်းအတိုင်း ပြန်၍လျှောက်သွားသည်ကို တွေ့ရသည်။ အီဗာက ထိုသူငယ်မလေးကို လှမ်းကြည့်၍

“အရူးမလေးပဲ”ဟုတွေးနေသည်။

အီဗာသည် ကရဝေးစေ့များပါသော ပေါင်မုန့်ကိုဝါးနေ၏။ ထို့နောက် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် မီးညှိသောက်နေပြန်သည်။

မကြာမီ ကောင်းကင်၌ အလိပ်လိုက်တက်၍လာသော မိုးသားများကို တွေ့ရ၏။ လေကလည်း ခပ်ပြင်းပြင်းတိုက်လာသည်။ မုန်တိုင်းကျမည့်အသွင်ကို မြင်ရပေပြီ။



အီဗာသည် စားသောက်ဖွယ်ရာများ ထည့်သောအိတ်ကိုပိတ်လိုက်၏။ ပြီးတော့ ကားထဲသို့ပြေး၍တက်သည်။ မိမိသွားရမည့် ဘတ်ချ်တက်စ်ဂဒင်သို့ မုန်တိုင်းမကျမီ ရောက်ကောင်းပါရဲ့ဟု တွေးမိသည်။ သို့သော် ကားကိုမောင်းထွက်လာတော့မှ မုန်တိုင်းသည် ခပ်မြန်မြန် ပို၍တိုက်ခတ်စပြုလာသည်ကို တွေ့ရ၏။ အီဗာသည် ကားကိုအမြန်ဆုံး မိုင်နှုန်းသို့တင်ပြီး မောင်းနေမိ၏။ မိမိစံအိမ်တော်တည်ရှိရာ ရွာသို့ ဖမိုင်ခန့်အလိုတွင် မုန်တိုင်းသည် အကြမ်းဆုံးတိုက်နေသည်ကို တွေ့ရတော့သည်။ ထို့နောက်မှ မိုးရွာချသည်။ မိုးမှာလည်း ကျည်ဆန်တွေ ပစ်လွှတ်လိုက်သကဲ့သို့ သည်းထန်စွာ ရွာချနေလေ၏။

အီဗာသည် ဂျာမန်တပ်ကြပ် ယူနီဖောင်းဝတ်ထားသူတစ်ဦး လမ်းပေါ်၌ လျှောက်သွားနေသည်ကိုတွေ့ရ၏။ အီဗာက လမ်းခရီး၌ အဖော်တစ်ယောက်လိုနေသည်နှင့် အတော်ပဲဟု မှတ်ချက်ချမိသည်။ အဒေါ့ဖ်ဟစ်တလာသည်လည်း သူ့လိုပဲ တစ်ချိန်က တပ်ကြပ်တစ်ယောက်ပဲလေဟုလည်း တွေးမိ၏။ အီဗာသည် ကားတံခါးကိုဖွင့်လိုက်သည်။

“ကျွန်မ ဘတ်ချ်တက်စ်ဂဒင်ကို သွားမလို့ပဲ၊ ရှင်လိုက်ချင်ရင် လိုက်ခဲ့ပါလား”

ထိုတပ်ကြပ်သည် နောက်တစ်ကြိမ်မခေါ်ရပေ။ သူသည် ကားပေါ်တက်၍ထိုင်၏။ သူ၏ယူနီဖောင်းမှာ မိုးစိုနေသောကြောင့် ဂုန်လျှော်နံ့ထွက်နေလေသည်။

သူကပြော၏။

“လမ်းခရီးက အဆင်ပြေရဲ့လား ဖရောလင်”

အီဗာက

“မုန်တိုင်းက သိပ်ကြမ်းတာပဲ၊ မမျှော်လင့်ဘဲနဲ့ ဆော်ထည့်လိုက်တာရှင်”

တပ်ကြပ်သည် သူ၏ကတ်ဦးထုပ်မှ မိုးရေများကို သပ်ချ၍နေလေသည်။ ပြီးတော့ ဆံပင်မှ ရေများကိုလည်း သပ်ချနေပြန်၏။

“ရွာမှာနေစဉ်ကတည်းက ဒီလောက်ပြင်းထန်တဲ့ မုန်တိုင်းနဲ့မကြုံဖူးပေါင်ဗျာ”

"ရှင်က ဘယ်ရွာကလဲ"

တပ်ကြပ်ရဲဘော်က သူ့ရွာနာမည်ကို ပြောပြသည်။ အီဗာ၏တောင်ကြားရွာမှ ရွာနှင့်ကပ်နေသော ရွာပင်တည်း။ အီဗာက တစ်နယ်တည်းမှ ရဲဘော်ကိုတွေ့ရသဖြင့် ရင်းနှီးခင်မင်လိုစိတ်များ ပေါ်လာသည်။

"ကျွန်မလည်း... အဲဒီကပါပဲ။ ရှင် ကတ်ကိုမသိဘူးလား၊ ရှင့်ရွာရဲ့ ဟိုဘက်ရွာကပေါ့။ ကျွန်မအဖေက လက်သမားတစ်ယောက်ပါပဲ။ ဟားရ်ဘရောင်းတဲ့"

"ကတ်– ကတ် ပျောက်နေတယ်။ ခင်ဗျားမသိဘူးလား၊ သူ မြူးနစ်ကိုသွားတယ်။ အဲဒါ ပြန်မလာတော့ဘူး။ သူ ဘာများဖြစ်နေသလဲ"

"မသိဘူး၊ ကျွန်တော်တို့လည်း သိပ်အံ့သြနေတယ်။ ကျွန်တော် ဟားရ်ဘရောင်းကို သိတာပေါ့ဗျ။ သူ့လက်သမားရုံထဲမှာ သစ်သားလိပ်အခွေတွေကို ငယ်ငယ်တုန်းက သွားယူပြီး ကျွန်တော်တို့ ကစားခဲ့ဖူးတယ်။ သူ့မှာ သမီးတစ်ယောက်ရှိတယ်မဟုတ်လား၊ အီဗာတဲ့"

"ကျွန်မ အီဗာဘရောင်းပါပဲ"

အီဗာသည် တပ်ကြပ်ရဲဘော်ကို စိုက်ကြည့်သည်။ ယခုမှ သူ့ရုပ်သွင်မှာ ယောကျ်ားပီသပြီး ခံ့ညားသော အလှဖြစ်သည်ကို အီဗာတွေ့ရ၏။ အသားညို၍ မျက်လုံးပြာသည်။ သူ့ပါးစပ်မှာ ကြီးသည်။ သူသည် ခပ်ပြုံးပြုံးနှင့်။

"ခင်ဗျား... အီဗာဘရောင်းလား၊ ဒါဖြင့်ရင် ခင်ဗျားဟာ"

သူ ဘာကိုဆိုလိုသည်ကို အီဗာက နားလည်လေသည်။ သူ့ကို အီဗာက ဘာမျှဆက်မပြော။ မိမိ၏ ဇာတိရပ်မြေမှ အဖော်တစ်ဦးနှင့်တွေ့ရသောကြောင့် အီဗာသည် သိပ်ကျေနပ်နေလေသည်။ မိမိအနေဖြင့် မြူးနစ်မှာ ရှိစဉ်ကဆိုလျှင် နိုင်ငံခေါင်းဆောင်ကြီးများ၏ ဇနီးများကိုသာ အဖော်လုပ်၍ စကားပြောစရာရှိသည်။

"ကျွန်မ မြူးနစ်ကိုထွက်သွားခဲ့တာက ဖရောဇက်ရဲ့ဆိုင်မှာ မလုပ်ချင်လို့ပေါ့။ ကျွန်မဘဝမှာ ဒီထက်လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ အများကြီးပဲလေ။ မွေးလာကတည်းက ရည်ရွယ်ချက်ကြီးကြီးမားမားထားပြီး မွေးလာတဲ့ မိန်းကလေးတွေလည်း အများကြီးပါရှင်။ ကျွန်မလည်း သူတို့လိုပါပဲ။ သာမန်ထက် မြင့်မြင့်မားမားနေချင်လို့ပေါ့။ အခုလို နေရာကို



ရောက်လာတာတော့ ဘယ်လိုဘယ်လိုရောက်လာရသလဲ ဆိုတာကိုတောင် ကျွန်မ မသိချင်တော့ပါဘူးရှင်"

"လူတွေက ဓာက်သားပဲဗျ။ လူငယ်တွေနဲ့ အတွေးအခေါ်ချင်း သိပ်ကွာခြားတာပဲ။ အဲဒါ သိပ်ဝမ်းနည်းစရာကောင်းတယ်"

"တော်တော်များများကတော့ ကျွန်မကို ပြစ်တင်ရှုံ့ချကြမှာပါပဲ။ ဒါပေမယ့် သူတို့ ကျွန်မလိုနေရာရောက်ရင်လည်း ဒီလိုပဲလုပ်ကြမှာပါ"

တောင်တန်းများပေါ်တွင် လျှပ်စီးလက်ပြီး မိုးချုန်းနေသည်။

"တဲတစ်လုံးထဲမှာ တွေ့ခဲ့တဲ့ အင်္ဂလိပ်တစ်ယောက်ကတော့ ကျွန်မတို့အားလုံး သေကုန်ကြမှာပဲတဲ့။ ဒါပေမယ့် ကျွန်မကတော့ အံ့သြနေတယ်၊ မယုံနိုင်ဘူး။ ခုဆိုရင် ကျွန်မဘဝမှာ အားလုံးပြည့်စုံနေပြီလေ။ ဘာမှ မလိုတော့ဘူး၊ အားလုံးအပြည့်ပဲ"

တပ်ကြပ်ရဲဘော်က အီဗာ၏ လက်ကောက်ဝတ်ကို သူ၏လက်ချောင်းလေးများဖြင့် ဆုပ်နယ်၍ပေးသည်။

"ရှင်နဲ့ကျွန်မတွေ့ရတာ သိပ်ဟန်ကျတာပဲ။ ရှင့်ကို ကားရပ်ပြီး ခေါ်ခဲ့မိတာကိုပဲ ကျွန်မ ကျေနပ်နေတယ်။ ရှင် ကျွန်မအိမ်ကိုလိုက်ခဲ့နော်၊ အဝတ်တွေ မိုးစိုနေတာလည်း ခြောက်သွေ့အောင် လုပ်ဖို့ပေါ့။ ရှင်စားဖို့ စားစရာ သောက်စရာလည်း ရပါစေ့မယ်။ အခု ရှင်ခွင့်နဲ့နေသလား"

"ဟုတ်တယ်၊ နောက်ထပ် ခွင့်နှစ်ရက်ကျန်သေးတယ်"

"ရှင် ကျွန်မတို့နဲ့နေဦးပေါ့"

အီဗာသည် ပြောပြောဆိုဆိုပင် ကားကို စံအိမ်တော် တံခါးဝတွင် ထိုး၍ရပ်လိုက်သည်။

ယခုအခါတွင် မုန်တိုင်းသည် တိုက်စဉ်က ရုတ်တရက်တိုက်လာသလိုပင် ရုတ်တရက်စဲသွားလေပြီ။

အီဗာက ကားပေါ်မှ ဆင်းလိုက်သည်။ သူသည် တပ်ကြပ်ရဲဘော်ကို လှည့်ကြည့်၏။ သူ၏နုပျိုသောရုပ်သွင်နှင့် အဒေါ့ဖ်၏အိုမင်းသည့် ရုပ်သွင်ကို နှိုင်းယှဉ်၍ကြည့်နေမိသည်။ မိမိအတွက် တစ်ကိုယ်တည်း ကုန်ဆုံးရမည်ဖြစ်သော ပျင်းရိဖွယ်အချိန်များအတွက် စိတ်ကြည်နူးဖွယ် အဖော်တစ်ဦးရပြီတည်း။

သူ့အမည်ကား တပ်ကြပ်ကွန်ရတ်တီယက်... ပင်တည်း။

"ကျွန်တော်တော့ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေတာပဲဗျ"

ကွန်ရတ်က ရယ်မော၍ပြောလိုက်သည်။

အီဗာသည် စားပွဲထိုးဝီဟင်းကိုခေါ်ပြီးလျှင် ကွန်ရတ်အတွက် လဲလှယ်ရန် အဝတ်များထုတ်ပေးဖို့ ခိုင်းလိုက်သည်။ ထို့နောက်တော့ သူတို့နှစ်ယောက်သည် တောင်ကြားရှုခင်းကိုမြင်ရသော အခန်းကျယ်ကြီးထဲ၌ ညစာ စားသောက်နေကြတော့သည်။ ကွန်ရတ်က မိမိတို့နှစ်ယောက် ငယ်စဉ်က သိထားခဲ့သော ပုဂ္ဂိုလ်များအကြောင်းကို ပြောနေ၏။ ကတ်၏ မိခင်ကြီး ဖရောကတ်ရောင်းသည် ချိုချဉ်ဆိုင်မှ မိမိတို့သကြားလုံးများ ဝယ်စားခဲ့ရသည်များကို ပြန်၍စားမြုံ့ပြန်ကြလေသည်။

သူက မိမိ၏စစ်သားဘဝကိုလည်း ပြောပြလေ၏။ မိမိတပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ခြင်း၏ ရည်ရွယ်ချက်နှင့် အဖြစ်အပျက်များကို ဖွင့်ပြောပြသည်။ မိမိအနေဖြင့် သည့်ထက်ပို၍ တပ်မတော်၏တာဝန်ကို ထမ်းဆောင်လိုသော်လည်း တပ်မတော်၌ ရာထူးတိုးရန်မလွယ်ကူ။ ယခု အတိုင်းပင် တပ်ကြပ်ဘဝနှင့် အချိန်အတော်ကြာ နေရဦးမည်ဖြစ်သည်။ ရာထူးတိုးရန်ကား ဝေးပါသေးသည်။ သို့သော် မျှော်လင့်ချက်ကိုတော့ အမြဲထားပါသည် စသည်ဖြင့် ကွန်ရတ်က အီဗာကိုပြောပြလေသည်။

"ရှင်ပြောတာ အဓိပ္ပာယ်မရှိလိုက်တာ။ ဘာဖြစ်လို့ ရာထူးမတက်ရမှာလဲ၊ ကျွန်မ အဒေါ့ဖ်ကို ပြောလိုက်မှာပေါ့။ မကြာခင် ရှင် ဗိုလ်ဖြစ်စေရမယ်။ ကျွန်မဆုတောင်းပါတယ်လေ။ရှင် အရာရှိတစ်ယောက်ဖြစ်လာမှာပါ"

အီဗာက ပြော၏။

ကွန်ရတ်က

"ခင်ဗျား ရူးနေပြီ။ ကျွန်တော့်လိုကောင်က ဘယ့်နှယ်လုပ်ပြီး အရာရှိဖြစ်ရမှာလဲ"

ဟု ပြောပြောဆိုဆို ခေါင်းကိုနောက်ပြန်လှန်ချ၍ ရယ်မောနေပြန်တော့၏။

အီဗာက

"ကြည့်သေးတာပေါ့လေ၊ ကျွန်မ ဘာလုပ်နိုင်တယ် ဆိုတာကို၊ ဟုတ်လား"

အီဗာသည် ပျော်၍နေလေသည်။ မိမိကိုယ်ကိုမိမိ ရွာမှာနေတုန်းက



မြီးကောင်ပေါက်မလေးလိုပင် ထင်နေမိ၏။ သူတို့နှစ်ယောက်သည် ညဉ့်နက်သည်အထိ သီချင်းတွေဆိုနေကြသည်။ သောက်ကြစားကြနှင့် ပျော်နေကြသည်။ အိပ်ရာဝင်ရန်အတွက် အီဗာထွက်လာသောအခါ ပျော်လွန်း၍ပင် အီဗာသည် အိပ်၍မရဖြစ်နေပြန်လေ၏။မိမိဘဝကိုကျေနပ်၍၊ သဘောကျ၍၊ ကြည်နူးလွန်း၍ အီဗာသည် အိမ်မပျော်ပေ။

နောက်တစ်နေ့တွင် ကွန်ရတ်သည် အီဗာအား ကူညီ၍လုပ်ဆောင်ပေးစရာရှိသည်များကို မမောတမ်း လုပ်ဆောင်ပေးလျက်ရှိသည်။ အိမ်ကို ပြုပြင်မွမ်းမံစရာရှိသည်များကို အီဗာအား ကွန်ရတ်က ကူညီလေသည်။

ကွန်ရတ်သည် အီဗာအတွက် ပေးထားသော ကိုယ်ရံတော်အက်စ်အက်စ်ရဲဘော်များ၏ အခန်းတွင် အခန်းတစ်ခန်း ရထားလေသည်။ ကွန်ရတ်က အိမ်တော်တွင်းရှိ ပန်းအိုးများတွင် ပန်းများထိုးစိုက် ပြင်ဆင်မွမ်းမံရန်အတွက် သယ်ယူပြုပြင်ပေးနေလေ၏။

နံနက် နေတော်တော်မြင့်သောအခါတွင် အီဗာ၏အခန်းထဲသို့ မာတင်ဘော်မန်ဝင်လာသည်ကို အီဗာသည် အံ့သြစွာတွေ့ရလေ၏။ အီဗာသည် ဘော်မန်အကြည့်ကို လုံးဝသဘောမကျနိုင်ဖြစ်နေ၏။ သို့သော် ဘော်မန်မှာ ဟစ်တလာ၏ လက်ရုံးတစ်ဖက်ဖြစ်၍ သဘောမကျမှုကို အီဗာ မဖော်ပြဝံ့ပေ။

"**ဟေး... ဟစ်တလာ** ခေါင်းဆောင်ကြီးလာနေပြီ"

ဘော်မန်က ပြောလိုက်သည်။

"**ဟေး... ဟစ်တလာ** သူလာပြီလား...၊ ဒီမှာလာပြီး အနားယူဖို့ မဟုတ်လား"

အီဗာက ပြန်မေး၏။

မာတင်ဘော်မန်၏မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားလေသည်။ သူက ပြောနေ၏။

"ဒါ အနားယူဖို့ အချိန်မဟုတ်ဘူး။ အခုအချိန်ဟာ ကမ္ဘာတစ်ဝှမ်းလုံးကို တုန်လှုပ်သွားစေမယ့်အချိန် နားလည်လား"

မကြာမီ သူ၏နောက်တွင် အဒေါ့ဖ်လာရပ်သည်ကို တွေ့ရလေ၏။

အီဗာက လက်ကိုမြှောက်၍ အလေးပြုလိုက်သည်။

"**ဟေး... ဟစ်တလာ**"

ဟစ်တလာက

"အီဗာ မင်း သတင်းစာကလေးတစ်စောင်မှ မဖတ်မိဘူးထင်ပါရဲ့"

"ကျွန်မ မဖတ်မိဘူး"

"ကောင်းပါတယ်၊ ကောင်းပါတယ်။ ဒီအချိန်ဟာ ဂျာမနီနိုင်ငံရဲ့ အောင်ပွဲခံချိန်ဆိုတာကို မင်းမသိနိုင်ဘူးလား"

အီဗာက မနေ့က မုန်တိုင်းကို သတိရ၏။ ဟစ်တလာ၏ဟန်မှာ မုန်တိုင်းနှယ်တည်း။ စစ်ကြီးသည် မိမိတို့၏ ဘတ်ချ်တက်စ်ဂဒင် အိမ်တော်တွင်းသို့ပင် ဝင်လာသည့်နှယ် ထင်ရလေသည်။

ဟစ်တလာက ဆက်ပြော၏။

"ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန် လေယာဉ်ပျံနဲ့ ဒီအိမ်တော်ကို ရောက်လာလိမ့်မယ်"

"ဘယ်တော့လဲ"

"ဒီနေ့ နေ့လယ်ပဲ။ အဲဒီအချိန်မှာ မင်း ဒီမှာ ရှိမနေသင့်ဘူး။ မင်းရဲ့ ဒီအခန်းထဲမှာ အမျိုးသမီးတစ်ယောက်မှ မရှိစေရဘူးသိလား။ အခန်းထဲမှာ သွားနေရမယ်"

ဘော်မန်က

"အစားအသောက် ကောင်းကောင်းလိုတယ်လေ။ အင်္ဂလိပ်တွေ အကြိုက် လက်ဖက်ရည်ကောင်းကောင်းလုပ်ပေးပါ"

အီဗာက

"ကျွန်မမှာလက်ဖက်ခြောက်ကောင်းကောင်း ရှိပါတယ်။ အကောင်းဆုံး အင်္ဂလိပ်လက်ဖက်ရည် ရပါစေ့မယ်"

"ပက်ပါးမင့် လက်ဖက်ရည် ပြောတာမဟုတ်ဘူးနော်"

သူက ရယ်ရယ်မောမော ပြောနေပြန်သဖြင့် အီဗာက စောစောက မုန်တိုင်းမှာ ငြိမ်ကျသွားပြီကို နားလည်လိုက်၏။ ထို့ကြောင့် အီဗာက စကားလမ်းကြောင်းပြောင်း၍ ပြောနေပြန်သည်။

"ကျွန်မဆီကို ကျွန်မတို့ရွာက တပ်ကြပ်ရဲဘော်ကလေးတစ်ယောက် ရောက်နေတယ်။ သူ့နာမည်ကတော့ ကွန်ရတ်တီယတ်တဲ့။ မနေ့က မိုးရေထဲမှာ ကားကြုံလို့ ကျွန်မတင်ပြီး ခေါ်လာခဲ့တာပေါ့။ သူဟာ နာဇီရဲဘော်ကောင်း တစ်ယောက်ပဲ။ သူ့ကို တပ်ကြပ်ရာထူးကနေ ရာထူးတက်ပေးဖို့



ကျွန်မ စဉ်းစားကြည့်တယ်။ ဒါပေမယ့် ရာထူးတက်ပေးဖို့ အကြောင်းအရာတော့ မတွေ့ရသေးဘူးပေါ့လေ"

ဟစ်တလာက စိတ်တက်ကြွစွာ ပြန်ပြော၏။

"ဟာ... ဟုတ်လား၊ လူငယ်တပ်ကြပ် ရဲဘော်တစ်ယောက်လား၊ ဟုတ်ပြီ... ဟုတ်ပြီ။ ဒီအချိန်ဟာ လူငယ်တွေရဲ့အချိန်ပဲ။ တက်သစ်စ လူငယ်တွေကို ရှေ့တန်းတင်ပေးရမှာပေါ့။ ကိုယ်သိပ်သဘောကျတယ်။ ကိုယ့်ကို ဘယ်သူမှ မတရားမပြောနိုင်ပါဘူးကွာ။ သူ့ကို ဗိုလ်ခန့်ပေးမယ်"

သူသည် လက်ကိုမြှောက်၍ ပြောနေလေသည်။

"ကျေးဇူးပဲ ဒေါ့ဖ်ရယ်။ ရှင်ဟာ သိပ်အံ့ဩ ချီးမွမ်းဖို့ကောင်းတဲ့ လူတစ်ယောက်ပဲ။ ရှင့်ကို တပ်ကြပ်ရဲဘော်နဲ့ တွေ့ပေးရဦးမယ်"

"အေး... အခုတော့ မတွေ့နိုင်သေးဘူး။ ကမ္ဘာ့အတွက် အရေးကြီးဆုံးအချိန်မဟုတ်လား။ တို့ အခုဧည့်သည်တွေနဲ့ တွေ့ရဦးမယ်လေကွယ်"

အဒေါ့ဖ်က ရယ်မော၍ ပခုံးကိုလှုပ်ကာ လှုပ်ကာ ပြောနေတော့သည်။

"ဟေး... ဟစ်တလာ"

အီဗာက လက်ကိုမြှောက်၍ အလေးပြုပြီး ထိုအခန်းထဲမှ ထွက်ခဲ့သည်။

ခန်းမကြီးထဲတွင် ပါတီခေါင်းဆောင်များဖြစ်ကြသော ဂိုရင်း၊ ဟင်းမလား၊ ဟက်စ်နှင့် ဒေါက်တာဂိုးလ်ဘဲတို့ကို တွေ့ရလေ၏။ တပ်ကြပ် ကွန်ရတ်အား အက်စ်အက်စ်ရဲဘော်များ၏အလယ်တွင် ရယ်မောနောက်ပြောင်နေသည်ကို တွေ့ရလေသည်။ အီဗာက ယနေ့အဖို့ အဒေါ့ဖ်သည် မိမိဖက်သို့ ခြေဦးလှည့်ရန် မမြင်ဟုသိထား၏။ ထို့ကြောင့် ပျင်းပျင်းနှင့် စီးကရက်များကိုသာ တစ်လိပ်ပြီးတစ်လိပ် မီးညှိ၍သောက်နေတော့သည်။

ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါတွင်အပြင်ဘက်လမ်းမကြီးပေါ်၌ လူစုလူဝေးများကို တွေ့ရ၏။ လူထုသည် ဟိုတစ်စု သည်တစ်စုဖြင့် အသံမပြုဘဲ တိတ်ဆိတ်စွာပင် ရပ်လျက်ရှိလေသည်။ သူတို့ဟန်ကြည့်၍ လူထုအနေဖြင့် မည်မျှပူပင်သောကရောက်နေသည်ကို အီဗာ အကဲခတ်မိ၏။

ထိုအချိန်၌ သာယာလှသော နံနက်ချိန်မှာ ကုန်ခဲ့ပြီ။ တောင်ကြား ဆီမှစ၍ မိုးကြီးသည်းထန်စွာ ရွာသွန်းလာပြီကို တွေ့ရ၏။ သို့သော် စောစောက လှုထုသည် နေရာရွှေ့မသွားဘဲ အိမ်တော်ဆီသို့ စိတ်ဝင်စားစွာ ပင် မိုးသဲသဲထဲမှာ ရပ်၍ကြည့်နေကြ၏။ အီဗာမှာ အနည်းငယ်တုန်လှုပ် လာမိသည်။

"ဘာတွေများဖြစ်နေပါလိမ့်"

အီဗာက မိမိကိုယ်ကိုမိမိ မေးမိသည်။

"ငါ ဘာကိုလန့်နေရပါလိမ့်"

အီဗာက ဘာမှမသိသော်လည်း အခြေအနေမှာ သိပ်မကောင်းသည် ကို သိသည်။ အီဗာသည် စီးကရက်တစ်လိပ်မီးညှိ၏။ ထိုအလိပ်ကို မကုန်မီ ချေမွပစ်လိုက်၏။ နောက်တစ်လိပ်ထပ်၍ မီးညှိပြန်လေသည်။ လက်ချောင်းကလေးများမှာ စီးကရက်ဆေးချေးများဖြင့် ဝါထိန်နေတော့ သည်။

တော်တော်ကလေး စိတ်တည်ငြိမ်သွားသည်ဟု ထင်တော့မှ ဧည့် သည်များအား ဧည့်ခံရန် လက်ဖက်ရည်အဆင်သင့်ရှိစေဖို့ သွား၍စီစဉ်ရ သည်။ လက်ဖက်ရည်နှင့်အတူ ကိတ်မုန့်ကိုလည်း အဆင်သင့်လုပ်ရသည်။ စားသောက်ဖွယ်များကို ဘားဂေါ့စ်အိမ်တော်၏အောက်ဆုံးထပ် စားသောက် ခန်းတွင် စီစဉ်ထားလေသည်။ ဤသည်မှာ အဒေါ်ဖ်၏ အစီအစဉ်ဖြစ်ပေ သည်။ အဒေါ့်ဖ်နှင့် ဗြိတိန်ဝန်ကြီးချုပ်သည် စားသောက်ဖွယ်ရာများကို စားသောက်ပြီးလျှင် ဆွေးနွေးပွဲ စတင်မည်ဖြစ်၏။

အီဗာသည် ခန်းမကြီးထဲတွင် ကွန်ရတ်ကိုတွေ့ရလေ၏။ အီဗာက ကွန်ရတ်ကို တပ်ကြပ်ဘဝမှ ရာထူးတိုးပေးမည့်သတင်း ပြောလိုက်သည်။ သူသည် သိပ်ပျော်သွားလေသည်။ အီဗာ၏လက်ကို ကွန်ရတ်က ဆုပ်ကိုင် ထားရင်း ပြော၏။

"ဟင်... ခင်ဗျား ကျွန်တော့်အတွက် ရာထူးတိုးပေးဖို့ ပြောခဲ့တယ်၊ ဟုတ်လား... ဖရော်လင်၊ ခင်းဗျားကျေးဇူးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ဆပ်ရမှာလဲ၊ အံ့သြစရာကောင်းတဲ့ အခွင့်အရေးကိုရတော့မှာပဲနော်"

"မလိုပါဘူးရှင်ရယ်၊ ကျွန်မအတွက် ရှင် ဘာမှလုပ်ပေးစရာ မလို ပါဘူး"



အီဗာက ပြန်ပြောသည်။

အီဗာသည် ဧည့်သည်များအား ဧည့်ခံမည့်ခန်းမကြီးသို့ ထွက်လာ ခဲ့သည်။ အင်္ဂလိပ်နှင်းဆီပန်းများကို အင်္ဂလိပ်ဧည့်သည်တော်များအကြိုက် ဖြစ်အောင် ပြင်ဆင်ထား၏။ အီဗာသည် နှင်းဆီပန်းများကို လှလှပပဖြစ် အောင် ပန်းအိုးထဲ၌ မွမ်းမံပြင်ဆင်နေလေသည်။ ထိုခဏတွင် အဒေါ့ဖ် ဟစ်တလာသည် အီဗာ ပန်းအိုးပြင်ဆင်နေသော ခန်းမကြီးထဲသို့ ဝင်လာ လေသည်။ ဟစ်တလာသည် အီဗာ၏လက်မောင်းထက်၌ ပွေ့ထားသော နှင်းဆီပန်းများကိုယူ၍ လွှင့်ပစ်လိုက်၏။ ထို့နောက် ကြမ်းပေါ်ကျသွား သော ပန်းများကို ဘွတ်ဖိနပ်ကြီးဖြင့် နင်းခြေလိုက်ပြန်သည်။

အီဗာသည် ရုတ်တရက် သူဘာလုပ်လိုက်သည်ကိုဘာမျှနားမလည် နိုင် ဖြစ်သွားရလေသည်။ ဟစ်တလာသည် ပန်းကိုအလွန်ချစ်နှစ်သက်သူ ဖြစ်၏။ ယခု အဘယ့်ကြောင့် ပန်းတွေကို နင်းခြေလိုက်ဘိသနည်း။

"မင်း... မင်း ငါ့ကို သက်သက်စော်ကားနေတယ်၊ သွား... မင်း အခန်းကို မင်းပြန်သွား၊ သွား... ငါအမိန့်ပေးနေတယ် သွားစမ်း"

ဟစ်တလာ၏အသံမှာ ကြောက်ဖွယ်ဟိန်းဟောက်နေလေသည်။

အီဗာသည် ကြမ်းပြင်မှပန်းများကို တတ်နိုင်သရွေ့ စုဆောင်း ကောက်ယူပြီး ထိုအခန်းထဲမှ ပြေးထွက်သွားရှာ၏။ ဟစ်တလာ၏ ထူးဆန်း သောအပြုအမူကိုလည်း အီဗာမှာ နားမလည်နိုင်ရှာဖြစ်နေ၏။ သူ ရူးများ နေပြီလားလေ။

အီဗာသည် ပန်းတွေကို ပွေ့ပြီး ငို၍ထွက်လာ၏။ မိမိအခန်းထဲသို့ အားမရှိသလိုပင် လျှောက်လာခဲ့သည်။ မိမိ၏အခန်းတံခါးကို တွန်းဖွင့် လိုက်သောအခါ အခန်းထဲ၌ တပ်ကြပ်ယူနီဖောင်း အပြည့်အစုံဝတ်ထား သော ကွန်ရတ်ကိုတွေ့ရသည်။ အီဗာသည် အခန်းတံခါးကို ပြန်ပိတ်လိုက် ၏။

"ကျွန်မ ဘယ်လိုဖြစ်မှန်း မသိဘူး"

အီဗာက ကွန်ရတ်ကိုပြောလိုက်၏။

"ဘာဖြစ်လာလို့လဲ"

အီဗာသည် ကွန်ရတ်ကိုဖက်ထားလိုက်၏။ မိမိ၏မျက်နှာကို ကွန် ရတ်၏ ပခုံးပေါ်၌ မှောက်ချထားလိုက်၏။ အားရပါးရ အီဗာက ငိုချလိုက်

လေသည်။ ကွန်ရက်သည် အီဗာအား အနီးဆုံးကုလားထိုင်တွင် ထိုင်စေသည်။ ထို့နောက် အီဗာအား ကွန်ရက်က ရေအနည်းငယ်တိုက်လိုက်၏။

"ဒီမှာ အီဗာ၊ နားထောင်စမ်း၊ ကိုယ်ပြောမယ်။ တို့အားလုံး ခေါင်းဆောင်ကြီးကို ယုံကြည်အားကိုးရမယ်လေ။ သူဟာ အကောင်းဆုံး ဘာလုပ်သင့်တယ်ဆိုတာ သိတယ်။ တို့နိုင်ငံအတွက် သူဟာ အများကြီး စွမ်းဆောင်ပေးခဲ့ပြီ။ နောက်လည်း သူဟာ အများကြီး ဆောင်ရွက်ပေးပါလိမ့်ဦးမယ်ကွာ"

အီဗာက

"ကျွန်မတော့ စစ်ကြီးဖြစ်မှာ သိပ်ကြောက်နေပြီ။ စစ်ဖြစ်ရင် ကျွန်မတို့ သေကြမှာပဲ။ ကျွန်မ သိပ်ကြောက်နေတာကတော့ ဘာလင်မြို့တော်ရဲ့ အပျက်အစီးတွေ ကြားထဲမှာ သေသွားရမှာကိုပေါ့။ ဒါကို ကြိုတင်ပြီး မျက်စိထဲမှာမြင်နေရတယ်"

ကွန်ရက်က အီဗာကိုကြည့်၍

"ဘာပြောတယ်... ခင်ဗျား ဘာလင်မြို့တော်မှာ သွားပြီးမသေစေရဘူး။ ကျွန်တော် ကယ်ဆယ်မှာပေါ့။ ကျွန်တော်ကျိန်ပြောပါတယ်။ ကျွန်တော် ခင်ဗျားကို စောင့်ရှောက်ပါ့မယ်"

ဟုပြောလိုက်သည်။ ကွန်ရက်ကဆက်၍

"ခင်ဗျားနဲ့ ကျွန်တော်တို့ မိုးမုန်တိုင်းကြီး ကျနေတုန်းမှာ ကားမောင်းပြီး လာခဲ့ကြရတယ်လေ။ ကမ္ဘာစစ်ကြီးဖြစ်လာရင်တော့ ဒီမုန်တိုင်းထက်ကြီးတဲ့မုန်တိုင်းကြီး တိုက်ခတ်တော့မှာပဲ။ ဒါပေမယ့် ကျွန်တော်သိပါတယ်။ ကျွန်တော်မသေနိုင်ပါဘူး။ ခင်ဗျားသာ သေဘေးနဲ့ကြုံနေခဲ့ရင် ခင်ဗျားအသက်ကို ကယ်ဖို့ ကျွန်တော်ရောက်လာမှာပါနော်။ မပူပါနဲ့၊ ကျွန်တော်ကျိန်ပြောရဲပါတယ်"

သူ့စကားမှာ အီဗာကို အားတက်သွားစေလေသည်။

အီဗာက

"ကျေးဇူးတင်ပါတယ်ရှင်"

ဟုပြောလိုက်လေသည်။

အီဗာ၏လက်ကိုမ၍ ကွန်ရက်က နမ်းလိုက်သည်။

"ရှင်... ကျွန်မကို စောင့်ရှောက်မယ် ဟုတ်လား"



"ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်မှာပါ"

သူက ထပ်ပြောလိုက်၏။

အပြင်ဘက်တွင်ကား မိုးသည် ရက်ရက်စက်စက် ရွာနေတော့သည်။ အီဗာသည် ပြူတင်းဝမှနေ၍ အပြင်ဘက်လမ်းမပေါ်ရှိ လူထုကို ငေးကြည့်နေသည်။ လူထုသည် တဖြည်းဖြည်းပို၍များလာသည်။ သူတို့သည် အရေးကြီးဆုံးဖြစ်ရပ်ကို စိတ်ဝင်စားစွာ လာရောက်စောင့်၍ကြည့်ရှုနေလေသည်။

အီဗာကလည်း အရေးကြီးသည့်အချိန်ကို နားလည်ပါ၏။ တစ်ချိန်ကဆိုလျှင် အင်္ဂလန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ဝါဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့၏။ နိုင်ငံအများက သူ့ကို ခယဝပ်တွားခဲ့ရသည်။ ယခုတော့ ထိုသို့မဟုတ်ပြီ။ အင်္ဂလန်၏နေရာ၌ နာဇီများ ဝင်လာလေပြီ။ ဂျာမနီသည် ထိပ်တန်းနေရာတွင် ဝင့်ကြွားစွာရပ်တည်နေတော့မည်ဖြစ်ပေသည်။ အဒေါ့ဖ်က အရာရာကို အောင်နိုင်သူဖြစ်ကြောင်း အီဗာသိပါ၏။ သို့သော် အီဗာအနေဖြင့် အဒေါ့ဖ်ကို လုံးလုံးနားမလည်နိုင်သည်များလည်း ရှိခဲ့ပေသည်။

ညနေ ၄ နာရီတွင်မှ မိုးသည်းသည်းတွင် အင်္ဂလန်နန်းရင်းဝန် မစ္စတာချိန်ဘာလင်ရောက်လာသည်။ သူသည် ထီးကြီးကြီးတစ်လက်ကို ကိုယ်တိုင်ဆောင်း၍ စံအိမ်တော်တွင်းသို့ လမ်းလျှောက်၍ဝင်လာ၏။ အီဗာ သိလိုက်သည်။ မစ္စတာချိန်ဘာလိန်နှင့် အဒေါ့ဖ်ဟစ်တလာတို့သည် အောက်ဆုံးထပ်တွင် ပြင်ဆင်ထားသော လက်ဖက်ရည်ခန်းမသို့အတူတကွ သွားရောက်စားသောက်ကြမည်ဖြစ်သည်။

သို့သော် အစီအစဉ်မှာ ထိုသို့မဟုတ်ပေ။ လက်ဖက်ရည်ခန်းမှ စားသောက်ဖွယ်ရာများကို လက်ဖြင့်ပင်မတို့နိုင်ကြ။ အဒေါ့ဖ်နှင့် ဧည့်သည်တော်ကြီး၏ ဆွေးနွေးပွဲမှာ ဆူဆူညံညံဖြစ်နေသည်။ အဒေါ့ဖ်၏ ဟိန်းဟောက်သံတွေကို အီဗာ ခပ်သဲ့သဲ့ကြားရ၏။ အီဗာသည် သည်းမခံနိုင်တော့သဖြင့် တိတိကျကျကြားနိုင်ရန် အဒေါ့ဖ်၏စကားကို ကြားနိုင်မည့် လှေကားစကြီဆီသို့ ထွက်လာခဲ့လေသည်။

ထိုအချိန်တွင် အဒေါ့ဖ်၏သမားတော် ဒေါက်တာမော်ရဲလ်သည် အီဗာ၏အခန်းဘက်သို့ လျှောက်လာ၏။

အီဗာက

"ကျွန်မတို့ ဘာမှ မလုပ်နိုင်တော့ဘူးလားရှင်"

ဒေါက်တာက ခေါင်းခါပြလေသည်။ အီဗာသည် ပိတ်ထားသော အခန်းတံခါးကြီးရှေ့မှ အက်စ်အက်စ်ရဲဘော်များကို စောင်းငဲ့ကြည့်လိုက်၏။ ထိုရဲဘော်များ၏ မျက်နှာထားများကား သံမဏိလို မာကျောခက်ထန်လှပေသည်။ သူတို့၏ကိုယ်လုံးများမှာ ကျောက်ရုပ်လို တောင့်တောင့်တင်းတင်း၊ အိမ်တော်တစ်ခုလုံးမှာလည်း တပ်စခန်းတစ်ခုကဲ့သို့ တပ်သားများနှင့် ပြည့်နေတော့သည်။

ဆရာဝန် မော်ရဲလ်သည် အီဗာ၏လက်မောင်းကို ညင်သာစွာကိုင်လိုက်သည်။

"ခင်ဗျားစိတ်ကို သိပ်အလိုမလိုက်နဲ့လေ၊ ဘာဖြစ်လို့ ကိုယ်နဲ့မပတ်သက်တာတွေ သိချင်ရတာလဲ"

"ကျွန်မ သိပါတယ်ဒေါက်တာရယ်၊ ကျွန်မ ဘယ်လိုဖြစ်မှန်းမသိဘူး။ နေလို့လည်း မကောင်းဘူး"

"ခင်ဗျားစိတ်ကို သိပ်အလုပ်ပေးဖို့ မသင့်ဘူး၊ ခင်ဗျား သက်သက်သာသာနဲ့ အိပ်ပျော်သွားဖို့ကောင်းတယ်"

"ကျွန်မ မြူးနစ်မြို့တော်ကို ရောက်လာတဲ့အချိန်ကစပြီး အိပ်လို့မပျော်တာကြာပြီ"

"အဲဒါ ဆိုးတာပေါ့ဗျ၊ အိပ်ရေးဝဝအိပ်ဖို့က သိပ်လိုအပ်တာ၊ ကျွန်တော် ခင်ဗျားကို အိပ်ဆေးပြားကလေးတွေ နည်းနည်းပေးခဲ့မယ်။ ခဏစောင့်ဦး၊ ကျွန်တော် သွားယူခဲ့မယ်"

ဒေါက်တာက တံခါးဝအနီးမှလှည့်၍

"ပြီးတော့ စီးကရက်တွေလည်း သိပ်မသောက်နဲ့ဗျ၊ လူကိုသိပ်အန္တရာယ်ဖြစ်စေနိုင်တယ်"

ဟုပြောသွား၏။

အီဗာသည် ဒေါက်တာ တော်တော်နှင့် မိမိထံပြန်မလာသောအခါ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်မိပြန်သည်။ ထိုခဏတွင် ပိတ်ထားသော တံခါးမကြီးအနားသို့ သွား၍နားထောင်နေမိပြန်သည်။ အဒေါ့ဖ်သည် ဧည့်သည် နန်းရင်းဝန်ကို ဟောက်၍၊ ဝေါက်၍၊ အော်၍ ပြောနေသံများ သဲ့သဲ့ကြားရလေသည်။



ဒေါက်တာပြန်လာ၏။

"ကျွန်တော့်မှာ ဒီဆေးပြားကလေးတွေရှိတယ်။ တော်တော်စွမ်းတဲ့ဆေးပါပဲ။ ခင်ဗျား ဒီဆေးပြားကလေးတွေသောက်ပါ။ ဒါပမယ့် တစ်ခါသောက်ရင် နှစ်ပြားထက်ပိုမသောက်ရဘူးနော်။ ဆေးပိုသောက်ရင် အန္တရာယ်ဖြစ်နိုင်တယ်"

ဒေါက်တာသည် ရေပိုက်ဆီသို့ ထသွားပြီး ရေတစ်ဖန်ခွက်ခပ်လာသည်။

"ခင်ဗျား သိပ်ပြီး အိပ်မပျော်တဲ့အခါမှာ ဒီဆေးပြားကလေးတွေကိုသာ သောက်ပါ။ ဒါပေမယ့်နော် ဆေးပြားနှစ်ပြားထက် ပိုပြီးမသောက်ရဘူး"

"ပိုသောက်ရင် သိပ်အန္တရာယ်ဖြစ်နိုင်သလား ဒေါက်တာ"

"နှစ်ပြားတည်းသောက်ရင် ဘာမှမဖြစ်ဘူး၊ အများကြီးသောက်ရင် သေသွားလိမ့်မယ်၊ ဒါပဲ"

အီဗာသည် ဆေးပြားကလေးနှစ်ပြားကိုယူ၍ ရေနှင့်သောက်ချလိုက်လေသည်။ ထို့နောက် မိမိအိပ်ရာပေါ်သို့ အသာအယာလှဲချလိုက်၏။ ဒေါက်တာက ပြုံး၍ခေါင်းညိတ်ပြပြီး ထွက်သွား၏။ ဒေါက်တာသည် အီဗာ၏အိမ်ဖော် အင်မီအား သူသခင်မအိပ်နေသည်ကို အနှောင့်အယှက်မပြုရန်သွား၍ သတိပေးရပေဦးမည်။

အီဗာသည် ကွန်ရက်အကြောင်း တွေးနေ၏။ ထို့နောက် မိမိလက်များပေါ်တွင်ခေါင်းအုံး၍ တစ်ဖက်သို့လှည့်လိုက်သည်။ အီဗာ၏စိတ်အစဉ်တွင် အဒေါ့ဖ်က ဧည့်သည်နန်းရင်းဝန်အပေါ် ခြိမ်းခြောက် ဟိန်းဟောက်နေသည်ကို ဂရုမပြုအားတော့။ အချိန်တော်ကြာအောင် အိပ်လိုက်ရပေဦးမည်လေ။

✡✡✡

# မြူးနစ်၏အရိပ်အောက်ဝယ်

အီဗာသည် နောက်တစ်နေ့ နံနက်လင်းသည်အထိ အိပ်ရာမှမနိုးသေးဘဲ ရှိခဲ့သည်။ ညှော်သည်တော် နန်းရင်းဝန်ကြီးမှာ အင်္ဂလန်သို့ ပြန်သွားပြီ ဖြစ်၏။

မိုးစင်စင်လင်းမှ အီဗာ အိပ်ရာမှ နိုးလာလေသည်။ ခေါင်းလောင်း ကလေးနှိပ်၍ အိမ်ဖော်အင်မီကို ခေါ်လိုက်သည်။ အီဗာက အဒေါ့ဖ် ဘယ်မှာလဲဟုမေးသည်။ အင်မီက အဒေါ့ဖ် ဘတ်ချ်တက်စ်ဂဒင်မှ မြူးနစ်မြို့ သို့ ပြန်သွားပြီဖြစ်ကြောင်း ပြောပြ၏။

အင်မီက

"ဖရော်လင်၊ ရှင်တော်တော်အိပ်လိုက်ရတယ်နော်"

"ဟုတ်တယ် ငါတော်တော်အိပ်ရတယ်"

အီဗာက အိပ်ရာဘေးမှ စီးကရက်သေတ္တာကို စမ်းရင်းပြန်ဖြေ၏။ စီးကရက်သေတ္တာမှာ မူလနေရာပင်ရှိသည်။ အီဗာသည် ဒေါက်တာ သတိ ပေးသွားခဲ့သည်ကို သတိရ၏။ ထို့နောက် ရယ်မော၍ စီးကရက်တစ်လိပ် ကို မီးညှို၍သောက်လိုက်သည်။

ယခုအခါတွင် ပါတီခေါင်းဆောင်များလည်း မရှိတော့ပေ။ ဘာ့ဂေါ့ စံအိမ်တော်မှာ တိတ်ဆိတ်ငြိမ်သက်၍ ကျန်ခဲ့သည်။

"ဘာသတင်းထူးသေးလဲ အင်မီ"

အီဗာက မေး၏။

"သတင်းနည်းနည်းပဲ သိရတယ် ဖရော်လင်၊ ဘာဖြစ်နေတယ်ဆို



တာ ကျွန်မတို့ ဘာမှမသိရဘူး။ ဒါပေမယ့် ကျွန်မတို့ခေါင်းဆောင်ကြီး ရဲ့ တွေးခေါ်မြော်မြင်မှုဟာ ကျွန်မတို့ရဲ့ဘဝကို ကူညီပြုစုပေးမှာကတော့ သေချာပါတယ်"

နေ့တို့သည် တရွေ့ရွေ့ဖြင့် ဤသို့ပင် ကုန်လွန်လွယ်ခဲ့ရလေ၏။ စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ ဂျာမန်သတင်းစာများသည် ဂျာမနီအား စစ်အတွက် ပြင်ဆင်ရန် တိုက်တွန်းရေးသားကြလေတော့၏။

တပ်ကြပ် ကွန်ရတ်မှာ ဗိုလ်အဆင့်အတန်းဖြင့် ဘတ်ချ်တက်စ်ဂဒင် အိမ်တော်မှာပင် နေထိုင်လျက်ရှိလေ၏။ သူကား ရာထူးတိုးခဲ့ပြီဖြစ်လေ သည်။ ကွန်ရတ်က လောလောဆယ် စစ်ကြီးဖြစ်လိမ့်မည်ဟု မထင်ပေ။ သူက အင်္ဂလန်သည် ဘယ်တော့မှ စစ်ကြီးကို ဝင်တိုက်နိုင်မည်ဟုမထင်။

တစ်နံနက်တွင် အီဗာသည် ကော်ဖီသောက်ပြီး၍ ရှာရှိအမေ့ထံ စာရေးရန် စာရေးစားပွဲသို့ ဝင်ထိုင်လေသည်။ အီဗာသည် အမေ့ထံ စာရေး ရခြင်းကို များစွာနှစ်သက်ဝမ်းသာလှသည်။

အီဗာစားပွဲသို့ ထိုင်လိုက်သောအခါ စားပွဲပေါ်တွင် လက်မှတ်ရေးထိုး မထားသော စာတစ်စောင်ကို တွေ့ရ၏။ အီဗာက စာကိုအရေးတကြီး ယူဖတ်သည်။ လက်ရေးကို အီဗာမသိပေ။

**"ကမ္ဘာကို ခင်ဗျားကယ်တင်နိုင်လိမ့်မယ်၊ ခင်ဗျားရဲ့စွမ်းအင်ကို အသုံးချပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူဟာ မကောင်းဆိုးဝါးတစ် ကောင်ပဲ။ ကမ္ဘာကြီးတည်မြဲနေဖို့ ကူညီပါ။ သို့မဟုတ်လျှင် ခင်ဗျားရော ကျုပ်တို့ပါ အားလုံးသေဘေးနဲ့ တွေ့ကြလိမ့်မယ်။ ဘဝမှာ အသေချာ ဆုံးက သေခြင်းပဲ မဟုတ်ပါလား"**

အီဗာသည် ထိုစာကို အပြန်ပြန်အလှန်လှန် ဖတ်နေလေသည်။ အီဗာသည်ဂျွန်စမစ်ဆိုသော လူတစ်ယောက်ကို ပြန်၍သတိရနေလေသည်။ သူ့ကို ရှမစ်တင်းဟွန်းတောင်ထိပ်မှာ နာရီအနည်းငယ်ကြာ တွေ့ဆုံစကား ပြောခဲ့ဖူးသည်။ ယခု သူပြောခဲ့ဖူးသော စကားလုံးတွေကို စာရွက်မှာတွေ့ နေရလေ၏။

အီဗာသည် အဖြစ်အပျက်ကို ကွန်ရတ်အား သွား၍ပြောပြ၏။

"ကျွန်မတော့ စမစ် ဒီကိုရောက်လာတယ်လို့ ထင်တာပဲ။ သူဒီကို ဘယ်လိုရောက်လာသလဲ မသိဘူး"

ကွန်ရတ်က နားမလည်သလို ပြန်ကြည့်၏။

"တစ်ကမ္ဘာလုံး သူလျှိုတွေနဲ့ ပြည့်နေတာကိုး။ အင်္ဂလိပ်တွေဟာ လျှို့ဝှက်ထောက်လှမ်းရေးမှာ သိပ်တော်တယ်။ ဒီစာရေးတဲ့လူဟာ အင်္ဂလိပ်သူလျှိုတွေပဲဖြစ်မယ်။ ကျွန်တော်တို့ သူ့ကိုဖမ်းမိပါလိမ့်မယ်။ ဂျာမန်တွေရဲ့ လျှင်မြန်ဖျတ်လတ်မှုကို အင်္ဂလိပ်ကောင်တွေ အကြောင်းသိစေမယ်"

"ဟုတ်ပါရဲ့... ဟုတ်ပါရဲ့ရှင်၊ ဒါပေမယ့် စစ်ကြီးဖြစ်ဖို့သိပ်နီးကပ်နေပြီတော်။ ကျွန်မသိပ်ကြောက်တာပဲ။ စစ်ဖြစ်ဖို့ သိပ်နီးနေပြီ၊ ကြောက်တယ်၊ ကျွန်မသေရလိမ့်မယ်"

"အဓိပ္ပာယ်မရှိတာ ကြောက်မနေနဲ့၊ ကျွန်တော်တစ်ယောက်လုံးရှိပါတယ်။ ခင်ဗျားကို ကာယ်ဆယ်မယ့်သူပါ"

"ဟုတ်တယ်နော်၊ ရှင်ဟာ ကျွန်မကို ကယ်ဆယ်မှာပါနော်။ ဂျာမနီဟာလည်း အင်အားသိပ်တောင့်တင်းနေပါတယ်တော်။ ကမ္ဘာပေါ်မှာ ကျွန်မတို့ဟာ အင်အားအကြီးမားဆုံး မဟုတ်လား"

ကွန်ရတ်က

"**ဟေး... ဟစ်တလာ**"

ဟုအော်လိုက်၏။

အီဗာသည် မိမိ၏အခန်းသို့ ပြန်သွား၏။ သူမသည် ငှက်မွေးဆိုဖာကြီးပေါ်သို့သွားထိုင်သည်။ အိပ်ဆေးပြားကလေးများမှာ အိပ်ရာဘေးမှ ဆေးပုလင်းထဲမှာရှိသည်။ အီဗာသည် အိပ်ဆေးပြားကလေး နှစ်ပြားကို ယူ၍ ပါးစပ်ထဲသို့ပစ်ထည့်ပြီးလျှင် ရေတစ်ခွက်သောက်ချလိုက်လေသည်။ စိတ်လှုပ်ရှား ပူပင်မှုခံစားနေရသည်ထက် အိပ်ပျော်သွားသည်ကမှ ကောင်းပေဦးမည်။

အီဗာသည် အချိန်ကြာမြင့်စွာ အိပ်ပျော်သွားသည်။ အိပ်ရာမှနိုးသောအခါ အမှောင်ရောက်နေပြီ။ ပြူတင်းဝမှ ပန်းရနံ့များသည် အခန်းထဲသို့ လေယူရာတွင် ဝေ့၍ဝေ့၍ ရောက်လာကြသည်။ အီဗာက မျက်လုံးဖွင့်ကြည့်လိုက်ရာ အခန်းထဲတွင် မိမိတစ်ယောက်တည်းမဟုတ်ကြောင်း တွေ့ရလေသည်။ ကုတင်ခြေရင်းတွင် ရပ်နေသူကား အဒေါ့ဖ်ဟစ်တလာ။ သူသည် လက်ပိုက်ပြီးလျှင် အီဗာကို စိမ်းစိမ်းပင် ကြည့်နေလေသည်။

"အဒ်ဖ"



အဒေါ့ဖ်က ခေါ်၏။

"အဒေါ့ဖ်... ရှင် ကျွန်မကို မေ့နေတယ်မဟုတ်လား"

"အဗီရယ်... သိပ်အရေးကြီးတဲ့အချိန်ရောက်နေလို့ပါ၊ ဂျာမနီနိုင်ငံတော်ဟာ အောင်ပွဲဆက်ဆက်ခံပြီလေ"

သူသည် တိုက်ကြက်ဖလို ခပ်ကြွားကြွား အခန်းထဲ၌ လမ်းလျှောက်နေ၏။ အီဗာက သူ့ဟန်ကိုကြည့်၍ မိမိချစ်သူဟုမမြင်၊ အောင်ပွဲရစစ်သူကြီးတစ်ယောက်ဟန်ပါလှသည်ဟု ထင်နေ၏။ သို့သော် အီဗာသည် ဟစ်တလာ၏လည်ပင်းမှ ရှုံ့တွနေသော အစင်းကြောင်းများကို တွေ့လိုက်ရသည်။ သူမက ဟစ်တလာကို နုပျိုသော ကွန်ရတ်နှင့်နှိုင်းယှဉ်နေမိသည်။

"အခု ကျွန်မတို့ အမြဲတမ်းပျော်ပျော်နေနိုင်ပြီလား ဟင်..."

အီဗာက မေးလိုက်၏။အဒေါ့ဖက်က သူမ မေးသည်ကိုမကြား။

အဒေါ့ဖ်က အီဗာအား ဖွေ့ဖက်လိုက်ပြီးလျှင် တပ်မက်စွာဖြင့် နမ်းနေလေ၏။ အီဗာသည် အတွေ့တွင်နစ်မျော၍သွားပြီး ငြိမ်နေလိုက်၏။ သူ၏လက်မောင်းကြီးများထဲ၌ မှိန်း၍နေမိလေသည်။

ပြီးတော့မှ အီဗာက

"အခု အခြေအနေ ဘယ်လိုလဲဟင်"

အဒေါ့ဖ်က

"တို့ ရှေ့ကိုတက်ရုံပဲ၊ အင်္ဂလန်လည်း ဘာမှမတတ်နိုင်ဘူးလေ။ ချိန်ဘာလင်ဆိုတဲ့လူကလည်း အရုပ်ပါပဲ။ ကိုယ်ကြိုးဆွဲသလို သူကရမှာပေါ့"

ဟုပြောလေသည်။

ဟစ်တလာသည် ဘတ်ချ်တက်စ်ဂဒင် အိမ်တော်၌ ရက်အတော်ကြာ နေသွားခဲ့သည်။ အီဗာက ဟစ်တလာကြိုက်နှစ်သက်သော အစားအစာများကို ကျွေးမွေးရ၏။ အခွင့်ရဆဲ အဒေါ့ဖ်ကို စားကောင်းသောက်ဖွယ်များဖြင့် ပြုစုရသည်။

တစ်ကြိမ်၌ အီဗာက အဒေါ့ဖ်ကို မေးခဲ့သည်။

"ဂျာမနီကို ဟန်မင်းလက်ထဲမှာ ခဏပေးထားခဲ့လို့ မရဘူးလား ဟင်၊ သူ့ကို အစီအစဉ်တွေ ဆွဲပေးခဲ့ပေါ့။ ပြီးတော့ ရှင်နဲ့ကျွန်မတို့ တစ်နေရာရာကို..."

"ငါသိတယ် အီဗာ... မေ့ထားစရာတွေကို မေ့ထားရမယ်၊ မင်း ငါ့ကို ဘယ်တော့မှ သတိပေးနေစရာ မလိုဘူး။ ငါ့ကို အတင်းတိုက်တွန်းလို့ မရဘူး။ ပါးစပ်ပိတ်ထားစမ်း"

အီဗာက ငြိမ်ကျသွား၏။ နောက်ထပ် ဘာမှမပြောတော့။ အီဗာသည် အဒေါ့ဖ်ကို ကြောက်ရပေသည်။

အောက်တိုဘာလဆန်းတွင် အီဗာတို့သည် အနားယူ၍နေရာမှ မြူးနစ်သို့ ပြန်လာခဲ့၏။ တစ်နေ့တွင် အီဗာသည် အိပ်ဆေးပြားကလေးနှစ်လုံးကို သောက်တော့မည့်ဆဲဆဲ၌ အဒေါ့ဖ်၏အတွင်းရေးမှူး အခန်းထဲမှ ထွက်လာသည်ကို တွေ့ရသည်။

"ဘာဖြစ်လို့လဲ ရှင့်"

အီဗာက မေးလိုက်၏။

"သတင်းဆိုးတစ်ခုပါပဲ အီဗာဘရောင်း"

ထိုသူ၏မျက်နှာမှာ သွေးမရှိပေ။ ဖြူရော်၍နေ၏။

အဒေါ့ဖ်သည် ကုလားထိုင်တစ်လုံးတွင်ထိုင်၍ အော်ဟစ်လျက်ရှိသည်ကို အီဗာ တွေ့ရသည်။

"ဒီကောင်... ဒီကောင်"

သူ့ဘေးတွင်အင်္ဂလန်ပါလီမန်မှ မိန့်ခွန်းစာရွက်တစ်ချပ်ကို ဘာသာပြန်ချက်နှင့်အတူ ပူးတွဲ၍တွေ့ရ၏။

အီဗာက သွားပြီး စာရွက်ကို ဖတ်ရှုပြီးမှ

"ဘာသဘောလဲ"

ဟုမေးလိုက်သည်။

အဒေါ့ဖ်က အီဗာကို ကြည့်နေ၏။ နောက်မှ သူက တဖြည်းဖြည်းပြောသည်။

အဒေါ့ဖ်က အီဗာကို စိုက်ကြည့်၍

"မင်း ဘာမှမသိပါဘူးကွာ၊ ဘာမှ နားမလည်ပါဘူး"

"ရှင် ကျွန်မကို တစ်ခါတုန်းက ကတိပေးဖူးတယ်လေ"

"ဝင်စတန်ချာချီပေါ့၊ အင်္ဂလန်နိုင်ငံတောင် ငါ့လက်ထဲရောက်လုကော့မှ သူက ငါ့ကိုအံတုတယ်လေ"

"အဒေါ့ဖ်ကလည်းလေ... အလကား ကိုယ့်ကိုယ်ကို ဒုက္ခပေးနေ



တယ်။ သူ့ဒီလောက်သတ္တိရှိမှာ မဟုတ်ပါဘူး။ ကိုယ့်စိတ်ကို တည်ငြိမ်အောင်ထားမှပေါ့"

"ဘာလဲ၊ သူတိုက်လိမ့်မယ်။ သူ့စစ်တပ်ကို ချီတက်လာစေလိမ့်မယ်၊ ဒီပွဲမှာတစ်ယောက်ယောက်တော့ ကျဲကြမှာပဲ၊ဘုရားသခင် ကယ်တော်မူပါ"

အဒေါ့ဖ်ဟာစ်တလာမှာ သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်လာပြီး တစ်ကိုယ်လုံး တောင့်တင်းလာ၏။ အီဗာနှင့် သူ့အတွင်းရေးမှူးတို့က သူ့ဆီသို့ ပြေးသွားပြီး ကုလားထိုင်တွင် ပြန်ထိုင်ချစေသည်။

✡ ✡ ✡

## • ယမန်နှစ်က

ဆောင်းရာသီသို့ရောက်ခဲ့ပြီ။

အီဗာသည် မိမိအပေါ် အဒေါ့ဖ် ဂရုမစိုက်အားတော့သည့် အခြေအနေကို နားလည်၏။ ယခုအခါတွင် အဒေါ့ဖ်မှာ သူ၏စစ်ရေးကိစ္စများနှင့် ဝိုင်းဝိုင်းလည်နေသည်။ ပါတီခေါင်းဆောင်များအကြားတွင် အလွန်အလုပ်များနေသော အဒေါ့ဖ်သည် မိန်းမတစ်ယောက်အတွက် အလုပ်ပျက်ခံမည်မဟုတ်သည်ကိုလည်း သိပါသည်။

အဒေါ့ဖ်၏ ပါတီခေါင်းဆောင်ဆိုသူများကလည်းအီဗာကို သဘောကျနှစ်သက်ခြင်း ရှိပုံမပြကြပေ။ သူတို့သည် အီဗာကို ဂရုထားလေးစားခြင်းမရှိ၊ သို့သော် ထိုခေါင်းဆောင်များထဲတွင်ကား ဒေါက်တာဂိုးဘဲလ်နှင့် မိသားစုမပါဝင်၊ သူတို့မိသားစုသည် အီဗာ့ကို အမြဲပင် ချစ်ခင်လေးစားကြသည်။ သူတို့မိသားစုနှင့်ဆိုလျှင် အီဗာကလည်း ပျော်ရွှင်ပါသည်။

အီဗာမှာ အဒေါ့ဖ်၏ဘဝအတွက် တဆွေတစ်ယောက်လိုပင် ဖြစ်သည်ဟု ပါတီခေါင်းဆောင်တွေက သဘောထားဟန်ရှိ၏။

ယခုအခါတွင် ကွန်ရက်မှာ ဗိုလ်ဖြစ်ရုံမျှမဟုတ်သေး။ အီဗာ၏ ကိုယ်ရံတော် တပ်ဖွဲ့မှူးချုပ်လည်းဖြစ်နေလေပြီ။ အီဗာ ကွန်ရက်အား ထိုသို့ ရာထူးခန့်ထားပေး၍ များစွာဝမ်းသာနေသည်။

သို့သော် စဉ်းစားစရာရှိသည်မှာ ကွန်ရက်အား ထိုသို့အီဗာနှင့် နီးစပ်စွာ နေရအောင် ခန့်ထားစေခြင်းမှာ အီဗာအား မလိုမုန်းထားနေသော ပါတီခေါင်းဆောင်တို့၏လုပ်ရပ်ပေလား မသိ။ ဤသို့ ကွန်ရက်ကို အီဗာ



၏ ကိုယ်ရံတော်မှူး ခန့်ထားခြင်းဖြင့် အီဗာနှင့် ကွန်ရက်တို့ နီးစပ်ငြိစွန်းသွားစေရန် ကြံစည်လိုက်ကြလေသလား။

ထိုသို့ဖြစ်လျှင် ဟစ်တလာထံမှ အီဗာကို ခွဲထုတ်ရန်၊ ခွာထုတ်ရန် သူတို့ကြံစည်ကြလေသလား မသိ။ စဉ်းစားစရာတွေဖြစ်လာ၏။

အီဗာက ပျင်းရိဖွယ်အချိန်များကို အဝတ်အစအနများအား အရုပ်ကလေးများ ချုပ်လုပ်နေခြင်းဖြင့် ကုန်လွန်စေသည်။ နှင်းတစ်ဖွဲဖွဲကျသောအခါ အီဗာသည် ရေခဲလျှောစီးခြင်းဖြင့်လည်း အချိန်ဖြုန်းလေ့ရှိသည်။ သို့သော် အီဗာ၏စိတ်အစဉ်ကိုအမြဲလွှမ်းမိုးနေသော စာတစ်ကြောင်းကိုတော့ မမေ့ပေ။

**"ခင်ဗျား ကမ္ဘာကို ကယ်တင်နိုင်လိမ့်မယ်။ ဘဝမှာ အသေချာဆုံးက သေခြင်းတရားပဲ"**

တစ်ညသ၌ လေတွေက ခပ်ပြင်းပြင်းတိုက်နေ၏။ တစ်အိမ်လုံးမှာ လေတိုက်ခေါင်းသံများဖြင့် ညီးညီးညံလျက်ရှိ၏။ အီဗာနှင့် ကွန်ရက်တို့သည် ဖဲကစားနေကြ၏။ အီဗာသည် စီးကရက်ကိုမီးညှိပြီး တစ်လိပ်မကုန်မီ ချထား၍နောက်တစ်လိပ် အသစ်ထပ်ညှိသောက်ပြန်လေသည်။ ကွန်ရက်က အီဗာကိုစိုက်ကြည့်နေပြီး ရုတ်တရက် ဖဲချပ်များကို စုသိမ်း၍ ဘေးမှ သေတ္တာကလေးထဲသို့ ထည့်ထားလိုက်၏။

ကွန်ရက်က

"အီဗာ... ခင်ဗျား နိုင်ငံရေးကိစ္စတွေကို ဘယ်တော့မှ မစဉ်းစား၊ မပတ်သက်တာ ကောင်းမယ်ထင်တယ်"

အီဗာက

"နာဇီဝါဒဟာ ကိုယ်နဲ့သက်ဆိုင်နေတာပဲ"

ကွန်ရက်က

"ဒါပေမယ့် ဒီဝါဒက ခင်ဗျားကို သိပ်ပြီးစိတ်သောကပေးနေတာပဲ"

"ဟုတ်တယ်၊ ဒီနေ့ သတင်းတစ်ခု ကြားရတယ်။ ဂျူး မိန်းမတွေနဲ့ ကလေးငယ်တွေ ဝေါ်သေကြသတဲ့။ ကျွန်မက ကလေးတွေကို သိပ်ချစ်တာပဲ။ စိတ်မကောင်းဘူး"

"လူတိုင်းမှာ ကြင်နာတရားတော့ ရှိတာပဲပေါ့။တစ်နေ့ကျရင်တော့ ခင်ဗျားနဲ့ ကျွန်တော်တို့ သားသမီး ရချင်တောင် ရနေဦးမှာနော်..."

အီဗာက ထိတ်လန့်တကြားဖြင့်

"ရှင် ဘာတွေပြောနေတာလဲဟင်။ ဒီလို ဘာဖြစ်လို့ပြောရတာလဲ။ တစ်ယောက်ယောက်များကြားရင် ဘာဖြစ်မယ်ထင်သလဲ"

ကွန်ရက်က

"ဘယ်သူမှ မကြားနိုင်ပါဘူးဗျာ။ ခင်ဗျားနဲ့ကျွန်တော်တို့ လက်ထပ်ပြီး အတူတူနေကြရအောင်လေ"

ကွန်ရက်က အီဗာ၏လက်များကိုဆွဲယူ၍ အီဗာကို မိမိလက်များနှင့် သိမ်း၍ဖက်ထားလိုက်သည်။ သူက တပ်မက်တက်ကြွသောဆန္ဒများနှင့် အီဗာ့ကို ပွေ့ထား၏။ အီဗာကိုယ်တိုင် စိတ်ဆန္ဒများ တဖွားဖွား တက်ကြွလာလေသည်။

ကွန်ရက်က အီဗာကို အသာအယာမွှေးလိုက်၏။ ကွန်ရက်၏ အပြုအမူမှာ ညင်သာယုယလွန်းသည်ကို အီဗာက သတိပြုမိ၏။

ဟစ်တလာဆိုလျှင် ညင်သာယုယသော အပြုအမူများနည်းသည်။ ခပ်ကြမ်းကြမ်းချစ်တတ်သည်။

'သူကတော့ ငါ့ကိုငြီးငွေ့နေပါပြီလေ' အီဗာက ဟစ်တလာ၏ အကြောင်းကို ရုတ်တရက်တွေးမိလိုက်သည်။ ဟုတ်လည်းဟုတ်သည်။ ဟစ်တလာသည် ပျင်းရိဖွယ်ညဥ့်များနှင့်အတူ အီဗာကို တစ်ယောက်တည်း ထားခဲ့သည်မှာ ကြာပေပြီ။

အီဗာက ကွန်ရက်ကို တိုးတိုးလေးပြောလိုက်သည်။

"ကိုယ့်ကို အဒေါ့ဖ်က ပိုင်နေပါပြီကွာ"

"အီဗာ... မင်းကလည်း သူ့ကိုချစ်လား"

"တစ်နည်းအားဖြင့်တော့ ချစ်တယ်ဆိုရမှာပေါ့ကွယ်"

"ကိုယ့်ကို မင်းချစ်သလောက်တော့ သူ့ကို မချစ်ဘူး၊ ဟုတ်လား"

အီဗာက ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ မင်းကိုချစ်သလောက်တော့ သူ့ကိုမချစ်ပါဘူး"

အီဗာက ဆက်၍

"ဒါပေမယ့် ကွန်ရက်ရယ်၊ မင်း ကိုယ့်ဆီက ဘာအခွင့်အရေးတွေမှ မတောင်းပါနဲ့၊ မင်းကို သူတို့သတ်ပစ်လိမ့်မယ်ဆိုတာ မင်းမတွေးမိဘူးလား ဟင်။ ဘယ်တော့မှ မင်းနဲ့ကိုနဲ့ ချစ်နေကြတယ်ဆိုတဲ့အကြောင်းကို ထပ်ပြီးမပြောပါနဲ့နော်"



ကွန်ရက်က

"မင်း ကိုယ့်ရင်ထဲမှာရှိတဲ့ အတွေးတွေကို မတားဆီးပါနဲ့ကွာ။ ကိုယ့်အသည်းနှလုံးဟာ အချစ်နဲ့ပတ်သက်တဲ့ အတွေးအခေါ်တွေ အပြည့်ပဲကွ"

"အေးကွယ်၊ အဲဒီအတွေးတွေလို စိတ်ကူးယဥ်ကဗျာပဲ ထားလိုက်စမ်းပါ"

အီဗာက အမိန့်ပေးသလို ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ထိုနှစ်၏ မိုးဦးရာသီမှာ ခပ်စောစောပင် ရောက်လာလေသည်။ ၁၉၃၉ ခုနှစ်ဖြစ်၏။ နှင်းမှုန်များပျောက်ကွယ်သွားပြီဖြစ်၍ ရာသီဥတုမှာ သာယာတင့်မော၍လာလေသည်။

အီဗာကအဒေါ့ဖ် မိမိအိမ်သို့ရောက်လာပါစေကြောင်းဆုပင်တောင်းမိ၏။ သို့သော် အဒေါ့ဖ်ဟစ်တလာ၏ အရိပ်ကိုမျှ မမြင်ရပါချေ။ ထို့ပြင် အဒေါ့ဖ်ထံမှ ဘာသတင်းစကားမှလည်း မကြားရ၊ ထိုအတွင်း အီဗာသည် မိမိအား အဒေါ့ဖ်က အပိုင်ပေးထားသော ကားကိုမောင်း၍ စိတ်ထင်တိုင်း လျှောက်သွားနေတတ်သည်။ အီဗာအနေဖြင့် ကွန်ရက်နှင့်ချစ်နေကြသော်လည်း အဒေါ့ဖ်ကို သစ္စာထားဆဲဖြစ်သည်။ အဒေါ့ဖ်ကို မျှော်... မျှော်ဆဲ ရှိနေပါသည်။

တစ်နေ့တွင် အီဗာသည် ကားကိုကိုယ်တိုင်မောင်း၍ ထွက်သွားခဲ့သည်။ မြို့ငယ်လေးတစ်မြို့၏အစွန်၌ ဆင်းရဲသားရပ်ကွက်တစ်ခုကို ဖြတ်၍ ကားမောင်းလာသည်။ လမ်းထောင့်တစ်ခု၌ ကလေးငယ်တစ်ဦးသည် ရေမြောင်းထဲသို့ ထိုးကျ၍သေဆုံးနေသည်ကို တွေ့ရ၏။ အီဗာက မတော်တဆ လဲနေသည်ထင်သောကြောင့် ကားကိုရပ်၍ ကလေးထံသို့ ဆင်းကြည့်သည်။ ကလေးငယ်မှာ ပိန်ချုံးနေပြီး အဝတ်အစုတ်အပြတ်များ ဝတ်ဆင်ထားသည်ကို တွေ့ရ၏။ သူ့ကိုကြည့်ရသည်တွင် သေဆုံးသည်မှာ နာရီအနည်းငယ်ကြာပြီဟု ထင်ရ၏။ မိန်းမကြီးတစ်ယောက် အနားမှ ဖြတ်သွား၍ အီဗာက ပြောလိုက်၏။

"သူသေနေပြီ"

ထိုမိန်းမကြီးက ခေါင်းညိတ်သည်။

"ဂျူးကလေးတစ်ယောက်ပေါ့၊ သူ့အမေနဲ့ အဖေကိုတော့ ချွေးတပ်

စခန်းကိုခေါ်သွားပြီလေ။ သူတို့သေတာ ကောင်းပါတယ်။ ဂျာမနီရဲ့ ရန်သူတွေမဟုတ်လားရှင့်။ **ယေား… ဟစ်တလာ**"

မိန်းမကြီးက ဆက်ပြောနေ၏။ အီဗာက ပြန်၍

"**ယေား… ဟစ်တလာ**" ဟု အော်လိုက်ရ၏။

အီဗာက ထိုကလေးကို ပြန်ကြည့်နေပြန်သည်။ စစ်သားနှစ်ယောက် လျှောက်လာပြီး အီဗာကို တွေ့သွားသည်။

"ဂျူးကောင်ကလေးအတွက် ဝမ်းနည်းမနေပါနဲ့ဗျ"

သူတို့က ပြောသည်။ စစ်သားတစ်ယောက်က စစ်ဖိနပ်ကြီးဖြင့် ကလေးငယ်၏အလောင်းကိုကန်လိုက်သည်။ ထို့နောက် အလောင်းကလေးကို ရေမြောင်းထဲသို့ ကန်ချလိုက်လေသည်။

အီဗာသည် ဘာမှပြန်မပြောဘဲ လှည့်၍ပြန်ခဲ့သည်။ စစ်သားများက အီဗာကိုကြည့်နေ၏။ သူတို့က အီဗာကို မည်သူမည်ဝါဟု မသိကြပေ။ သူတို့သည် အီဗာ၏ ဖြောင့်စင်း တောင့်တင်းသောကိုယ်လုံးနှင့် ရွှေကျသော ဆံပင်တို့ကိုသာ ငေးမော၍ ကြည့်နေသည်။

အီဗာသည် ကားကိုမောင်း၍ထွက်ခဲ့သည်။ သို့သော် ဂျူးလူမျိုး အသေကောင်ကလေး၏မျက်နှာမှာ အီဗာနှင့်အတူ ပါလာလေသည်။

အီဗာက ဂျူးလူမျိုးဒုက္ခသည်တွေအကြောင်းကို တွေးလာသည်။ ညှဉ်းဆဲခံရပြီး သေသွားသူတွေကို တွေးမိသည်။ ဒီလိုလုပ်မှဖြစ်မည်။ ဒါမှလည်း အာရိယံမျိုးနွယ်စစ်စစ်တွေ ဂျာမနီမှာ ထွန်းကားလာမည်မဟုတ်လား။

ထို့ကြောင့် အီဗာက ကလေးငယ်နှင့်တကွ စိတ်ဆင်းရဲစရာတွေ အားလုံးကို မေ့ထားရန်ကြိုးစား၏။ သို့သော် မျက်စိထဲတွင် သနားစရာ ဂျူးကောင်ကလေး၏မျက်နှာက ပေါ်၍လာပြန်တော့သည်။

အီဗာ အိမ်ပြန်သောအခါ ကွန်ရတ်မှာ အိမ်၌မရှိ။ ဖရင့်ဖတ်ကို သွားနေသည်။ အီဗာသည် ထိုနေ့ညစာကို မစားသောက်နိုင်ပေ။ ညစာကို အီဗာ၏အခန်းထဲသို့ အိမ်ဖော် အင်မီက လာပို့သည်။

'ကျွန်တော့်မှာ စားစရာမရှိဘူး' ဂျူးကောင်ကလေးက လာပြောနေသည့်ဟန်။ အီဗာ၏မျက်စိထဲ၌ မြင်လာလေသည်။ အပြင်ဘက်တွင် အစောင့်ရဲဘော်များ တာဝန်လဲနေသည့် အသံများကြားရ၏။

အင်မီက အခန်းထဲဝင်လာ၏။



"ငါ ညစာမစားတော့ဘူး"

အီဗာက ပြောလိုက်သည်။

အင်မီက

"ဒါပေမယ့် ကော်ဖီဖြစ်ဖြစ်၊ ကော့ညက်အရက်ဖြစ်ဖြစ် သောက်ပါ အုံးလား ဖရော်လင်"

"ဟင့်အင်း ငါသိပ်အိပ်ချင်တယ်။ အနားယူပြီး အိပ်လိုက်မယ်။ သိပ်လှုပ်လှုပ်ရှားရှား မလုပ်ချင်လို့ပါ"

အီဗာသည် မိမိ၏အိပ်ခန်းသို့ ထွက်လာခဲ့သည်။ ဟုတ်ပါသည်။ အဒေါ့ဖ် တစ်ချိန်က ပြောခဲ့သည့်အိပ်ခန်းပင် ဖြစ်ပါသည်။ ယခုတော့ အဒေါ့ဖ်ဟစ်တလာ မေ့ထားသော အိပ်ခန်းလည်းဖြစ်ပါသည်။ အီဗာသည် အိပ်ရာပေါ်၌ ထိုင်ချလိုက်လေသည်။ အဝတ်အစားတွေကိုပင် မလဲချင်တော့၊ သူမသည် ဆော်လီအင်္ကျီကြယ်သီးတွေကို ဖြုတ်လိုက်၏၊ အီဗာတစ်ကိုယ်လုံး အဖျားတက်နေသည်။ အိပ်ပျော်အောင်အိပ်ချင်၏။ သို့သော်အိပ်၍ကား မရချေ။ အိပ်မပျော်လျှင် ဘာလုပ်ရမလဲ။

အီဗာသည် စီးကရက်မီးညှိရန် မီးခြစ်ကို ခြစ်လိုက်သည်။

သို့သော် မီးခြစ်မှာ ခြစ်၍မရပေ။ ထိုမီးခြစ်မှာ တစ်ချိန်တုန်းက အဒေါ့ဖ်ဟစ်တလာက အီဗာကို လက်ဆောင်ပေးထားသော မီးခြစ်ဖြစ်လေသည်။ မီးခြစ်ပေါ်တွင် အီဗာဘရောင်းဆိုသော အမှတ်အသားအဖြစ် (အီ–ဘီ) ဟုရေးထိုးထားသည်။ ထိုစာလုံး၏ထိပ်မှ အဒေါ့ဖ်ဆိုသော အမှတ်အသားစာလုံးကို အေ ဟု ထိုးထားလေ၏။

"ဒေါ့ဖ်ရဲ့ မီးခြစ်ကတောင် ငါ့ဖို့မီးတောက်မပေးတော့ပါကလား"

အီဗာသည် စိတ်ထဲမှပြောလိုက်သည်။

ထိုအချိန်၌ ဂျူးကောင်ကလေး၏မျက်နှာကို အီဗာ၏စိတ်အစဉ်၌ ပြန်၍မြင်ရပါသည်။ အီဗာ၏ အိပ်ရာဘေးတွင်ကား ဖန်ဘူးနှင့်ထည့်ထားသော ဒေါက်တာမောရဲလ် ပေးခဲ့သည့် အိပ်ဆေးပုလင်းကလေးရှိသည်။ ငွေရေချိုင့်ထဲတွင်ကား ညဥ့်မှာသောက်ဖို့ ရေခဲရေအပြည့် ရှိလေသည်။ အီဗာသည် ပုလင်းကလေးကိုယူ၍ ဆေးပြားနှစ်ပြားထုတ်လိုက်၏။ ဆေးပြားကလေးများကို ပါးစပ်ထဲထည့်ပြီး မျိုချလိုက်လေသည်။ အီဗာသည် ပုလင်းထဲမှ နောက်ထပ်ဆေးပြားတွေကို ထပ်၍မျိုချလိုက်မိပြန်သည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းပင် သတိမရှိတော့။

အီဗာ၏ မျက်လုံးတွေမှာ မှုန်ဝါးဝါးဖြစ်လေသည်။ မိမိမှာ ဟစ်တလာ လက်မထပ်ရသေးသော ဇနီးတစ်ယောက်ဖြစ်သည်။ သို့သော် ဟစ်တလာ၏ မေ့ထားခြင်းခံရသူလည်းဖြစ်သည်။ ထို့နောက် ကိုယ်ရံတော်မှူး ကွန်ရတ်နှင့် မိမိတို့ ချစ်နေကြသည်။ သို့သော် ဝမ်းသာစရာမဟုတ်။ ဟစ်တလာသာ သည်အကြောင်းကိုသိလျှင် မိမိရော ကွန်ရတ်ပါ အသတ်ခံကြရမည်ဖြစ်သည်။

မိမိအနေဖြင့် ဂီလီသေသလို သေရမည်ကို နားလည်သည်။ အီဗာသည် တွေးရင်းတွေးရင်း ချာချာလည်၍သွားသည်။ သောက်ထားသော အိပ်ဆေးပြားများ၏အရှိန်က အစွမ်းပြလာလေပြီ။

သို့သော် အီဗာ့အဖို့ သေကိန်းနှင့်မကြုံရသေးပေ။

အီဗာ၏ အိမ်ဖော် အင်မီသည် အီဗာ့အခန်းထဲသို့ ဝင်လာသည်။ အင်မီက မိမိသခင်မ ညစာမစားသဖြင့် အသားသွတ်ဘူး ဆလတ်ရွက်၊ ငွေကရားနှင့် ကော်ဖီနက် ခါးခါးဖျော်၍ယူလာလေသည်။ အင်မီက မိမိသခင်မ အိပ်နေလျှင် နိုးသွားမည်စိုးသောကြောင့် တံခါးကို အပြင်မှ အသာအယာပင် ခေါက်လေသည်။ အထဲမှ ထူးသံကြားရသောကြောင့် အင်မီက တံခါးကို အသာအယာတွန်းဖွင့်၍ ဝင်သွားလေ၏။ အီဗာ၏ အိပ်ရာဘေးမှ မီးပွင့်မှ လင်း၍နေသည်။ အီဗာသည် အဝတ်အစားများကို မလဲဘဲ အိပ်ရာပေါ်၌ မှောက်ခုံလဲနေ၏။ အီဗာ၏ အသက်ရှူသံမှာ ပြင်းထန်လွန်းနေသည်။ အသက်ရှူသံကို ကျယ်လောင်စွာ ကြားရ၏။ အီဗာ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် နီရဲနေရာမှ တဖြည်းဖြည်း ညိုညစ်ညစ်အရောင်သို့ ပြောင်းလဲနေသည်။

အင်မီသည် 'ဘုရားသခင်'ဟု တစ်ခွန်းသာ ပါးစပ်မှ ရွတ်လိုက်၏။ လက်ထဲမှ ကော်ဖီဗန်းမှာ လွတ်၍ကျသွား၏။ အဖိုးတန်ကော်ဇော‌များကို ကော်ဖီရည်များ စွန်းထင်းသွားမည့်အဖြစ်ကိုပင် ဂရုမပြုနိုင်တော့၊ အင်မီသည် သခင်မထံသို့ ပြေးသွားလေသည်။

အင်မီကား အီဗာ၏အသက်ကို လက်မတင်ကလေးမျှသာ ကယ်ဆယ်လိုက်နိုင်ပေသည်။

✡✡✡

# ကမ္ဘာကြီးမှာ စမ်းရေအိုင်တစ်ခု

အီဗာ၏အဖြစ်စုံသတင်းကို ဘာလင်မြို့တော်၌ သွားရောက်နေထိုင်သော အဒေါ့ဖ်ဟစ်တာလထံသို့ ချက်ချင်းပို့လိုက်လေသည်။

အဒေါ့ဖ်ဟစ်တလာသည် ချက်ချင်းရောလာ၏။

အဒေါ့ဖ်၏ဟန်ပန်မှာ ယခင်ကနှင့် လုံးဝမတူ၊ ငြိမ်ငြိမ်သက်သက် နူးနူးညံ့ညံ့ဖြစ်နေသည်။ အီဗာအပေါ် ကြင်နာယုယသည့် အပြုအမူများကို တွေ့ရသည်။ သူက အီဗာကို ခေါ်လိုက်၏။

"အဗီ… အမိုက်မလေး… အချစ်… အဗီ"

အီဗာသည် လောကဓာတ်လုံးကို ခပ်ဝါးဝါးသာကြည့်နေရဆဲမှာပင်

"ရှင် ကျွန်မကို မေ့ထားခဲ့ပြီလို့ ကျွန်မထင်နေတာ"

ဟုပြောလိုက်သည်။ အီဗာ၏ စိတ်ထဲတွင်တော့ ဂျူးကောင်လေး၏ ရုပ်သွင်မှာ မြင်နေဆဲဖြစ်သည်။ ဂျူးကောင်ကလေးသည် မိမိအခန်းထဲသို့ ဝင်လာပြီး "ကျုပ်သေပြီးနောက် ခင်ဗျားကော ဘယ်လောက်ကြာကြာ အသက်ရှင်နေနိုင်မလဲ"ဟု မေးနေသလို ထင်နေသည်။

အဒေါ့ဖ်က

"အဗီ… မင်းကို ကိုယ်ဘယ်တော့မှ မမေ့ပါဘူး။ မင်းက ကိုယ်နဲ့ မပတ်သက်တဲ့ကိစ္စတွေကိုတွေးပြီး သိပ်ပြီးသောကရောက်ချင်တာကိုး"

ဟု ပြော်နေ၏။

"ကျွန်မက ကမ္ဘာကြီးအတွက် ပူပန်နေမိတာ"

"ကမ္ဘာကြီးက ကိုယ့်ကမ္ဘာကြီးဖြစ်နေပါပြီကွယ်။ မင်းကို ကိုယ်

ဘယ်တော့မှ ခွဲထားခဲ့မှာမဟုတ်ဘူး အဇီလေး။ မင်းနေချင်တယ်ဆိုရင် မိုးဦးရာသီမှာ ကိုယ်နဲ့ ဘာလင်မြို့ကို လိုက်နေပါကွယ်။

"ဟင်… လိုက်ရမယ်မဟုတ်လား၊ အဒေါ့ဖ်ရယ် တကယ်ပြောနေတာလားဟင်"

"တကယ်ပြောနေတာပေါ့ကွယ်၊ ကိုယ်နဲ့လာပြီး အပန်းဖြေတာပေါ့။ ဒေါက်တာမောရဲဘ်ကလည်း မင်း ကိုယ်နဲ့လိုက်ပြီးနေဖို့ အကြံပေးပေးတယ်။ တို့အတူသွားကြမယ်"

အီဗာက ငိုနေ၍ ဒေါ့ဖ်က မျက်ရည်တွေကို အသာအယာသုတ်ပေးနေလေ၏။ သူ့အမူအရာမှာ ကြင်နာယုယမှုတွေအပြည့်နှင့် ဖြစ်နေပြန်လေ၏ ။

"မငိုနဲ့ကွယ် အချစ်ရယ်။ တော်တော်ကြာရင် မင်းနေကောင်းသွားမှာပါ။ မငိုနဲ့နော် အဇီ"

အီဗာသည် ဘာဘင်မြို့တော်သို့ ဟစ်တလာနှင့်အတူ လိုက်လာခဲ့သည်။ အီဗာက ဒေါ့ဟစ်တလာနှင့် အတူတူပြန်လာ၍ နေထိုင်ခြင်းကို ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော ဂိုရင်း၏မိန်းမ အင်မီဂိုရင်းမှာ မကျေနပ်မနှစ်သက်နိုင်ဟန်ဖြစ်နသည်။သို့သော် အင်မီဂိုရင်းသည် အလွန်အကြွားပိုသော မိန်းမကြီးဖြစ်နေသည်။ သူမက ဘာလင်မြို့တော်မှာရှိသော အဝတ်အစား အသစ်အဆန်းတွေအားလုံးထဲမှ အကောင်းဆုံးဆိုသည်တွေကို မိမိဝယ်ပြီးပြီဟု ကြွားတတ်၏။ သူမသည် အီဗာကို ဘာလင်မြို့တော်သို့ သွားပြီး အဝတ်အစားသစ်များ ဝယ်စေသည်။ သူက အီဗာအတွက် ခေတ်ဆေါဖက်ရှင်သစ် ဝတ်စုံများ ဝယ်ယူသင့်ကြောင်းလည်း ပြောဆိုတိုက်တွန်းပြန်သည်။ အီဗာသည် လှပသစ်လွင်သော ဂါဝန်ဝတ်စုံများ သွားရောက်ဝယ်ယူခဲ့၏။

အဒေါ့ဖ်ဟစ်တလာမှာ ဘာလင်မြို့တော်၌ အလွန်တရာမှ အလုပ်များနေလေသည်။ သူ့မှာ အိပ်ချိန်ဟူ၍ သိပ်မရှိ၊ ညဥ့်တိုင်းညဥ့်တိုင်းပင် လူတွေမှာ ဝင်လိုက်ထွက်လိုက်နှင့် အတောမသတ် စည်ကားနေသည်။ ဂိုရင်း၊ ဟက်၊ ဘော်မန်းစသော ခေါင်းဆောင်များလည်း မနားတမ်းအလုပ်များနေလေသည်။

ယခုအချိန်တွင် ကွန်ရတ်မှာ အီဗာအား စောင့်ရှောက်ရန်အတွက်



ပြန်၍ရောက်နေပြန်ပေပြီ။ အီဗာမှာ ကွန်ရတ်ကို မြင်နေရ၍ပင် သွေးလန့်နေ၏။ ကွန်ရတ်အတွက် မိမိမှာ အန္တရာယ်ရှိလာမည်ကို စိုးရိမ်လာသည်။

ကွန်ရတ်က

"ကိုယ်ဒီကိုရောက်လာတာ ဝမ်းမသာဘူးလား"

ဟု အီဗာကို မေး၏။

အီဗာက

"ကိုယ့်အနေနဲ့တော့ မင်းပြန်ရောက်လာတာ သိပ်ဝမ်းသာပါတယ်။ မင်းအတွက် ကိုယ်စိုးရိမ်နေတယ်။ ဘယ်လိုဖြစ်လာမယ်ဆိုတာမှ မပြောနိုင်ဘဲ။ ဘာလင်မြို့တော်ကလည်း သူလျှိုတွေ အပြည့်မဟုတ်လား"

"အင်္ဂလိပ်သူလျှိုတွေ များတာပါကွာ"

"ဒါပေမယ့် ကိုယ်တော့ အနာဂတ်အတွက် သိပ်ပြီးလန့်နေတယ်"

အီဗာက ပြောပြောဆိုဆို စီးကရက်တစ်လိပ် မီးညှိနေ၏။ သူမ၏ လက်မှာ ဆေးငွေ့ဖြင့် အဝါရောင် စွန်းထင်းနေသည်။

"အနာဂတ်ဆိုတာ ပင်လယ်ဝဲကြီးလိုပါပဲ။ ဘယ်တော့မှ တပ်အပ်သေချာခန့်မှန်းလို့ မရပါဘူး"

အီဗာက ဆက်၍ပြောသည်။ကွန်ရတ်က စားပွဲပေါ်၌ နှင်းဆီပန်းအိုးကြီးကို ငေးကြည့်နေသည်။ ပန်းအိုးကြီးအတွင်း၌ နှင်းဆီပန်းတွေ အပြည့်ထိုးစိုက်ထားသည်။

ဤပန်းများမှာ ရိုင်းမြစ်ဝှမ်းဒေသမှ ဖြစ်လေသည်။ ထိုဒေသ၌ ဤပန်းမျိုး အလွန်ပေါသည်။

ကွန်ရတ်က ပြောနေ၏။

"လောကကြီးမှာ တစ်ယောက်ကသိပြီး တစ်ယောက်ကမသိတဲ့ အရာတွေ အများကြီးပါ။ မင်းနဲ့ကိုယ့်ရဲ့ဘဝက လုံခြုံပါတယ်ကွာ။ ဘာမှ မပူပါနဲ့။ အခုအခါမှာ မင်းကို လူနှစ်ယောက်က စောင့်ရှောက်နေတယ်၊ သိရဲ့လား။ တစ်ယောက် တပ်ကြပ်ဘဝက နိုင်ငံခေါင်းဆောင်ကြီး ဖြစ်လာတဲ့လူ၊တစ်ယောက်ကတော့ မင်းကိုအမြဲတမ်းချစ်သွားမယ့် တပ်ကြပ်ကြီးတစ်ဦးပေါ့။ မင်း ကိုယ်ပြောတာ နားလည်ရဲ့လားဟင်"

"ကိုယ်နားလည်ပါတယ်၊ အခု အခြေအနေမှာတော့ မင်းနဲ့ကိုယ်ဟာ မီးနဲ့ကစားသလိုပဲ၊ သိပ်အန္တရာယ်များတယ်"

အီဗာ၏ မျက်နှာမှာ သိပ်မသာယာလှ။

"ဒီမီးဟာ ဘယ်တော့မှလောင်မှာ မဟုတ်ဘူး။ သူကတော့ ဒီမီးထဲ ပါသွားမှာပေါ့လေ။ မင်းကတော့ လွတ်မှာပါ။ ကိုယ်သေသေချာချာ သိပါတယ်"

ကွန်ရတ်ကပြော၏။

အီဗာက လေသံဖြင့် ဆက်ပြောသည်။ နေရာမှာ မလုံခြုံသည်ကို သိ၏။ အီဗာအနေဖြင့် သိပ်မစွန့်စားရဲ ဖြစ်နေပေသည်။ ထို့ကြောင့် တိုးတိုးပြောရ၏။

"တစ်ခါတုန်းက လက္ခဏာဆရာမကြီးတစ်ယောက်က ကိုယ့်ကို ပြောဖူးတယ်။ တစ်နေ့မှာ ကိုယ်လက်ထပ်ရမယ်တဲ့၊ လက်ထပ်ပြီး နာရီပိုင်းအတွင်းမှာပဲ သေရမယ်တဲ့။ အဲဒီဟောပြောချက်က ကိုယ့်ကို အမြဲခြောက်လှန့်နေတာပဲ။ အဲဒီမိန်းမကြီးဟာ တစ်နွေလုံး ရှမ်စတင်းဟွန်းတောင်ပေါ်မှာ လာနေတဲ့ မိန်းမကြီးလေ။ မင်း သူ့ကို သတိရသေးလား"

ကွန်ရတ်က

"ကိုယ်သိတာပေါ့။ အဲဒီမိန်းမကြီးက ကိုယ့်ကိုလည်း လက္ခဏာ ဟောဖူးတာပဲ။ သူက ကိုယ်ဟာ အသက်နှစ်ဆယ်မပြည့်မီ သေလိမ့်မယ်လို့ ဟောခဲ့တယ်။ အခု ကိုယ့်အသက် နှစ်ဆယ့်ခုနစ်နှစ် ရှိပြီလေ။ မင်း ဒါကို ဘယ်လိုထင်လဲ"

အီဗာက ရယ်လိုက်ပြီးမှ

"ဒီလိုဆိုရင် ဒီမိန်းမကြီးဟာ ဘာမှ သေသေချာချာ သိတာမဟုတ်ဘူးပေါ့"

"ဟုတ်တာပေါ့၊ အနာဂတ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူးကွာ။ ဘာပြုလို့လဲဆိုတော့ အနာဂတ်ကို ဘုရားသခင်ကသာ ပိုင်ဆိုင်တာကိုး။ တို့ဘယ်လိုမှ အနာဂတ်ကို ကြိုတင်မျှော်ကြည့်လို့မရဘူး"

ထိုခဏတွင် ခြေသံများ အပြင်ဖက်မှ ကြားရသဖြင့် အီဗာက ကွန်ရတ်ကိုတစ်ချက်လှမ်းပုတ်လိုက်ရင်း သတိပေးလိုက်သည်။ ကွန်ရတ်က အီဗာထက်ပင် လျင်မြန်ပါသေးသည်။ သူသည် ဖဲချပ်များကို တစ်ချပ်စီ ထပ်၍နေလေသည်။

မကြာမီ တံခါးပွင့်သွားသည်။ ဝင်လာသူမှာကား အဒေါ့ဖ်



ဟစ်တလာ ကိုယ်တိုင်ဖြစ်နေ၏။ သူတို့က ဟစ်တလာကို ထ၍အလေးပြုလိုက်ကြ၏။

သူတို့မှာ ရယ်ရယ်မောမော ဖြစ်နေကြ၏။

ဟစ်တလာက အလွန်သဘောကောင်းနေသည့်ဟန်ဖြင့်

"ဘာတွေသဘောကျနေကြတာလဲ"

ဟုမေးနေသည်။ သူတို့က စောစောက သူတို့ပြောခဲ့သည်တို့ကို ပြောပြသည်။

အဒေါ့ဖ်က

"မင်းတို့နှစ်ယောက်စလုံး အနာဂတ်ကို အဓိပ္ပာယ်ကောက် လွဲနေကြတယ်ကွ၊ အနာဂတ်ဟာ အတိတ်နဲ့ပြိုင်နေတာပဲ။ အတိတ်ကဖြစ်ပြီးတာတွေ အနာဂတ်မှာ ပြန်ဖြစ်လေ့ရှိတယ်။ စက်များလည်သလိုပါပဲကွာ"

အီဗာက ကွန်ရတ်ကို မိမိအခန်းထဲမှ ထွက်ခွာသွားရန် အချက်ပြလိုက်၏။ ကွန်ရတ်ထွက်သွား၏။

အီဗာသည် အဒေါ့ဖ်၏ ကုလားထိုင်ဘေး၌ ဒူးထောက်လိုက်ပြီး

"ကျွန်မတို့တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်နော် အဒေါ့ဖ်"

အဒေါ့ဖ်က

"ဟုတ်တာပေါ့ကွယ်၊ အခုနေမှာဆိုရင် ကမ္ဘာကြီးရဲ့ဒုက္ခမျိုးစုံဟာ ကိုယ့်ပခုံးပေါ်ကို ကျရောက်နေတယ်။ ကိုယ့်တာဝန်တွေဟာ တဖြည်းဖြည်းကြီးမားလာတယ်။ ကိုယ် ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့ အင်အား ဘယ်လိုရနိုင်မလဲဆိုတာ မသိဘူး။ ဒါပေမယ့် ကိုယ်တိုက်ခိုက်နေမှာပဲ"

အီဗာက

"ရှင်အားလပ်ချိန် နည်းနည်းရရင် ကောင်းမယ်၊ ကျွန်မတို့ရက်အား နည်းနည်းလောက်ယူရင် မကောင်းဘူးလားဟင်၊ ကျွန်မတို့ နည်းနည်း အားလပ်ချိန်ယူကြရအောင်၊ ရှင့်အတွက် သိပ်ပြီး သင့်တော်မှာပဲ။ နည်းနည်း နားလိုက်ရင်လေ"

"မဖြစ်နိုင်ပါဘူးကွယ်"

"ဖြစ်နိုင်ရမှာပေါ့"

အီဗာက ပြောပြောဆိုဆိုပင် အဒေါ့ဖ်၏ခေါင်းကို အောက်သို့နှိမ့်ဆွဲချပြီး သူ့ကိုနမ်းလိုက်လေသည်။

ဟစ်တလာကို အနားယူရန်အတွက် ဒေါက်တာမော်ရဲလ်ကိုယ်တိုင်ကပင် တင်းတင်းကျပ်ကျပ် တိုက်တွန်းသောအခါတွင် ဟစ်တလာက ဤသို့ပြန်ပြောခဲ့သည်။

"အခုအချိန်မှာ တခြားကိုထွက်သွားဖို့ မဖြစ်ဘူးဗျ။ ကမ္ဘာကြီးမှာ သိပ်အရေးကြီးနေတယ်၊ ခင်ဗျား လူထုရဲ့အခြေအနေကို ဘာမှမသိဘူး။ ခင်ဗျား စဉ်းစားဖို့ကောင်းတယ်၊ အခု… အခု… အခု ခင်ဗျား ဘာမှနားမလည်ဘူး"

ဆရာဝန်ငယ်ကလေးက အေးဆေးစွာပင် ပြန်ပြောသည်။

"ခင်ဗျား လည်ချောင်းရောဂါအခြေအနေ မကောင်းဘူး။ အေးလေ… ဘာပဲဖြစ်ဖြစ် မိုက်မိုက်ကန်းကန်းတော့ မလုပ်စေချင်ဘူး"

နောက်ဆုံး၌ အဒေါ့ဖ်ဟစ်တလာသည် အရှုံးပေးလိုက်ရ၏။ ရက်အတော်ကြာ ဘာလင်မှခွာ၍ ဘတ်ချ်တက်စ်ဂဒင်သို့ သွားရောက်လည်ပတ်အနားယူရန် ဆုံးဖြတ်ရလေသည်။

ပါတီခေါင်းဆောင်များ၊ အမိန့်များ၊ စည်းကမ်းဥပဒေများကို စွန့်ခွာ၍ ခေတ္တမျှ နောက်မှာထားခဲ့ပြီး သူတို့သည် နိုင်ငံတွင်း အပန်းဖြေခရီး ထွက်ခွာသွားကြလေ၏။

ကားကို အီဗာကိုယ်တိုင်မောင်း၍ အီဗာနှင့် အဒေါ့ဖ်တို့သည် အပန်းဖြေခရီးကို စတင်ခဲ့သည်။

သူတို့၏ အပန်းဖြေခရီး၏ ဒုတိယနေ့တွင် အီဗာသည် ကားကို ရေအိုင်ကြီးတစ်ခု၏ဘေး၌ ထိုးရပ်လိုက်သည်။ ရေပြင်မှာ မှန်သားလိုကြည်လင်လျက်ရှိပေသည်။ကန်ရေပြင်၏အလှရှုခင်းပေါ်၌ တောခင်ရောင်များသည် ပျံသန်းလူးလာ လှုပ်ရှားသွားလာလျက် ရှိလေ၏။ ဝန်းကျင်ဒေသမှ သစ်ပင်အုပ်များက ရေရိပ်နှင့်အတူ တိတ်ဆိတ်အေးချမ်းနေစေသည်။ ရေထဲတွင် လီလီပန်းအဖြူရောင်များ ကားကားစွင့်စွင့် ပွင့်လန်းလျက်ရှိကြသည်။ ပန်းပွင့်များသည် ရေရိပ်ထဲတွင် ရောင်ပြန်ဟပ်၍ တောက်ပနေပေသည်။

အဒေါ့ဖ်က ပြောသည်။

"ပန်းရိပ်တွေဟာ လူ့ဘဝလိုပါပဲ၊ ပညာရှိတွေကတော့ ဘယ်ဟာပန်းအစစ်၊ ဘယ်ဟာက ပန်းအရိပ်ထယ်နေတယ်ဆိုတာ နားလည်နိုင်ကြတယ်"



သူသည်ရေအိုင်ဘေးမှမြက်ခင်းပေါ်တွင် ထိုင်နေသည်။ပုရွက်ဆိတ်ကောင်များသည် ပုရွက်ဆိတ်တောင်ကမူကလေးအနီး၌ အချင်းချင်းတိုးဝှေ့တိုက်ခိုက်၍နေကြ၏။

အဒေါ့ဖ်က ရေထဲမှာ ပွင့်နေသော ပန်းများကိုကြည့်၍

"ကိုယ် ပန်းတွေအားလုံးကို လိုချင်လိုက်တာ၊ ပန်းအစစ်ရော၊ ပန်းအရိပ်တွေပါပေါ့လေ၊ ကိုယ် အားလုံးလိုချင်တယ်"

အီဗာက

"ကျွန်မ ဒါတွေ ယူပေးရမလားဟင်"

အဒေါ့ဖ်က

"မင်း ယူပေးနိုင်ရင်ပေါ့လေ။ ဒါပေမယ့် အားလုံးကိုရမှနော်။ နည်းနည်းလေးနဲ့တော့ ကိုယ်မကျေနပ်နိုင်ဘူး"

"ကြည့်နေပါရှင်၊ ကျွန်မ ခူးပေးမယ်"

အီဗာက ရဲရဲတင်းတင်းပင် ကတိပေးလိုက်သည်။ အီဗာသည် ချက်ချင်းပင် ကိုယ်ပေါ်မှ အဝတ်များကို ခွာချလိုက်သည်။ ထို့နောက် ရေထဲသို့ ရေနတ်သမီးတစ်ဦးလို ပေါ့ပါးစွာ ဆင်းသွားလေ၏။ အီဗာမှာ မိမိ၏ကိုယ်လုံးအလှအပကို ဖော်ပြခွင့်ရသဖြင့် ကျေနပ်နေပေသည်။ အီဗာ၏ အသားအရေမှာ စိုပြည်ဝါဝင်း၍ အပြစ်အနာအဆာ တစ်ခုမှမရှိပေ။ သူမ၏ လက်မောင်းနှင့်ဒူးတို့မှာ အသားပြည့်ပြည့်ဖြိုးဖြိုးနှင့်ဖြစ်သည်။ ဝမ်းဗိုက်မှာ သေးသွယ်ပြားချပ်၍ ဖွံ့ဖြိုးသောတင်ပါးမှာ အရုပ်ထုထားသည့်နှယ် အချိုးအဆစ်ပြေပြစ်နေပေသည်။

ဟစ်တလာသည် အီဗာ၏ကိုယ်ဟန်ကို နောက်မှနေပြီး ကြည့်နေလေသည်။ အီဗာသည် ရေထဲသို့ မြူး၍ ကြွ၍ဆင်းသွားလေ၏။

တစ်ကြိမ်တွင် အီဗာသည် ရေထဲမှ တွင်းချိုင့်တစ်ခုထဲသို့ ခြေကျွံကျသွားလေသည်။ အီဗာ၏ တစ်ကိုယ်လုံးမှာ ရေထဲသို့ စုံးစုံးနစ်သွား၏။ အီဗာ၏ ကိုယ်အလေးချိန်ကြောင့် နစ်၍သွားပြီးမှ ရေပေါ်သို့ပြန်၍ပေါ်လာလေသည်။ ပါးစပ်ထဲသို့ ရေတွေဝင်လာ၏။ ကမ်းပေါ်မှ အဒေါ့ဖ်ဟစ်တလာသည် အီဗာရေထဲသို့ နစ်ကျွံသွားသည်ကို ကောင်းကောင်းထိုင်ကြည့်နေသည်။ သူသည် အီဗာကိုကူရန် တစ်စုံတစ်ရာ ကြိုးစားခြင်းမရှိ။

အီဗာက

"သူကတော့ ငါ ရေနစ်သွားလည်း ဂရုမစိုက်ပါဘူး"

ဟုတွေးပြီး ထိတ်လန့်သွား၏။ ရေအိုင်မှာ ရေပဲအနည်းငယ်ရှိသည်။ ထို့ကြောင့်ပင် အီဗာက တစ်စုတစ်ဝေး ပွင့်နေသောနေရာသို့ ရောက်အောင် ကြိုးစား၍ ကူးသွား၏။ သို့သော် အီဗာမှာ အနီးဆုံးလီလီပန်းကလေးများကိုသာ ချိုး၍ ယူလာနိုင်သည်။ အီဗာသည် ပန်းခိုင်ကိုကိုင်ပြီး ခက်ခဲစွာပင် ကမ်းစပ်သို့ရောက်သောအခါ ပန်းခိုင်မှာ ကျိုးပဲ့နေပြီး ပန်းပွင့်များမှာလည်း ကြေမွကုန်ပြီဖြစ်လေသည်။

"ရှင် သိပ်နေနိုင်တာပဲ၊ ကျွန်မကို လာမကူဘူး"

အီဗာက ဟစ်တလာနားသို့ လျှောက်လာရင်းပြောလိုက်သည်။ ထို့နောက် အင်အားကုန်ခမ်း မောပန်းနေရင်း လှဲချလိုက်သည်၊ အီဗာက တွေးနေသည်။ 'ကွန်ရက်သာဆိုရင် ငါ့ကိုလာပြီး ကယ်ပဲ၊ သူက ငါ့ကို ချစ်တာကိုး။အဒေါ့ဖ် ငါ့ကိုလက်ကလေးကမ်းပြီးတော့တောင်မှ ဆွဲမခေါ်ဘူး'

ဟစ်တလာက ပြန်ပြောသည်။

"မင်းကို ငါမကူညီနိုင်ပါဘူး၊ ရေအိုင်ဟာ ကမ္ဘာကြီးနဲ့တူတယ်။ လီလီပန်းတွေဟာ ကမ္ဘာကြီးကပေးလာမယ့် ဆုလာဘ်တွေနဲ့တူတယ်။ မင်းဟာ ကမ္ဘာကြီးကပေးလာမယ့် ဆုလာဘ်နဲ့တူတဲ့ လီလီပန်းတွေမှ ရအောင် မယူနိုင်ဘဲကိုး။ ပန်းလေးတစ်ပွင့်ပဲ ရလာတယ်။ ငါလိုချင်တာက အားလုံးကွ၊ အားလုံး... ပန်းတွေအားလုံးလိုချင်တာ"

သူသည် ကလေးငယ်တစ်ယောက်လိုပင် အငမ်းမရ ပြောနေသည်။ သူသည် အီဗာခူးလာသော ပန်းကလေးကို လွှင့်ပစ်လိုက်လေ၏။ ပန်းကလေးမှာ ကြေမွနေပေပြီ။

အီဗာက ကိုယ်ကိုခြောက်သွေ့လုပ်၍ အဝတ်အစားများကို ပြန်ဝတ်ပြီးလျှင် အဒေါ့ဖ်၏ဘေး၌ သွားထိုင်၏။ သူသည် ဘာတစ်ခွန်းမှ နောက်ထပ်မပြောတော့။ ပြီးတော့... သူတို့သည် အိမ်သို့ ကားမောင်း၍ ပြန်လာကြလေသည်။

အော်တိုဘန်းလမ်းမကြီးသို့ ရောက်သောအခါ အီဗာက ပြော၏။

"ဒီလမ်းမကြီးဟာ သိပ်ကျယ်ပြီး ရှည်လည်းရှည်တယ်နော်"

ဟစ်တလာက ပြန်ပြော၏။

"အို အချစ်ကလေး အဗီ၊ မင်းဘာမှ မသိပါကလား... တစ်နေ့ကျ



ရင် ဒီလမ်းမကြီးဟာ မိုးကောင်းကင်ကိုတောင် အရောက်သွားနိုင်မယ့် လမ်းဖြစ်လာလိမ့်မယ်ကွယ့်"

အီဗာက အဒေါ့ဖ်ဟစ်တလာ ဘာပြောသည်ကို နားမလည်ပေ။ သို့သော် နောက်ထပ် ဘာမှထပ်မပြော၊ ထပ်မမေးတော့ဘဲ လိုက်လာ၏။

ဘတ်ချ်တက်စ်ဂဒင်အိမ်တော်သို့ရောက်သောခါတွင် ဟစ်တလာ၏ ရဲဘော်တစ်ဦးရောက်နေသည်ကို တွေ့ရလေ၏။ ထိုရဲဘော်၏ မျက်နှာကို ကြည့်၍ အရေးတကြီးကိစ္စရှိကြောင်း အီဗာ အကဲခတ်မိ၏။ သေသေချာချာ ကြည့်သော် ထိုသူမှာ ဖရောရှမစ်၏သား ယူဂျင်ဖြစ်ကြောင်း အီဗာသိရလေသည်။

"ယူဂျင်... ယူဂျင်ပါလား၊ ဒီကို ဘာကိစ္စလာပါလိမ့်"

အီဗာပြောလိုက်သည်။ ယူဂျင်က သူ၏ခေါင်းဆောင်ကြီးဆီသို့သာ တန်း၍သွား၏။ ဟစ်တလာနှင့်ယူဂျင်တို့သည် မိမိတို့အချင်းချင်း နှစ်ကိုယ်ကြား စကားတွေပြောနေသည်။

ယူဂျင်က အီဗာကို လှမ်းကြည့်သည်။ အီဗာမှာ ဘာလုပ်ရမှန်းမသိ။ ဟစ်တလာ အမိန့်မပေးသေး၍ဖြစ်သည်။ မကြာမီ ဟစ်တလာက အီဗာ့ကို တခြားသွားနေရန် လက်ပြလိုက်၏။ အီဗာက တစ်ဘက်သို့လှည့်လိုက်၏။

ယူဂျင်မှာ အီဗာအား သိပ်လိုလိုလားလား မရှိသော်လည်း မိမိတက်လမ်းအား အီဗာကူနိုင်မည်ကို နားလည်ထားသူဖြစ်၏။

အီဗာကလည်း ယူဂျင်နှင့်တွေ့ပြီးလျှင် ယူဂျင်၏အခေါ်အကြောင်း၊ ယူဂျင်လက်ထပ်ပြီးပြီလား၊ဘယ်မှာနေသလဲစသဖြင့် စပ်စုရင်း မေးကြည့်ချင်ပါသည်။

အီဗာသည် ရေချိုးခန်းသို့တန်းသွား၏။ မိမိဆံပင်နှင့် ကိုယ်ပေါ်တွင် စွဲနေသော ရေအိုင်မှ အနံ့အသက်များကို သန့်စင်ရန်ဖြစ်လေသည်။ အီဗာသည် ကမ္ဘာနှင့်တူသည်ဆိုသော ရေအိုင်ကိုလည်းကောင်း၊ လီလီပန်း အကြေအမွကလေးများကိုလည်းကောင်း မေ့ထားလိုက်ချင်သည်။

အီဗာ အဝတ်အစားလဲနေစဉ် တံခါးပွင့်လာပြီးလျှင် ဟစ်တလာ ဝင်လာလေသည်။ ဟစ်တလာက အီဗာအားပြောနေသည်။

"ကိုယ် မြူးနစ်ကို သွားရမယ်။ ယူဂျင်ဆီက အရေးကြီးတဲ့သတင်း ကြားရတယ်။ မင်းဒီမှာနေခဲ့ဦး။ ယူဂျင်ဟာ ယုံကြည်ရတဲ့ ရဲဘော်တစ်ယောက်ပဲကွ"

"အဒေါ့ဖ်ရယ်၊ ကျွန်မကို ခေါ်သွားပါလား။ ကျွန်မတစ်ယောက်တည်း မနေချင်ဘူး။ ရှင်နဲ့အတူ အမြဲနေပါရစေနော်..."

"မင်းရဲ့ကိုယ်ရံတော်ဗိုလ်နဲ့ မင်းကိုထားခဲ့မှာပဲ။ မင်းရဲ့ဇာတိရွာက သူငယ်ကလေးမဟုတ်လား။ မင်း သူနဲ့နေပြီး ပျော်အောင်ကြိုးစားပေါ့ကွာ"

အီဗာသည် ရုတ်တရက် လန့်သွားသည်။ မိမိနှင့်ကွန်ရတ်တို့ဇာတ်လမ်းကို အဒေါ့ဖ်သိသွားပြီလား။ သူသည် အရာရာကို တက်နိုင်သိနိုင်သည့်သူဖြစ်သည်။ သို့သော် မိမိတို့ကိစ္စမှာ မိမိတို့လျှို့ဝှက်ဆုံးကိစ္စပဲလေ။ သူ မသိနိုင်ပါဘူးဟုလည်း တွေးမိသည်။ ထို့ကြောင့် အီဗာကမေးသည်။

"အဒေါ့ဖ်ရယ် ရှင် အဝေးကြီးကို သွားနေတုန်း ကျွန်မတစ်ယောက်တည်း ဘယ်လိုပျော်နိုင်မလဲရှင်ရယ်"

ဟစ်တလာက ခဏရပ်နေသည်။ပြီးတော့ အီဗာကိုကြည့်ပြီး ပြုံးလိုက်၏။ ထို့နောက် အီဗာ၏ပခုံးကို ကိုင်လိုက်ပြီး

"မင်းသဘောကျအတိုင်း ကိုယ်ထားချင်ပါတယ်ကွာ... ဒါပေမယ့် ကိစ္စရှိနေလို့ပါ။ ပျော်ပျော်နေပါနော်၊ အိပ်ဆေးလုံးတွေ သိပ်ပြီးမသောက်လိုက်ပါနဲ့ကွယ်။ ကိုယ် မင်းကိုချစ်ပါတယ် အဗီ။ မင်းဟာ ကိုယ့်ဘဝတစ်ခုပါပဲ။ မင်းကို ကိုယ်ဒီလောက်ချစ်တာ မင်းမသိဘူးနော်"

"အဒေါ့ဖ်ရယ်... ကျွန်မလည်း ရှင့်ကိုသိပ်ချစ်ပါတယ်"

အဒေါ့ဖ်က အီဗာကို နှုတ်ဆက်၍ တံခါးဆီသို့ထွက်သွား၏။ အီဗာက အဒေါ့ဖ်ရှေ့မှ ကာဆီး၍

"ကျွန်မကိုချစ်တယ်ဆိုရင် ရှင်ဘာဖြစ်လို့ အဝေးကြီးကို သွားမှာလဲ။ အချိန်အကြာကြီး ထွက်သွားဦးမှာပဲနော်။ ရှင် ဘာဖြစ်လို့ သွားမှာလဲ"

အဒေါ့ဖ်က

"ဒီနှစ်အဖို့မှာ သိပ်အရေးကြီးတယ် အီဗာ၊ ဒီနှစ်ဟာ ကိုယ့်နှစ်ဖြစ်တယ်။ ဒီကမ္ဘာဟာ ကိုယ့်အတွက်ဖြစ်နေတယ်"

အဒေါ့ဖ်သည် ပြောပြောဆိုဆို ထွက်သွား၏။

✡✡✡

# မကောင်းသူကို ဖယ်ရှားမည်

နွေနှောင်းရာသီသို့ ရောက်လေပြီ။ တိတ်ဆိတ်အေးချမ်းလှသော ဘားဂေါ့စ်အိမ်တော်မှာ ပန်းစုံပွင့်၍ တင့်တယ်လှပေသည်။ လီလီပန်းများ၊ လာဗင်ဒါပန်းများ၊ ဒေစီပန်းများသည် လန်းလန်းဆွင့်ဆွင့် ပွင့်၍နေပေပြီ။

လယ်ကွက်များထဲတွင် မိန်းမကြီးများဆင်း၍ အလုပ်ခွင်ဝင်နေကြပြီကိုလည်း တွေ့ရ၏။ ရွာများမှ တောင်တက်လမ်းပြလူငယ်များသည် ခရီးသွားအဖွဲ့များကို ခေါင်းဆောင်၍ တောင်ပေါ်သို့ တက်နေကြပြီလည်းဖြစ်သည်။ သို့သော်ယခုနှစ်တွင် ခရီးသွားအဖွဲ့များသည် ခါတိုင်းနှစ်လောက်များများမလာကြပေ။ ခရီးသွား ကြိုတင်လက်မှတ်များကို ဖျက်သိမ်းလိုက်ကြောင်းကိုသာ အကြောင်းကြားလိုက်ကြတော့သည်။ တချို့လည်း အထုပ်အပိုးများကို ပြင်ဆင်လာပြီးခါမှပင် အထုပ်ကိုသယ်၍ ပြန်သွားကြသည်။ လူထုအနေဖြင့် တစ်ခုခုထူးခြားနေသောကြောင့်သာ ဤသို့အိမ်ပြန်သွားကြခြင်း ဖြစ်သည်။

"သူတို့ ဘာဖြစ်ကြတာလဲ"

အီဗာက ကွန်ရတ်ကိုမေး၏။

"သူတို့ လန့်နေကြတာပါ၊ တစ်ခုခုဖြစ်မယ်လို့ထင်ပြီး အလကားနေရင်း လန့်နေကြတယ်လေ။ မနှစ်ကလို တစ်ခုခုဖြစ်မယ်ထင်နေကြတာပေါ့"

"မနှစ်က ဘာဖြစ်လို့လဲ။ မနှစ်ကဖြစ်တာ အကောင်းချည်းပဲ မင်းသိမှာပေါ့ ကွန်ရတ်ရဲ့၊ အဒေါ့ဖ်ဟာ ရန်သူတွေကို ချေမှုန်းနိုင်ခဲ့တယ်။ သူတောင်းသမျှ ရန်သူတွေအားလုံး ပေးခဲ့ရတာပဲ"

အီဗာက ပြန်ပြော၏။

"ဟုတ်ပါတယ်၊ ကိုယ်သိပါတယ်။ ဒီနှစ်ကျတော့ လူထုဟာ ပူပင်သောက ရောက်နေကြတယ်"

"အဒေါ့ဖ်က ကျွန်မကို ပြောဖူးတယ်။ ဂျာမန်တွေက ဓားနဲ့တိုက်ပွဲဝင်တယ်။ အင်္ဂလိပ်တွေက ထီးတွေနဲ့ ခုခံတယ်။ သူတို့ဟာ ကလေးစစ်ပွဲတစ်ပွဲအကြောင်းကို မသိကြသေးဘူးတဲ့"

အီဗာနှင့် ကွန်ရတ်တို့သည် မြက်ခင်းထူထပ်သော ကုန်းမြင့်မှ တောင်ကြားဆီသို့ ငေးမျှော်ကြည့်နေကြသည်။

အီဗာက ဆက်၍

"အေးလေ... ပြဿနာတော့ ရှိချင်ရှိမှာပေါ့။ အဒေါ့ဖ်ကတော့ အမြဲတမ်း တည်တည်ငြိမ်ငြိမ်ပဲ။ တခြားလူတွေလည်း သူလိုတည်ငြိမ်မှပေါ့။ ကိုယ်တော့ ယူဂျင် ဒီကိုဘာလာလုပ်သလဲဆိုတာ လုံးလုံးမသိဘူး။ ဒီလူကို ကိုယ်ဘယ်တော့မှ စိတ်မချဘူး၊ ကိုယ်ကြောက်လိုက်တာ"

ကွန်ရတ်က

"အို... ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ကိုယ့်အင်အားကို အားကိုးစမ်းပါ။ ကိုယ်တော့ မျှော်လင့်တယ်၊ မကောင်းတာတွေ၊ အခက်အခဲတွေကို ကျော်လွှန်ပြီးရင် ပျော်စရာတွေ ကြုံရတတ်တယ်"

သူသည် ပြောပြောဆိုဆို သူ၏မျက်လုံးပြာကြီးများဖြင့် အီဗာကို နှစ်လိုစွာ ကြည့်နေပြန်သည်။

အီဗာက တွေးနေသည်။ အဒေါ့ဖ်က မင်းကိုယ်တိုင်ပျော်သလိုနေခဲ့ပါဟု ပြောခဲ့သည်။ သို့သော် အဒေါ့ဖ်သည် မိမိနှင့်ကွန်ရတ်တို့၏ဖြစ်ရပ်ကို လုံးဝမသိနိုင်။

ဂျာမနီတပ်မတော်၏ စစ်သေနာပတိချုပ်ကြီးကား အခုအခါတွင် မိမိအပါးမှ ခွာသွားလေပြီ။ မိမိကို မေ့ထားခဲ့လေပြီ။

အီဗာသည် ကွန်ရတ်၏နှုတ်ခမ်းအစုံကို မိမိနှုတ်ခမ်းဖြင့် ဖိ၍နမ်းလိုက်၏။ ထို့နောက် ပြောလိုက်သည်။

"တို့ဖြစ်ခဲ့တာတွေ မေ့ထားလိုက်ရအောင် ကွန်ရတ်တယ်။ တို့ရှေ့မှာ အသက်ရှင်နေရမယ့်ရက်က နည်းနည်းလေးကျန်တော့မယ်။ ပျော်ပျော်နေရအောင်"



အီဗာသည် ကွန်ရတ်ကို နမ်းနေရင်းမှ မိမိ၏နှုတ်ခမ်းများမှာ ပူနွေးခြင်းမရှိ အေးစက်နေသည်ကို တွေ့ရ၏။

ထိုရက်များအတွင်းက ဘားဂေါ့စံအိမ်တော်တွင် အခက်အခဲတစ်ရပ်နှင့် ကြုံခဲ့ရသည်။ စံအိမ်တော်၏ စားပွဲထိုး ဝီလ်ဟင်း ကွယ်လွန်သွား၍ ဖြစ်သည်။ သူသည် စံအိမ်တော်၏ စားပွဲထိုးအဖြစ် နှစ်ပေါင်းများစွာက ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူမရှိလျှင် အိမ်တော်ကြီးမှာ စားရေးသောက်ရေးအတွက် များစွာအခက်အခဲ တွေ့ရတော့မည်ဖြစ်၏။

တစ်နေ့ညတွင် ဝီလ်ဟင်းသည် အီဗာအား ညစာကိုဧည့်ခံကျွေးမွေးနေသည်။ အီဗာက သူ့ကိုကြည့်ပြီး တော်တော်ပင်ပန်းလေးကန်နေသည့်ဟန်ကို သတိပြုမိ၏။ သူသည် နောက်ဆုံး အီဗာ ညစာစားပြီးသဖြင့် နွားနို့ ဒိန်ချဉ်ပန်းကန်ကို ချထားပေးပြီး ထွက်သွားသည်။

မကြာမီ အင်မီ ပြေးဝင်လာ၏။

"ဖရော်လင်... ဝီလ်ဟင်း သူ..."

"ဘာဖြစ်လို့လဲ အင်မီ"

"ဝီလ်ဟင်း... ယိုင်ထိုးပြီး လဲကျသွားတာပဲ။ ဖရန့်ကို ဆရာဝန်ခေါ်ခိုင်းလိုက်တယ်။ အခု သူသတိမရဘဲ မီးဖိုဝမှာ လဲကျနေတယ်..."

"အေး... အေး ငါလာကြည့်မယ်"

အီဗာသည် လူသွားစင်္ကြံဘေးမှနေ၍ မီးဖိုကြီးဆီသို့ ပြေးသွား၏။

ဝီလ်ဟင်းမှာ မီးဖိုဝတွင် လဲကျနေ၏။ ထမင်းချက် ဘာသီမှာ သူ့အနီးတွင် ဒူးထောက်ထိုင်ချလိုက်၏။ အီဗာက ဝီလ်ဟင်းကိုကြည့်ပြီးလျှင် အသက်မရှိတော့ပြီဆိုခြင်းကို နားလည်လိုက်၏။ သူ့မျက်နှာမှာ သေဆုံးနေသည့်အသွင်လက္ခဏာများကို သေချာစွာတွေ့ရ၏။

"သူ... သေရှာပြီ"

အီဗာက ပြောလိုက်သည်။

ထိုအချိန်တွင် ကွန်ရတ်လျှောက်လာသော ခြေသံကိုကြားရ၏။ ဆရာဝန်ရောက်လာပြီဆိုသည့် ခေါင်းလောင်းနှိပ်သံကိုပါ ကြားလိုက်ရသည်။

ဘာသီသည် ဝီလ်ဟင်းအနီး၌ ဒူးထောက်ရင်းမှ ကျလာသော မျက်ရည်ကို သူမအင်္ကျီစုတ်ဖြင့်သုတ်ရင်း

"ဖရော်လင် သူ့ကိုကြည့်ရတာ ခါတိုင်းနဲ့ကိုမတူဘူး။ အမူအရာတွေ

ထူးခြားပါတယ်လို့ ထင်နေတာ။ သူလေ ကျွန်မကိုလည်း ဘာမှမပြောခဲ့ဘူး ဘာမှပြောမသွားဘူး"

ကွန်ရတ်နှင့်ဆရာဝန် ဝင်လာသော်လည်း သူတို့လည်းဘာမှမတတ်စွမ်းကြ။

အီဗာသည် စိတ်မကောင်းစွာနှင့် စောစောက နွားနို့ခွက်ဆီသို့ ပြန်လာခဲ့၏။ သို့သော် နို့ကို သောက်၍မရပေ။ ကော့ညက်အရက်တစ်ခွက်ထည့်ပြီး စီးကရက်မီးညှိ၍ ဖွာနေသည်။

မကြာမီ ဆေးရုံကားရောက်လာသည့် ခေါင်းလောင်းသံကိုကြားရ၏။

ကွန်ရတ်သည် အီဗာ၏အနီးသို့ ရောက်လာသည်။ အီဗာ စိတ်မကောင်းဖြစ်နေသည်ကိုတွေ့ရ၍ ကြင်နာယုယစွာဖြင့် အီဗာ၏ပခုံးကို လာကိုင်သည်။

"သိပ်လည်းဝမ်းနည်းသောက ရောက်မနေနဲ့တော့ အီဗာ။ ဝီလ်ဟင်းဟာ သူ့ဘဝမှာ ကျေနပ်အားရအောင် ပျော်ပျော်ရွှင်ရွှင်နေသွားရပြီးပြီ။ တို့အားလုံး သူ့လိုဘဝမှာ ပျော်ပျော်ရွှင်ရွှင်နေပြီးမှ သေရအောင် ကြိုးစားဖို့ လိုသေးတယ်"

"သေခြင်းတရားဟာ သိပ်မြန်ဆန်တာပဲနော်"

"ဘာသီကပြောတယ်၊ ဝီလ်ဟင်းမှာ ညီတစ်ယောက်ရှိတယ်တဲ့၊ နာမည်ကတော့ ကားလ်လို့ခေါ်တယ်။ ကားလ်ဟာ မနှစ်ကမိုးတွင်းမှာ ဝီလ်ဟင်း နေမကောင်းစဉ်ကာ လာပြီးကူလုပ်ဖူးသတဲ့လေ။ သူလည်း စားပွဲထိုး လူတော်တစ်ဦးပဲ။ သူ့ကိုခေါ်ရင် ရနိုင်မယ်တဲ့။ ဘာသီက သူသွားခေါ်ကြည့်မယ်တဲ့"

အီဗာက

"ခေါ်ကြည့်လေ၊ ဘာသီကို ပြောလိုက်ပေါ့။ ခေါ်ကြည့်ပါလို့၊ သူလုပ်နိုင်မယ်ဆိုရင် ခေါ်လိုက်တာပေါ့"

နောက်သုံးရက်ခန့်ကြာသောအခါ ကားလ် ရောက်လာပြီဟု ဘာသီက အီဗာကို လာပြောသည်။ ကားလ်သည် မိမိ၏အစ်ကို အသုဘသို့ လာခြင်းဖြစ်၏။ သူက ဘားဂေါ့စ်အိမ်တွင် တော်တော်ကြာအောင် နေဦးမည်ဟု ဆိုသည်။

အီဗာသည် ဝီလ်ဟင်း အသုဘအခမ်းအနားသို့ သွားခဲ့သည်။



ဤသို့သွားခြင်းမှာ ဘုရားရှိခိုးကျောင်းသို့ နှစ်ပေါင်းများစွာ အီဗာရောက်မသွားဘဲနေရာမှ ပထမဆုံးအကြိမ် ပြန်၍သွားခြင်းဖြစ်သည်။

ထိုနေ့ညဥ့်က စားပွဲထိုးသစ် ကားလ်ကိုယ်တိုင် ညစာကို ပြင်ဆင်ပေးလေသည်။ ကားလ်သည် ယူနီဖောင်းဝတ်ထား၏။ ဝီလ်ဟင်းထက်ငယ်သည်။

သူက နှုတ်ဆက်၏။

"ဖရော်လင်..."

"ကျေးဇူးတင်ပါတယ်ရှင်... ကျွန်မတို့ ရှင့်အစ်ကိုအတွက် သိပ်ပြီးဝမ်းနည်းနေကြတယ်။ ဒီ ဘားဂေါ့စ်အိမ်တော်မှာတော့ ကျွန်မတို့ဟာ ရှင့်အစ်ကိုကို သိပ်ခင်မင်နေကြတယ်"

"လူတိုင်းပဲ ကျွန်တော့်အစ်ကိုကို ချစ်ကြပါတယ်။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။ ဘဝဆိုတာ ခဏလေးမဟုတ်လား"

"ဝီလ်ဟင်းဟာ အသက် ၇၀ ရှိပြီနော်၊ သူ့ဘဝမှာ ပျော်ရွှင်ကျေနပ်စရာ တော်တော်ရှိခဲ့မယ်ထင်ပါရဲ့"

"ဟုတ်ပါတယ် ဖရော်လင်၊ သူဟာ ပျော်စရာအချိန်တွေကို အသုံးချပြီးခဲ့ပြီ"

အီဗာက ကားလ်ကိုကြည့်ပြီး လူတော်စားပွဲထိုးတစ်ယောက်ပဲဟု ဆုံးဖြတ်ချက်ချမိလေသည်။

ထိုအချိန်တွင် ဘာလင်မြို့တော်နှင့် ဘားဂေါ့စ်အိမ်တော်မှ လုံးဝအဆက်ပြတ်နေပေသည်။ ဘာသတင်းမျှ မကြားရဘဲရှိနေသည်။

စားပွဲထိုး ဝီလ်ဟင်း သေဆုံးသည်ကိုပင် အီဗာက အဒေါ့ဖ်ဟစ်တလာထံသို့ သတင်းပို့ခဲ့သည်။ သို့သော် သူ့ထံမှ ဘာအကြောင်းပြန်ကြားချက်မှ မရခဲ့ပေ။

အီဗာသည် သူမ၏မိတ်ဆွေဟောင်းများဖြစ်ကြသော ဟိန်းရစ်နှင့်အာနာတို့ထံသို့လည်း တယ်လီဖုန်းဆက်၍ အခြေအနေများကို တီးခေါက်ကြည့်မိသည်။ သို့သော် သူတို့သည် စကားကို သတိထား၍ပြောနေကြသည်။ လွတ်လွတ်လပ်လပ် ဘာစကားမှ မပြောကြပေ။ သူတို့တယ်လီဖုန်းကို တစ်စုံတစ်ယောက် ခိုးယူနားထောင်နေမည်ဟုလည်း မှတ်ထင်ကြဟန်တူသည်။

အီဗာသည် အာနာကိုပြောသည်။

"အာနာ… အားလုံးငြိမ်နေကြပါလား။ ကိုယ်ဖြင့် ဘာမှသိခွင့်မရှိဘူး။ ဘာသတင်းမှ မကြားရ မသိရဘူးလေ။ ဘာဖြစ်နေသလဲကွ"

အာနာက

"ဂျာမနီဟာ အောင်ပွဲကို စောင့်နေတယ်လေ"

အီဗာက

"အဒေါ့ဖ်အတွက် မနှစ်ကလိုပါပဲ"

အာနာက

"မင်းပြောချင်တာတွေက မစ္စတာချိန်ဘာလိန် မနှစ်တုန်းကလိုပြန်လာပြန်ပြီလား"

"မဟုတ်ပါဘူး။ သူမလာပါဘူး။ အာနာရေ… ဘာတွေဖြစ်နေတယ်ဆိုတာ အမှန်ကို သိပါရစေ။ ဒီမှာတော့ ကိုယ့်ကို ဘယ်သူမှ ဘာမှမပြောပြကြဘူးကွ"

"ဘာမှမဖြစ်ပါဘူ အီဗာ၊ အားလုံး အဆင်ပြေနေပါတယ်။ အားလုံးသစ္စာစောင့်နေကြတယ်လေ။ **ဟေး… ဟစ်တလာ**"

**"ဟေး… ဟစ်တလာ"**

အီဗာက ပြောပြီး တယ်လီဖုန်းခွက်ကိုချထားလိုက်သည်။

တစ်နေ့တွင် အီဗာသည် ကားကိုကိုယ်တိုင်မောင်းပြီးလျှင် ရေအိုင်ကြီးဆီသို့ ထွက်လာခဲ့ပြန်သည်။ နံနက်စောစော နေမထွက်မီ ထွက်လာခြင်းဖြစ်သည်။ အီဗာသည် သူမနှင့်အဒေါ့ဖ်တို့ ထိုင်ခဲ့ကြသော မြက်ခင်းပြင်ပေါ်၌ ထိုင်နေသည်။

ထိုအချိန်၌ အီဗာသည် မိန်းမကြီးတစ်ယောက် လျှောက်လာသည်ကို တွေ့ရ၏။ ခေါင်းပေါ်၌ ရှောစောင်တစ်ထည်တင်ထား၏။ သူမ၏ပါးစပ်၌ ဆေးမဲတံကြီးကိုက်ထားလေသည်။ အီဗာက ချက်ချင်းမှတ်မိသည်။ ထိုမိန်းမကြီးအား ရှမစ်တင်းဟွန်းတောင်ပေါ်၌ တွေ့ခဲ့ရသော လက္ခဏာဟောသည့် မိန်းမကြီးပင်တည်း။

အီဗာက စတင်၍

"ရှင် ကျွန်မကို မှတ်မိရဲ့လားဟင်… ကျွန်မတို့ အရင်တွေ့ခဲ့ကြတာလေ"



"သိတာပေါ့၊ ညည်းဟာ အီဗာဘရောင်း မဟုတ်လား"

အီဗာက ဘာလင်မှဝယ်ခဲ့သော အကောင်းဆုံးလက်ကိုင်အိတ်ကြီးကို ဖွင့်လိုက်၏။ ထို့နောက် ငွေစက္ကူအနည်းငယ်ကို ဆွဲထုတ်ယူပြီးလျှင်

"ရှင် တစ်ခါတုန်းက ကျွန်မရဲ့ကံကြမ္မာကို ဟောဖူးတယ်နော်၊ အခု ထပ်ဟောပါဦး။ ကျွန်မရှေ့မှာ ဘာတွေဖြစ်ဦးမလဲလို့"

ဟုပြောလိုက်၏။ ထိုမိန်းမကြီးသည် အီဗာ့ကိုကြည့်လိုက်၏။

**"ငါ့မှာ ထူးထူးထွေထွေထပ်ပြီး ဟောပြောစရာ ဘာမှမရှိတော့ဘူး အီဗာဘရောင်း၊ ညည်း လက်ထပ်ရမယ်၊ ပြီးတော့ ညည်းသေရလိမ့်မယ်"**

"ကျွန်မ လက်ထပ်ရဦးမယ်လား"

"လက်ထပ်ပြီး သေရမှာပဲ။ မင်း ဒီနေ့သေသွားရင် ကမ္ဘာအတွက်ကံကောင်းတယ်လို့ဆိုရမယ်။ ဒါပေမယ့် မင်းမသေနိုင်သေးဘူး။ နောက်နှစ်ပေါင်းများစွာ နေရဦးမယ်။ ငါ့လက်ချောင်း ၁၀ချောင်းထက်ပိုပြီး နှစ်တွေကြာဦးမယ်။ မင်းအသက်ရှင်နေရဦးမှာပါ"

မိန်းမကြီးက ဆက်ပြောပြန်သည်။

"ကံဆိုးမိုးမှောင်တော့ ကျဦးမှာပဲ။ ညည်းဟာလည်း မကောင်းဆိုးဝါးပဲ။ သေတွင်းကျမယ့်လူတွေ အများကြီးပဲ၊ ထောင်ပေါင်းများစွာပေါ့။ အခုအချိန်ကို အောင်ပွဲခံချိန်လို့တော့ မထင်လိုက်နဲ့။ အောင်ပွဲမဟုတ်ဘူး။ နောက်ဆုံးအချိန်၊ အားလုံးနိဂုံးချုပ် ကန့်လန့်ကာချပြီး သေဆုံးကြရမယ့် နောက်ဆုံးအချိန်လေ"

အီဗာ၏စိတ်မှာ မခံမရပ်နိုင်ဖြစ်လာသည်။

မိမိကိုယ်ရံတော် တစ်ယောက်ကိုခေါ်ပြီး ထိုမိန်းမကြီးကို ပစ်သတ်ခိုင်းလိုက်ချင်သည်။ သို့သော် မဖြစ်နိုင်ပေ။ မိမိ၏ကိုယ်ရံတော်ရဲဘော်များမှာ ဘားဂေါ့စ်အိမ်၌ ကျန်ခဲ့လေသည်။ ယခုအခါတွင် မိမိတစ်ယောက်တည်း ရှိနေပေသည်။

အီဗာက မိမိလက်ထဲ၌ ကိုင်ထားသော ငွေစက္ကူများကို ရှေ့သို့တိုးပေးလိုက်သည်။ ဤတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံရ၏။ ထိုမိန်းမအိုကြီးသည် ငွေစက္ကူများကို တံတွေးနှင့်ထွေးလိုက်ပြီး ရုတ်တရက်လှည့်ထွက်သွားလေ၏။ မိန်းမကြီး၏ ဘွတ်ဖိနပ်ကြီးက ဆောင့်နင်းသွားသောကြောင့် ဖုန်မှုန့်များသည် အလိပ်လိုက်တက်လာလေသည်။ မိန်းမ

အိုကြီး၏ခေါင်း၌ စည်းနှောင်ထားသော လက်ကိုင်ပဝါကို လေခပ်ပြင်းပြင်း တိုက်၍ တဖျပ်ဖျပ်ခတ်လျက်ရှိလေသည်။

အီဗာက မိန်းမကြီးပါးစပ်မှ အစွန်းအထင်းများဖြင့် ပေနေသော ငွေစက္ကူများကို လွှင့်ပစ်လိုက်သည်။ မိမိ ဒီနေ့ ဤနေရာကို လာမိသည်မှာ မှားလေပြီဟု နောင်တရမိ၏။ ယခုမှပင် ကွန်ရတ်နှင့်အဒေါ့ဖ်တို့ ပြောသောစကားများကို ပြန်သတိရသည်။

ကွန်ရတ်က

"**အနာဂတ်အကြောင်း ဘယ်သူမှ ကြိုတင်ဟောကိန်းမထုတ်နိုင်ဘူး**"တဲ့။

အဒေါ့ ဟစ်တလာက

"**မင်းတို့ အနာဂတ်အတွက် အယူအဆမှားနေပြီ။ အနာဂတ်ဆိုတာ အတိတ်ကာလနဲ့ ပြိုင်နေတာပဲ**"

အီဗာသည် ဘာ့ဂေါ့ဖ်သို့ ကားမောင်းပြီးပြန်လာသည်။ အီဗာ ပြန်ရောက်လာသောအခါတွင် တစ်ကိုယ်လုံးနုံးချေပြီး ရပ်တည်မနိုင်ဖြစ်နေသည်။ အီဗာသည် အိပ်ဆေးပြားကလေး ၂ပြားကိုယူ၍ သောက်လိုက်၏။

အီဗာသည် နောက်တစ်နေ့နံနက်ထိ အိပ်မောကျစွာ အိပ်ပျော်၍သွားလေသည်။ အီဗာ့အနေဖြင့် ယခုအခါတွင် ထိုအိပ်ဆေးပြားကလေးများကို မသောက်ဘဲနေ၍ မဖြစ်ပေ။

နောက်တစ်နေ့နံနက်တွင် အိပ်ရာမှနိုးလာသောအခါ ရွာထဲဆီမှ ခေါင်းလောင်းထိုးသံများကို ကြားရလေသည်။ တောင်တန်းဆီမှ နွားမများ၏ခြူသံကိုလည်း ကြားရပါ၏။

အီဗာသည် ကော်ဖီသောက်ချင်၍ ခေါင်းလောင်းကို နှိပ်လိုက်သည်။ အချိန်တော်တော်ကြာမှပင် အင်မီရောက်လာ၏။ အင်မီသည် ကော်ဖီယူလာ၏။ အင်မီမျက်နှာမှာ သွေးမရှိသလို ဖြူရော်၍နေသည်။

"အင်မီ… ညည်းဖျားနေသလား"

အီဗာကမေး၏။

"မဟုတ်ပါဘူး ဖရော်လင်၊ ကျွန်မနေကောင်းပါတယ်။ ရွာထဲက လူတွေပြောနေကြတယ်။ အင်္ဂလန်နဲ့ စစ်ကြီးဖြစ်ပြီတဲ့ရှင်"

အင်မီက ထိတ်လန့်တကြား ပြန်ပြော၏။



"မဖြစ်နိုင်ပါဘူး၊ အင်္ဂလန်နဲ့ စစ်ဖြစ်တယ်ဆိုတာ ကောလာဟလ ဖြစ်ပါလိမ့်မယ်။ အင်္ဂလန်က စစ်ကြေညာသတဲ့လား"

"လူတွေကပြောနေတာတော့ စစ်ကြေညာလိမ့်မယ်တဲ့လေ။ဘယ်သူမှ စစ်မတိုက်ချင်ကြဘူး။ ခေါင်းဆောင်ကြီးကလည်း ဂျာမနီရဲ့သွေး မြေမကျရဘူးလို့ပြောထားတယ်။ သူတို့ပြောတော့ စစ်ကြီးဖြစ်နေပြီတဲ့"

အီဗာက တုန်လှုပ်နေသော ကလေးမအင်မီကိုကြည့်၍…

"ခေါင်းဆောင်ကြီး ကတိပေးထားရင် ပေးတဲ့အတိုင်းဖြစ်ရမှာပေါ့၊ ဂျာမနီစစ်တပ်ဟာ အင်အားအကြီးဆုံးပါ။ နောက် တနင်္ဂနွေကျရင် အားလုံး အောင်မြင်ပြီဆိုတာ ကြားရပါလိမ့်မယ်"

အင်မီက ကော်ဖီလင်ပန်းကိုချရင်း ပြောနေပြန်၏။

"ရွာထဲမှာ ပြောနေတာကတော့ ဒါဟာ မကောင်းဆိုးဝါးပဲ"

အင်မီ၏လက်မှာ တုန်၍နေရှာသည်။

အီဗာက

"ဒါဟာ အောင်ပွဲတစ်ရပ်ပါ။ **ဟေး… ဟစ်တလာ**"

အင်မီက

"**ဟေး… ဟစ်တလာ**"

ဟု ဆိုပြီးပြန်ထွက်သွား၏။

နောက်ဆုံးအချိန်တွင် သူတို့မျှော်လင့်သလိုဖြစ်လာသည်။ အင်္ဂလန်သည် ကမ္ဘာပေါ်၌ အင်အားအကြီးဆုံးနိုင်ငံတော်နှင့် စစ်ပြိုင်တိုက်ရန် ချိန်းဆိုလိုက်လေပြီ။

အီဗာအနေဖြင့် မိမိတို့အောင်ပွဲခံမည်ဆိုခြင်းကို နည်းနည်းမျှ သံသယ မဖြစ်မိပေ။

အီဗာသည် ဘာလင်မြို့တော်ရှိ အဒေါ့ဖ်၏အိမ်တော်သို့တယ်လီဖုန်း လှမ်း၍ဆက်လေသည်။သို့သော် အကြောင်းပြန်ကြားချက်မရပေ။ ပုဂ္ဂလိက တယ်လီဖုန်းလိုင်းအားလုံးကိုဖြတ်တောက်ထားသောကြောင့်အဆက်အသွယ် မရတော့ပေ။

အီဗာက တွေးနေသည်။ အဒေါ့ဖ်ကတော့ မိမိကို အချိန်မီ သတိပေးမှာပဲ… ဟုတွေးပြီး အဒေါ့ဖ်ဆီမှ သတင်းကိုစောင့်နေ၏။

အဒေါ့ဖ်၏မိန့်ခွန်းတစ်ရပ်ကို ရေဒီယိုမှကြားလိုက်ရပေသည်။ အက်စ်အက်စ်ရဲဘော်များမှာ သူတို့ခေါင်းဆောင်ကြီး၏မိန့်ခွန်းကို ကြားရသောကြောင့် ပျော်နေကြ၏။ ကွန်ရက်လည်းပျော်နေ၏။ သမိုင်းဝင်ဖြစ်ရပ်များနှင့် ကြုံရ၍သူပျော်နေ၏။

ကွန်ရက်က

**"ကိုယ်တို့အင်အားကို ကမ္ဘာကသိအောင် ပြရတော့မယ်"**

ဟု ပြောလိုက်သည်။ အီဗာကတော့ အဒေါ့ဖ်ဟစ်တလာထံမှ သတင်းကိုစောင့်ရင်း စီးကရက်ကိုသာ ဖိ၍သောက်နေတော့သည်။

သို့သော် ဘာသတင်းမျှ မကြားရ၊ မသိရ။

တစ်ညဦး၌ အီဗာသည် အလှပြင်မှန်တင်ခုံပေါ်၌ ခေါင်းဖြီးနေစဉ် အဒေါ့ဖ်ရောက်လာသည်ကို မှန်ထဲ၌မြင်ရလေ၏။ သူ့ဟန်မှာ မောပန်းနွမ်းနယ်၍နေပေသည်။ သို့သော် မျက်လုံးများမှာ တက်ကြွကျေနပ်နေသည့်ဟန်ဖြစ်၏၊

အီဗာက အလေးပြုသည်ကိုမျှ ပြန်၍လက်ကိုမြှောက်မပြဘဲ ဝင်လာပြီး အဒေါ့ဖ်သည် အီဗာကို ထပ်ခါထပ်ခါ နမ်း၍နေတော့သည်။ သူသည် အီဗာကို အာသာဆန္ဒပြင်းစွာနမ်းပြီး ပွေ့ဖက်၍ထား၏။

"အဒေါ့ဖ်ရယ် ဘာတွေဖြစ်ကုန်ပြီလဲဟင်"

အီဗာက မေးလိုက်၏။

**"အားလုံး စစ်သွေးကြွနေပြီလေ၊ ပိုလန်ကို သိမ်းလိုက်ပြီ။ တို့တပ်ကြီးတွေ ချီတက်နေပြီ။ သူတို့ကို မှတ်လောက်သားလောက် ဆုံးမပြီး ဖယ်ရှားမယ်လေ။ စစ်တိုက်ရတဲ့ အကျိုးကျေးဇူးကို သူတို့ သိအောင် ပြလိုက်ရအုံးမှာပေါ့။ အောင်ပွဲခံရမယ်ကွ၊ ယေး... ဟစ်တလာ"**

အီဗာက ပညာရှိလက္ခဏာ မိန်းမအိုကြီး၏စကားကို သတိရသည်။

"ဒါပေမယ့် အဒေါ့ဖ်ရယ်... အကယ်၍..."

"ဘာ အကယ်၍လဲ၊ အကယ်၍ဆိုတဲ့စကား လုံးဝမရှိစေရဘူး။ **ယေး... ဟစ်တလာ**"

သူကထပ်၍ အားရပါးရပင် ဟစ်ကြွေးလိုက်ပြန်ပါပြီ။

အီဗာက သူ၏ကိုယ်လုံးကြီးကိုဖက်၍ ထားလိုက်လေ၏။



**သူကား တကယ့်အောင်ပွဲရ ကေရာဓိကြီးပေတည်း။ သူကား ကမ္ဘာပေါ်တွင် ခွန်အားအပြည့်ဆုံး အင်အားအကြီးဆုံးသူတစ်ဦးပင်တည်း။**

ဤသို့ အီဗာက တွေးနေ၏။

**"အို... အချစ်ရယ်၊ ရှင့်လောက်ထူးချွန်တဲ့ယောကျ်ားကို ပိုင်ဆိုင်ရတာ ကျွန်မ ဘယ်လောက်ကံကောင်းတဲ့ မိန်းကလေးလဲ၊ ကမ္ဘာပေါ်မှာ ကျွန်မ ဘယ်လောက်ကံအကောင်းဆုံးဖြစ်ရသလဲ"**

"အို... အချစ်ရယ်"

အီဗာသည် အဒေါ့ဖ်ဟစ်တလာကို ထပ်ခါထပ်ခါ နမ်း၍နေပြန်တော့သည်။

✡ ✡ ✡

## စစ်၏သဘော

ဆောင်းရာသီသို့ တစ်ဖန်ဝင်ခဲ့ပြန်လေပြီ။ သို့သော် ထိုအချိန်အတွင်း ထူးခြားမှုဆို၍ ဘာမှမရှိခဲ့။ လူတိုင်းလူတိုင်းပင် ထူးခြားမည့်အချိန်ကို စောင့်စားမျှော်လင့်နေကြသည်။

ယခုအခါ အီဗာ၏ ကိုယ်ရံတော်မှူး ကွန်ရတ်ကို ကိုယ်ရံတော်အဖြစ်မှ ရုတ်သိမ်း၍ ရှေ့တန်းစစ်မျက်နှာသို့ ပို့လိုက်သည်။ ဂျာမနီအနေဖြင့် တပ်သားကောင်းများ လိုအပ်နေ၍ဖြစ်၏။ နှင်းပွင့်များ ကျနေပြီဖြစ်သော ပျင်းရိဖွယ်ညဥ့်များကို အီဗာတစ်ယောက်တည်းပင် ကုန်လွန်ခဲ့ရလေသည်။

အီဗာသည် အဒေါ့ဖ်ဟစ်တလာနှင့် တွေ့ရမည်ဟု မမျှော်လင့်ပါချေ။ ယခုအချိန်တွင်တော့ အဒေါ့ဖ် မည်မျှတာဝန်တွေအကြား၌ မအားမလပ် ဖြစ်နေမည်ကို နားလည်၍ဖြစ်ပေ၏။ အီဗာသည် အိပ်၍မပျော်တိုင်း ချက်ချင်းအိပ်စေနိုင်မည်ဖြစ်သော အိပ်ရာဘေးမှ အိပ်ဆေးလုံးကလေးများဆီသို့သာ မျက်လုံးကရောက်သွားသည်။ထိုဆေးလုံးများကိုသာ မကြာခဏ ယူ၍သောက်ရလေသည်။

တစ်နေ့နံနက်တွင် အီဗာသည် အိပ်ရာမှနိုးလျှင်နိုးချင်း မိမိ၏ခေါင်းရင်း ပြူတင်းပေါက်မှ ငှက်ကလေးတစ်ကောင်၏ နံနက်ခင်းတေးဆိုသီကျူးနေသံကို ကြားရလေသည်။ ဤသည်မှာ ဆောင်းရာသီကုန်တော့မည်ကို ကြိုတင်သတိပေးခြင်းပင်ဖြစ်၏။ တောင်ကြားဆီမှ နှင်းပွင့်နှင်းငွေ့များက ပျောက်ကွယ်စပြုပြီ။ တောအုပ်တွင် ရွက်နုသစ်များဖြင့် တဝေဝေ စိုပြည်စပြုတော့မည်လည်း ဖြစ်ပေသည်။



ရာသီဥတုမှာလည်း ပူနွေးစပြုတော့မည်ဖြစ်၏။ မကြာမီပင် စိမ်းလဲ့သောမြက်ခင်းပြင်ပေါ်သို့ နေရောင်ဝါဝါဝင်းဝင်းက လင်း၍လာလေသည်။ ပန်းအင့်လေးများကလည်း လေတွင်လှုပ်ရမ်းလျက်။

"မိုးဦးရာသီပါလားကွယ်"

အီဗာက အိမ်ဖော် အင်မီကို ပြောလိုက်သည်။ အီဗာသည် လေကောင်းလေသန့် ရှူရှိုက်နိုင်ရန်အတွက် ပြူတင်းတံခါးကိုဖွင့်လိုက်၏။

စားပွဲထိုးသစ် ကားလ်က

"မကြာခင် ပူတော့မှာပဲခင်ဗျ"

ဟုလည်း ဝင်၍ထောက်ပေးသည်။ စားပွဲထိုးသစ်ဖြစ်လာသော ကားလ်မှာ အလွန်စကားနည်းသူဖြစ်သည်၊ သူသည် အလုပ်ကို တိတ်တိတ်ဆိတ်ဆိတ် လုပ်နေတတ်၏။ သူနှင့်စကားပြောရင်း မိတ်ဆွေဖြစ်ရသူမှာ ခပ်ရှားရှားပင်။ အဒေါ့ဖ်၏လူတွေလိုပင် ကားလ်သည်လည်း စက်ရုပ်လို လှုပ်ရှားနေတတ်ပေသည်။

အမှန်တော့ သည်မိုးဦးရာသီကို ထူးခြားသော မှတ်တိုင်တစ်တိုင်အဖြစ် ယူဆရမည်ဖြစ်ပေသည်။ အဒေါ့ဖ်က ပြောဖူးသည်။ သည်မိုးဦးရာသီမှာ ထူးခြားကြီးကျယ်သော အောင်ပွဲခံမည့် မိုးဦးရာသီဖြစ်လာမည်ဟု ဆိုသည်။

"အခုဆိုရင် စစ်ကြီးဖြစ်တော့မယ်လေ" အီဗာက တွေးနေမိသည်။ မိုးဦးရာသီ၏အလယ်သို့ ရောက်လာသည်အထိ အီဗာအဖို့ သတင်းထူးတစ်စုံတစ်ရာ မကြားရ၊ မသိခဲ့ရပါချေ။

ထိုအချိန်တွင် ကွန်ရတ် ရုတ်တရက် ရှေ့တန်းစစ်မျက်နှာပြင်မှ ပြန်ရောက်လာသည်။ ကွန်ရတ်မှာ ဒဏ်ရာရလာလေသည်။ သူ့ဒဏ်ရာမှာ တိုက်ပွဲမှာရသောဒဏ်ရာမဟုတ်ပေ။ စစ်ဌာနချုပ်တွင် ရရှိခဲ့သောဒဏ်ရာဖြစ်သည်။ သံချပ်ကာကားတစ်စီးက သူ့ကိုဝင်တိုက်မိ၍ အုတ်နံရံနှင့် ဆောက်မိပြီးလျှင် ကွန်ရတ်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

ကွန်ရတ်အား ရှေ့တန်းတွင် လောလောဆယ် တာဝန်ထမ်းဆောင်ရန်မသင့်တော်ဟု စစ်ဆေးရုံမှ သတ်မှတ်ခဲ့ပြီးလျှင် ဤသို့ ဘတ်ချ်တက်စ်ဂဒင်သို့ ပြန်ပို့လိုက်ကြလေ၏။

ကွန်ရတ်ပြန်လာစဉ်အချိန်၌ အီဗာမှာ ဟစ်တလာ၏အချစ်တော်

ခွေးကြီး ဘလွန်ဒီနှင့်အတူ ဥယျာဉ်ထဲတွင် သွားရောက်အပန်းဖြေနေစဉ် ဖြစ်၏။ ဘလွန်ဒီမှာ အယ်လ်ဆေးရှင်းအမျိုးအစား ခွေးကြီးဖြစ်၏။ တောင်ကြားရှုခင်းများမှာ ငြိမ်းချမ်းလှပါချေ၏။ လယ်ကွင်းပြင်တွေမှာ အလေ့ကျပန်းများ ပွင့်လျက်ရှိလေသည်။

**"အီဗာ... ကိုယ့်အတွက် မဟာအောင်ပွဲကွ"**

ကွန်ရတ်က ပြောလိုက်၏။

"တို့လည်းဒီသတင်းကိုစောင့်တာပေါ့ကွာ။အခြေအနေ ဘယ်လိုလဲ"

အီဗာက ပြန်မေးလေသည်။

"ဂျာမန်တပ်မတော်ဟာ နိုင်ငံငယ်တွေကို တစ်ခုပြီးတစ်ခု ဆက်သိမ်းလိုက်ပြီးပြီလေ။ ဘဲလ်ဂျီယံနိုင်ငံ ကို ရယူပြီးပြီ။ နယ်သာလင် ဘုရင်မဟာတို့ဘက်ကဝင်ပြီး စစ်ပွဲကိုတိုက်နေတယ်။ ပြင်သစ်ကို ဖုံးတွေကြဲနေပြီ။ ပါရီမြို့တော်မှာ လမ်းတွေမှာ အလောင်းကောင်တွေ အပြည့်ပဲတဲ့လေ"

ကွန်ရတ်က စကားဆက်ပြော၏။

"တို့ခေါင်းဆောင်ဟာ သိပ်ပြီးထူးချွန်သူပါပဲ။ တို့မှာ အလွန်တော်တဲ့ အောင်မြင်သူ ခေါင်းဆောင်ကောင်းတစ်ယောက် ရရှိထားတာကိုး။ အခုဆိုရင် တို့သင်္ဘောတွေဟာ ဗြိတိသျှရေလက်ကြားကိုဖြတ်ကူးဖို့ အဆင်သင့်ဖြစ်နေပြီ"

အီဗာက

"ဒါဖြင့် အံ့သြစရာကောင်းတဲ့ အောင်မြင်မှုပါပဲလားဟင်"

ကွန်ရတ်က

"တို့ဟာ ထူးခြားတဲ့ခေတ်ထဲကို ရောက်နေတာပဲကိုး"

ထိုနှစ်နွေရာသီတွင် အီဗာထံသို့ သတင်းထူးတစ်ခုရောက်ရှိလာခဲ့လေသည်။ ထိုသတင်းမှာ အီဗာစောင့်စားနေခဲ့သည့် သတင်းထူးပင်ဖြစ်လေသည်။ အီဗာအား ဘာလင်အိမ်တော်သို့ လိုက်ခဲ့ရန်ခေါ်လိုက်သော သတင်းထူးလည်းဖြစ်၏။ အဒေါ့ဖ်ရား မိမိကိုမမေ့ပါကလားဟု အီဗာက တွေးမိရ၏။

အီဗာသည် ဘာလင်သို့ နေ့ချင်း ခရီးထွက်ခဲ့လေသည်။ မီးရထားများမှာ ခရီးသွားများဖြင့် ထူထဲပြွတ်သိပ်လျက်ရှိသည်ကို တွေ့ရ၏။ အီဗာသည် ပထမမြူးနစ်သို့၊ မြူးနစ်မှတစ်ဆင့် ဘာလင်သို့ ထွက်ခဲ့သည်။



မြူးနစ်မြို့တော်တစ်ခွင်လုံးမှာ အလံများဖြင့် ဝေ၍နေ၏။ အီဗာသည် လှိုင်မြန်စွာခုတ်မောင်းနေသော မီးရထားဖြင့် ဘာလင်သို့ အိပ်လျက်လိုက်လာခဲ့သည်။ နောက်တစ်နေ့နံနက်တွင် ဘာလင်သို့ရောက်၏။ ဘာလင်မြို့လုံးမှာ သစ်လွင်တောက်ပ၍နေ၏။ လူတွေမှာလည်း ဂျာမနီ၏ မဟာအောင်ပွဲ သမယအတွက် ဂုဏ်ယူ၍မဆုံးဖြစ်ဟန် ပျော်ရွှင်နေပေသည်။

ဈေးဆိုင်ကြီးများသည်လည်း အီဗာ ယခင်က မြင်ဖူးသည်ထက် ပိုမိုတောက်ပြောင်၍နေလေ၏။ ပစ္စည်းများမှာ စုံလင်လှစွာ၏။ ဤသည်မှာ ဂျာမနီအောင်မြင်သိမ်းပိုက်ခဲ့သော နိုင်ငံများမှ ကုန်ပစ္စည်းအမြောက်အမြားပင်၊ ဘာလင်သို့ လှိမ့်၍ဝင်လာသောကြောင့်ဖြစ်ပေ၏။ ပြင်သစ်ပိုးထည် အကောင်းစားများ၊ ဝိုင်အရက်ရောင်စုံ၊ ချောကလက်အကောင်းစားများ ပါဝင်သည်ကိုတွေ့ရသည်။

မကြာမီ အင်္ဂလန်မှ သုံ့ပန်းများရောက်လာဦးမည်မှာ သေချာ၏။ ယခုအခါတွင် အင်္ဂလန်စစ်တပ်များမှာ ဒန်းကပ်စစ်မြေ၌ ပြေးမလွတ်ဖြစ်နေပေသည်။ ဂျာမန် ပန်ဇာတပ်မဟာကြီးများသည် သူတို့နောက်သို့ တရကြမ်း လိုက်တိုက်နေဆဲဖြစ်ပေသည်။

အီဗာသည် အိမ်တော်သို့ တန်း၍သွား၏။ ရေမိုးချိုးပြီး အပန်းဖြေ၏။ အဒေါ့ဖ်မှာ အိမ်တော်မှာမရှိဟု သိရ၏။ အီဗာက ကောင်းစွာအနားယူခွင့်ရသည်။ အီဗာသည် အကောင်းဆုံးအဝတ်အစားများကို လဲလှယ်၍ နေ့လယ်စာ အနည်းငယ်စားသည်။

ထို့နောက် ကွန်ရတ်ခန့်ထားပေးလိုက်သော အီဗာအတွက် အထူးကိုယ်ရံတော်ရောက်လာသည်။ သူက အဒေါ့ဖ်ဟစ်တလာမှာ ဘာလင်သို့ အချိန်တော်တော်ကြာအောင် ပြန်လာဦးမည်မဟုတ်ကြောင်း၊ ယခုအချိန်တွင် သတင်းတွေအမျိုးမျိုးရောက်နေသည်။ အဒေါ့ဖ်ကိုယ်တိုင်မှာ ရှေ့တန်းစစ်ဌာနချုပ်သို့ ရောက်ရှိနေသည်ဟု သူကပြောပြ၏။ ဤသို့ဆိုလျှင် အီဗာမှာ သူ့ကိုစောင့်နေရပေဦးမည်ဖြစ်သည်။

သတင်းတွေ ရောက်လာသမျှမှာလည်း ဂျာမန်တပ်မတော်သည် ရှေ့သို့ဆက်လျက် အောင်ပွဲဆက်လက်ခံနေပါသည် ဟူသတည်း။

ပူအိုက်သော တစ်ညနေတွင် အဒေါ့ဖ်သည် ကြိုတင်၍ သတင်းမပို့ဘဲနှင့် ရောက်လာလေ၏။ အဒေါ့ဖ်ဟစ်တလာသည် အီဗာ၏အခန်းထဲသို့

ဝင်လာသည်။ သူသည် အနည်းငယ်ပိန်၍သွား၏။ သူ့ဟန်မှာ မောပန်းနွမ်းရိနေသည်ကိုတွေ့ရ၏။ သူသည် အီဗာကို လက်မြှောက်၍နှုတ်ဆက်ပြီးလျှင် ကုလားထိုင်တစ်လုံးကိုဆွဲ၍ထိုင်လိုက်၏။ သူသည် အချိန်အတော်ကြာမျှပင် ဘာစကားမှမပြောနိုင်ဘဲ အီဗာအား တွေတွေကြီးကြည့်နေသည်။ အီဗာက အဒေါ့ဖ်ထံသို့ ပြေးသွား၍ သူ့အနားတွင် ဒူးထောက်ထိုင်ချလိုက်သည်။

"အဒေါ့ဖ်… အို… အဒေါ့ဖ်ရယ်"

အီဗာက ခေါ်လိုက်၏။

**"ရှင်ဟာ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တစ်ဦးပါပဲလား အဒေါ့ဖ်၊ ရှင်ဟာ အောင်နိုင်သူတစ်ဦးပါပဲ"**

အဒေါ့ဖ်က အီဗာကို စိုက်ကြည့်နေဆဲဖြစ်၏။ မကြာမီ သူက စကားစပြော၏။ သို့သော် သူ့အသံမှာ လည်ချောင်း၌တစ်ဆို့၍နေသည်။ အီဗာသည် တစ်စုံတစ်ရာတော့ ထူးခြားပြီဟု ခန့်မှန်းမိလိုက်သည်။

"သူတို့ လွတ်သွားတယ်"

သူက ယူကျုံးမရပြောနေ၏။

"သူတို့လွတ်သွားတယ်"

အီဗာက ရွတ်လိုက်သည်။ အခြေအနေကို အကဲခတ်မိလိုက်၏။ အင်္ဂလိပ်စစ်တပ်များသည် ဂျာမနီတပ်များ၏ရန်မှ လွတ်လွတ်ကင်းကင်း ထွက်ပြေးသွားနိုင်ခြင်းပင် ဖြစ်ပေမည်။

"သူတို့ရေတပ်တွေ ရုတ်တရက်ပေါ်လာတယ်။ သူတို့တပ်သားတွေကို သယ်ဆောင်သွားနိုင်ကြတယ်"

"ဒါပေမယ့် အဒေါ့ဖ်ရယ်၊ သူတို့ကို ဗုံးကြဲလို့ရနိုင်သားပဲ မဟုတ်လား။ ရှင့်မှာ သိပ်ပြီးအင်အားတောင့်တင်းတဲ့ လေတပ်မတော်ရှိတယ်လေ"

အီဗာက ပြောလိုက်သည်။

"လေတပ်က သူတို့ကို ဒုက္ခပေးနိုင်တာမှန်တယ်။ ဒါပေမယ့် တိမ်ထူထပ်ပြီး ပင်လယ်ပြင်ကို လုံးဝတိမ်လိပ်ကြီးတွေ လွှမ်းသွားလို့ပေါ့။ ဟာမန်ကလည်း သူ့လေတပ်မတော်ကို သိပ်အားကိုးတာ၊ ဒါပေမယ့် တကယ့်အချိန်ကိုရောက်တော့ ဘာတတ်နိုင်သေးလဲ"

အီဗာက



"သူတို့လက်နက်ခဲယမ်းတွေကော"

အဒေါ့ဖ်က

"တို့ အားလုံးသိမ်းယူလိုက်နိုင်ပါတယ်။ ဒါပေမယ့် ဘာလုပ်ဖို့လဲ၊ အားလုံးဟာ အဟောင်းအမြင်း အဆွေးအမြေ့တွေချည်းပဲ။ တို့ သူတို့ကို ဖိပြီးတိုက်တာပဲလေ။ ဒါပေမယ့် လွတ်သွားတယ်ကွာ"

သူ့ကိုကြည့်ရသည်မှာ ဆရာဒဏ်ပေးခံရသော ကျောင်းသားငယ်တစ်ဦးလို ဖြစ်နေ၏။ အီဗာသည် သူ့ကို ဘာမှလုပ်မပေးနိုင်ပေ။ ထို့ကြောင့် သူ့မျက်လုံးများကို လက်ကိုင်ပဝါဖြင့် တို့ပေးနေရလေသည်။

အီဗာက

"နောက်တစ်ကြိမ်ကျရင် သူတို့ လွတ်အောင် မပြေးနိုင်ပါဘူး၊ သေချာပါတယ်"

အီဗာက အားပေးလိုက်၍ အဒေါ့ဖ်သည် အားတက်လာဟန်ရှိ၏။

"အေးပေါ့ကွာ၊ဒီတစ်ချီတော့ သနားနေလို့ မဖြစ်တော့ဘူး။အင်္ဂလန်ဟာ ငါ့ရန်သူနံပါတ်တစ်ပဲ။ ပြင်သစ်ကိုသိမ်းသလို၊ ပေါ်လန်ကို သိမ်းသလို၊ ဘယ်ဂျီယံကိုသိမ်းသလို အင်္ဂလန်ကိုလည်း သိမ်းပြမယ်… ကြည့်နေ။

ငါလုပ်ခဲ့သမျှတွေကို နပိုလီယံတောင် မလုပ်နိုင်ခဲ့တာတွေ ရှိတယ်။ တစ်ကမ္ဘာလုံးဟာ ငါ့လက်ထဲမှာရှိတယ်။ ငါ့လက်ထဲမှာ ရှိနေတယ်"

သူက အော်လိုက်၏။

"အဒေါ့ဖ် ရှင်အနားယူလိုက်ရင် ကောင်းမယ်ထင်ပါတယ်၊ ရှင် အနားယူလိုက်ပါနော်"

အီဗာက နှင်းဆီရေဖြင့် အဒေါ့ဖ်၏မျက်နှာကို သန့်စင်ပေးလိုက်၏။ သူ့အတွက် ပက်ပါးမင့် လက်ဖက်ရည်ကိုလည်း အဆင်သင့်လုပ်ပေးရန် အမိန့်ပေးလိုက်ပေသည်။

အီဗာသည် ဒန်းကပ်စစ်မျက်နှာမှ ဆုတ်ခွာထွက်ပြေးလွတ်မြောက်သွားသော အင်္ဂလိပ်တပ်များနှင့် နောက်မှလိုက်တိုက်နေသော သတ္တိခဲ ဂျာမန်စစ်သည်တော်တို့အကြောင်းကို တွေးလိုက်မိသည်။

✡✡✡

# သည်တစ်ခွေ

အဒေါ့ဖ်ဟစ်တလာသည် နာရီပေါင်းများစွာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ သူအိပ်နေသောအချိန်အတောအတွင်း အီဗာက အနားမှ မခွာဘဲရှိလေ၏။ ကံဆိုးသည်မှာ သူ အိပ်ရာကနိုးလျှင်နိုးချင်း သူ စိတ်မချမ်းသာစရာသတင်း ရောက်လာခြင်းဖြစ်၏။

သတင်းကို ယူလာသူကား ယူဂျင်မစ်ရှင်မင်တည်း။ ယူဂျင့်ထံမှ သတင်းလွှာကို အီဗာက လှမ်းယူလိုက်သည်။ ယူဂျင်က အီဗာကိုအလေးပြုသည်။ ထို့နောက် အီဗာကို တစ်ချက်မှလှည့်မကြည့်ဘဲနှင့် ယူဂျင်သည် နောက်သို့လှည့်၍ ထွက်ခွာသွားလေသည်။

"ဒီလူ... ဒီလူ... မိစ္ဆာ... မိစ္ဆာ..."

"အဒေါ့ဖ်ရယ်... ရှင်ဘာဖြစ်လို့လဲ"

အီဗာက မေးသည်ကို သူကြားဟန်မတူပေ။ စားပွဲပေါ်မှ ပစ္စည်းတို့ကို သူသည် တွန်းထိုးပုတ်ခတ်လိုက်၏။ စားပွဲကို သူ့လက်သီးကြီးနှင့် ထုနေသည်။ စားပွဲပေါ်မှ ပန်းအိုးများသည် စားပွဲအောက်သို့ကျရောက်ကွဲရှသွား၏။ အီဗာက သူ့လက်ထဲမှစာရွက်ကို ယူကြည့်လိုက်သည်။ စစ်ဌာနချုပ်မှ ပို့လိုက်သော သတင်းပင်ဖြစ်၏။

"ဝင်စတန်ချာချီကို ဗြိတိသျှဝန်ကြီးချုပ်အဖြစ် ခန့်ထားလိုက်ပြီ"

အီဗာသည် သတင်းကိုကြည့်၍ ထိတ်လန့်သွားလေသည်။ထိုပုဂ္ဂိုလ်ကား အဒေါ့ဖ်ဟစ်တလာ အမုန်းဆုံးလူတစ်ယောက်ပင်ဖြစ်လေသည်။ အီဗာသည် ဟစ်တလာ၏ဆရာဝန် ဒေါက်တာမော်ရဲလ်ကို ဖုန်းဆက်ခေါ်လိုက်၏။ သို့သော် ဒေါက်တာမော်ရဲဘ်ကော ဘာတတ်နိုင်မည်နည်း။



အဒေါ့ဖ်ဟစ်တလာ၏ ရောဂါမှာ အင်္ဂလန်ကို သိမ်းပိုက်ရေးပင်ဖြစ်သည်။ အင်္ဂလန်ကျွန်းကို သိမ်းပိုက်ပြီးသောအခါ သူ့ရောဂါပျောက်မည်ဖြစ်သည်။ အင်္ဂလန်နိုင်ငံ ဝက်စ်မင်နစ်စတာ အဆောက်အအုံထိပ်၌ နာဇီအလံတော်ကို မလွှင့်တင်ရမချင်း အဒေါ့ဖ်ရောဂါမှာ ဆိုးရွားလျက်ရှိဦးမည်ကို ဆရာဝန်မော်ရဲလ်က ကောင်းစွာသိပေသည်။

အီဗာက အဒေါ့ဖ်ကို အိပ်ဆေးတိုက်၍ သိပ်ထားခဲ့ပြီး အပြင်သို့ထွက်လာသည်။

"ကွန်ရတ်ရယ်... သူသိပ်မှားတာပဲ"

အီဗာက ပြောလိုက်သည်။ သူကပြန်ပြောသည်။

"မမှားပါဘူး၊ မှန်ပါတယ်။ သိပ်ကြီးကျယ်တဲ့ အောင်ပွဲရသမားတွေဟာ သာမန်ကိစ္စတွေကို ကျေနပ်နှစ်သိမ့်ခြင်း မဖြစ်နိုင်ဘူး"

ဤသို့ပင် ဗြိတိန်တိုက်ပွဲကို စတင်ခဲ့သည်။

ဟာမန်းဂိုရင်က

"လူတွေ ထောင်ပေါင်းများစွာ သေကြလိမ့်ဦးမယ်"

သူက သူ၏လင်းယုန်ငှက်လေတပ်လေယာဉ်များ အားကိုးဖြင့် ပြောခဲ့သည်။ မှန်၏။ဂျာမန်လေတပ်များသည် အင်္ဂလန်ကျွန်းကို ရက်ဆက်သွားရောက်ဗုံးများ ကြဲချခဲ့လေသည်။

ထိုနှစ်နွေရာသီတွင် အင်္ဂလန်ကျွန်းမှ သိမ်းမြစ်သင်္ဘောဆိပ်မှာ ပြာအတိဖြစ်ခဲ့သည်။ ညဥ့်တိုင်းပင် မီးတောက်မီးလျှံများကိုတွေ့ရ၏။ လန်ဒန်တစ်မြို့လုံးမှာ ပြာပုံအတိဖြစ်စေခဲ့သည်။

ဆောင်းတစ်ညတွင် အီဗာကို အဒေါ့ဖ်က ပြောခဲ့ဖူးသည်။

"တို့... စစ်ကြီးကို ၁၉၄၁ ခုနှစ်မှာ အပြီးသတ်နိုင်ကြလိမ့်မယ်..."

သူသည် အိမ်တော်သို့ ပြန်၍အနားယူနေသည်။

အယ်လ်ဇေးရှင်းခွေးကြီး ဘလွန်ဒီကို သူကဇက်သပ်ပေးနေ၏။ ဘလွန်ဒီသည် သူ့သခင်ကို မော်ကြည့်လျက်ရှိသည်။

"အို... အဒေါ့ဖ်ရယ်၊ ကျွန်မလည်း ဒီလိုပဲဆုတောင်းထားတာပဲ"

"ရက်ရက်စက်စက်လုပ်ရမှာပဲလေ၊ စစ်ကြီးကိုပြီးအောင်လုပ်ရမယ်၊ ဂျာမနီလည်း အောင်ပွဲခံရမယ်ကွ"

"ကျွန်မတို့ နိုင်ရမယ်၊ **ဟေး... ဟစ်တလာ**"

"ဘာမှဒွိဟရှိစရာမလိုဘူး၊ **ဟေး... ဟစ်တလာ**"

အီဗာသည် ဒုတိယအကြိမ် ရောက်လာသော ဆောင်းရာသီကို ဘာလင်မှာ **နေလိုက်၊ လျှောက်လည်လိုက်နှင့် အသုံးချခဲ့သည်။ ကွန်ရတ် နှင့်တစ်ပါတည်း အတူလိုက်၍ ကိုယ်ရံတော်မှူးတာဝန်ကို အပြည့်အဝ** ထမ်းဆောင်နေရသည်။

စစ်ကြီးမှာ ဆက်လက်၍ဖြစ်ပွားဆဲဖြစ်သည်။ အင်္ဂလန်သည် ညဥ့် တိုင်း ဗုံးလာ၍ကြဲနေသော ဂျာမန်တို့၏ရန်ကို ခုခံရင်း စစ်ပွဲကို ရေရှည် ဆက်၍နွှဲနေသည်။

ဧပြီလတွင် အီဗာသည် ဘာလင်အိမ်တော်သို့ ပြန်၍ရောက်လာ ပြန်သည်။ ယခုတစ်ကြိမ် အီဗာ ဘာလင်သို့ ပြန်ရောက်ခဲ့ရာ၌ သူမ၏ အသွင်မှာအနည်းငယ်ပိန်သွားပြီး မျက်နှာတွင်အရေးအကြောင်းများ အနည်း ငယ် တွေ့လာရလေသည်။

အီဗာရောက်လာသည့်နေ့ညဥ့်က ဂိုရင်း၏လေတပ်မတော်သည် လန်ဒန်မြို့လယ်ကို ဗုံးအကြီးအကျယ်သွားရောက်ကြဲချခဲ့လေသည်။

အီဗာနှင့်အဒေါ့ဖ်တို့သည် အတူတကွ ညစာစားကြသည်။ စား သောက်ဖွယ်ရာများကို သိမ်းဆည်းပြီးသွားသောအခါ၌ အီဗာနှင့်အဒေါ့ဖ် နှစ်ယောက်တည်းကျန်ခဲ့သည်။

အဒေါ့ဖ်ဟစ်တလာက

**"အို... အစီလေးရယ်... ကိုယ့်အပေါ် သစ္စာအရှိဆုံး ကလေးမ... သေတဲ့အထိ ကိုယ်နဲ့အတူရှိနေမယ့် အချစ်ကလေးရယ်"**

"သေတယ်ဆိုတဲ့ စကားကြီးကို မပြောပါနဲ့လားကွယ်"

"ဒီအချိန်ဆိုရင် လန်ဒန်မြို့ကြီး ပြာကျနေပြီ"

"လန်ဒန်အကြောင်း မပြောပါနဲ့ကွယ်"

အဒေါ့ဖ်က

"ဘာဖြစ်လို့ မပြောရမှာလဲ၊ ဘာဖြစ်လို့လဲ။ သူတို့ကို တို့လေတပ် မတော်က သင်ခန်းစာကောင်းကောင်းပေးရမယ်။ သူတို့က ချာချီကို အားကိုး တယ် မဟုတ်လား။ (ပြုံး၍ပြော၏။) ငါက အင်္ဂလန်ပြည်သူပြည်သား တွေနဲ့ ချစ်ချစ်ခင်ခင်မိတ်တွေဖွဲ့ချင်ပါတယ်။ သူတို့ပျက်စီးမှာကို မကြည့် ရက်ပါဘူး။ ဒါပေမယ့် ချာချီက ဒီလို ခွင့်မပြုဘူးလေ။ ဒီတော့လည်း ငါ လုပ်စရာရှိတာ ဆက်လုပ်သွားရုံပဲပေါ့"



အီဗာက

"အဒေါ့ဖ်ရယ် ဒါတွေကို မပြောဘဲနေရအောင်ပါကွယ်"

**အဒေါ့ဖ်က**

**"ကဲ... ကောင်းပြီ၊ သီချင်းဆိုပြ"**

**အီဗာက**

"ဒါးအာလ်ကောနစ်"သီချင်းကိုဆိုပြသည်။

အဒေါ့ဖ်သည် ငိုက်လာသည်။ သီချင်းသံတွင် နစ်မြော၍သွား၏။ အီဗာက သူ့ကိုပွေ့ထားရ၏။ အီဗာ၏ဆံပင်များသည် သူ့ကိုယ်ပေါ်သို့ လွှင့်၍ ကျနေလေသည်။

အီဗာက ကွန်ရတ်နှင့် အဒေါ့ဖ်ဟစ်တလာကို နှိုင်းယှဉ်၍ကြည့်မိ သည်။ ကွန်ရတ်ကိုချစ်သလိုပင် မိမိအနေဖြင့် အဒေါ့ဖ်ကို ချစ်ချင်သည်။ သို့သော် အဒေါ့ဖ်မှာ အိုနေပေပြီ။ ကွန်ရတ်ထက် အသက်ပို၍ကြီးနေသည်။ ပြီးတော့ အဒေါ့ဖ်၏ချစ်မြတ်နိုးပုံမှာ ပဒေသရာဇ်ဆန်လွန်းသည်။ တစ်ခါ တစ်ရံ အီဗာ နားမလည်သောအပြုအမူများကိုလည်း အဒေါ့ဖ်က ပြုမူ တတ်လေသည်။

၂ နာရီခန့်ကြာသောအခါ အဒေါ့ဖ်သည် အီဗာကို ထားခဲ့ပြီး ထွက်သွားပြန်လေသည်။ နံနက်လင်းသောအခါ အဒေါ့ဖ်သည် ဘာလင်မြို့ တော်မှ ထွက်ခွာသွားပြန်တော့သည်။ အီဗာက ဤတစ်ကြိမ်မှာလည်း အဒေါ့ဖ်သည် အချိန်ကြာမြင့်စွာ ခရီးထွက်သွားပြန်ခြင်းကို နားလည်လိုက်ရ ၏။ အီဗာ့ထံသို့ အဒေါ့ဖ်သည် ရုတ်တရက် ရောက်လာတတ်ပြီး ရုတ်တ ရက်ပင် ထွက်ခွာသွားတတ်ပေသည်။

ကွန်ရတ်က အီဗာကို ပြောနေ၏။

"မင်း... သူ့ကိုတော့ လုံးဝယုံကြည်သင့်တယ်"

"ဟုတ်ပါတယ်လေ... ကိုယ်လည်း သူ့ကိုယုံကြည်ရမယ်၊ ဂျာမနီ တစ်နိုင်ငံလုံးလည်း သူ့ကိုအားကိုးနေကြတယ်၊ သူဟာ တို့ခေါင်းဆောင်၊ အင်အားအကြီးဆုံးခေါင်းဆောင်ပဲကွာ"

ရေဒီယိုနှင့် သတင်းစာများက ထိုနေ့ညဥ့်က လန်ဒန်ကိုဗုံးကြဲခဲ့ ခြင်း၏အဖြေကို ဖော်ပြကြ၏။ လန်ဒန်တစ်မြို့လုံး ရစရာမရှိအောင် ပျက်စီး ခဲ့ခြင်းနှင့် ရေပြတ်၊ မီးပြတ်ဖြစ်သွားခြင်းကို ရေးသားအသံလွှင့်၏။ အင်္ဂလန်

နိုင်ငံကား သွေး၊ ချွေး၊ မျက်ရည်တို့ဖြင့် လွှမ်းနေသော ဘေးဆိုးကြီးနှင့် ကြုံလျက်ရှိနေလေ၏။ ထောင်ပေါင်းများစွာသော လူတွေ သေနေ၏။

သို့သော် အင်္ဂလန်သည် တိုက်ပွဲကို ရဲရဲကြီးဝင်နေကြောင်း အီဗာ သိနေရပေသည်။

✡✡✡

# ဘုရားသခင်၏ စကြာ

ဂျာမနီနိုင်ငံတွင်း၌ မယုံကြည်နိုင်ဖွယ်သော အဖြစ်အပျက်တွေဖြစ်ခဲ့ရပြန်သည်။

အီဗာသည် ရှေ့တန်းချီတပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများပါရှိသော ပါဆယ်ထုပ်များကို ကူညီထုပ်ပိုးပေးရသည်။

ဂျာမနီနိုင်ငံတွင်း၌ အင်္ဂလိပ်သူလျှိုတွေမှာ ခြေချင်းလိမ်နေသည်။ သူတို့ သူလျှိုတွေမှာ များစွာမှ အရည်အချင်း ထက်မြက်သူတွေဖြစ်ကြရာ ဒေါက်တာဂိုးဘဲလ်က သူလျှိုတွေကို ပစ်သတ်ရန် အမိန့်ပေးထားသည်။ ကြင်နာသနားနေ၍မဖြစ်။

ထိုအတွင်းမှာ အီဗာမှာ များစွာအားအင်ဆုတ်ယုတ်၍လာသည်။ ဗီတာမင်အားဆေးလုံးကလေးများကို အီဗာစားသော်လည်း ထူးခြားမှုမရှိခဲ့ပေ။

"ငါ တော်တော် အားနည်းလာတာပါပဲလား"

ဟု အီဗာက တစ်ကိုယ်တည်းပြောမိသည်။

ဒေါက်တာမော်ရဲလ်ကား ကြင်နာတတ်သူ ဆရာဝန်တစ်ဦးဖြစ်၍ အီဗာကို ဂရုစိုက်ပေသည်။ သူက စစ်ကြီးနှင့်ပတ်သက်၍

"သိပ်တော့ ကြာတော့မှာမဟုတ်ဘူး၊ စစ်ကြီးပြီးခါနီးနေပြီ"

ဟု ပြောခဲ့သည်။ သူကပြောသည်။

**"အဒေါ့ဖ်ဟစ်တလာဆိုတာက အောင်နိုင်သူကြီးပဲ၊ သူဟာ စိတ်ကျေနပ်ဖွယ် အခြေအနေကို ဖန်တီးပေးပါလိမ့်မယ်၊ ဟေး... ဟစ်တလာ"**

ဟုပြောခဲ့၏။

ဖွန်လစောစောပိုင်းက အီဗာသည် မြို့တော်ထဲသို့ ဈေးဝယ်ထွက်မဲ့လေသည်။ ဈေးဝယ်ထွက်ရင်းနှင့် အီဗာသည် 'ဟော်တယ်ဒင်းကော်နစ်'သို့ ကော်ဖီသောက်ရန် ဝင်ခဲ့၏။ ငွေလက်ခံစာရေးမလေးက အီဗာဘရောင်းကို သိ၍ လေးလေးစားစား ပြုံး၍နှုတ်ဆက်လေသည်။ တစ်နေ့တွင် အီဗာသည် နိုင်ငံတော်အတွက်အထိပ်တစ်ဦးဖြစ်လာမည်ကို သူမ ကောင်းစွာနားလည်ဟန်ရှိပေသည်။

ထိုစာရေးမကလေးသည် ချက်ချင်းပင် ဟော်တယ်မန်နေဂျာကို ဖုန်းဆက်၍ခေါ်လိုက်၏။ ဟော်တယ်မန်နေဂျာအနေဖြင့် ဤဂုဏ်သရေရှိ အမျိုးသမီးအတွက် ပြုစုကူညီရန် ဖြစ်ပေသည်။

ဟော်တယ်မန်နေဂျာ ရောက်လာသည်။ သူသည် လက်များကို ပွတ်သပ်လျက်ရှိ၏။ သူ့ဆံပင်မှာ တိုတိုလေညှပ်ထား၍ တစ်ခေါင်းလုံးပြောင်နေသည်။ သူ၏ပျက်နှာတွင် အမာရွတ်ကြီးတစ်ခုရှိ၏။ မန်နေဂျာက အကောင်းစားစီးကရက်ကို လှပသောဘူးဖြင့် ထည့်ပြီး အီဗာကို လာ၍လက်ဆောင်ပေးသည်။ အီဗာမှာ အခန်းထောင့်ရှိစားပွဲတွင် မိမိအတွက် လာချပေးသော ကော်ဖီပန်းကန်နှင့်အတူ ရှိနေပေသည်။

အီဗာသည်ဟော်တယ်မှအထွက်တွင်တံခါးစောင့်ဖြစ်သူ၏ အလေးပြုခြင်းကိုခံရ၏။ ထိုသူမှာ ဆံပင်အနက်ရောင်နှင့်ဖြစ်သည်။ အီဗာက ထိုဟော်တယ်တံခါးစောင့်မှာ မိမိ၏ ဘတ်ချ်တက်စ်ဂဒင် အိမ်တော်မှ စားပွဲထိုး ကားနှင့်ပင်တူသည်ဟု ထင်မိ၏။ သို့သော် ထိုသူမှာ လူငယ်တစ်ယောက်ဖြစ်ပြီး ကားလ်မှာ အသက် ၆၀ နားနီးရှိနေပေပြီ။

ယခုတံခါးစောင့်မှာ လူငယ်တစ်ယောက်ဖြစ်နေ၏။ ထို့ကြောင့် ထိုလူငယ်ကို သေချာစွာပြန်ကြည့်၏။ ယခုမှ ထိုလူငယ်မှာ ကားလ်နှင့်မတူဘဲ မိမိတွေ့မြင်သိကျွမ်းဖူးသော ...ယ်တစ်ယောက်နှင့်တူပါသည်ဟု ထင်မိသည်။ နောက်ဆုံးတော့ အီဗ...ည် အရဲစွန့်၍ မေးခွန်းတစ်ခုမေးလိုက်၏။ သူကား တောင်တန်းပေါ်၌ တွေ့ခဲ့ရသော ဂျွန်စမစ် ဖြစ်မည်ထင်သည်။

"ဒီမှာ ရှင်နဲ့ကျွန်မတို့ တောင်တန်းတစ်ခုပေါ်မှာ အရင်ကတွေ့ခဲ့ဖူးကယ် မဟုတ်လား"



တံခါးစောင့်လူငယ်က အီဗာကို အထူးအဆန်းလို ပြန်ကြည့်သည်။ ထို့နောက် ပရုပ်ရှားသံပါသော အပြောမျိုးဖြင့် အီဗာ၏မေးခွန်းကို ပြန်ဖြေလေသည်။

"ကျွန်တော် သိပ်သတိမကောင်းဘူးခင်ဗျ ဖရော်လင်၊ ဒါပေမယ့် ကျွန်တော်တော့ ခင်ဗျားနဲ့ တွေ့ဖူးတယ်မထင်ဘူး"

"ရှင်ဟာ ဂျွန်စမစ်မဟုတ်လား၊ အင်္ဂလိပ်လူမျိုးတစ်ယောက်လေ"

"လေးစားအပ်သော ဖရော်ဘင်... ကျွန်တော်ဟာ ကိုလုံးနယ်က ဝီလ်ဟင်းလင်းအေါ် ဖြစ်ပါတယ်"

အီဗာက တွေးနေသည်။ "ငါထင်တာ မှန်ပါတယ်၊ မလွဲနိုင်ပါဘူး၊ ငါ ဘာလုပ်ရင် ကောင်းပါ့မလဲ"

အီဗာက ထပ်ပြောသည်။

"ဒီမှာ ရှင်နဲ့ကျွန်မ ရှမစ်တင်းဟွန်းတောင်ထိပ်မှာ တွေ့ခဲ့ကြတယ်လေ။ ကျွန်မကောင်းကောင်းမှတ်မိပါတယ်။ ကျွန်မတို့ တဲတစ်လုံးထဲမှာ တစ်ညလုံးရှိခဲ့ကြတယ်လေ။ ရှင်ကပဲ ပြောသေးတယ်မဟုတ်လား၊ ဘဝမှာ အသေချာဆုံးက သေခြင်းပဲလို့"

တံခါးစောင့်မှာ အီဗာပြောသည်ကို နားမလည်နိုင်ရှိနေသည်။ နဖူးကြောများကို ရှုံ့လိုက်ပြီး ပခုံးတွန့်လိုက်၏။

သူက ပြုံးလိုက်၏။ သူသည် ဘာပြန်ပြောရမှန်း မသိအောင် စိတ်ရှုပ်သွား၏။ အီဗာက ကားပေါ်သို့တက်လိုက်လေသည်။ ထို့နောက် အိမ်သို့ တန်း၍ပြန်လာခဲ့သည်။ သူမ၏စိတ်ထဲတွင် ထိုသူမှာ ဂျွန်စမစ်ကေန်ဖြစ်ကြောင်း သေချာနေသည်။ အီဗာသည် ကွန်ရတ်ဆီသို့သွား၍ တွေ့ခဲ့သောဟော်တယ်တံခါးစောင့်မှာ အင်္ဂလိပ်လူမျိုး ဂျွန်စမစ်ဖြစ်ကြောင်း ပြောပြ၏။

"သူ့မျက်လုံးတွေ၊ မျက်လုံးပြာကြီးတွေက သူမှာသူ့အစစ်ပါဆိုတာ သက်သေခံနေတယ်လေ"

ကွန်ရတ်က

"မင်းတွေ့ခဲ့တဲ့လူအကြောင်းကိုတော့ တစ်ဦးဦးသွားပြောသင့်တယ်။ ဆိုင်ရာကို သတင်းပို့ဖို့ကောင်းတယ်။ အင်္ဂလိပ်သူလျှိုတစ်ယောက်ရှိနေတာကို သိနေပါရက်နဲ့ ဒီအတိုင်းကြည့်နေဖို့ မသင့်ဘူး"

အီဗာသည် ချက်ချင်းပင် ဒေါက်တာဂိုးလ်ဘဲထံသို့ ဖုန်းဆက်လိုက်၏။ အီဗာအနေဖြင့် နာဇီခေါင်းဆောင်များထဲတွင် ဒေါက်တာဂိုးလ်ဘဲကို အကြည်ညိုဆုံး အချစ်ဆုံးဖြစ်၏။ အီဗာက အကြောင်းစုံရှင်းပြလိုက်၏။

"ဟော်တယ် ဒင်ကိုနစ်မှာ တံခါးစောင့်လုပ်တဲ့လူကို တွေ့ခဲ့တယ်၊ ဒီလူဟာ ဂျုန်စမစ်ဆိုတဲ့ အင်္ဂလိပ်တစ်ယောက်ပဲ၊ အင်္ဂလိပ်သူလျှိုတစ်ဦးပေါ့၊ **ဟေး... ဟစ်တလာ**"

အီဗာက တယ်လီဖုန်းခွက်ကိုချထားလိုက်ပြီးလျှင် ကွန်ရက်ကို လှမ်းကြည့်သည်။ ကွန်ရက်မှာ စာရွက်တစ်ရွက်ကို ဝမ်းသာအားရကြည့်နေသည်။ ထိုစာရွက်ကား ကွန်ရက်ကို ဗိုလ်အဆင့်မှ ဗိုလ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားကြောင်း အမိန့်စာပင်တည်း။

"အီဗာ မင်းယုံမှာတောင်မဟုတ်ဘူး။ တပ်ကြပ်ကလေးဘဝက စခဲ့တဲ့ ကိုယ့်ရာထူးဟာ အခုတော့ အကျိုးထူးတစ်ရပ်ကို ခံစားရပြန်ပြီ။ ကိုယ့်ကို ဗိုလ်ကြီးအဖြစ် ရာထူးတိုးပေးပြီ"

အီဗာက

"အဒေါ့ဖ်လည်း တစ်ကြိမ်က တပ်ကြပ်ကလေးပဲပေါ့"

"ဒါပေမယ့် ဗိုလ်ကြီးရာထူးကို ရဖို့ကတော့ မယုံကြည်နိုင်စရာပါပဲကွာ။ ကိုယ်တော့ မင်းကျေးဇူးကြောင့်ပဲဆိုတာ နားလည်ပါတယ် အီဗာရယ်"

"ဒါကို ပြောမနေနဲ့ ကွန်ရက်ရယ်၊ တို့လမ်းမှန်အတိုင်း လျှောက်သွားနိုင်ရင် တော်ပါပြီ။ မင်းနဲ့ကိုယ် အတူတူတွဲပြီး ခရီးတစ်လျှောက်ကို မနားတမ်းလျှောက်သွားကြစို့လေ"

ကွန်ရက်က ကတိပေး၏။

"စိတ်သာချပါကွယ်၊ မင်းကို ကိုယ်ပေးထားတဲ့ ကဝိကိုမေ့သွားပြီလားဟင်။ စိတ်သာချနေနော်။ ကိုယ့်အချစ်ရယ်၊ အားလုံးအဆင်ပြေစေရမယ်"

အီဗာသည် ကားမောင်း၍ လမ်းမကြီးထဲသို့ ထွက်ခဲ့ပြန်သည်။ ဟော်တယ်ရှေ့မှာ ရပ်နေသောတံခါးစောင့်ကို အီဗာသတိရ၏။ အခြေအနေမှာ မည်သို့ရှိလေသနည်းဆိုသည်ကိုလည်း သိချင်သည်။ ဟော်တယ်မန်နေဂျာကိုလည်း ထိုအကြောင်းကို ပြောပြလိုက်ဦးမည်။



လမ်းမကြီးမှာ၊ ဈေးဆိုင်တွေမှာ၊ စားသောက်ဆိုင်တွေမှာ လူတွေအပြည့်ရှိနေကြလေသည်။ သူတို့၏စိတ်ထဲ၌ အင်္ဂလန်ကို ဘာဖြစ်လို့ ဂျာမန်တပ်မတော်က ယခုထက်ထိ မသိမ်းနိုင်သလဲဟု မကျေမနပ်ဖြစ်နေကြဟန်ရှိ၏။

အီဗာက ဟော်တယ်နားသို့ ကားမောင်း၍ ရောက်လာသောအခါ ဟော်တယ်တံခါးဝ၌ တံခါးစောင့် ရပ်နေသည်ကို မြင်ရလေသည်။သူသည် ယူနီဖောင်းအနက်ကို ဝတ်ဆင်ထားသည်။ အီဗာ၏ရှေ့ကကားမှာ ဖြည်းဖြည်းလေးမောင်းလာပြီးလျှင် ဟော်တယ်ရှေ့၌ ရပ်လိုက်၏။ ကားထဲမှ အက်စ်အက်စ်ရဲဘော်နှစ်ယောက် ခုန်ဆင်းလာကြသည်။ အီဗာက စောင့်ကြည့်နေ၏။

အက်စ်အက်စ် ရဲဘော်နှစ်ဦးက တံခါးစောင့်ကို သွား၍ဖမ်းချုပ်ကြသည်။ တံခါးစောင့်လူသည် ရုန်းကန်၍နေ၏။ မကြာမီ သေနတ်သံတစ်ချက်ကြားလိုက်ရသည်။မိန်းမကြီးတစ်ယောက်၏ ထိတ်လန့်တကြားအော်သံကိုပါ ကြားရလေ၏။မီးခိုးတွေကောင်းကင်သို့ လွင့်တက်သွားသည်။

အီဗာသည် ကားထဲမှ အောက်သို့ဆင်းလိုက်သည်။ အီဗာ၏ခြေထောက်တွေမှာ တဆတ်ဆတ်တုန်၍နေသည်။ သို့သော် အီဗာက အဖြစ်အပျက်ကို သေချာစွာကြည့်ချင်၏။ သေနတ်ဖြင့်ပစ်သတ်ခံရသော တံခါးစောင့်မှာ လူသွားလမ်းပေါ်တွင်လဲနေ၏။ သူ၏ကတ်ဦးထုပ်မှာ ကလေးများကစားသော ခွေကဲ့သို့လိမ့်၍ ရေမြောင်းထဲသို့ ကျသွားလေသည်။

ထိုလူ၏ဆံပင်မှာ အနက်ရောင်ဖြစ်သည်။ သို့သော် သူ၏မျက်နှာမှာ လွန်ခဲ့သောတစ်နာရီခန့်က အီဗာတွေ့ခဲ့ရသော တံခါးစောင့်၏မျက်နှာ မဟုတ်တော့ပေ။ ပို၍သေချာသည်က တစ်ဝက်မျှပွင့်နေသော ထိုလူ၏ မျက်လုံးမှာ စောစောကလူကဲ့သို့ အပြာမဟုတ်၊ အညိုရောင်ဖြစ်နေသည်။

အားလုံးတော့ အလွဲကြီးလွဲခဲ့ပေပြီ။

"သူဟာ စောစောကတွေ့ခဲ့တဲ့လူမဟုတ်ဘူး" အီဗာက တိုးတိုးလေး ရွတ်လိုက်၏။

အီဗာသည် ကားပေါ်သို့ ပြန်တက်၏။ သူမ၏ဒူးများမှာ ပျော့ခွေပြီး စောစောကထက် အင်အားဆုတ်ယုတ်လျက်ရှိတော့သည်။

အီဗာသည် သတိကောင်းစွာထား၍ စကားပြောနိုင်သောအခါမှ

အက်စ်အက်စ်ဗိုလ်ချုပ် ဟင်းမလားသည် အီဗာထံသို့ ရောက်လာပြီး သတင်းတွေကိုမေးလေသည်။

ဟင်းမလားသည် ရှမစ်တင်းဟွန်းတောင်ပေါ်တွင် အီဗာကြုံခဲ့သော ညဦးက ထိုလူငယ်၏အကြောင်းကို အသေးစိတ်သိချင်သည်။ ဗီယင်နာတွင် ဂျွန်စမစ်နှင့် နောက်တစ်ကြိမ်တွေ့ခဲ့ရသည်ကိုလည်း သိလိုသည်။ ထိုနေ့ ညဦးက အီဗာသည် အိပ်ရာဝင်ရန် ပြင်ဆင်နေဆဲ၌ အဒေါ့ဖ် ရုတ်တရက် ရောက်လာခဲ့သည်။ ထိုညဦးက ရာသီဥတုမှာ တော်တော်ပူပြင်း၏။ အီဗာ သည် အပြာရောင်ဂါဝန်ဖြူလှဲ့လှဲ့ကို ဝတ်ထားသည်။ ထိုအရောင်နှင့်ဂါဝန် မှာ သူအနှစ်သက်ဆုံးဝတ်စုံပင်ဖြစ်သည်။

ဟစ်တလာက အီဗာကို သူ၏လက်မောင်းအိုးကြီးများဖြင့် တအား ပွေ့၍နမ်းလိုက်သည်။ သူ့ဟန်မှာ သွက်လက်၍နေ၏။ သူ့မှာ တစ်စုံ တစ်ရာ ကျေနပ်စရာနှင့် ကြုံလာပြီကို အီဗာ နားလည်လိုက်သည်။

"အဒေါ့ဖ်ရယ်၊ ရှင့်ကိုကြည့်ရတာ သွက်လက်နေပါကလား၊ ရှင် သိပ်ပျော်နေသလားဟင်"

"ဒါပေါ့ကွယ်၊ ကိုယ် သိပ်ပျော်နေတယ်။ ကိုယ့်အစီအစဉ်တွေ အားလုံးပြောင်းလိုက်ပြီ။ စစ်ဦးကိုပြောင်းလိုက်တယ်။ ဂျာမနီတော့ အောင်ပွဲခံ ဦးတော့မယ်လ"

"ဘယ်တော့လဲဟင်"

"တို့ အခု ဂျာမနီတပ်တွေကို ရုရှထိချီမယ်။ တစ်ချိန်ကတော့ သူတို့နဲ့ စာချုပ်ချုပ်ခဲ့တာပေါ့လေ။ ခုတော့ အဲဒီစာချုပ်ကို ဖောက်ဖျက်ရ တော့မယ်။ ရုရှကိုသိမ်းမယ်၊ ပြီးတော့ ကမ္ဘာကိုသိမ်းယူမယ်။ ရုရှကို နပိုလီယံတောင် မသိမ်းနိုင်ခဲ့ဘူးလေ။ ဒါပေမယ့် ငါသိမ်းယူပြမယ်။ ရက်အနည်းငယ်တွင်း ရုရှဟာ ငါ့လက်ထဲရောက်မယ်"

သူက အားရပါးရ ရယ်မောနေပြန်ပါ၏။

အီဗာက သူ့ရယ်မောဟန်ကိုကြည့်၏။ သူ့မှာ ပျော်စရာများနေဟန် ထင်၏။ **သူကား ဥရောပတိုက်ကို သိမ့်သိမ့်ခါအောင် လှုပ်ရမ်းခဲ့သော အောင်နိုင်သူပင်တကား။**

"တို့ မဟာအောင်ပွဲကို ခံယူတော့မယ်၊ ကရင်မလင်နန်းတော်ကြီး ကို သိမ်းယူတော့မယ်"



"အဒေါ့ဖ်ရယ်၊ အခုအချိန်ဟာ ကမ္ဘာအတွက် တကယ့်မှတ်တမ်း ကြီး စတင်ရမယ့်အချိန်ပါလားနော်၊ မမေ့နိုင်တဲ့အချိန်ထူးပါပဲ"

"တို့ ညလယ်စာစားရအောင်"

အီဗာက စားပွဲထိုးကားလ်ကိုခေါ်၍ အမိန့်ပေးလိုက်သည်။ အဒေါ့ဖ် နှင့်အီဗာတို့သည် ထိုညဦးက ညဉ့်နက်သည်အထိပင် စကားတပြောပြောနှင့် ညလယ်စာကို စားသောက်ကြ၏။

အီဗာက ဖန်ခွက်ကိုမြှောက်၍—

**"ကမ္ဘာ့အောင်ပွဲကြီးအတွက်—"**

အဒေါ့ဖ်က

**"စကြာတံဆိပ်ရဲ့ အောင်ပွဲအတွက်"**

"စကြာတံဆိပ်ဟာ ဘုရားသခင်ရဲ့တံဆိပ်တော်ပါပဲ"

အီဗာက ပြောလိုက်၏။

အီဗာက ထပ်ပြော၏။

"စကြာတံဆိပ်ဟာ ဘုရားသခင်ပါပဲလေ"

ရုတ်တရက် ဖန်ခွက်သည် အီဗာ၏လက်ထဲမှ လွတ်ကျသွားသည်။ ဖန်ခွက်သည် ပန်းကန်ပြားပေါ်သို့ကျသွားပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွား လေသည်။

✡✡✡

# စကြာ

ယခုအခါတွင် ဘာလင်မြို့တော်သို့ ရန်သူများက မကြာခဏ ဗုံးများ လာရောက်ကြဲချခြင်းကို ခံရလေသည်။ ဂျာမန်လူထုအနေဖြင့် ဗုံးဒဏ်ခံရမည်ကို လုံးဝမမျှော်လင့်ခဲ့ပေ။ သို့သော် ကောင်းကင်မှာ မကြာခဏပင် ရန်သူ၏ လေယာဉ်များဖြင့် ပြည့်နေတတ်သည်။

အဒေါ့ဖ်က ကိုယ်ရံတော် ကွန်ရတ်ကို အီဗာအား ဘတ်ချ်တက်စ်ဂဒင်အိမ်တော်သို့ ပြန်ခေါ်သွားရန် အမိန့်ပေးနေလေသည်။ အီဗာအား စစ်ဒဏ်မှ ကင်းဝေးသောနေရာသို့ ပို့လိုက်ခြင်းဖြစ်၏။ လုံခြုံစိတ်ချရသောနေရာသို့ အီဗာပြန်ခဲ့ရ၏။

ဘတ်ချ်တက်စ်ဂဒင်အိမ်၌ အီဗာမှာ မဲဇာအပို့ခံရသလို ထင်နေ၏။ ရုရှစစ်မြေမှ ရောက်လာသော သတင်းတွေကလည်း စိတ်ကျေနပ်စရာ တစ်ကွက်မျှ မကြားရပေ။ ဤအတိုင်းဆိုလျှင် ဂျာမနီတပ်မတော်သည် ဆောင်းရာသီအထိပင် စစ်ကြီးကို ဆက်တိုက်နေရဦးမည်ဖြစ်၏။ ဤသို့ဆိုလျှင် ဂျာမန်တပ်မတော်သားများအတွက် အနွေးထည်များ လိုအပ်ပေဦးမည်။ အီဗာသည် ရုရှရှိ ဂျာမန်တပ်မတော်သားများအတွက် မိမိ၌ရှိသော အနွေးထည်ကုတ်အင်္ကျီနှစ်ထည်ကို ပို့လိုက်လေ၏။ ယခုအတိုင်းဆိုလျှင် စစ်ကြီးမှာလွယ်လွယ်ကူကူနှင့် အောင်မြင်မြည်မဟုတ်သည်ကား ဂျာမန်တိုင်း နားလည်ရ၏။

"ဒါတွေ မတွေးနေတော့ပါဘူးလေ"

အီဗာက တစ်ကိုယ်တည်း ပြောမိသည်။



တစ်ညသ၌ အီဗာမှာ အိပ်ရာထဲတွင် အိပ်၍မပျော်နိုင်ဖြစ်နေ၏။ အိပ်ဆေးပြားကလေးများကိုလည်း သုံးရမှာကို မရဲမဝံ့ဖြစ်နေသည်။

ထိုအချိန်၌ အီဗာသည် လေယာဉ်ပျံသံများကို ကောင်းကင်မှ ဆူညံစွာကြားရ၏။ ထို့နောက် ဗုံးတစ်လုံးကြဲချလိုက်၍ တစ်အိမ်လုံး သွက်သွက်ခါအောင် တုန်လှုပ်သွားခဲ့သည်။ ဗုံးပေါက်ကွဲသံမှာ တောင်များကိုပင် သွက်သွက်ခါအောင် တုန်လှုပ်သွားစေသည်ဟု ထင်ရ၏။ အီဗာသည် အခန်းထဲမှ ပြေးထွက်လာ၏။ တစ်ဆက်တည်းပင် အဒေါ့ဖ်ဟာစ်တလာတူးခိုင်းထားသော ဗုံးခိုကျင်းထဲသို့ ပြေးဝင်သွားမိသည်။ နွေရာသီတုန်းက အဒေါ့ဖ်က ထိုကျင်းကိုတူးခိုင်းထားခဲ့သည်။ နောက်ထပ်ဗုံးတစ်လုံး ကျပြန်သည်။ကောင်းကင်ပြာမှာ ဗုံးမှအရောင်ကြောင့် တောက်ပလျက်ရှိ၏။ အီဗာနှင့်အင်မီ ဧားပွဲထိုးကားလ်အပြင် အိမ်ဖော်နှစ်ဦး၊ ကွန်ရတ်နှင့် အက်စ်အက်စ်ရဲဘော်များမှာ ဗုံးခိုကျင်းထဲသို့ စုဝေး၍ရောက်လာလေ၏။

"မကောင်းဆိုးဝါးတွေ၊ လူအိုတွေ မိန်းမငယ်တွေအပေါ်မှာ ဗုံးကြဲချတယ်။ ဘယ်လောက်ဆိုးလိုက်သလဲ"

ကားလ်က အော်လိုက်သည်။

မကြာမီ တတိယအကြိမ် ဗုံးကြဲချပြန်သည်။ ဗုံးဒဏ်မှာ နံ့လွန်း၍ ဗုံးခိုကျင်းခေါင်မိုးပေါ်မှ သဲမှုန့်များပင် တဖွားဖွားကျလာခဲ့လေသည်။ အီဗာသည် နားနှစ်ဖက်ကို လက်ချောင်းကလေးများဖြင့် ပိတ်ထားမိ၏။ ပါးစပ်တွေခြောက်နေ၏။ အီဗာက အင်္ဂလိပ်လေယာဉ်တွေဟာ သနားကြင်နာမှု မရှိပါကလားဟု တွေးနေမိသည်။

အီဗာက အသက်ကိုဝအောင်ရှူမိ၏။ သူမ၏အနားမှ ယောကျ်ား တစ်ယောက်၏အသံကို ကြားရသည်။

"မကြောက်နဲ့လေ၊ သတ္တိရှိမှပေါ့"

ပြောလိုက်သူမှာ ကွန်ရတ်ဖြစ်ရမည်ဟု အီဗာထင်လိုက်သည်။

ယခုအခါ၌ ဂျာမနီ၏သားကောင်းများ အားလုံးမှာ ရုရှစစ်မျက်နှာသို့ အသေခံတပ်သားအဖြစ် သွားရောက်တိုက်ခိုက်လျက်ရှိသည်။ တစ်ချိန်က နပိုလီယံ၏ တပ်သားတွေ သေခဲ့ရသလို အခု ဂျာမန်စစ်သားများ ကြုံတွေ့နေရ၏။ အဒေါ့ဖ်က ပြောဖူးသည်။ အတိတ်ဆိုတာ အနာဂတ်မှာ တစ်ကြိမ်ပြန်ဖြစ်လာတတ်သည်တဲ့။ အီဗာက တွေးနေသည်။

ထို့နောက် စောစောကပြောလိုက်သူမှာ မည်သူလဲဟုသိရန် အီဗာက "ဘယ်သူလဲ"ဟု ပြန်မေးသည်။ မှောင်ထဲမှ ဖြေသူမရှိပေ။ ထိုအချိန်တွင် နောက်ထပ်ဗုံးတစ်လုံးကျလာပြန်လေသည်။ ထိုအချိန်က အီဗာမှာ နားကို လက်ဖြင့်အုပ်မထားမိသဖြင့် ခေါင်းပေါ်မှာ မီးတောင်ပေါက်ကွဲသည့်အလား ထင်လိုက်ရတော့သည်။

အီဗာမှာ ခဏတာ နားပင်းသွားသလား ထင်ရတော့သည်။ ဗုံးကြဲလေယာဉ်များ ပြန်သွားသောအခါတွင် အီဗာကို ကွန်ရတ်နှင့် သူ့ရဲဘော်များက ဗုံးကျင်းအတွင်းမှ ပွေ့ယူ၍ထုတ်သွားရ၏။ မကြာမီပင် အီဗာမှာ ကောင်းစွာသတိပြန်ရလာလေသည်။

အီဗာက

"ကိုယ်တော့ သေပြီတောင်အောက်မေ့မိတယ်"

ကွန်ရတ်က

"မင်းမသေရဘူး၊ ကိုယ်ဟာ မင်းအနားမှာ အမြဲတမ်းရှိနေပါတယ်ကွာ။ မင်းကို ကိုယ်ကယ်ဆယ်မှာပေါ့"

အီဗာက

"ကိုယ်တော့ သိပ်အံ့သြတာပဲ။ တို့လေတပ်တွေ ဘာလုပ်နေကြသလဲ။ မာရှယ်ဂိုရင်းနဲ့ သူ့မိန်းမဟာလည်း အလကားပဲ။ ဘာမှအသုံးမကျကြဘူး"

အီဗာမှာ မမျှော်လင့်ဘဲနှင့် အဒေါ့ဖ်ထံမှ အခေါ်လွှတ်ခြင်းကိုခံရပြန်သည်။ အီဗာကို ဘာလင်သို့ အမြန်လိုက်လာရန်ဖြစ်ပေသည်။

အီဗာအနေဖြင့် ဘာလင်ခရီးမှာ ငြီးငွေ့ဖွယ်ကောင်းလှ၏။ ဘာလင်မြို့ရောက်သောအခါတွင်လည်း မြို့တော်၏အသွင်မှာ ယခင်ကနှင့်မတူတော့။ ဟော်တယ်အဆောက်အအုံများမှာလည်း ဆေးမသုတ်နိုင်တော့၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၏။

အီဗာနှင့် အင်မီတို့သည် အိမ်တော်သို့ ကားဖြင့် ဘူတာရုံမှထွက်ခဲ့၏။ အဒေါ့ဖ်ဟစ်တလာမှာ အိမ်တော်ကို မြေအောက်တိုက်ခန်းများဆောက်လုပ်၍ တိုးချဲ့ထားသည်ကို တွေ့ရလေသည်။ မြေအောက်တိုက်ခန်းမှာ အလွန်လုံခြုံသည်။ မြေအောက်တိုက်ခန်းသို့ဝင်နေလျှင် မြေပေါ်မှတိုက်ခိုက်မှုများကို ကောင်းစွာကာကွယ်နိုင်မည်ဖြစ်ပေသည်။



အီဗာမှာ မီးရထားထဲတွင် ကောင်းစွာမအိပ်ခဲ့ရပေ။ ထို့ကြောင့် အနားယူနေရသည်။ ထိုနေ့ညတွင် အီဗာသည် ဧည့်ခန်းထဲ၌ထိုင်နေစဉ် အဒေါ့ဖ် ဝင်လာသည်ကို တွေ့လိုက်ရသည်။ ဟစ်တလာ၏ဟန်မှာ အလွန်အိုမင်းသွားဟန်ရှိ၏။ သို့သော် သူ့ဟန်မှာ သွက်သွက်လက်လက်ပင် ဖြစ်လေသည်။

သူက အီဗာနှင့် မျက်နှာချင်းဆိုင်၍ ဝင်ထိုင်၏။

"အီဗာ… မင်းကိုတွေ့ရတာ ကိုယ်သိပ်ဝမ်းသာတာပဲ"

"ရှင် ဘယ်လိုဖြစ်နေတာလဲဟင် အဒေါ့ဖ်"

"အောင်ပွဲလေ၊ တို့အောင်ပွဲခံရတော့မှာပေါ့။ တို့သိပ္ပံပညာရှင်တွေ ဘာလုပ်နေသလဲ သိသလား၊ ရေအားကိုအသုံးပြုဖို့ ကြိုးစားနေပြီလေ"

"ရေအား… ဘာလဲ"

"ရေအားကထုတ်ယူမယ့် အနုမြူဗုံးတည်ဆောက်ဖို့ ကြိုးစားနေတယ်လေ"

အဒေါ့ဖ်က ဆက်ရှင်းပြ၏။

"တို့အနေနဲ့ လုံလုံခြုံခြုံရှိပါတယ်ကွာ။ အခု အခြေအနေတွေ ချက်ချင်းပြောင်းပြီ။ တို့အတွက် အန္တရာယ်ရှိလာမယ်ဆိုရင် တို့တွက် 'ယူဘုတ်'သင်္ဘောတွေရှိနေတယ်။ ဒီသင်္ဘောတွေဟာ စတက်တင်နဲ့ သိပ်မဝေးပါဘူး။ ကိုယ်တို့ ဒီသင်္ဘောတွေနဲ့ အမေဇုံမြစ်ဝှမ်းအထိ လွတ်လွတ်လပ်လပ်ထွက်ပြေးနိုင်မှာပါ"

"ကွန်ရတ်က ပြောပြီးပါပြီ၊ ရှင့်အစီအစဉ်ကို"

အီဗာက အဒေါ့ဖ်ကို ထပ်ခါထပ်ခါနမ်းနေလိုက်သည်။

"ကိုယ့်အချစ်ရယ်… အီဗာရယ်၊ မင်းဘာမှ သောကမရောက်နေနဲ့နော်။ ဒီမှာနေပြီး တို့သေကြရမယ်လို့ မထင်နဲ့နော်။ ဒီကမ္ဘာမှာ ငါဟာ တန်ဖိုးအရှိဆုံးလူကွ၊ တို့ဟာ သင်္ဘောနဲ့ လွတ်ရာကိုထွက်သွားရမှာပေါ့"

အီဗာက အဒေါ့ဖ်၏အင်္ကျီမှ ကြေးတံဆိပ်ကိုကြည့်၍…

"အဒေါ့ဖ် ရှင် ဘာဖြစ်လို့ ဒီတံဆိပ်ကို ရွေးရတာလဲဟင်"

ဟုမေးလိုက်၏။

"ကြက်ခြေတံဆိပ်က တောင့်တင်းခိုင်မာတဲ့သဘောပေါ့။ အနက်ရောင်ကတော့ အင်အားကြီးမားတယ်ဆိုတဲ့အဓိပ္ပာယ်"

အဒေါ့ဖ်က ပြန်ဖြေသည်။

အီဗာက အဒေါ့ဖ်၏လက်မောင်းများကို ပွေ့ဖက်လိုက်ပြီး

"အို... အချစ်ရယ်၊ ကိုယ့်အချစ်ဆုံးရယ်။ ကျွန်မ ရှင်နဲ့အတူ အမြဲတမ်း နေဖို့လာခဲ့ပါတယ်။ ကျွန်မကို ရှင်ပိုင်ပါတယ်။ **ဟေး... ဟစ်တလာ**"

အီဗာက ဖြေးညင်းစွာပြောလိုက်လေသည်။

✡✡✡

# လက်တလောအန္တရာယ်

၁၉၄၄ ဇူလိုင်လဖြစ်၏။

ဂျာမနီနိုင်ငံကို တုန်လှုပ်သွားစေသော သတင်းတစ်ရပ်ဖြစ်ခဲ့သည်။ နော်မန်ဒီမဟာမိတ်ထိုးစစ်ပင်တည်း။ အချိန်အတော်ကြာကပင် ထိုသို့ တစ်နေ့နေ့တွင် ထိုးစစ်လာမည်ကို ခန့်မှန်းထားမိကြ၏။ မိမိတို့၏တစ်ဦး တည်းသော အောင်နိုင်စစ်သူကြီးသည် ရန်သူ့ထိုးစစ်ကို ထုံးလိုချေ ရေလို နှောင့်နိုင်လိမ့်မည်ဟု ယုံကြည်အားကိုးခဲ့ကြသည်။ သို့သော် အင်္ဂလိပ် အမေရိကန် မဟာမိတ်တပ်များ၏ နော်မန်ဒီကမ်းခြေ၌ အောင်မြင်စွာ ခြေချနိုင်ခြင်းဖြင့် ဂျာမနီအဖို့ အရှုံးခံလိုက်ရလေသည်။

အဒေါ့ကို အီဗာကပင် စိတ်ဓာတ်တက်ကြွနေစေရန် အားပေးနေရ သည်။ အဒေါ့ဖ်မှာ အိပ်သည့်အချိန်ကနည်း၍ အကြောများ တောင့်တင်း သန်မာမှု လွန်စွာယုတ်လျော့လျက်ရှိခဲ့၏။ ထိုအခါတွင် အစားအသောက် လည်းပျက်လာခဲ့သည်။

အီဗာအနေဖြင့် အစားအသောက်များသောကြောင့် တစ်နေ့တခြား ဝလာခဲ့သည်။ အီဗာက ဝခြင်းကို အလိုမရှိပေ။ ဝလာလျှင် အလှပျက်၍ အဒေါ့ဖ် မချစ်မှာကိုပင် စိုးရိမ်မိသည်။ အိုမင်း၍ အရုပ်ဆိုးလျှင် အဒေါ့ဖ်က သူမကို ဂရုမစိုက်ဘဲနေမည်ကို စိုးရိမ်သည်။

အီဗာသည် အဒေါ့ဖ်နှင့်အတူ ပရပ်ရှားဦးကျင်းပသော စစ်အစည်း အဝေးတစ်ခုသို့ လိုက်ခဲ့သည်။အီဗာအနေဖြင့် ဟစ်တလာကို အစစအရာရာ စိတ်မချနိုင်ဖြစ်လေသည်။

အီဗာ၏စားပွဲထိုး ကားလ်ကပင် အဒေါ့ဖ်မှာ ရန်သူများသဖြင့် သူ၏အသက်အန္တရာယ်ကို စိုးရိမ်ရကြောင်း အီဗာကိုပြောသေးသည်။

အီဗာသည် အဒေါ့ဖ်နှင့်လိုက်၍ အဒေါ့ဖ်အစည်းအဝေးလုပ်သော ဟော်တယ်မှာ စောင့်နေတတ်၏။ ဟော်တယ်မန်နေဂျာမှာ ပထမကမ္ဘာစစ်ပွဲမှ တပ်သားဟောင်းတစ်ဦးဖြစ်ပြီးလျှင် ခြေထောက်တစ်ဖက်ကို စစ်အတွင်းက ဖြတ်ခဲ့ရသူဖြစ်၏။

တစ်နေ့တွင် အီဗာထံ အဒေါ့ဖ် အစည်းအဝေးလုပ်နေရာမှ တယ်လီဖုန်းလာ၏။ အီဗာကလည်း တယ်လီဖုန်းသံကို နားထောင်၍ သတင်းဆိုးတစ်ရပ်ဟု သိလိုက်၏။

**"ဟေး... ဟစ်တလာ"** တစ်ဖက်မှအသံကခေါ်ရင်း နှုတ်ဆက်၏။ အီဗာက ထိုအသံမှာ လျှို့ဝှက်ပုလိပ်အဖွဲ့မှူးချုပ် ဟင်းမလားအသံဖြစ်ကြောင်း သတိပြုလိုက်မိသည်။

"ဟေး... ဟစ်တလာ" အီဗာက ပြန်ထူးလိုက်၏။

"ခေါင်းဆောင်ကြီးရဲ့အသက်ကိုတစ်စုံတစ်ယောက်က လုပ်ကြံလို့..."

"သူ မသေဘူး... ဟုတ်လား"

"သူဘာမှမဖြစ်ဘူး၊ သူ့သတ္တိကတော့ ထူးခြားပါတယ်"

"ဟုတ်လား... သူ့ဆီကို ကျွန်မလာမယ်ပြောလိုက်ပါ၊ သူ့ကို ကျွန်မလာပြီလို့'

အီဗာသည် တယ်လီဖုန်းခွက်ကိုချလိုက်ပြီး နေရာမှထလေသည်။ အီဗာသည် ကားကို ကိုယ်တိုင်မောင်း၍ထွက်လာခဲ့သည်။ လမ်း၌ ချီတက်သွားသော တပ်သားများကိုတွေ့ရ၏။

အီဗာသည် အစည်းအဝေးလုပ်နေသော ရွာအနီးသို့ရောက်လာ၏။ အစည်းအဝေးခန်းအဖြစ် အသုံးပြုသော အိမ်ငယ်ကလေးအတွင်းမှ မီးခိုးများပင် မစဲသေးပေ။

မီးတောင်ပေါက်စကဲ့သို့ မီးခိုးတငွေ့ငွေ့ ထွက်လျက်ရှိသည်ကို အီဗာ တွေ့ရသည်။ အီဗာသည် အစည်းအဝေးအိမ်၏ရှေ့၌ ကားကိုရပ်လိုက်၏။ ထိုအိမ်မှာ ဟော်တယ်ကလေးတစ်ခုပင်ဖြစ်သည်။

အိမ်ရှေ့၌ အဒေါ့ဖ်၏အတွင်းရေးမှူး ဖရန့်ကိုတွေ့ရလေသည်။

"ဘာဖြစ်တာလဲ"

အီဗာက အရေးတကြီးမေး၏။



"သိပ်တုန်လှုပ်စရာကောင်းတာပဲ ဖရော်လင်"

ဖရန့်က ပြောပြောဆိုဆို သူ့ကို အိမ်ခန်းထဲသို့ ခေါ်သွား၏။ အခန်းတံခါးမှာ ပွင့်နေသည်။ ထိုအိမ်မှာ ဟော်တယ်ဆိုသည်ထက် စစ်တန်းလျားနှင့်ပင်ပို၍တူနေသေးတော့သည်။ တစ်အိမ်လုံး အဆင်အပြင် အလှအပဆို၍ ဘာမှမရှိ။ ပန်းချီကားကလေးတစ်ချပ်မျှ ချိတ်မထား။

အီဗာက အဒေါ့ဖ်ကို အိပ်ရာတစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိသည်ကို တွေ့ရလေသည်။

"ကိုယ် ဘာမှမဖြစ်ဘူး... အီဗာ"

အဒေါ့ဖ်က ပြောလိုက်၏။

အီဗာက ယူကျုံးမရဖြစ်သွား၏။ ဘယ်သူကများလာ၍ အသက်ရန်ရှာဝံ့သလဲ။ အီဗာက တွေးလိုက်၏။ အို... ဘုရားသခင် ကယ်တော်မူပါ။ အဒေါ့ဖ်ရဲ့အသက်ကို ရန်ရှာတဲ့လူကို ပြန်ပြီးလက်စားချေလိုပါတယ်။ အီဗာက တစ်ကိုယ်တည်းပြောမိ၏။

အီဗာသည် အဒေါ့ဖ်၏ဘေး၌ ပြေးသွားပြီး ဒူးထောက်ချလိုက်လေသည်။

"အို... အဒေါ့ဖ်ရယ်၊ ဘုရားသခင် ကယ်မတာပါပဲ"

အီဗာက ပြောရင်း ငိုလေတော့သည်။

နောက်ရက်သတ္တပတ်များတွင် ဗုံးကြဲမှုမှာ ပို၍လာလေသည်။ ညဉ့်တိုင်းပင် လေကြောင်းရန်သတိပေးသံများကို ကြားရ၏။

လေယာဉ်ပစ်အမြောက်များ၏အသံများကိုလည်း ကြားရလေသည်။

ရေအား အနုမြူထုပ်လုပ်ရေး စီမံကိန်းမှာလည်း ရေမျောသွားပြီဖြစ်လေသည်။ သူတို့သည် ထိုစီမံကိန်းကို များစွာအားကိုးခဲ့သည်။ ထိုစီမံကိန်းဖြင့် အနုမြူဗုံးထုပ်လုပ်ပြီးလျှင် စစ်ကြီးကို အနိုင်တိုက်ရန် စိတ်ကူးယဉ်ခဲ့ကြသည်။ ထိုစက်ရုံမှာ တစ်ညဉ့်၌ ပေါက်ကွဲသွားခဲ့လေသည်။ ရန်သူသူလျှိုများ များစွာထူးချွန်ကြသည်မှာ လက်တွေ့ဖြစ်သွားလေသည်။

ထိုအတွင်း အီဗာမှာ ဝသည်ထက်ဝလာသည်။ စားပွဲထိုးကားလ်မှာ အီဗာကို အထူးဂရုစိုက်သည်။ အီဗာအတွက် အသီးအနှံ ဟင်းသီးဟင်းရွက်များကို အထူးစီမံပေးလေသည်။ ထို့ပြင် အီဗာကို မကြာခဏ အားပေးရှာ၏။

"ဖရော်လင် စိတ်မပူပါနဲ့။ ကျွန်တော်တို့ ဒီစစ်ကြီးကို အောင်နိုင်မှာပါ။ ဘာမှ မကြောက်နဲ့"

ဟုလည်း သူက မကြာခဏပြောတတ်သည်။

ကြားရသောသတင်းများကို အဒေါ်ဖ်အား မပြောရဲကြပေ။ အဒေါ်ဖ်မှာ တစ်နေ့တခြား အင်အားဆုတ်ယုတ်ခဲ့သည်။ သဲကန္တာရတိုက်ပွဲများတွင် အဒေါ်ဖ် အားကိုးသော ဗိုလ်ချုပ်ကြီးရွှန်းမဲလ်မှာ အရှုံးနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် ရွှန်းမဲလ်မှာ မတော်တဆဒဏ်ရာရခဲ့သည်ဟုသိရသည်။ အရပ်ထဲ ပြောနေကြသောသတင်းများအရ ရွှန်းမဲလ်ဒဏ်ရာရခြင်းမှ မတော်တဆမဟုတ်။ တမင်လုပ်ကြံခံရ၍ ဒဏ်ရာရခြင်းဖြစ်ကြောင်း ပြောနေကြလေသည်။

ထိုနှစ် ခရစ်စမတ်အချိန်ရောက်သောအခါတွင် အစားအသောက်အလွန်ရှားပါးလှလေသည်။ ဆိုင်ကြီးများမှာ ပျောက်ကွယ်သွားပြီဖြစ်၏။

ခရစ်စမတ်ပွဲတော်၌ အီဗာ့ထံသို့၏ အစ်ကိုဝမ်းကွဲတစ်ဦးထံမှ လက်ဆောင်မွန်တစ်ခု ရောက်လာလေသည်။ လက်ဆောင်ကို ကွန်ရတ်က ယူလာ၏။ သေတ္တာလေးကိုဖွင့်လိုက်သောအခါတွင် ရွှေနှင့်လုပ်ထားသော စကြာတံဆိပ်ကလေးတစ်ခုကို တွေ့ရသည်။

ကားလ်ကလည်း အီဗာအတွက် စားပွဲပေါ်တွင် ခရစ်စမတ်သစ်ပင်ကလေးတစ်ပင် ပြုလုပ်ပေးလေသည်။ သစ်ကိုင်းများတွင် လက်ဆောင်ပစ္စည်းများကို ချိတ်ဆွဲထား၏။

အီဗာက ကားလ်ကို ပြောလိုက်သည်။

"ကျွန်မ သိပ်ဝလာသလား ကားလ်"

"နည်းနည်းလေး ဝလာတာ၊ ဘာဖြစ်သလဲ ခင်ဗျ"

အီဗာက ခရစ်စမတ်သစ်ပင်မှ သစ်ကိုင်းစိမ်းကလေးများကိုကြည့်နေ၏။ ပန်းရောင်နှင့်အပြာရောင် ဖယောင်းတိုင်ကလေးများမှာ သစ်ပင်နှင့် ပဏာရလှပေသည်။ ခရစ်စမတ်သစ်ပင်ကလေး၌ အီဗာ့ထံသို့ရောက်လာသော ခရစ်စမတ်လက်ဆောင်များ ပါဆယ်ထုပ်များကိုပါ ချိတ်ဆွဲထားလေ၏။

ပါဆယ်ထုပ်သေးသေးကလေးကို ဖြေထုတ်လိုက်သောအခါတွင် အထဲမှ ကတ်ပြားတိုလေးတစ်ခု ထွက်လာ၏။ ကတ်ပြားကလေး၌...

**"ဘဝမှာ အသေချာဆုံးက သေခြင်းပဲ"**

ဟုရေးထားသည်ကို တွေ့ရလေသည်။

✡ ✡ ✡

# ဘဝမှာ အသေချာဆုံးသည် သေခြင်း

အီဗာသည် ထိုကတ်ပြားကလေးကိုကြည့်၍ များစွာထိတ်လန့်သွားမိလေသည်။ မိမိတို့နေထိုင်လျက်ရှိသော မြေတိုက်ထဲ၌ နေသမျှ အမှုထမ်းရဲဘော်များ အားလုံးတို့မှာ စိတ်ချရမည့် သူတွေချည်းဖြစ်သည်။ သူတို့ထဲမှ ဤကတ်ပြားလေးနှင့် ထိုစာတမ်းကို မည်သူလာပို့သွားသည်ဟု မသိနိုင်။

ကွန်ရတ်မှာ မိမိနှင့်အတူမရှိပေ။ ကွန်ရတ် ပြန်လာတော့မှ သူ့ကို အကူအညီတောင်းရဦးမည်ဟုသာ အီဗာကတွေးမိသည်။

ထိုနှစ်မတ်လရောက်သောအခါ စစ်ကြီး၏အခြေအနေကို နဖူးတွေ့ဒူးတွေ့ တွေ့ရလေတော့သည်။ စစ်ရှုံးပြီကို အီဗာနားလည်လိုက်ရပေပြီ။

ဂျာမနီသည် ဘာမှမတတ်နိုင်တော့ပြီဖြစ်၏။ ဂျာမနီကို ကယ်မည့်သူလည်းမရှိတော့ပြီ။

တစ်ခုတည်းသော အားထားချက်မှာ ယူဘုတ်သာဖြစ်တော့၏။ ယူဘုတ်သင်္ဘောငယ်သည် မိမိတို့အား အမေဇုံမြစ်ဆီသို့ ခေါ်ဆောင်ပြေးထွက်သွားနိုင်ပေလိမ့်မည်။

အမေဇုံသို့ရောက်လျှင် ဗုံးဒဏ်မှလည်း လွတ်ကင်းနိုင်မည်။ အမြောက်သံ၊ သေနတ်သံတွေလည်း ကြားရတော့မည်မဟုတ်ပေ။ ဤမြေတိုက်အိမ်တော်အတွင်းမှာကား ရှုရသည့်လေက အသက်ရှူကျပ်လာသည်။ အနံ့ဆိုးတွေဝင်လာသည်။

ဧပြီလ၏လဆန်းရက်တစ်ညတွင် အဒေါ်ဖ်ဟစ်တလာကို အီဗာ ဘရောင်းက မေး၏။

"အဒေါ့ဖ် ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

ထိုအချိန်၌ အိမ်တော်မှ မြေပြင်ဆီ၌ ဗုံးတွေဒရစပ်ကြ၊ အမြောက်ကျည်ဆန်တွေ မနားတမ်းကျလျက်ရှိပြီဖြစ်သည်။

"နောက်ဆုံးတော့ နီးလာပြီ အီဗာ"

"ကျွန်မသိတာပေါ့ အဒေါ့ဖ်"

"ကိုယ် သင်္ဘောတစ်စင်းကို ရွေးထားတယ်၊ သူတို့အားလုံး ကိုယ့်ဆန္ဒကိုသိပါတယ်။ သူတို့အားလုံး ပြင်ဆင်ထားကြပြီလေ"

"ကျွန်မ နားလည်ပါတယ်"

"စစ်ကြီးရဲ့ ကံကြမ္မာက တို့လက်ထဲမှာ ရှိနေပါတယ်လေ၊ တို့ဟိုကို ထွက်သွားမယ်၊ နောက်ပြီး ငါ့ရဲ့ခေတ်ကို ပြန်စရမယ်။ ပြီးတော့ ငါ့ကို သစ္စာဖောက်တဲ့လူတွေကို အကုန်လုံးအရေးယူမယ်"

အဒေါ့ဖ်ကဆက်ပြော၏။

"ဂိုရင်းနဲ့ သူ့မယား၊ ဟင်းမလားဆိုတဲ့အကောင်တွေ၊ အင်္ဂလန်ကိုထွက်ပြေးတဲ့ ဟဲ့စ်၊ ပြီးတော့ ရစ်ဘင်းထရော့... အားလုံး သစ္စာဖောက်တွေ။ ဒေါက်တာဂိုးဘဲလ်နဲ့ သူ့ဇနီး...၊ ကလေးတွေပါ တို့နဲ့အတူခေါ်သွားမယ်၊ ယူဘုတ်က သူတို့ကိုတော့ သယ်နိုင်ပါလိမ့်မယ်"

စားပွဲထိုး ကားလ် အခန်းထဲသို့ ဝင်လာလေသည်။ အီဗာတို့ကသတိမပြုမိကြ၊ သူသည် စားသောက်ဖွယ်ရာများကို ယူ၍လာပြီးချပေးထားလျက် ပြန်ထွက်သွားလေသည်။

"ကျွန်မတို့ သူ့ကိုကော ခေါ်သွားမလား ဟင်"

အီဗာက ကားလ်အတွက် မေးကြည့်၏။ သူ့ကို အဘယ့်ကြောင့်ခေါ်သွားချင်မှန်း အီဗာကိုယ်တိုင်မသိပေ။

"ဘာလုပ်ဖို့လဲ၊ ဂျာမနီနိုင်ငံကို ပြည်လည်ပြီး ကယ်တင်နိုင်မယ့်သားကောင်းတစ်ယောက်မဟုတ်ရင် ဘယ်သူ့ကိုမှ ကယ်ဆယ်မသွားနိုင်ဘူး"

ထိုအချိန်တွင် အရှေ့ဘက်ဆီမှ ရုရှအမြောက်ကြီးများ ပစ်ခတ်သံများမှာ မြေတိုက်အိမ်တော်၏အပေါ်သို့ တဖွဲဖွဲကျလျက်ရှိပြီဖြစ်သည်။ အီဗာတို့ ခိုအောင်းနေသော မြေတိုက်အိမ်တော်မှာ အမြောက်ဆန်များပေါက်ကွဲသည့်အသံကို နီးကပ်စွာကြားနေရလေသည်။



အဒေါ့ဖ်က ပြောလိုက်၏။

"တို့... လက်ထပ်ကြစို့"

အီဗာ၏ မျက်လုံးအိမ်မှာ မျက်ရည်များစို့လာသည်။

"အဒေါ့ဖ်... ရှင်ဘာပြောလိုက်တာလဲဟင်"

"အီဗာ... မင်းဟာ ငါ့အပေါ်မှာ သစ္စာအရှိဆုံးပါပဲ။ ငါ့ဗိုလ်ချုပ်ကြီးတွေ ငါ့အပေါ် အားလုံးသစ္စာဖောက်သွားကြပြီ။ မင်းရယ်၊ ဘလွန်ဒီရယ်၊ ငါ့ရေတပ်ရယ်သာ သစ္စာအရှိဆုံးပဲလေ။ မင်းကို ငါလက်ထပ်မယ်"

အီဗာက အဒေါ့ဖ်၏လက်မောင်းကို ကိုင်ဆွဲ၍

"ရှင့်ကို ကျွန်မချစ်တယ်"

ဟု တိုးတိုးပြော၏။

"နက်ဖြန်ကျရင် ငါ မင်းကိုလက်ထပ်မယ်၊ သိပ်ကြာကြာဆိုင်းနေလို့မဖြစ်ဘူး။ စတက်ဆင်ဆိပ်ကမ်းမှာ ယူဘုတ်သင်္ဘောဟာ အဆင့်သင့်ဖြစ်နေပြီ။ နက်ဖြန်ကျရင် စတက်တင်ကနေ တို့ခရီးစထွက်ကြမယ်။ ဒီမှာနေရင်ပိုပြီးအန္တရာယ် နီးနီးလာပြီ။ ရုရှတပ်သားတွေဟာ ရှေ့ကိုတိုးသည်ထက်တိုးလာကြပြီကိုး"

အီဗာ လက်ထပ်ရမည်ဆိုခြင်းကို မယုံနိုင်သလိုဖြစ်နေမိသည်။ အီဗာက သူ့ကိုနမ်းလိုက်၏။ ထိုခဏတွင် သူမသည် ကွန်ရက်ကို သတိရလေသည်။

"ကွန်ရက်ကို ဒီမှာရှိစေချင်လိုက်တာ"

"ရှိသားပဲ၊ ကွန်ရက်ဟာ ဘာလင်မြို့ထဲမှာပဲ ရှိနေတယ်။ နက်ဖြန်ဒီကိုရောက်လာလိမ့်မယ်"

အီဗာက သူ့ကိုယ်လုံးကြီးကို ဖက်ထားမိ၏။

အဒေါ့ဖ်၏ကိုယ်မှာ တိရစ္ဆာန်တစ်ကောင်၏အနံ့ထွက်နေ၏။ ယခုအခါတွင် ရေအလွန်ရှားပါးသွားပြီဖြစ်၍ မြေအောက်အိမ်တော်ထဲတွင်ရေကို ရာရှင်စနစ်ဖြင့် သုံးစွဲနေရ၏။ အသက်ရှင်ရန် ရေကိုသောက်သုံးရုံမှလွဲပြီးလျှင် အခြား မည်သို့မှ အသုံးမပြုနိုင်၊ ရေမချိုးရသော အဒေါ့ဖ်၏ကိုယ်မှာ ချွေးနံ့ဖြင့် ချဉ်စော်နံနေလေ၏။

"နက်ဖြန် တို့လက်ထပ်ကြမယ်"

"နက်ဖြန် ကျွန်မတို့ လက်ထပ်မယ်"

ထိုညဉ့်က အိပ်ဆေးမသောက်ဘဲနှင့် အီဗာမှာ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ အီဗာက မိမိကိုယ်ကို အံ့သြနေမိလေသည်။ ယခုအခါတွင် ဒေါက်တာမော်ရဲလ်လည်းမရှိတော့ပြီ။

နောက်တစ်နေ့နံနက်တွင် အီဗာသည် အိပ်ရာမှခပ်စောစောပင် နိုးလာလေသည်။ အီဗာက လက်ထပ်ပွဲအတွက် ဝတ်စုံရွေးနေသည်။ အီဗာသည် နှင်းဆီရောင်ဖျော့ဖျော့ဝတ်စုံကို မင်္ဂလာပွဲအတွက် ရွေးလိုက်၏။ မကြာမီ ကားလ်ရောက်လာသည်။ ကားလ်က ကော်ဖီပူပူကို လာပို့လေသည်။ အီဗာက ကားလ်ကို ခေါ်လိုက်၏။

"ကားလ်... ရှင် ကျွန်မကို အရင်က အီဗာဘရောင်းလို့ အမြဲခေါ်ခဲ့တယ်နော်၊ နောက်ကို ဒီလိုမခေါ်ရတော့ဘူး။ ဒီနေ့နံနက်ကစပြီး ကျွန်မနာမည်ဟာ ဖရောဟစ်တလာ ဖြစ်လာပြီ။ တခြားလူတွေကိုလည်း ပြောလိုက်ပါနော်။ ကျွန်မရဲ့နာမည်မှန်ကို သိရအောင်"

ကားလ်က ပြန်ပြော၏။

"ဟုတ်ကဲ့... ဖရော်လင်၊ ခင်ဗျားအတွက် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ခင်ဗျားဘဝမှာ ပျော်စရာအတိနဲ့ ပြည့်ဝပြီး နှောင်နှစ်ပေါင်းများစွာ နေနိုင်ပါစေလို့ ဆုတောင်းပါရစေ"

"ဟုတ်ကဲ့... ကျွန်မတို့နှစ်ပေါင်းများစွာ ပျော်ပျော်ကြီးနေရဦးမှာနော်"

အမေဖုံမြစ်မှာ ဘာလင်မှဆိုသော် ဝေးလှစွာ၏။ သို့သော် အီဗာတို့အနေနှင့် စတက်တင်ဆိပ်ကမ်းမှ ယူဘုတ်နှင့်သွားသော် ခရီးမှာ အလွယ်တကူရောက်နိုင်ပေလိမ့်မည်။ အီဗာအနေဖြင့် ကားလ်ကဲ့သို့သော ကြင်နာတတ်သူတစ်ဦးကို ဘာလင်ပြာပုံများအကြား၌ ထားခဲ့ရမည်ဖြစ်၍ စိတ်မကောင်းလှပေ။

ထိုအချိန်တွင် မိုးချုန်းသလိုမြည်ဟည်းနေသော အမြောက်သံများမှာ နီးသည်ထက် နီးကပ်လာလေသည်။ အီဗာသည် ကွန်ရက်အတွက် စိုးရိမ်မိ၏။ ကွန်ရက် ဘေးရန်ကင်းပါစေဟု ဆုတောင်းရသည်။

အီဗာသည် ဧည့်သည်များ စောင့်နေကြသော ဧည့်ခန်းထဲသို့ ထွက်လာခဲ့၏။ မာတင်ဘော်မန်၊ ဝေါလ်တာဝက်နာနှင့် အခြားဧည့်သည်များ အီဗာကို လှမ်း၍ကြည့်ကြ၏။ စားပွဲပေါ်၌ကား လက်ထပ်စာချုပ်ရှိနေလေသည်။ ဒေါက်တာဂိုးဘဲလ်နှင့်ဇနီးတို့မှာ စာချုပ်တင်ထားသော စားပွဲဘေး၌ ရပ်နေကြလေသည်။



အီဗာသည် လက်ထပ်စာချုပ်ပေါ်၌ အဒေါ့ဖ် လက်မှတ်ထိုးသည်ကို ကြည့်နေ၏။ သူ့လက်များမှာ အနည်းငယ်အကြောဆွဲသလိုဖြစ်နေသည်။

ထို့နောက် အီဗာက သတို့သမီးနာမည်၌ လက်မှတ်ထိုးရ၏။ အီဗာသည် ကလောင်တံဖြင့် အီဗာဟုရေးပြီးမှ ဘရောင်းဟုနာမည်ကို တစ်ဆက်တည်းရေးမည်ကြံ၏။ သို့သော် ဘီတစ်လုံးကို ရေးပြီးမှပင် ပြန်ဖျက်လိုက်၏။ ထို့နောက် "အီဗာ ဟစ်တလာ"ဟု လက်မှတ်ထိုးလိုက်လေသည်။

ဤအကြိမ်ကား မိမိအနေဖြင့် ပထမဆုံး "အီဗာဟစ်တလာ"ဟု လက်မှတ်ရေးထိုးခြင်းပင်တည်း။

"ဟေး... ဟစ်တလာ" အီဗာက ကြွေးကြော်လိုက်၏။ ထို့နောက် ဟစ်တလာက သူမကို နမ်းလိုက်လေသည်။

ထိုအချိန်တွင် ဘာလင်လမ်းမများမှာ သူသေကောင်များဖြင့် ပြည့်နေပြီ။ အီဗာတို့အနေဖြင့် မျှော်လင့်စရာမှာ တစ်ခုတည်းရှိတော့သည်။ စတက်တင်မှတစ်ဆင့် လွတ်မြောက်ရာသို့ ထွက်ပြေးခြင်းသာတည်း။

အီဗာက မိမိ "ဖရောဟစ်တလာ"ဖြစ်လာရခြင်းကို ကျေနပ်နှစ်သိမ့်နေ၏။ မိမိကား အာဏာရှင်၏တစ်ဦးတည်းသော ဇနီးဖြစ်လာပြီတည်း။

အီဗာသည် ကွန်ရက်ကို လှမ်းမြင်လိုက်၏။ ကွန်ရက်သည် တံခါးဖွင့်၍ အတွင်းသို့ဝင်လာလေသည်။

ကွန်ရက်က နှုတ်ဆက်၏။

"ဟေး... ဟစ်တလာ"

အီဗာက

"ကိုယ်တော့ မင်းအတွက် စိုးရိမ်နေမိသေးတယ်။ မင်း ဒီလမ်းတွေက ဖြတ်ပြီး လာနိုင်ပါ့မလားလို့"

"လမ်းတွေ ပိတ်ညှပ်နေပြီ။ အမြောက်သံတွေကလည်း မစဲသေးဘူးလေ။ ဒါပေမယ့် ကိုယ်လွတ်လာခဲ့တယ်"

"ကိုယ် သိပ်ဝမ်းသာတာပဲကွာ"

ထိုအချိန်တွင် တပ်သားတစ်ယောက်ဝင်လာပြီးလျှင် ဘော်မန်ထံသို့ စာတစ်စောင်ပေးသည်ကို အီဗာမြင်လိုက်လေသည်။ ဘော်မန်ကဖတ်ပြီး အဒေါ့ဖ်ဟစ်တလာ လက်သို့ ထိုစာကိုပေးလိုက်သည်။

အီဗာက သတင်းဆိုးပင်ဖြစ်မည်ဟုနားလည်လိုက်၏။ ဘော်မန်၏ မျက်နှာမှာ မည်းနေလေသည်။

အဒေါ့ဖ်က စာကိုယူဖတ်၏။ သူ့မျက်နှာလည်း ပျက်သွား၏။ သူသည် တစ်စုံတစ်ရာပြောရန်ပြင်လိုက်၏။ သူ၏လျှာမှာ တစ်နေ၏။ တစ်ခန်းလုံးပင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ အားလုံးထဲတွင် နာရီစက်၏အသံကိုသာ ကြားရသည်။

"ဘာဖြစ်လို့လဲ"

အီဗာက အော်၍မေးလိုက်သည်။ သို့သော် တစ်စုံတစ်ရာ ပြန်၍ ဖြေသူမရှိပါချေ။ ထို့ကြောင့် အီဗာက ထိုစာရွက်ကိုယူ၍ ဖတ်လိုက်၏။ မိမိတို့ စတက်တင်မှ ထွက်ပြေးမည့်သတင်းမှာ ပေါက်ကြားသွားကြောင်း သေချာပေပြီ။ သူလျှိုများကား နေရာတိုင်းမှာ ရှိပေသည်ကိုး။ ထိုစာ၌ဤသို့ ပါရှိ၏။ "ယူဘုတ် ၇၂၉၈၂ သည် စတက်တင်ဆိပ်ကမ်း၌ နစ်မြုပ်သွားပြီ"

မြေတိုက်အိမ်တော်အတွင်း၌ သူလျှိုတစ်ယောက်ရှိနေမည်မှာ သေချာလှတော့သည်။

လက္ခဏာဆရာကြီးဟောခဲ့သည်မှာ မမှန်ပေဘူးလား

**လက်ထပ်ပြီးနောက် မကြာမီသေရမည်တဲ့။**

**သေဘေးကား မဝေးတော့ပြီတည်း။**

အီဗာသည် ကားလုပ်ပေးသော ခရစ်စမတ်သစ်ပင်ကလေးမှ လက်ဆောင်ကတ်ပြားကလေး၏ စာတမ်းကိုပြန်သတိရ၏။ ကားလ်၏မျက်လုံးပြာများကိုသတိရ၏။ ထို့နောက် အီဗာက အော်လိုက်သည်။

"သူလျှိုဟာ သူပဲ၊ သူဟာ စားပွဲထိုး ဝီလ်ဟင်းရဲ့ညီမဟုတ်ဘူး၊ သူဟာ ကားလ်မဟုတ်ဘူး" အီဗာ၏အသံမှာ နံရံပွဲတင်ထပ်၍ ပြန်လာလေသည်။

ဘော်မန်ကား လျင်မြန်ပါဘိသည်။ သူသည် စားပွဲထိုးအယောင်ဆောင် ကားလ်၏ပခုံးကို ဆွဲကိုင်လိုက်၏။ ထိုခဏတွင်ပင် အီဗာသည် ရှမစ်တင်းဟွန်းဆောင်ပေါ်တုန်းက တွေ့ခဲ့ရသော မိမိကိုမနမ်းခဲ့သော ထိုလူ ဂျူနီစမစ်၏မျက်နှာကို ပြန်မြင်ယောင်လာ၏။

ကားလ်ကား ဂျူနီစမစ်အစစ်ဖြစ်ပေသည်။ သူက အီဗာကို ပြုံး၍ပင် ကြည့်နေသေး၏။



အီဗာက တွေးနေ၏။ ဘယ်လောင်တောင် သတ္တိကောင်းတဲ့ ဂျူနီစမစ်လဲ၊ အင်္ဂလိပ်လူမျိုးလဲ၊ ဘယ်လောက်ရူးမိုက်လိုက်ပါဘိသလဲ

ထို့နောက် ဘော်မန်၏ လျှူဂါသေနတ်မှ အသံထွက်သွားလေသည်။ ထိုခဏတွင် မြေတိုက်တစ်ခုလုံး ယမ်းနံ့များဖြင့် မွှန်ထူ၍သွားလေသည်။ အီဗာသည် ကားလ်အယောင်ဆောင် သူလျှိုဂျူနီစမစ်၏ အလောင်းကို မကြည့်တော့ချေ။ ကြည့်လိုစိတ်လည်း မရှိတော့ချေ။

အီဗာ၏စိတ်ထဲတွင် ဂီလီမသေမီက ပြောသွားသော "သူ ရှင့်ကို သတ်လိမ့်မယ် အီဗာ" ဆိုသော စကားလုံးများကိုသာ သတိရနေ၏။

အီဗာက မိမိအခန်းထဲသို့ ပြန်လာ၏။ ကွန်ရတ်က နောက်မှလိုက်လာလေသည်။ ကွန်ရတ်က တံခါးကိုပိတ်လိုက်သည်။

"ကိုယ်အားလုံး စီစဉ်ခဲ့ပြီ"

ကွန်ရတ်က ပြောလိုက်၏။

"စီစဉ်ခဲ့ပြီ"

အီဗာက ပြန်ရွတ်၏။

"တို့အခု ကိုင်ရိုကိုသွားမယ်၊ ဒါပဲဖြစ်နိုင်တယ်၊ ကိုယ်မင်းကို ပြောခဲ့တယ်လေ၊ မင်းကိုကယ်ဆယ်မယ်လို့။ အခု ကိုယ်မင်းကိုခေါ်သွားမယ်"

"ကိုယ်တော့ သိပ်ကြောက်နေတာပဲ၊ ဗုံးကြဲနေတာတွေကြားရတာ သိပ်ကြောက်တယ်"

"တို့ ဒါတွေထဲက ဖြတ်ပြေးမယ် အီဗာ"

"ကွန်ရတ်ရယ်၊ အဲဒါသိပ်ကြောက်စရာကြီးပဲ"

"အားလုံးသေကြရမှာပဲ။ ဒါပေမယ့် မင်းကတော့ မသေရဘူး။ ကိုယ်ကျိန်ပြောပါတယ်။ မင်းအသက် မသေစေရဘူး"

"ကိုယ်လည်း မသေချင်သေးပါဘူး"

ကွန်ရတ်က အစီအစဉ်တွေကို ပြောပြ၏။ ယခုအတိုင်းဆိုလျှင် လက်ထပ်ထမင်းစားပွဲမှာ ဝင်၍စားသောက်ရမည်။ ထို့နောက် အဒေါ့ဖ်ဟစ်တလာနှင့် အီဗာတို့အတူ သတ်သေကြရမည့်အခန်းသို့ သွားကြရမည်။ ထိုအခန်းတွင် အီဗာသည် အဆိပ်ဆေးလုံးကလေးများကို လက်ခံယူရမည်။ မသောက်ချရ။ ထို့နောက် တစ်ဖက်ခန်း၌ ကွန်ရတ်ရောက်လာမည်။ ကွန်ရတ်က မိမိတို့ထွက်ပြေးကြရန်တွေ စီစဉ်ပြီးပြီ။

ကွန်ရက်က ထွက်ခွာသွား၏။

မကြာမီ လက်ထပ်ထမင်းစားပွဲကို စတင်၏။ စားစရာများကို ချန်ထားစရာမလိုဘဲ အားလုံးပင်ပြင်ဆင်ထား၏။ နက်ဖြန်ဟူ၍ မရှိတော့သည်ဖြစ်ရကား သူတို့သည် နောက်တစ်နေ့အတွက် စားရန်ချန်ထားစရာ မလိုပါချေ။ ဒေါက်တာဂိုးလ်ဘဲ၏ဇနီး ဖရောဂိုးဘဲလ်မှာ မိမိသားသမီးများ၏ ကံကြမ္မာဆိုးအတွက် မျက်ရည်တွေတွေတွေ ကျဆင်းလျက်ရှိ၏။

"အီဗာ နည်းနည်းမှ မစားပါလား"

အဒေါ့ဖ်က လှမ်းမေး၏။

"ကျွန်မ သိပ်မောနေလို့ပါ။ အမြောက်သံတွေကလည်း ဆူညံနေတာပဲ"

"မကြာခင် မင်းအကြာကြီး အိပ်ပျော်ရတော့မှာပါ။ အဲဒီအခါကျတော့ အမြောက်သံတွေလည်း မကြားရတော့ပါဘူးကွယ်"

အီဗာကို အဒေါ့ဖ်က ပြောနေလေ၏။

အီဗာက ပြုံးရန်ကြိုးစားသော်လည်း မရပေ။ အီဗာဘရောင်းကား သတ္တိနည်းသူတည်း။ ဖရောဟစ်တလာသာဆိုပါက သတ္တိခဲသူရဲကောင်း ဖြစ်ရပေမည်။

သူတို့အားလုံး သတ်သေကြမည့် အစီအစဉ်ကို ပြောနေကြ၏။ သူတို့မျိုချရမည်ဖြစ်သော အဆိပ်ဆေးလုံးများမှာ အဆင်သင့်ဖြစ်နေပေပြီ။ အီဗာနှင့် အဒေါ့ဖ်၏အလောင်းများကို ဖျက်ဆီးပစ်ရမည်ဖြစ်၏။ ရန်သူတွေအတွက် မိမိတို့၏အလောင်းများကို အစအနများကိုမျှ ချန်မထားနိုင်ပါချေ။

အီဗာက မိမိလက်ချောင်း သေးသေးကလေးများကိုကြည့်ရင်း တွေးနေ၏။ **ငါဟာ အသက်မကြီးသေးပါဘူး... ငါ မသေသင့်သေးဘူး...။**

အဒေါ့ဖ်က အီဗာအား သူမ၏အတွင်းရေးမှူးများအတွက် အဆိပ်ဆေးများပေးလိုက်သည်။ အီဗာက အပြင်သို့ထွက်လာပြီးလျှင် ဖရောဆရစ်စတီယန်နှင့် ဖရောဂျန်ဂျီတို့အား ဆေးလုံးကလေးများပေးလိုက်၏။ အီဗာက သူမတို့နှစ်ဦးနှင့် လက်ဆွဲနှုတ်ဆက်လိုက်ပါသေး၏။

အီဗာသည် ထို့နောက် ဧည့်ခန်းအပြင်သို့ပြန်၍ အဒေါ့ဖ်နားတွင် ရပ်နေ၏။ ခွဲခွာရမည့်အချိန်ကား ရောက်လေပြီ။ နောက်ဆုံးအချိန်သို့ တိုင်လေပြီ။

အီဗာက မိမိအား သေဘေးမှကယ်ဆယ်မည်ဆိုသော ကွန်ရက်ကို



တမ်းတမိ၏။ ကွန်ရက်ရယ်... နောက်ကျမနေပါနဲ့၊ မြန်မြန်လာပါတော့ ကွယ်...။

**အိမ်တော်ပေါ်၌ ပြင်းထန်သောဗုံးကြိသံများကို ကြားနေရဆဲဖြစ်၏။**

အဒေါ့ဖ်၏ဘေး၌ သူ့အတွက် ပစ္စတိုသေနတ်တစ်လက်ရှိနေ၏။ အဒေါ့ဖ်၏ဘဝကို အဆုံးသတ်ရန် လက်နက်ပင်တည်း။

အဒေါ့ဖ်က

**"တို့ သူရဲကောင်းသေခြင်းနဲ့ သေရမှာပါ"**

အီဗာက

"ကျွန်မတော့ ကြောက်တယ်"

**"ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ တို့ဟာသူရဲကောင်းတွေပဲ၊ ရာစုနှစ်ပေါင်းများစွာ တို့ဟာ မှတ်တမ်းတင်ပြီး ကျန်ရစ်ခဲ့ရမှာပါကွာ"**

"တို့ဟာ သူရဲကောင်းတွေပဲ"

အီဗာက ရွတ်လိုက်ပြန်သည်။

ကွန်ရက်ရယ်... လာပါတော့ဟုလည်း အီဗာက တမ်းတမိသည်။ အဒေါ့ဖ်က အီဗာကို ဆိုဖာပေါ်သို့ဆွဲ၍ ထိုင်ခိုင်းလိုက်၏။

ထို့နောက်ဆေးလုံးကို အီဗာအားပေးလိုက်၏။

အီဗာမှာ ဘာစကားမှမပြောနိုင်ဘဲရှိနေ၏။ ခြောက်သွေ့နေသော ပါးစပ်မှ စကားလုံးမှာ ထွက်မလာပါချေ။

အီဗာက တံခါးဆီသို့ လှမ်းကြည့်၏။ တံခါးပွင့်ပြီး ကွန်ရက်ဝင်လာလေမလားဟု မျှော်တလင့်လင့်။ သို့သော် တံခါးပိတ်လျက်။

**"ဟေး... ဟစ်တလာ"**

အီဗာက အဒေါ့ဖ် ဟစ်တလာကို အလေးပြုနှုတ်ဆက်လိုက်၏။

"ဘုရားသခင် ကယ်ပါ"

ဟု အီဗာက စိတ်ထဲမှ ရွတ်လိုက်သည်။

ထို့နောက် အီဗာသည် ဒေါ့ဖ်ထံမှ အဆိပ်ဆေးလုံးကိုယူ၍ ရဲရဲရင့်ရင့် မျိုချလိုက်လေသည်။

**ဘဝမှာအသေချာဆုံးကား သေခြင်းပင်တည်း။ ။**

**တက္ကသိုလ်စိန်တင်**